http://www.dhammadownload.com

# ဆောင်ပုဒ်များ

- ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု။
- ဘဝတဏှာ၊ သဿတာ၊ ထင်ကာနှစ်သက်မှု။
- ဝိဘဝမှာ၊ ဥစ္ဆေဒါ၊ ထင်ကာနှစ်သက်မှု။
- သက္ကာယပြစ်ရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာစု။
- တဏှာချုပ်က၊ သက္ကာယ၊ ဒုက္ခအပြီးမှန်။
- မူလ, ပုဗ္ဗ, အရိယ၊ သုံးဝမဂ္ဂင်မြတ်။
- ဖြစ်ပွားစေလျှင်၊ ဉာဏ်မဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ခေတ်၊
- ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာတည်း။
- သင်္ခါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း။
- ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်တည်း။
- ဆင်းရဲငြိမ်းရာ၊ ဆိုက်ရောက်တာ၊ သစ္စာမဂ္ဂတည်း။
- ကြံ့စည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစားချမ်းသာသည်။
- ရှုရာရာတွင်၊ စူးစိုက်ဝင်၊ ငါးအင် ပ-စျာန်မည်။
- နှစ်သိမ့်ချမ်းသာ၊ စူးစိုက်တာ၊ သုံးပြာ ဒု-စျာန်မည်။
- ချမ်းသာမှုနှင့်၊ စူးစိုက်လင့်၊ သုံးဆင့်စျာန်ခေါ်သည်။
- ဥပေက္ခာနှင့်၊ စူးစိုက်လင့်၊ လေးဆင့်စျာန်ခေါ်သည်။

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# စူဠဝေဒလ္လသုတ်တရားတော်



http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# စူဠဝေဒလ္လသုတ်

# တရားတော်

သာသနာ – ၂၅၃၈ ကောဇာ – ၁၃၅၆ ခရစ် – ၁၉၉၄

http://www.dhammadownload.com



http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် – ( ၁၉/၉၄) (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – (   / ၉၄) (၆)

ဒုတိယအကြိမ်

အုပ်ရေ – ၁၀၀၀

၁၉၉၄–ခုနှစ်

ဇွန်လ

မျက်နှာဖုံးရိုက် – စာပေပေါင်းကူးပုံနှိပ်တိုက်

စာအုပ်ချုပ်–အောင်မြင့်နှင့်အဖွဲ့

တန်ဖိုး – ၄၀

ဦးတင်မောင်(၀၂၄၈) စာပေပေါင်းကူးစာအုပ်တိုက်၊ အမှတ် ၉၀/အေ–ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးတင်မောင် (၀၂၅၆–မြ) စာပေပေါင်းကူးပုံနှိပ်တိုက် အမှတ်–၆၄/စီ၊ ကြာပဒုမ္မာလမ်း၊ ၃/ခ–ရပ်ကွက်၊ (ငွေကြာရံရိပ်သာ)၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

(ဖုန်း–၅၅၉၁၅)

http://www.dhammadownload.com

# စူဠဝေဒလ္လသုတ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တရားပလ္လင်ခံ | ၁ |
| ၂။ | သုတ်၏နိဒါန်း | ၂ |
| ၃။ | တရားနာရင်းသောတာပန်ဖြစ်ကြပုံ | ၄ |
| ၄။ | ဝိသာခသူဌေးအနာဂါမ်ဖြစ်၍ထူးခြားလာပုံ | ၁၂ |
| ၅။ | ဓမ္မဒိန္နာအား ပဗ္ဗဇမင်္ဂလာကံဆောင်ပေးပုံ | ၂၀ |
| ၆။ | သဒ္ဓါပဗ္ဗဇိတနှင့်ဘယာပဗ္ဗဇိတ | ၂၂ |
| ၇။ | ရှင်ပြုပေးပုံ | ၂၅ |
| ၈။ | ဓမ္မဒိန္နာ၏ ပါရမီထူးအကျဉ်းချုပ် | ၂၈ |
| ၉။ | သက္ကာယခေါ် ဒုက္ခသစ္စာအမေး | ၂၉ |
| ၁၀။ | ဒုက္ခသစ္စာအဖြေ | ၃၁ |
| ၁၁။ | သက္ကာယကိုဘုရားဟောတော်မူပုံ | ၃၃ |
| ၁၂။ | စွဲလမ်းပုံရှင်းပြချက် | ၃၆ |
| ၁၃။ | မြင်ဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါးဆောင်ပုဒ် | ၃၇ |
| ၁၄။ | ခန္ဓာငါးပါးကို တဏှာဒိဋ္ဌိဖြင့်စွဲလမ်းပုံ | ၃၈ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၅။ | ကြားဆဲ၌ဥပါဒါနက္ခန္ဓာငါးပါးထင်ရှားပုံ | ၃၉ |
| ၁၆။ | နံဆဲ၌ဥပါဒါနက္ခန္ဓာငါးပါးထင်ရှားပုံ | ၄၀ |
| ၁၇။ | စားသိဆဲ၌ဥပါဒါနက္ခန္ဓာငါးပါးထင်ရှားပုံ | ၄၁ |
| ၁၈။ | ထိသိဆဲ၌ဥပါဒါနက္ခန္ဓာငါးပါးထင်ရှားပုံ | ၄၂ |
| ၁၉။ | ဝိပဿနာရှု၍ဥပါဒါန်ကင်းငြိမ်းပုံ | ၄၅ |
| ၂၀။ | ကြံသိဆဲ၌ဥပါဒါနက္ခန္ဓာငါးပါးထင်ရှားပုံ | ၄၉ |
| ၂၁။ | ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာခွဲပုံ | ၅၀ |
| ၂၂။ | သမုဒယသစ္စာအမေး | ၅၂ |
| ၂၃။ | သမုဒယသစ္စာအဖြေ | ၅၃ |
| | တဏှာသုံးပါး | |
| ၂၄။ | ၁။ ကာမတဏှာ | ၅၈ |
| | ၂။ ဘဝတဏှာ | ၆၀ |
| | ၃။ ဝိဘဝတဏှာ | ၆၂ |
| ၂၅။ | နိရောဓသစ္စာအမေး | ၆၅ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆။ | နိရောဓသစ္စာအဖြေ | ၆၆ |
| ၂၇။ | ပဋိစ္စသမုပ္ပါဒ်ပဋိလုံ နှင့် နိဗ္ဗာန်အရတူပင် | ၆၉ |
| ၂၈။ | အရိယမဂ်ဖြင့် နိဗ္ဗာန်တွေ့ပုံ | ၇၁ |
| ၂၉။ | မဂ္ဂသစ္စာအမေး | ၇၆ |
| ၃၀။ | မဂ္ဂသစ္စာအဖြေ | ၇၇ |
| ၃၁။ | မဂ္ဂင်ရှစ်ပါး | ၇၉ |
| ၃၂။ | အရိယမဂ်ဖြင့် နိဗ္ဗာန်မြင်ပုံ | ၈၇ |
| ၃၃။ | နိဗ္ဗာန်ကိုမျက်မှောက်ပြုပုံ | ၈၉ |
| ၃၄။ | ဥပါဒါန်နှင့်ဥပါဒါနက္ခန္ဓာအမေး | ၉၄ |
| ၃၅။ | ဥပါဒါန်နှင့်ဥပါဒါနက္ခန္ဓာအဖြေ | ၉၅ |
| ၃၆။ | သက္ကာယဒိဋ္ဌိဖြစ်ပုံအမေး | ၁၀၁ |
| ၃၇။ | သက္ကာယဒိဋ္ဌိဖြစ်ပုံအဖြေ | ၁၀၂ |
| ၃၈။ | သတိပဋ္ဌာန်ကိုပွားစေတိုင်း ဗောဓိပက္ခိယ တရားများပါဝင်ပုံ | ၁၁၂ |
| ၃၉။ | တစ်ဝါကျတည်းဆက်၍ အနက်ပြန်ပုံ | ၁၁၆ |

http://www.dhammadownload.com

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀။ | ရုပ်ဆိုင်ရာသက္ကာယဒိဋ္ဌိ ၄-ပါး | ၁၁၉ |
| ၄၁။ | သက္ကာယဒိဋ္ဌိနှစ်ဆယ် | ၁၂၃ |
| ၄၂။ | သက္ကာယဒိဋ္ဌိနှစ်ဆယ်မှတ်ဖွယ်တစ်နည်း | ၁၃၃ |
| ၄၃။ | သက္ကာယဒိဋ္ဌိကင်းပုံအမေး | ၁၃၇ |
| ၄၄။ | သက္ကာယဒိဋ္ဌိကင်းပုံအဖြေ | ၁၃၇ |
| ၄၅။ | အရိယမဂ်အမေး | ၁၅၁ |
| ၄၆။ | အရိယမဂ်အဖြေ | ၁၅၂ |
| ၄၇။ | သခ်ိတ အသခ်ိတအမေး | ၁၆၃ |
| ၄၈။ | သခ်ိတဖြစ်ကြောင်းအဖြေ | ၁၆၄ |
| ၄၉။ | သင်္ဂဟိတခေါ် သိမ်းယူအပ်ပုံအမေး | ၁၆၇ |
| ၅၀။ | သင်္ဂဟိတခေါ် သိမ်းယူအပ်ပုံအဖြေ | ၁၆၈ |
| ၅၁။ | သမာဓိနှင့်သမာဓိနိမိတ်စသည်အမေး | ၁၇၉ |
| ၅၂။ | သမာဓိနှင့်သမာဓိနိမိတ်စသည်အဖြေ | ၁၈၀ |
| ၅၃။ | သင်္ခါရအမေးနှင့်အဖြေ | ၁၉၂ |
| ၅၄။ | နိရောဓသမာပတ်အမေးအဖြေ | ၁၉၉ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၅။ | ဝေဒနာအမေးအဖြေ | ၂၁၂ |
| ၅၆။ | ဝေဒနာသုံးပါး၌ကိလေသာကိန်းပုံအမေးအဖြေ | ၂၂၁ |
| ၅၇။ | အနုသယ ၂-မျိုးနှင့် ပယ်ပုံရှင်းပြချက် | ၂၂၉ |
| ၅၈။ | အနုသယပယ်ပုံ အမေးအဖြေ | ၂၃၉ |
| ၅၉။ | သင်္ခါရုပေက္ခာ၏ညီမျှမှုဂုဏ် ၃-ပါး | ၂၆၉ |
| ၆၀။ | ပုံတူအမေးအဖြေ | ၂၇၆ |
| ၆၁။ | ဒီသုတ်၏အမည်ဆိုင်ရာပြဆိုချက် | ၂၈၇ |
| ၆၂။ | ဘုရားထံ၌လျှောက်ထားပုံ | ၂၈၈ |
| ၆၃။ | မြတ်စွာဘုရား၏ချီးကျူးမိန့်ကြားတော်မူပုံ | ၂၉၀ |
| ၆၄။ | ဓမ္မဒိန္နာထေရီတေဒဂ်ဘွဲ့ထူးရပုံ | ၂၉၂ |


မာတိကာ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

## အချီးနိဒါန်း

# ဤနိဒါန်းရေးသူအမြင်

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားပြုစုတော်မူသော သုတ္တန်တရားတော်များအနက် ၁၃၃၁- ခုနှစ်၊ နှောင်းတန်ခူးလမှစ၍ ဟောကြားပြုစုတော်မူခဲ့သော သလ္လေခသုတ်တရားတော်ကြီးကို သေသေချာချာ ဖတ်ရှုလေ့လာကြည့်ခဲ့ရာ ကြားဝင်စရာမရှိလောက်အောင် စေ့စပ်သေချာလှသည်ကို ဤစာရေးသူကိုယ်တိုင်ပင် ထင်ရှားတွေ့ရပါသည်။

ယင်းသလ္လေခသုတ်ဒေသနာတော်မှာ ကိုယ်တိုင်သိနားလည် ခက်သည့်အပြင် သူတစ်ပါးအား နားလည်အောင် ဟောပြောရန်လည်း မလွယ်ကူလှပါ၊ သို့သော်လည်း ကျေးဇူးတော်ရှင်မဟာစည်ဆရာတော် ဘုရားကြီးက နိုင်နိုင်နင်းနင်း ရှင်းလင်းဝေဖန်၍ ဟောကြားတော်မူနိုင် သဖြင့် ကြားနာကြရ ဖတ်ရှုကြရသူတိုင်းမှာ အလွယ်တကူပင် သိမြင် သဘောပေါက်နိုင်ကြပေသည်၊ ဤသို့သဘောပေါက်နိုင်ပုံကို ယင်း

http://www.dhammadownload.com

သင်္ဂြိုဟ်သုတ်တရားတော်ကြီးက ဖတ်ရှုသူတို့အား ထင်ရှားဖော်ပြလျက် ရှိနေပါသည်။

ဤသို့ သင်္ဂြိုဟ်သုတ်တရားတော်ကြီးကို ချီးကျူးဂုဏ်ပြု နေခိုက် ၁၃၃၇ ခုနှစ်တွင် ကမ္ဘာဦးသူ ကမ္ဘာဦးသားတို့က အလင်းရောင် ကိုမျှော်လင့်တောင့်တနေကြစဉ် နေ လများထွက်ပေါ်လာသလိုပင် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့က မဇ္ဈိမပဋိပဒါလမ်း ဝိပဿနာ အလုပ်စခန်းကို မျှော်လင့်တောင့်တနေကြစဉ်မှာ စကြာရတနာပယာဉ်ခေါ် ထိုက်သည့် ဓမ္မစကြာသုတ်တရားတော်ကြီးသည်လည်း ကျေးဇူးတော် ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ကြီးမားသော မေတ္တာကရုဏာ စေတနာအပြည့်အဝနှင့် ပညာတော်စွမ်းရည်ဖြင့် ထွက်ပေါ်လာခဲ့ပါသည်။

"ယခင်က ဝိပဿနာအလုပ်တရားတော်အဖြစ်ဖြင့် ဖွင့်ပြ ရေးသားခြင်းမပြုခဲ့သည့် ယင်းဓမ္မစကြာသုတ်တရားတော်ကြီးကို "ပါဠိအဋ္ဌကထာဋီကာပေါင်းများစွာကို အခြေခံသာကေပြုလျက် မဂ် ရောက်ဖိုလ်ဝင် မဇ္ဈိမပဋိပဒါဘာဝနာလုပ်ငန်းစဉ်ကို ပိုင်နိုင်တိကျ ဒေသနာဉာဏ် ကိုယ်ပိုင်ဉာဏ်အတွေ့တို့ဖြင့် ဟောဖော်ညွှန်ပြထားနိုင် သည့်အတွက် ကြားနာဖတ်ရှုသူတို့မှာ သံသယကင်း အသိဉာဏ်ရှင်း၍ ထင်လင်းပေါ်လွင်လျက်ရှိပါပေသည်။

http://www.dhammadownload.com

## သတိပြုမိဖတ်ရှုကြည့်လျှင်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြား ပြုစုတော်မူသော သုတ္တန်တရားတော်များမှာ ဖတ်ရှုနေရခဲ့တရားတော် ကို အခြားတစ်ပုဒ်ထက် ပိုကောင်းသည် ပိုလေးနက်သည်ဟု ထင်မှတ် ကြရပါသည်။

သို့ဖြစ်၍ ယခင်ကဖတ်ရှုခဲ့ဖူးသည့် သလ္လေခသုတ်တရားတော် ကြီး၊ မေ့စကြာသုတ်တရားတော်ကြီး စသည်တို့ကို လေးနက်ကောင်း မွန်လှပေသည်ဟု အသိအမှတ်ပြုခဲ့သော ဤစာရေးသူသည် ဤဗုဒ္ဓ ဝေဒလ္လသုတ်တရားတော်ကို ဖတ်ရှုရသည့်အခါ ရေးသားဟောပြပုံ အရအားဖြင့် ဤတရားတော်က ပိုမိုလေးနက်သလို ပိုမိုကောင်းမွန် သလို ထင်မှတ်ရပြန်ပါသည်။

## ယင်းသုတ်တရားတော်၏ ဦးတည်ချက်

သာသနာတော်ကို မကြည်ညိုသေးသောသူတို့အား ကြည်ညို သဒ္ဓါဖြစ်လာစေရန် ကြည်ညိုပြီးသူတို့အား သဒ္ဓါတိုးပွား၍ ဝိပဿနာ တရား အားထုတ်လိုစိတ် ဖြစ်ပေါ်လာစေရန် ရည်သန်ဦးတည်ထားပါ သည်၊ ယင်းဦးတည်ချက်ကို အမြွက်မျှဖော်ပြရလျှင် -

http://www.dhammadownload.com

## တရားပဏ္ဏာသခင်းခံ

"ဒီကနေ့ကစပြီး ဟောမယ့်တရားကတော့ စူဠဝေဒလ္လသုတ်ဆိုတဲ့တရားတော်ပါပဲ၊ အဲဒီသုတ်က သင်္ဂါယနာတင်ထားတဲ့နိကာယ်ငါးရပ်ထဲမှာ မဇ္ဈိမနိကာယ်ထဲမှပဏ္ဏာသ သုံးကျမ်းထဲက မူလပဏ္ဏာသပါဠိတော်မှဖြစ်တယ်၊ အဲဒီ မူလပဏ္ဏာသပါဠိတော်မှာ မဟာဝေဒလ္လနဲ့ စူဠဝေဒလ္လ ဆိုတဲ့သုတ် ၂-ခုရှိတယ်၊ ဝေဒလ္လဆိုတာက ဝေဒခေါ်တဲ့ဉာဏ်နဲ့ နှစ်သိမ့်အားရခြင်းကိုရွဲ့ပြီး မေးလို့ဖြေကြားတဲ့ သုတ်တရားလို့ အနက်ရှိတယ်၊ မဟာဆိုတာက အကြီးစားလို့ အနက်ရှိတယ်၊ စူဠဆိုတာက အငယ်စားလို့ အနက်ရှိတယ်"။

"ဘယ်သူကမေးလို့ ဘယ်သူက ဖြေကြားထားတဲ့ တရားလဲဆိုတော့ အနာဂါမ်ဖြစ်တဲ့ ဝိသာခသူဌေးကြီးက မေးလို့ ဓမ္မဒိန္နာဆိုတဲ့ ရဟန္တာထေရီမက ဖြေကြားတဲ့သုတ် တရားတော်ပါပဲ၊ မှတ်သားစရာလဲ အင်မတန်ကောင်းပါတယ်၊ အမျိုးသမီးတွေဘက်က သဒ္ဓါဆန္ဒတက်ကြွပြီး ဂုဏ်ယူစရာ, အတုလိုက်ပြီးကျင့်စရာလဲ ကောင်းပါတယ်"။

http://www.dhammadownload.com

"အဋ္ဌကထာဆရာမြတ်တွေကတောင် ဒီစူဠဝေဒလ္လသုတ်ကို ကိုးကားပြီး ဖွင့်ပြရတာရှိပါတယ်"ဟူ၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက စူဠဝေဒလ္လသုတ်တရာတော်၏ ဂုဏ်ပုဒ်တွေကို တရားဦးစကားပလ္လင်မှာ ထုတ်ဖော်မြွက်ကြားတော်မူပါသည်။

## စေ့စပ်သေချာတော်မူပုံ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် နှုတ်ဖြင့်တရားကိုဟောသည့်ဖြစ်စေ၊ လက်ဖြင့်ကျမ်းစာကိုရေးသားရိက်နှိပ်သည့်ဖြစ်စေ စေ့စပ်သေချာတော်မူလှပါသည်။ သိသင့်သိထိုက်တာမှန်သမျှ ကျကျနနသိရအောင် မြေမှုင့်ဝိနယကိုလည်း ဆက်စပ်ပြတော်မူလေ့ရှိပါသည်။ အနည်းငယ်ထုတ်ဖော်ပြရလျှင် ဤသုတ်တရားတော်စာအုပ် (နှ၁-၃) ၌-

အခါတစ်ပါးမှာ မြတ်စွာဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့အနီးဝေဠုဝန-ဝေဠုဝန်ခေါ်တဲ့ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်တဲ့၊ အဲဒီဝေဠုဝန်ကျောင်းတိုက်ဆိုတာ ဖြစ်ပေါ်လာပုံကတော့ မြတ်စွာဘုရားက ပဌမဝါကျွတ်ပြီးတဲ့နောက် ဥရုဝေလတောအရပ်သို့ ကြွတော်မူပြီးတော့ ဥရုဝေလကဿပ

http://www.dhammadownload.com

အမှူးရှိသော ရသေ့တစ်ထောင်ကိုချွတ်တော်မူခဲ့တယ်၊ အဲဒီရသေ့တစ်ထောင်မှဖြစ်လာတဲ့ ရဟန္တာတစ်ထောင်နှင့်ဘကွ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီး၏ စောစောကဖိတ်မန်ထားချက်အရ ရာဇဂြိုဟ်မြို့သို့ကြွတော်မူပါတယ်၊ အဲဒီအခါမှာ ဗိမ္ဗိသာရမင်းကြီးက အခြွေအရံပရိသတ် တစ်သိန်းတစ်သောင်းနှင့်တကွ မြတ်စွာဘုရားအား ကြိုဆိုပူဇော်ပွဲကြီးပြုလုပ်တယ်။

"အဲဒီကြိုဆိုပူဇော်ပွဲမှာ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်ကိုနာနေရင်းပင် ဗိမ္ဗိသာရမင်းကြီးနှင့်တကွ တစ်သိန်းတစ်သောင်းသောအခြွေအရံလူစုဟာ သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန်ဖြစ်ကြတယ်၊ ကျန်တဲ့လူတစ်သောင်းကတော့ သရဏဂုံတည်တဲ့ဥပါသကာဖြစ်ကြတယ်။" (နှာ ၃ - ၄)

"ယခု ပြဆိုခဲ့တဲ့အတိုင်း ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်ဖြစ်ပြီးနောက် ဝမ်းသာစကားများကိုလျှောက်ထားပါတယ်၊ အဲဒီလိုလျှောက်ထားပြီးတော့ နောက်နေ့နံက်မှာ ဆွမ်းဘုဉ်းပေးကြွလာရန် နောက်ပါသံဃာတော်များနှင့်

http://www.dhammadownload.com

တကွမြတ်စွာဘုရားကို ပင့်လျှောက်ပါတယ်၊ အဲဒီပင့်လျှောက်ချက်အရ နောက်နေ့နံနက်မှာ နောက်ပါသံဃာတော်တစ်ထောင်နှင့်တကွ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီးရဲ့နန်းတော်အိမ်တော်သို့ကြွတော်မူတယ်၊ သံဃာတော်တစ်ထောင်နှင့်တကွ မြတ်စွာဘုရားအား ဆွမ်းကပ်ပြီးလို့ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ဥယျာဉ်တော်ကြီးကို ဘုရားအမှူးရှိသောသံဃာတော်အား လှူဒါန်းတယ်၊ မြတ်စွာဘုရားကလဲ လက်ခံတော်မူပါတယ်။ အဲဒါဟာ ပဌမဆုံးကျောင်းတိုက်အလှူပါပဲ"

ဟု ဤတရားတော်စာအုပ် (နှာ ၈-၉) ၌ နိဒါန်းမှာပါရှိတဲ့ ဝေဠုဝန်ကျောင်းတိုက်အကြောင်းအရာများကို ဝိနည်းပိဋက မဟာဝဂ္ဂပါဠိအရ ကျကျနနသိကြရအောင် ထုတ်ဆောင်ဖော်ပြထားတော်မူပါသည်။

ထို့ပြင် ရှင်ပြုပေးခါနီး၌ လိုက်နာ၍ ဆောင်ရွက်သင့်သည့် ညွှန်ကြားချက်ကိုလည်း ဤသို့သေချာစွာဖော်ပြထားပါသည် -

"ရှင်ပြုပေးခါနီး ခေါင်းရိတ်ပေးတဲ့အခါမှာ ကေသာ-ဆံပင်တွေ၊ လောမာ - မွေးညှင်းတွေ၊ နခါ - လက်သည်းခြေသည်းတွေ၊ ဒန္တာ - သွားတွေ၊ တစော - အရေဆိုတဲ့

http://www.dhammadownload.com

ဒိငါးမျိုးကို ရှုဆင်ခြင်ဖို့ ညွှန်ကြားပေးရတယ်၊ အဲဒါဟာ အရေ လျှင် ငါးခုမြောက်ရှိသောကြောင့် တစပဥ္စက - လို့ခေါ်တာပဲ”။

“ဆံပင်တွေဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး သဘော တရားမျှပဲလို့ နှလုံးသွင်းရမယ်၊ မွေးညှင်းစသည်တွေလဲ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး သဘောတရားမျှပဲလို့ နှလုံးသွင်းရမယ် ဆိုတာကို ညွှန်ကြားသင်ပြပြီးတော့ ခေါင်းရိတ်ပေးရတယ်၊ ခေါင်းရိတ်တဲ့အခါကျတော့ အောက်ကျလာတဲ့ဆံပင်တွေ မြင်ရတော့ အဲဒီဆံပင်တွေကို ငါမဟုတ်ဘူး သဘောတရား မျှပဲလို့သိရတယ်၊ အဲဒီဆံပင်တွေလိုပဲ ခေါင်းမှာရှိနေတဲ့ ဆံပင် တွေကိုလဲ ငါမဟုတ်ဘူး သဘောတရားမျှပဲလို့ သဘော ပေါက်တတ်တယ်၊ ထိုအတူပင် မွေးညှင်းစသည်တွေကိုလဲ ငါမဟုတ်ဘူး သဘောတရားမျှပဲလို့ သဘောပေါက်တတ်ပါ တယ်၊ အဲဒီလိုသဘောပေါက်ပြီးတော့ အချို့ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ခေါင်းရိတ်ခံနေရဆဲမှာပင် အရဟတ္တမဂ်ဖိုလ် ရောက်ပြီး ရဟန္တာဖြစ်သွားကြတာလဲရှိပါတယ်၊ အဲဒီလိုဖြစ် နိုင်ပါက ဖြစ်ရအောင်လို့ တစပဉ္စကကမ္မဋ္ဌာန်းပေးပြီး ခေါင်း ရိတ်ပေးရတာပါပဲ။ (နာ - ၂၅)

http://www.dhammadownload.com

ထို့ပြင် သက္ကာယဆိုတာဘာလဲဆိုတဲ့ အမေးကို ဖွင့်ပြဟောကြားရမှာလဲ -

သက္ကာယ - ပုဒ်မှာ သ - ဆိုတာက ထင်ရှားရှိသည်လို့ အနက်ရှိတယ်၊ ကာယ - ဆိုတာက ရုပ်နာမ်အပေါင်းလို့ အနက်ရှိတယ်၊ ဒါကြောင့် သက္ကာယဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းလို့ဆိုတာပါပဲ၊ အဲဒါဟာ အမြင်မှား အသိမှား ဒိဋ္ဌိနှင့်တွဲစပ်ပြီးပြောလျှင် ထင်ရှားရှိဆဲ ရုပ်နာမ်အပေါင်းကို ငါကောင်သတ္တဝါကောင်လို့ အမြင်မှား အသိမှားတာကို သက္ကာယဒိဋ္ဌိလို့ဆိုတာပဲ။

"သစ္စာလေးပါး အမှန်တရားနှင့် ဆက်စပ်ပြောလျှင်တော့ သက္ကာယဆိုတဲ့ ထင်ရှားရှိသည့် ရုပ်နာမ်အပေါင်းဟာ ခဏမစဲ ဖြစ်ပျက်နေသောကြောင့် ဆင်းရဲအစစ်အမှန် ဒုက္ခသစ္စာတရားပဲ။ (နာ - ၃၀) လို့ - နာကြားသူ ဖတ်ရှုသူအများ နားလည်အောင် ရှင်းလင်းပြဆိုထားပါသည်၊ ထို့ပြင် ဤသို့လည်း သတိပေးမှာထားတော်မူပါသေးသည်။

http://www.dhammadownload.com

"သက္ကာယမေးခွန်းဟာ ဖြေရန်ခက်ခဲနက်နဲပါတယ်၊ တရားအမှန်ကိုသိထားတဲ့သူပေမယ့် ဗုဒ္ဓစာပေလဲ ကျကျနန မလေ့လာဖူးဘူး၊ ပဋိသမ္ဘိဒါဉာဏ်နဲ့လဲ မပြည့်စုံဘူးဆိုရင် ဖြေဖို့ခက်ပါတယ်၊ စာပေတတ်တဲ့သူပေမယ့် တရားသဘောကို ကျကျနန လေ့လာမထားရင် ဖြေဖို့ခက်တာပါပဲ"။ (နှ၁ -၃၀) ဟူ၍ - မဖြေနိုင်တိုင်း မဖြေနိုင်တဲ့သူကို အထင်မသေးကြစေရန် သတိပေးထားပါသည်၊ အဲဒါဟာ ဓမ္မဒိန္နာထေရီ၏ ဖြေကြားချက်ကို ချီးမွမ်းရင်း သတိပေးသွားသောစကားဖြစ်ပါသည်။

## ဆုံးဖြတ်ရာ၌ တိကျသေချာလှပေသည်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ်ပဋိပတ် နှစ်ရပ်လုံး၌ ကျွမ်းကျင်တော်မူလှသောကြောင့် အဆုံးအဖြတ်ပေးသင့်သည့်နေရာများ၌လည်း တိတိကျကျ ဆုံးဖြတ်နိုင်စွမ်းရှိတော်မူကြောင်းလည်း တွေ့နိုင်ပါသည်၊ သာဓကထုတ်ပြရလျှင် -

"ဥပါဒါန - ဥပါဒါန်ဆိုတာ စွဲလမ်းတတ်တဲ့တရားပဲ၊ အဲဒါက ဘာလဲဆိုရင် ဒီသုတ်မှာ ပြဆိုမည့်စကားအရအားဖြင့် ဆန္ဒရာဂခေါ်တဲ့ လိုချင်တပ်မက်မှုတရားပါပဲ။

http://www.dhammadownload.com

"သုတ္တန်ဒေသနာများမှာ ခန္ဓာငါးပါးစွဲလမ်းတဲ့ဥပါဒါန်ကို ဆန္ဒရာဂလို့သာပြဆိုထားပါတယ်၊ လိုချင်နှစ်သက်တပ်မက်သာယာပြီး စွဲလမ်းတဲ့တဏှာလို့ ဆိုလိုပါတယ်။

"အဘိဓမ္မာဒေသနာမှာတော့ စွဲလမ်းတတ်တဲ့ဥပါဒါန်ကို ၄-ပါးခွဲပြထားတယ်၊ (၁) ကာမုပါဒါန်ကတစ်ပါး၊ (၂) ဒိဋ္ဌုပါဒါန်ကတစ်ပါး၊ (၃) သီလဗ္ဗတုပါဒါန်ကတစ်ပါး၊ (၄) အတ္တဝါဒုပါဒါန်ကတစ်ပါး ဒီ ၄-ပါးပါပဲ။

"အဲဒီ ဥပါဒါန် ၄-ပါးထဲမှာ အမှတ် (၁) ကာမုပါဒါန်ဆိုတာက တဏှာစွဲပဲ၊ ကျန်တဲ့ ၃-ပါးက ဒိဋ္ဌိစွဲချည်းပဲ၊ ဒါကြောင့် အကျဉ်းအားဖြင့် စွဲလမ်းမှုဟာ တဏှာနဲ့ဒိဋ္ဌိ ဒီ ၂-ပါးပါပဲ။

"အဲဒီ ၂-ပါးထဲက တဏှာဖြင့်စွဲလမ်းရာမှာ ဒိဋ္ဌိဖြင့် စွဲလမ်းမှုလဲပါဝင်တာပါပဲ၊ ဒါကြောင့် ရှုဋ္ဌဝေဒလ္လသုတ်စသော သုတ္တန်ဒေသနာများမှာ ဒိဋ္ဌိဥပါဒါန်ကို သီးသန့်မပြတော့ဘဲ ဆန္ဒရာဂဆိုတဲ့ တဏှာဥပါဒါန်ကိုသာ ပဓာနအားဖြင့်ပြတယ်၊ သို့သော် အပဓာနအားဖြင့် ဒိဋ္ဌိဥပါဒါန်ကိုလဲ ထည့်သွင်းပြီးယူရင် သုတ္တန်နှင့်အဘိဓမ္မာညီညွတ်တယ်လို့ ဆိုရမှာပဲ" (နှာ - ၃၃-၃၄-၃၅) ဟု တိကျသေချာစွာ ဆုံးဖြတ်ထားပါသည်။

(၄)

http://www.dhammadownload.com

ထို့ပြင် အခြားသာဓကတစ်ခုကို ထုတ်ပြရလျှင်- ဤတရားစာအုပ် - နှာ (၁၅၁) ၌ "အရိယမဂ်ဟာ သင်္ခတလား၊ အသင်္ခတလား" ဆိုတဲ့အမေးကို ဖြေထားပုံပါပဲ၊ အဲဒီဖြေထားပုံကတော့ -

"စာပေကျမ်းဂန်တတ်ပုဂ္ဂိုလ်တွေ အနေအားဖြင့် အရိယမဂ်ဟာ ဆိုင်ရာအကြောင်းများကြောင့်ဖြစ်လို့ သင်္ခတတရားဖြစ်ကြောင်း ထင်ရှားနေပါတယ်၊ မေးစရာတောင် မလိုဘူးလို့ဆိုရမှာပါပဲ၊ ဒါပေမယ့် သုတမရှိတဲ့ပုဂ္ဂိုလ်အနေအားဖြင့်တော့ အထင်မှားစရာရှိပါတယ်၊ အရိယာမဂ်ဟာ ရုပ်နာမ်ခဆင်းရဲငြိမ်းတဲ့ အသင်္ခတနိဗ္ဗာန်ကို အာရုံပြုပြီးတော့ နိဗ္ဗာန်လိုပင် အသင်္ခတလေလားလို့ ယုံမှားစရာ ထင်မှားစရာရှိပါတယ်၊ သမ္ဗုတ္တနိယာမမည်သောကြောင့် အသင်္ခတလို့ထင်စရာလဲရှိပါတယ်။

"တော်တော်ဆီက လူတစ်ယောက်က ဒီမှာလာပြီးတော့မေးပါတယ်၊ "အရိယမဂ်ဟာ အသင်္ခတတရားပါလား" တဲ့၊ ဘာကြောင့် ဒီလိုမေးရတာလဲဆိုတော့ ဆရာကြီးတစ်ယောက်က သူ့ကျမ်းစာအုပ်ထဲမှာ အရိယမဂ်ကို အသင်္ခတတရားလို့ ပြဆိုထားတာကို တွေ့ရသောကြောင့်

http://www.dhammadownload.com

ပါတဲ့…၊ ဒီလိုအယူမှားကို ပယ်ဖျက်နိုင်ရန်အတွက် "အရိယာ မဂ်ဟာ သစ်တလား၊ အသစ်တလား" လို့ မေးတာလဲ မေး သင့်ပါတယ်၊ "သစ်တပါ" လို့ အဖြေလဲ ဖြေသင့်တာပါပဲ။

"အသစ်တဆိုရင် နိဗ္ဗာန်လိုပင် ချုပ်ပျက်ခြင်းမရှိဘဲ အမြဲတည်နေရမှာ၊ အရိယာမဂ်ကတော့ အခြားစိတ်များလို ပင် ဥပါဒ်-ဌီ-ဘင်ဆိုတဲ့ ခဏငယ်သုံးချက်တည်ရှိတယ်၊ ဘင်ခဏမှာ လုံးဝချုပ်ပျောက်သွားတယ်၊ ဒါကြောင့် နိဗ္ဗာန်လို အမြဲတည်ရှိနေတာလဲမဟုတ်ဘူး၊ ခုတင်ကပြောခဲ့တဲ့အတိုင်း ဝိပဿနာစသော အကြောင်းများကြောင့် ဖြစ်ပေါ်တဲ့တရား လဲဖြစ်နေတယ်၊ ဒါကြောင့် သစ်တတရားဖြစ်ကြောင်း အလွန် ပင်ထင်ရှားပါတယ်" (နာ - ၁၅၃-၁၅၄-၁၅၅)

အထက်ပါအတိုင်း ဆုံးဖြတ်ထားပုံဟာ အလွန်ပင်တိကျ သေချာ၍ ပေါ်လွင်ထင်ရှားလှပါပေသည်။ သို့ဖြစ်ပါ၍ -

(၁) ပရိယတ္တိစာတွေမှ ပဋိပတ္တိဉာဏ်တွေသို့ ရောက်လိုသူများ-

(၂) သာသနမွေတို့ကို မကြည်ညိုတတ်သေးသဖြင့် ကြည်ညို တတ်လိုသူများ -

http://www.dhammadownload.com

(၃) တရားအားထုတ်ရန် ဆန္ဒနည်းပါးသဖြင့် ဆန္ဒတိုးပွားထက်သန်လိုသူများ -

(၄) ဝိပဿနာရှုမှတ်ပုံ ရှုမှတ်နည်းကို အတိအကျမှန်ကန်စွာ သိလိုသူများ -

(၅) မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော အသိထူး ဉာဏ်ထူး ဖြစ်လိုသူများ -

ဤသို့အလိုဆန္ဒအမျိုးမျိုးရှိကြသော သူတော်ကောင်းများသည် မိမိတို့ လိုအင်ဆန္ဒအတိုင်း ပြည့်ဝစေနိုင်သော "ဤရှုဋ္ဌဝေဒလ္လသုတ်တရားတော်" ကို လေးလေးစားစား ကြည့်ရှုပွားများ ကျင့်သုံးအားထုတ်သောအားဖြင့် လူအများတို့ လိုလားတောင့်တမျှော်လင့်နေကြသည့် ငြိမ်းချမ်းရေးအစစ်အမှန် မြတ်နိဗ္ဗာန်ကို အလျင်အမြန် ဆိုက်ရောက်ကြပါစေသော်ဝ် ။

အရှင်ပညာသာမိ (ဓမ္မရေးဆောင်)

ကမ္မဋ္ဌာနာစရိယ

မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်။

၁၃၄၀ - ခုနှစ်၊ တန်ဆောင်မုန်း ၁၃ ရက်၊ (၁၂-၁၁-၇၈)

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စူဠဝေဒလ္လသုတ်တရားတော်

၁၃၂၆-ခုနှစ်၊ ပထမဝါခေါင်လဆန်း (၈) ရက်နေ့က ဟောကြားသည်။

## တရားပလ္လင်ခံ

ဒီကနေ့ ၁၃၂၆-ခုနှစ်၊ ပထမဝါခေါင်လဆန်း (၈) ရက်နေ့ ဖြစ်တယ်၊ ဒီကနေ့စပြီးဟောဖို့တရားကတော့ စူဠဝေဒလ္လသုတ် ဆိုတဲ့တရားတော်ပါပဲ၊ အဲဒီသုတ်က သင်္ဂါယနာတင်ထားတဲ့နိကာယ် ငါးရပ်ထဲမှာ မဇ္ဈိမနိကာယ်ထဲမှာ ပဏ္ဏာသသုံးကျမ်းထဲက မူလပဏ္ဏာသ ပါဠိတော်မှာဖြစ်တယ်၊ အဲဒီမူလပဏ္ဏာသပါဠိတော်မှာ မဟာဝေဒလ္လ နှင့်စူဠဝေဒလ္လဆိုတဲ့ သုတ် ၂-ခုရှိတယ်၊ ဝေဒလ္လဆိုတာက ဝေဒခေါ်တဲ့ ဉာဏ်နဲ့ နှစ်သိမ့်အားရခြင်းကိုစွဲမှီပြီးမေးလို့ ဖြေကြားထားတဲ့ သုတ် တရားလို့ အနက်ရှိတယ်၊ မဟာဆိုတာက အကြီးစားလို့ အနက်ရှိတယ်၊ စူဠဆိုတာကအငယ်စားလို့အနက်ရှိတယ်၊ ဒါကြောင့်စူဠဝေဒလ္လ သုတ်ဆိုတာ ဝေဒလ္လသုတ်အငယ်စားလို့အနက်ရှိတယ်၊ မြန်မာစကား သက်သက်နဲ့ပြောရရင်တော့ အသိဉာဏ်နဲ့နှစ်သိမ့်အားရကျေနပ်ခြင်း ကိုစွဲမှီပြီးမေးလို့ ဖြေကြားထားတဲ့ သုတ်တရားငယ်လို့ဆိုရမှာပဲ။

http://www.dhammadownload.com



ဘယ်သူကမေးလို့ ဘယ်သူကဖြေကြားထားတဲ့တရားလဲ ဆိုတော့အနာဂါမ်ဖြစ်တဲ့ ဝိသာခသူဌေးကြီးကမေးလို့ ဓမ္မဒိန္နာဆိုတဲ့ ရဟန္တာထေရီမကဖြေကြားထားတဲ့ သုတ်တရားတော်ပါပဲ၊ မှတ်သားစရာလဲ အင်မတန်ကောင်းပါတယ်၊ အမျိုးသမီးတွေဘက်က သဒ္ဓါဆန္ဒတက်ကြွပြီးဂုဏ်ယူစရာ အတုလိုက်ပြီး ကျင့်စရာလဲကောင်းပါတယ်၊ အဋ္ဌကထာဆရာမြတ်တွေကတောင် ဒီစူဠဝေဒလ္လသုတ်ကို ကိုးကားပြီး ဖွင့်ပြရတာရှိပါတယ်၊ ဝိသာခသူဌေးကြီးနဲ့ ဓမ္မဒိန္နာထေရီတို့အကြောင်း အရာကိုတော့ တော်တော်ကြာမှပြောရမယ်၊ ယခုသုတ်၏နိဒါန်းကိုစပြီး ရွတ်ဆိုဟောပြရမယ်။

## သုတ်၏နိဒါန်း

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။

ဘန္တေ-အရှင်မဟာကဿပ၊ မေ-အကျွန်ုပ်အာနန္ဒာသည်၊ ဧဝံ သုတံ-ဤသို့ ကြားနာမှတ်သားခဲ့ရပါသည်၊ ဒါက ပထမသင်္ဂါယနာတင်စဉ်တုန်းက အရှင်မဟာကဿပမထေရ်မြတ်ကမေးလို့ အရှင်အာနန္ဒာကစပြီး ဖြေကြားလျှောက်ထားပုံပါပဲ၊ စူဠဝေဒလ္လသုတ်ကို ဘယ်အရပ်မှာ ဟောသလဲ၊ ဘယ်သူ့ကဟောသလဲ၊ ဘယ်လိုအကြောင်း

http://www.dhammadownload.com



ကြောင့်ဟောသလဲ၊ ဘယ်သူ့အားဟောသလဲလို့ အရှင်မဟာကဿပ ကမေးတယ်၊ အဲဒါကိုအရှင်အာနန္ဒာမထေရ်က ဒီလိုကြားနာမှတ်သား ဖူးပါတယ်-စသည်ဖြင့် အခြေတည်ပြီး ဖြေကြားတော်မူပါတယ်၊ ရှေ့ဆက်ပြီး ဖြေကြားပုံကိုတော့-

ဧကံ သမယံ - အခါတစ်ပါး၌၊ ဘဂဝါ - ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်၊ ရာဇဂဟေ-ရာဇဂြိုဟ်မြို့၌၊ ကလန္ဒကနိဝါပေ-ရှဉ့်နက်တို့အား အစာကျွေးမွေးရာဖြစ်သော၊ ဝေဠုဝနေ-ဝေဠုဝန် မည်သော (ဝါးတောဥယျာဉ်) ကျောင်းတော်၌၊ ဝိဟရတိ-သီတင်းသုံး နေတော်မူပါသည်-တဲ့။

အခါတစ်ပါးမှာ မြတ်စွာဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့အနီး ဝေဠုဝန-ဝေဠုဝန်ခေါ်တဲ့ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါသတဲ့၊ အဲဒီဝေဠုဝန်ကျောင်းတိုက်ဆိုတာဖြစ်ပေါ်လာပုံကတော့ မြတ်စွာဘုရားက ပထမဝါကျွတ်ပြီးတဲ့နောက် ဥရုဝေလတောအရပ်သို့ ကြွတော်မူပြီးတော့ ဥရုဝေလကဿပအမှူးရှိသော ရသေ့တစ်ထောင်ကို ချွတ်တော်မူခဲ့ တယ်၊ အဲဒီရသေ့တစ်ထောင်မှ ဖြစ်လာတဲ့ရဟန္တာတစ်ထောင်နှင့်တကွ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီး၏ စောစောကဖိတ်မန့်ထားချက်အရ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူပါတယ်၊ အဲဒီအခါမှာ ဗိမ္ဗိသာရမင်းကြီးက အခြွေအရံပရိသတ်ပေါင်း တစ်သိန်းနှစ်သောင်းနှင့်တကွ မြတ်စွာ

http://www.dhammadownload.com



ဘုရားအား ကြိုဆိုပူဇော်ပွဲပြုလုပ်တယ်၊ အဲဒီကြိုဆိုပူဇော်ပွဲမှာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့တရားတော်ကို နာနေရင်း ဗိမ္ဗိသာရမင်းကြီးနှင့်တကွ တစ်သိန်းတစ်သောင်းသောအခြွေအရံလူစုဟာ သောတာပတ္တိမဂ်ဖိုလ်သို့ရောက်ပြီး သောတာပန်ဖြစ်ကြတယ်၊ ကျန်တဲ့လူတစ်သောင်းကတော့ သရဏဂုံတည်တဲ့ဥပါသကာဖြစ်ကြတယ်၊ အဲဒီအကြောင်းကို ဝိနည်းမဟာဝါ (နှာ-၄၇) မှာ ဒီလိုပြထားတယ်။

## တရားနာရင်း သောတာပန်ဖြစ်ကြပုံ

အထခေါ - ထိုအခါ၌၊ ဘဂဝါ - မြတ်စွာဘုရားသည်၊ ဒွါဒသနဟုတကန်-တစ်သိန်းနှစ်သောင်းကုန်သော၊ မာဂဓိကာန်-မာဂဓတိုင်းပြည်သား (ရာဇဂြိုဟ်မြို့သား) ဖြစ်ကုန်သော၊ တေသံ ဗြာဟ္မဏဂဟပတိကာနံ - ထိုပုဏ္ဏားလူမျိုးများနှင့် သာမန်အိမ်ရှင်လူများတို့အား၊ စေတသာ စေတောပရိဝိတက္ကမညာယ-မိမိ၏စိတ်ဖြင့် သူတို့၏စိတ်အကြံကိုသိပြီး၍၊ အနုပုဗ္ဗိကထံ-အစဉ်အတိုင်းသောတရားစကားကို၊ ကထေသိ - ဟောကြားတော်မူလေသည်၊ သေယျထိဒံ-ယင်းတရားကဘယ်လိုဟာလဲဆိုလျှင်၊ ဒါနကထံ - ဒါနတရားကိုလည်းကောင်း၊ သီလကထံ - သီလတရားကိုလည်းကောင်း၊ သဂ္ဂကထံ-ဒါနသီလကုသိုလ်ကြောင့် ရောက်ရခံစားရသော နတ်ပြည်ချမ်းသာတရားကိုလည်းကောင်း၊ ကာမာနံ-လူ့ချမ်းသာနတ်ချမ်းသာဟူသော

http://www.dhammadownload.com



ကာမဂုဏ်အာရုံတို့၏ အာဒီနဝ-အပြစ်ကိုလည်းကောင်း၊ ဩကာရ-ယုတ်ညံ့ခြင်းကိုလည်းကောင်း၊ သံကိလေသံ - နှစ်သက်တပ်မက်ခြင်းစသောညစ်ညူးခြင်းကိုလည်းကောင်း၊ နေက္ခမ္မေ-ကာမဂုဏ်မှထွက်မြောက်သော သမာဓိပညာအကျင့်တရား၌၊ အာနိသံသံ-အကျိုးအာနိသင်ကိုလည်းကောင်း၊ ပကာသေသိ-ထင်ရှားပြတော်မူလေသည်။

ဒီစကားရပ်ဖြင့် သိစေတာကတော့ ဒါနသီလပြုသင့်ပုံ၊ အဲဒီဒါနသီလကုသိုလ်ကြောင့် နတ်ပြည်ရောက်ပြီး နတ်စည်းစိမ်ချမ်းသာတွေကိုခံစားရပုံ၊ ဒါပေမယ့် အဲဒီနတ်ချမ်းသာနှင့် လူ့ချမ်းသာဆိုင်ရာကာမဂုဏ်တွေကို မက်မောနေခြင်းကြောင့် အပါယ်ဆင်းရဲ အိုနာသေစသော သံသရာဆင်းရဲတွေနဲ့ တွေ့ကြုံခံစားနေကြရပုံ၊ ကာမဂုဏ်မှထွက်မြောက်တဲ့ သမာဓိစျာန်အကျင့်ဖြင့် အပါယ်ဆင်းရဲ သံသရာဆင်းရဲတို့မှ လွတ်မြောက်ပြီး ချမ်းသာရပုံတွေကို အများနားလည်အောင်ဖော်ပြပြီး သိနားလည်စေတာပါပဲ၊ အဲဒီတရားကို နာကြားနေရင်းနိဗ္ဗာန်ရောက်ပုံကိုလဲ ဒီလိုဆက်ပြီးပြဆိုထားပါတယ်။

ယဒါ-အကြင်အခါ၌၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ တေ-ထိုတစ်သိန်းနှစ်သောင်းသော တရားနာနေသူတို့ကို၊ ကလ္လစိတ္တေ-ခန့်ကျန်းသောစိတ်ရှိနေကြသည်တို့ကို၊ ဝါ-ခန့်ကျန်းသောစိတ်ရှိနေကြ

http://www.dhammadownload.com



ပြီးဟူ၍လည်းကောင်း။ (ပါဠိသဒ္ဒါနည်းအတိုင်း မဟုတ်ဘဲ နားလည်လွယ်အောင်ပြန်ချက်ဖြစ်သည်) မုဒုစိတ္တေ-နူးညံ့သောစိတ်ရှိနေကြပြီဟူ၍လည်းကောင်း။ ဝိနီဝရဏစိတ္တေ-နီဝရဏကင်းသောစိတ်ရှိနေကြပြီဟူ၍လည်းကောင်း။ ဥဒ္ဒဂ္ဂစိတ္တေ-တက်ကြွသောစိတ်ရှိနေကြပြီဟူ၍လည်းကောင်း။ ပသန္နစိတ္တေ- ကြည်လင်သည့် ယုံကြည်သည့်စိတ်ရှိနေကြပြီဟူ၍လည်းကောင်း။ အညာသိ-သိတော်မူ၏။ အထ - ထိုသို့သိတော်မူသောအခါ၌၊ ဗုဒ္ဓါနံ-မြတ်စွာဘုရားတို့၏၊ သာမုက္ကံသိကာ-ကိုယ်တိုင်သိပြီး၍ထုတ်ပြအပ်သော၊ ယာဓမ္မဒေသနာ - အကြင်တရားစကားသည်ရှိ၏။ ဒုက္ခံသမုဒယံနိရောဓံမဂ္ဂံ - ဒုက္ခသမုဒယနိရောဓမဂ္ဂဟူသော၊ တံ - ထိုသစ္စာလေးပါးတရားကို၊ ပကာသေသိ-ထင်ရှားပြတော်မူလေသည်။

အဲဒီစကားရပ်ထဲမှာ တရားနာနေသူများ ခန့်ကျန်းသောစိတ်ရှိကြကြောင်းစသည်ဖြင့် နီဝရဏကင်း၍ စိတ္တဝိသုဒ္ဓိဖြစ်ပုံကိုပြတာပဲ၊ ရှုသင့်ရာကိုရှုနိုင်အောင် စိတ်ခန့်ကျန်းခြင်းဖြင့် ကာမစ္ဆန္ဒကင်းပုံကို ပြတာပဲ၊ စိတ်နူးညံ့ခြင်းဖြင့် ဗျာပါဒကင်းပုံကိုပြတာပါပဲ၊ စိတ်တက်ကြွထက်သန်ခြင်းဖြင့် ထိနမိဒ္ဓကင်းပုံကို ပြတာပဲ၊ စိတ်ကြည်လင်ခြင်း ယုံကြည်ခြင်းဖြင့် ဝိစိကိစ္ဆာကင်းပုံကိုပြတာပါပဲ၊ ဝိနီဝရဏစိတ္တ-နီဝရဏကင်းသောစိတ်ဖြင့် ဥဒ္ဓစ္စကုက္ကုစ္စကင်းပုံကိုပြတာပဲ၊ ဒါကြောင့်

http://www.dhammadownload.com



အဲဒီလိုနိဝရဏကင်းပြီး စိတ္တဝိသုဒ္ဓိဖြစ်နေစဉ်မှာ မြတ်စွာဘုရားက သစ္စာလေးပါးကို ထုတ်ဖော်ပြီး ဟောကြားတော်မူတာပါပဲ၊ မြင်းတိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ခွဲရ ၆-ပါးက ထင်ပေါ်နေတဲ့ ဥပါဒါနက္ခန္ဓာ ငါး ရုပ်နာမ်တရားတွေဟာ ခဏမစဲဖြစ်ပျက်နေလို့ ဆင်းရဲမှုဖြစ်ကြောင်း ဒုက္ခသစ္စာဖြစ်ကြောင်းကိုလဲ ဟောတော်မူတယ်၊ အဲဒီမြင်ရ ကြားရတာ အစရှိသော ဆင်းရဲကိုပင် ချမ်းသာထင်ပြီး နှစ်သက်သာယာနေတာက ဘဝသစ်ရုပ်နာမ်ဆင်းရဲတွေကို ဖြစ်ပွားစေတတ်လို့ သမုဒယသစ္စာခေါ်တဲ့ ဆင်းရဲဖြစ်ကြောင်းတရားတွေကို အမှန်အတိုင်းသိရင် အဲဒီဆင်းရဲဖြစ် ကြောင်းသမုဒယတဏှာ ကင်းငြိမ်းပြီး ရုပ်နာမ်ဆင်းရဲချုပ်သိမ်းငြိမ်း တယ်ဆိုတဲ့ နိရောဓကိုလဲ ဟောတော်မူတယ်၊ ရုပ်နာမ်ဖြစ်ပျက်ကို အမှန်အတိုင်းသိတဲ့ ရှုသိမှုဝိပဿနာနှင့် ရုပ်နာမ်ဆင်းရဲဟူသမျှ လုံးဝငြိမ်းတာကိုသိတဲ့ အရိယာမဂ်ဆိုတဲ့ မဂ္ဂသစ္စာအကြောင်းကိုလဲ ဟောတော်မူတယ်၊ အဲဒီလိုဟောတဲ့တရားတော်တွေကို နာကြားနေရင်း ပင် အမှန်အတိုင်းသိပြီး တရားထူးရသွားကြပုံကိုလဲ ဒီလိုဆက်ပြီး ဟောပြတော်မူပါတယ်။

သေယျထာပိနာမ-ဥပမာဖြင့်ပြရလျှင်၊ အပဂတကာဠကံ- မည်းညစ်ခြင်းကင်းသော၊ သုဒ္ဓံဝတ္ထံ-ဖြူစင်သောအဝတ်သည်၊ ရင်္ဂနံ- အဝါအနီအစိမ်းစသောဆိုးရည်ကို၊ သမ္မဒေဝ-ကောင်းစွာသာလျှင်၊

http://www.dhammadownload.com



ပဋိဂ္ဂဏှေယျ-ခံယူရာသကဲ့သို့ ဝေမေဝ-ဤအတူပင်လျှင်၊ ဗိမ္ဗိသာရပ္ပမုခါနံ-ဗိမ္ဗိသာရမင်းကြီးအမှူးရှိကုန်သော၊ ကောဒသနဟုတာနံ မာဂဓိကာနံ ဗြာဟ္မဏဂဟပတိကာနံ-တစ်သိန်းနှစ်သောင်းသော မာဂဓတိုင်းသားပုဏ္ဏားတို့နှင့် သာမန်အိမ်ရှင်လူတို့မှာ၊ တသ္မိံယေဝ အာသနေ-ထိုတရားနာနေရာ၌ပင်လျှင်၊ ဝိရဇံဝီတမလံ-မြူအညစ်အကြေးကင်းသော၊ ဓမ္မစက္ခုံ-တရားမျက်စိခေါ်သည့် သောတာပတ္တိမဂ်ဉာဏ်သည်၊ ဥဒပါဒိ-ဖြစ်လေပြီ (ဘယ်လိုဖြစ်သလဲဆိုတော့) ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ - ဖြစ်ခြင်းရှိသည့်တရားဟူသမျှ ချုပ်ခြင်းသဘောရှိသည်ချည်းပင်ဟုသိလျက် ဖြစ်လေသည်တဲ့၊ (ဒါက သောတာပန်ဖြစ်ပုံကိုဖော်ပြတာပဲ၊ သောတာပတ္တိမဂ်ဖိုလ်ဖြစ်ခိုက်၌ ဖြစ်ပျက်နေသည့် ရုပ်နာမ်ဟူသမျှ ကင်းငြိမ်းနေတာကို တွေ့သိတာပါပဲ၊ အထက်မဂ်ဖိုလ်များဖြစ်တဲ့အခါလဲ နည်းတူပင် ရုပ်နာမ်ဟူသမျှ ကင်းငြိမ်းနေတာကို တွေ့သိတာချည်းပါပဲ၊ ကျန်တဲ့လူတစ်သိန်း ဥပါသကာဖြစ်ပုံကိုလဲ ဒီလိုဆက်ပြီး ပြဆိုထားပါတယ်၊) ဧကနဟုတံ-ကျန်သော လူတစ်သိန်းသည်၊ ဥပါသကတ္တံ-ဘုရားတရားသံဃာကို ဆည်းကပ်ကိုးကွယ်သောဥပါသကာအဖြစ်ကို၊ ပဋိဝေဒေသိ-လျှောက်ကြားပေသည်တဲ့။

http://www.dhammadownload.com



ယခုပြခဲ့တဲ့အတိုင်း ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်ဖြစ်ပြီး နောက် ဝမ်းသာစကားများကိုလျှောက်ထားပါတယ်၊ အဲဒီလိုလျှောက်ထား ပြီးတော့ နောက်နေ့နံနက်မှာ ဆွမ်းဘုဉ်းပေးကြွလာရန် နောက်ပါသံဃာ တော်များနှင့်တကွ မြတ်စွာဘုရားကို ပင့်လျှောက်ပါတယ်၊ အဲဒီပင့် လျှောက်ချက်အရ နောက်နေ့နံနက်မှာ နောက်ပါသံဃာတော် တစ် ထောင်နှင့်တကွ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီး၏နန်းတော် အိမ်တော်သို့ ကြွတော်မူတယ်၊ သံဃာတော်များနှင့်တကွမြတ်စွာဘုရား အားဆွမ်းကပ်ပြီးလို့ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ဥယျာဉ်တော်ကြီးကို ဘုရားအမှူးရှိသောသံဃာတော်အား လှူဒါန်းတယ်၊ မြတ်စွာဘုရားကလဲ လက်ခံတော်မူပါတယ်၊ အဲဒါဟာ ပထမဆုံးကျောင်းတိုက်အလှူပါပဲ၊ အဲဒီဝေဠုဝန်ဥယျာဉ်ကြီးထဲမှာ ဘုရင်မင်းကြီးစသည်တို့အသုံးပြုနေတဲ့ အဆောက်အဦးတွေလဲရှိမှာပါပဲ၊ ဒါပေမယ့် အဲဒီတုန်းကလှူပုံနဲ့ အလှူခံပုံကတော့ အာရာမ - အာရာမ် ဆိုတဲ့ကျောင်းတိုက်အနေဖြင့်လှူတယ်၊ လက်ခံတော်မူတယ်လို့သာ ထင်ရှားပါသေးတယ်၊ ဒါကြောင့် အဲဒီတုန်းက မြတ်စွာဘုရားရှင်က (အာနုဇာနာမိ ဘိက္ခဝေ အာရာမံ) ဘိက္ခဝေ-ရဟန်းတို့၊ အာရာမံ- အာရာမ်ကျောင်းတိုက်မြေကို၊ အာနုဇာနာမိ-လက်ခံရန် ငါဘုရားက ခွင့်ပြုပါသည်လို့ ဒီလိုသာအမိန့်ရှိပြီး ခွင့်ပြုတော်မူပါတယ်၊ ယခုပြောခဲ့

http://www.dhammadownload.com



တာယာ စူဠဝေဒလ္လသုတ်နိဒါန်းမှာဖော်ပြထားတဲ့ ဝေဠုဝန်ကျောင်းတိုက် အကြောင်းကို ကျကျနနသိရအောင်လို့ ပြောခဲ့တာပါပဲ။

နောက်ပြီးတော့ ဗိမ္ဗိသာရမင်းကြီးနှင့်အတူ သောတာပန် ဖြစ်ကြတဲ့ပုဂ္ဂိုလ်တွေထဲမှာ ဝိသာခဆိုတဲ့သူဌေးကြီးလဲပါတယ်၊ အဲဒီသူဌေး ကြီးက ဒီစူဠဝေဒလ္လသုတ်မှာ မေးခွန်းထုတ်တဲ့ပုဂ္ဂိုလ်ကြီးလဲ ဖြစ်တယ်၊ သူက လွန်ခဲ့တဲ့ ၉၂-ကမ္ဘာထက်က ပွင့်တော်မူတဲ့ ဖုဿဘုရား လက်ထက်တော်တုန်းက ဗိမ္ဗိသာရမင်းကြီး၏ အလောင်းလျာဖြစ်သူနှင့် အတူ အကြီးအကျယ်ကုသိုလ်ပြုခဲ့သူလဲဖြစ်တယ်၊ ယခုဒီသုတ်မှာ သူက ဓမ္မဒိန္နာထေရီထံ သွားရောက်ပြီး မေးမြန်းပုံကို ဒီလိုပြဆိုထားတယ်။

အထခေါ-ရာဇဂြိုဟ်မြို့ဝေဠုဝန်ကျောင်းတိုက်ဝယ်မြတ်စွာ ဘုရား သီတင်းသုံးနေတော်မူစဉ်အခါ၌၊ ဝိသာခေါ-ဝိသာခအမည် ရှိသော၊ ဥပါသကော-ရတနာသုံးရပ်ကို ဆည်းကပ်ကိုးကွယ်နေသည့် ဗုဒ္ဓသာသနာဝင်ဥပသကာသည်- (ဗုဒ္ဓံသရဏံ ဂစ္ဆာမိ-စသည်ဖြင့် သရဏဂုံဆောက်တည်ထားတဲ့ ဗုဒ္ဓသာသနာဝင်အမျိုးသားကို ပါဠိလို ဥပါသကော-ဥပါသကာလို့ မြန်မာလို ဥပသကာ-လို့ခေါ်တယ်၊ အမျိုးသမီးကိုတော့ ဥပါသိကာ-လို့ခေါ်တယ်၊ ရှေးဟောင်းမြန်မာစာပေ များမှာတော့ ဥပါသကီ-လို့လဲရှိတယ်၊ ယခုဖော်ပြတဲ့ ဝိသာခသူဌေးကြီး ကတော့ ဥပါသကာသာမန်တောင်မဟုတ်ပါဘူး။ ခုတင်ကပြောခဲ့တဲ့

http://www.dhammadownload.com



အတိုင်း ဘုရား၏တရားတော်ကို စပြီးနာရကတည်းက သောတာပန်ဖြစ်ခဲ့ပါတယ်၊ နောက်ကျတော့ အနာဂါမ်တောင်ဖြစ်နေပါပြီ ပုဂ္ဂိုလ်ထူးကြီးပါပဲ)၊ ယေန မမ္မဒိန္နာ ဘိက္ခုနီ တေနုပသင်္ကမိ ဥပသင်္ကမိတွာ- ဓမ္မဒိန္နာမည်သော ထေရီမရှိရာသို့ ချဉ်းကပ်ပြီး၍၊ ဓမ္မဒိန္နံ ဘိက္ခုနိံ- ဓမ္မဒိန္နာမည်သော အမျိုးသမီးရဟန်းထေရီမကို၊ အဘိဝါဒေတွာ-ရှိသေစွာ ရှိခိုးပြီး၍၊ (ဒီဓမ္မဒိန္နာဘိက္ခုနီဆိုတာက မူလကတော့ ဝိသာခသူဌေးကြီး၏ အိမ်သူဇနီးပဲ၊ ဒါပေမယ့် ဘိက္ခုနီဖြစ်နေတဲ့အတွက် ဝိသာခသူဌေးကြီးက အရိုအသေရှိခိုးပါသတဲ့၊ အမျိုးသမီးများအတွက် ဂုဏ်ယူစရာပါပဲ)၊ ဧကမန္တံ နိသီဒိ-သင့်လျော်သောနေရာ၌ ထိုင်နေသည်၊ ဧကမန္တံ နိသိန္နော-သင့်လျော်သောနေရာ၌ ထိုင်နေပြီးသော၊ ဝိသာခေါ ဥပါသကော-ဝိသာခမည်သောဥပါသကာသူဌေးကြီးသည်၊ ဓမ္မဒိန္နာ ဘိက္ခုနိံ- ဓမ္မဒိန္နာမည်သောဘိက္ခုနီကို၊ ဧတံ-ဤသို့သောမေးခွန်းကို၊ အဝေါစ-ပြောဆိုမေးမြန်းလေသည်-တဲ့။

မေးပုံကတော့ သက္ကာယဆိုတာဘာလဲလို့မေးတာပါပဲ၊ အဲဒီလိုမေးပုံနဲ့ဖြေပုံကိုတော့ တော်တော်ကြာမှပြောရမယ်၊ ယခုတော့ ဝိသာခသူဌေးကြီး အနာဂါမ်ဖြစ်ပုံနဲ့ ဓမ္မဒိန္နာဆိုတဲ့သူ့ဇနီး သူဌေးကတော် ဘိက္ခုနီပြုပြီး ရဟန္တာဖြစ်ပုံကို ထုတ်ဖော်ပြရဦးမယ်။

http://www.dhammadownload.com



## ဝိသာခသူဌေး အနာဂါမ်ဖြစ်၍ထူးခြားထာပုံ

ဝိသာခသူဌေးကြီးဟာ ခုတင်ကပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရား၏တရားတော်ကို ဗိမ္ဗိသာရမင်းကြီးနှင့်အတူ တရားနာစဉ်က သောတာပန်ဖြစ်ခဲ့တယ်၊ အဲဒီကနောက်လဲ မြတ်စွာဘုရားထံသွားရောက်ပြီး တရားနာနေပါတယ်၊ အခွင့်ရသလောက် တရားလဲရှုမှတ်ပွားများနေတာဖြစ်မှာပါပဲ၊ အဲဒီလို တရားနာနေရင်း တစ်နေ့မှာတော့ သကဒါဂါမိမဂ်ဖိုလ်ကိုရောက်ပြီး သကဒါဂါမ်ဖြစ်သွားတယ်၊ သကဒါဂါမ်မှာ ကာမရာဂနဲ့ဗျာပါဒဆိုတဲ့ ကိလေသာ ၂-ပါးက အားနည်းရုံမျှပါပဲ၊ လုံးလုံးတော့မကင်းသေးဘူး။ ဒါကြောင့် အဲဒီတုန်းက သူ့ဇနီးဖြစ်သူ ဓမ္မဒိန္နာနဲ့ဆက်ဆံပုံဟာ သိပ်ထူးပုံမရသေးပါဘူး။

အဲဒီကနောက် တစ်နေ့သောအခါမှာတော့ မြတ်စွာဘုရားထံမှာတရားနာနေရင်း အနာဂါမိမဂ်ဖိုလ်ရောက်ပြီး အနာဂါမ်ဖြစ်သွားတယ်၊ အနာဂါမ်မှာတော့ ကာမရာဂနဲ့ ဗျာပါဒဆိုတဲ့ ကိလေသာ ၂-ပါးက လုံးဝကင်းသွားပြီ၊ ဒါကြောင့် အဖိုအမနဲ့စပ်တဲ့ ကာမဂုဏ်အာရုံတွေကို နှစ်သက်သာယာမှု လုံးဝမရှိတော့ဘူး။ အခြားကာမအာရုံတွေကိုလဲ နှစ်သက်သာယာမှု လုံးဝမရှိတော့ပါဘူး၊ စိတ်ဆိုးခြင်း စိတ်ပျက်ခြင်း နှလုံးမသာခြင်း ရွံရှာခြင်း စိတ်ဆင်းရဲခြင်းဆိုတာတွေလဲ

http://www.dhammadownload.com



လုံးဝမရှိတော့ဘူး အင်မတန်ချမ်းသာတာပါပဲ၊ ဒါကြောင့် ဝိသာခသူဌေးကြီးဟာ ကျောင်းတော်မှ အိမ်ပြန်လာတဲ့အခါ အရင်နေ့များကလို ဟိုဟိုဒီဒီကြည့်ရှုခြင်းမရှိတော့ဘဲ ဝိနည်းကိုရှိသေတဲ့ ရဟန်းတော်များလိုပင် သွားရမည့်လမ်းလောက်သာကြည့်ရှုပြီး ဣန္ဒြေရရနဲ့သာ သွားလာနေပါသတဲ့၊ ယခု ဒီကရိုရိုသေသေနဲ့ ရှုမှတ်နေတဲ့ ယောဂီများလိုနေမှာပေါ့၊ အဲဒီလို ပြန်လာနေတာဟာ အရင်နေ့က သီတင်းနေ့ဖြစ်လို့ ရှစ်ပါးသီလဥပုသ်စောင့်လျက် ကျောင်းတော်မှာ တရားနာရင်း ညဉ့်အိပ်ပြီး နံနက်ခင်းပြန်လာတာ ဖြစ်ဖွယ်ရှိပါတယ်၊ ဘာကြောင့် ဒီလိုခန့်မှန်းရသလဲဆိုတော့ အိမ်ရောက်တဲ့အခါ နံနက်စာစားကြောင်း ပြဆိုချက်ရှိသောကြောင့်ပါပဲ၊ နောက်ပြီးတော့ ဘုရားလက်ထက်တော်က ဥပုသ်စောင့်တဲ့သူတွေဟာ ညဉ့်အခါ ကျောင်းတွင်ပဲ အိပ်နေပြီး နံနက်ကျမှ အိမ်ပြန်ကြတဲ့အလေ့ရှိပါတယ်၊ အဲဒါမျိုးလဲ ဖြစ်သင့်သောကြောင့်ပါပဲ။

သူဌေးကတော်ဓမ္မဒိန္နာက ဝိသာခသူဌေးကြီးပြန်လာချိန်မှာ လာမည့်လမ်းဆီကို ပြူတင်းပေါက်က မျှော်ကြည့်နေတယ်၊ အခါတိုင်းဆိုရင် သူဌေးကြီးကလဲ သူဌေးကတော်ရှိရာ ပြူတင်းပေါက်ဆီကိုမျှော်ကြည့်တယ်၊ သူဌေးကတော်နှင့်မျက်နှာချင်း ဆုံမိတဲ့အခါ နှစ်ယောက်လုံး ပြုံးပြုံးနှုတ်ဆက်ကြတယ်၊ ဒီကနေ့တော့ သူဌေးကြီးက မျက်လွှာချပြီး

http://www.dhammadownload.com



ဣန္ဒြေကြီးနဲ့ လမ်းကိုသာကြည့်ပြီးလာနေတာမြင်ရတော့ "ဘာဖြစ်လာပါလိမ့်မလဲ" လို့ သူဌေးကတော်ရဲ့စိတ်ထဲမှာ စိုးရိမ်မကင်းဖြစ်သွားပါသတဲ့။

သူဌေးကတော်က အခါတိုင်းလိုပင် တိုက်ပေါ်မှဆင်းပြီး သူဌေးကြီးကိုကြိုဆိုတယ်၊ အခါတိုင်းလိုပင် လက်တွဲပြီး အတူတကွတက်ရအောင် လှေကားရင်းမှာ သူဌေးကတော်က လက်ကိုလှမ်းပေးလိုက်တယ်၊ ဝိသာခါသူဌေးကြီးက မိမိလက်ကို အတွင်းဘက်ပြန်ရုပ်သိမ်းလိုက်တယ်၊ အခါတိုင်းလို့ဟုတ်လဲမခက် အတူလဲတွဲ၍မတက်ဘဲ တစ်ကိုယ်တည်းသာ ဣန္ဒြေရရနဲ့ အိမ်ပေါ်တက်သွားပါသတဲ့၊ အဲဒီလိုရှေးကနဲ့မတူဘဲ ထူးခြားတာတွေကိုတွေ့ရတော့ သူဌေးကတော်ဓမ္မဒိန္နာက ဘာကြောင့်ဒီလိုထူးခြားလာပါလိမ့်မလဲလို့ စဉ်းစားမိတယ်၊ နံနက်စာစားတဲ့အခါကျတော့ သိရမှာပါပဲလို့လဲ မျှော်တွေးမိတယ်။

အခါတိုင်းတော့ ဝိသာခသူဌေးကြီးက သူ့ဇနီးဓမ္မဒိန္နာနှင့် အတူပင် စကားပြောလျက် စားလေ့ရှိတယ်၊ အချိုအချဉ်စသည်ကိုလည်း ပြောလျက် ဂရုတစိုက်စားလေ့ရှိတယ်၊ အဲဒီနေ့နံနက်ကတော့ ဓမ္မဒိန္နာကို အတူစားဖို့လဲမခေါ်ဘဲ သူတစ်ယောက်တည်း ဣန္ဒြေရရနဲ့စားနေတယ်၊ အကောင်းအဆိုး အကြောင်းအကျိုးကိုလဲ ပြောဆိုခြင်းမရှိဘူး၊ ယခုဒီမှာ ရိုရိုသေသေနဲ့ ရှုမှတ်ပြီးစားနေတဲ့ ယောဂီများလိုနေမှာပေါ့၊ အဲဒီတော့

http://www.dhammadownload.com



မှေ့ဒိန္နာမှာ "ဒီကနေ့ ဘာများဖြစ်ပါလိမ့်မလဲ" လို့စဉ်းစားပြီးတော့ သာပြီး စိတ်ပူသွားတယ်၊ ဒါပေမယ့် "အဲလေ ညနေချမ်းကျတော့ သိရမှာပေါ့" လို့မျှော်လင့်ပြီး မှေ့ဒိန္နာက စောင့်ကြည့်နေတယ်၊ ဝိသာခသူဌေးကြီးက အဲဒီနေ့ညဉ့်မှာ အခါတိုင်းနှစ်ယောက်အိပ်နေကျ အိပ်ခန်းကိုမဝင်တော့ ဘူး၊ တခြားအခန်းကိုရှင်းလင်းပြီး ရှစ်ပါးသီလထဲက ဥစ္စာသယန သိက္ခာပုဒ်နှင့်လျော်တဲ့ခုတင်ကို ခင်းစေပြီးတော့ သူတစ်ယောက်ထည်း အိပ်နေတယ်၊ အဲဒီမှာ ဥစ္စာသယနသိက္ခာပုဒ်နှင့်လျော်တဲ့ ခုတင်ဆိုတာ ဝိနည်းပညတ်တော်အရ မြတ်စွာဘုရား၏ လက်သစ်ဖြင့် ရှစ်လက် သစ်ထက်မမြင့်တဲ့ အခြေရှိသောခုတင်ပါပဲ၊ မြတ်စွာဘုရား၏ ရှစ်လက် သစ်က အလတ်စားလူ၏ တစ်တောင်ရှိတယ်လို့ အဋ္ဌကထာများမှာ ပြဖွင့်ပြထားပါတယ်၊ အဲဒီတစ်တောင်ကလဲ ပကတိပုရိသခေါ်တဲ့ သာမန်လူ၏တစ်တောင့်ထွာရှိတယ်လို့ ဒီလိုလဲပြဆိုထားပါတယ်၊ ယခုနေအခါဆိုရင်တော့ တစ်တောင့်တွာထက်မြင့်တဲ့ ခုတင်က အရှား သားပါပဲ၊ နောက်ပြီးတော့ ဘုရား၏ရှစ်လက်သစ်ပမာဏဟာ ယခု လူတွေ၏ တစ်တောင့်ထွာရှိတယ်ဆိုတာလဲ စဉ်းစားစရာပါပဲ၊ ဒါပေမယ့် အဋ္ဌကထာဖွင့်ပြထားတဲ့အတိုင်းပင် အများက အသိအမှတ်ပြုကြပါ တယ်။

ယခုပြောခဲ့တဲ့အတိုင်း ဝိသာခသူဌေးကြီးက သူတစ်ယောက် တည်း သီးသန့်အိပ်နေတာကိုတွေ့ရတော့ မှေ့ဒိန္နာမှာ သာပြီးစိတ်မချမ်း

http://www.dhammadownload.com



သာစရာဖြစ်တာပေါ့၊ ဒါပေမယ့် ၂-ရက်လောက်တော့ သည်းခံပြီး စောင့်ကြည့်နေပါသေးတယ်၊ ၃-ရက်မြောက်ညကျတော့ သည်းမခံနိုင်တော့ဘူး။ သူဌေးကြီးထံဝင်ရောက်ပြီးတော့ ရှိခိုးလျက်ရပ်တည်နေပါသတဲ့၊ အဲဒီတော့ သူဌေးကြီးက "မွေဒိန္နာရေ၊ အချိန်အခါမဟုတ်တဲ့ ဘာကိစ္စအတွက် လာတာလဲကွယ်" လို့မေးတယ်၊ အချိန်အခါမဟုတ်ပေမယ့် လာရတာပေါ့ အရှင်သူဌေးကြီး။ ရှင်က အရင်ကလို မဟုတ်တော့ဘဲဟာကိုး။ ရှင့်မှာ အခြားမိန်းမကို လိုချင်တောင့်တခြင်း ရှိနေပါသလား။ မရှိပါဘူး မွေဒိန္နာရယ်၊ ဒါဖြင့် ကျွမအပေါ်မှာ တခြားလူကများ ကုန်းတိုက်ထားပါသလား။ အဲဒီလိုကုန်းတိုက်တာလဲ မရှိပါဘူးကွယ်၊ ဒီလိုဆိုရင်တော့ ကျွမမှာ အပြစ်တစ်ခုခုရှိလို့ဖြစ်မှာပေါ့၊ သင့်မှာလဲ အပြစ်မရှိပါဘူး။ ဒါဖြင့် ကျွမနဲ့ရေးကလို နှုတ်ဆက်ပြောဆိုခြင်း တောင်မပြောဘဲနေတာက ဘာကြောင့်ပါလဲလို့ မွေဒိန္နာက ဒုံနိုးကြီး မေးပါတယ်။

အဲဒီတော့ ဝိသာခသူဌေးကြီးက ဒီလိုစဉ်းစားဆင်ခြင်တယ်၊ အင်း-ဒီကိစ္စမပြောဘဲနေလို့တော့မဖြစ်ဘူး။ မပြောဘဲနေရင် မွေဒိန္နာမှာ အကြီးအကျယ်စိတ်ဆင်းရဲပြီး သေသွားနိုင်စရာအကြောင်းရှိနေတယ်၊ ငါရထားတဲ့တရားထူးကတော့ မပြောဘဲ လျှို့ဝှက်ထားသင့်တဲ့တရားပဲ၊ ဒါပေမယ့် အဲဒါကို ထုတ်ဖော်ပြီးပြောပြမှ ဒီကိစ္စက ပြေလည်မှာလို့

http://www.dhammadownload.com



ဆင်ခြင်ပြီးတော့ ဒီလိုပြောပြပါတယ်၊

“ဓမ္မဒိန္နာရေ ငါဟာ မြတ်စွာဘုရားတရားကိုနာပြီး လောကုတ္တရာတရားထူးကို ရလာပါတယ်၊ ပထမအကြိမ် ဒုတိယအကြိမ် ရစဉ်တုန်းကတော့ ကာမဂုဏ်အာရုံတွေနဲ့စပ်ပြီး နှစ်သက်သာယာမှု မကင်းခဲ့သေးဘူး။ ဒါကြောင့် အဲဒီတုန်းကတော့ သင်နှင့်ငါ ဇနီးခင်ပွန်း ဆက်ဆံရေး မှုမပြောင်းခဲ့သေးဘူး။ ယခုတတိယအကြိမ်ရလာတဲ့ လောကုတ္တရာတရားကတော့ အင်မတန်ထူးခြားပါတယ်၊ ကာမအာရုံကို နှစ်သက်သာယာမှုလုံးဝမရှိတော့ဘူး ဒါကြောင့် ငါက တစ်ကိုယ်တည်း သန့်သန့်ရှင်းရှင်းနေတာပါကွယ်၊ တစ်ခြားကြောင့်မဟုတ်ပါဘူး။ အကယ်၍သင်ကအလိုရှိရင် သင်ပိုင်တဲ့ဥစ္စာက ကုဋေလေးဆယ်, ငါပိုင်တဲ့ဥစ္စာက ကုဋေလေးဆယ် နှစ်ရပ်ပေါင်း ကုဋေရှစ်ဆယ်ရှိတဲ့ဥစ္စာတွေ သင်ပဲပိုင်ရှင်အဖြစ်နဲ့သိမ်းထားပါ၊ သင်ကငါ၏မိရင်း နှမရင်းလိုသဘောထားပြီးနေပါ၊ သင်ကပေးသမျှ ကျွေးသမျှ ထမင်းဟင်း စားသောက်ဖွယ်ရာဖြင့် ငါကမျှတနေထိုင်ပါမည်၊ ဒီလိုမဟုတ်ရင်လဲ ဒီဥစ္စာတွေကိုယူပြီး သင့်မိဘအိမ် သွားလိုကသွားပါ၊ အကယ်၍ သင့်မှာ ပြင်ပဉ္စ တောင့်တခြင်းမရှိလို့ ဒီမှာပဲ နေမြဲနေမယ်ဆိုရင် သင့်ကို နှမရှင်းလို့, သမီးရင်းလိုသဘောထားပြီး ကျွေးမွေးစောင့်ရှောက်သွားပါမယ်” လို့ ဝိသာခသူဌေးကြီးက သာယာပျော့ပျောင်းသောစကားဖြင့်

http://www.dhammadownload.com



ရှင်းလင်းပြောပြပါတယ်။

အဲဒီလို အလွန်ထူးခြားတဲ့စကားကိုကြားရတော့ မေ့ဒိန္နာက အဲဒီလိုဆင်ခြင်စဉ်းစားမိတယ်၊ "သာမန်ရိုးရိုးလူဆိုရင်တော့ ဒီလိုစကား မျိုးကိုမပြောနိုင်ဘူး။ အစ်ကိုဝိသာခဟာ ကာမအာရုံတွေ နှစ်သက် သာယာမှုလုံးဝကင်းတဲ့ လောကုတ္တရာတရားထူးရလာတယ်ဆိုတာ ကေန်ဟုတ်မှာပဲလို့" လို့ စဉ်းစားမိတယ်၊ အဲဒါဟာ ယောနိသောမန သိကာရပဲ၊ ပါရမီရှင်မို့ ဒီလိုအသင့်အမှန်အတိုင်း နှလုံးသွင်းမိ စဉ်းစား မိတာ၊ သို့မဟုတ်ရင်တော့ လျှောက်ပြီးကြံမိမှာ "သူက ငါ့အပေါ်မှာ ဒါလောက် စိတ်ပြတ်နေရင် ငါကလဲ သူ့အပေါ် စိတ်ပြတ်လိုက်မယ်၊ လောကမှာ ယောက်ျားဆိုတာမရှားပါဘူး" လို့ ဒီလိုမျိုး အလွဲလျှောက် ကြံမိရင် အကျိုးမဲ့တွေ အများကြီးဖြစ်သွားနိုင်တယ်၊ မေ့ဒိန္နာကတော့ ပါရမီရှင်မို့ "အစ်ကိုဝိသာခမှာ တရားထူးရလာလို့ ရှေးက အင်မတန် ခင်မင်မြတ်နိုးနေတဲ့ ကာမဂုဏ်တွေကို နှစ်သက်သာယာမှုမရှိတော့ ဘူးတဲ့၊ သူရလာတဲ့တရားဟာ အင်မတန်ကောင်းတဲ့တရားပဲ၊ ငါလဲ ဒီတရားကိုရချင်တယ်" လို့ ယောနိသောမနသိကာရဖြင့် သင့်လျော် စွာကြံပြီးတော့ "အရှင်သူငွေးကြီး ရှင်ရလာတဲ့တရားက ယောက်ျားများ သာ ရနိုင်တဲ့တရားပါလား။ သို့မဟုတ် ကျွန်မတို့မိန်းမများလဲ ရနိုင်ပါ သလား" လို့ မေးပါတယ်။

http://www.dhammadownload.com



မေ့ဒိန္နာရေ ဘယ်နှယ်ပြောတာလဲကွယ်၊ ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ကျင့်လဲကျင့်မယ်၊ ပါရမီအကြောင်းအထောက်အခံလဲရှိမယ်ဆိုရင် ဒီလောကုတ္တရာတရားထူးကိုရနိုင်တာချည်းပါပဲလို့ ဝိသာခသူဌေးကြီးက ဖြေကြားလိုက်တယ်၊ ဒါဖြင့် ကျွန်မကိုရဟန်းပြုရန် ခွင့်ပြုပါရှင်လို့ ဓမ္မဒိန္နာက ခွင့်တောင်းတယ်၊ ဓမ္မဒိန္နာရေ ကောင်းလိုက်တာကွယ် သာဓုသာဓုပါပဲ၊ ငါကလဲ အဲဒီလိုအကျင့်လမ်းမှာပဲပို့ပေးချင်နေတာပါပဲ၊ ဒါပေမယ့် သင့်စိတ်အလိုကိုမသိရလို့ အဲဒီလိုကျင့်ဖို့ စောစောကမပြောခဲ့တာပါ၊ ဝမ်းမြောက်စွာနဲ့အခွင့်ပြုပါတယ်လို့ ပြောပြီးတော့ ဝိသာခသူဌေးကြီးက ဗိမ္ဗိသာရမင်းကြီးထံသွားပြီးတော့ ရှိခိုးလျှောက်ရပ်တည်နေတယ်၊ အချိန်အခါမဟုတ်ဘဲ ဘာကြောင့်လာသလဲလို့ မင်းကြီးကမေးတယ်၊ ကျွန်ုပ်၏ဇနီးဖြစ်သူဓမ္မဒိန္နာ ရှင်ရဟန်းပြုရေး မင်္ဂလာကိစ္စအတွက် ရွှေထမ်းစင်ရလိုပါတယ်၊ မြို့လမ်းတစ်လျှောက်လဲ သုတ်သင်ရှင်းလင်းပေးစေလိုပါတယ်-လို့တင်ပြတယ်၊ မင်းကြီးက ရွှေထမ်းစင်ကိုပေးပြီးတော့ မြို့နှယ်လမ်းတစ်လျှောက်ကိုလဲ သုတ်သင်ရှင်းလင်းစေပါတယ်။

http://www.dhammadownload.com



## မေ့ဒိန္နာအား ပဗ္ဗဇ္ဇမင်္ဂလာကပ်ဆောင်ပေးပုံ

ဝိသာခသူဌေးကြီးက သူ့ဇနီးမေ့ဒိန္နာကို နံ့သာရေဖြင့်ရေချိုး စေပြီးတော့ အမျိုးသမီးတို့၏ အဆင်တန်ဆာမျိုးစုံဖြင့် ခမ်းနားတင့် တယ်စွာဆင်ယင်စေပြီး ရွှေထမ်းစင်ပေါ်၌ ထိုင်နေစေလျက် ခွေမျိုး အပေါင်းတို့ဖြင့်လဲ ခြံရံစေပြီး ပန်းနံ့သာတို့ဖြင့်လဲပူဇော်လျက် ကြီး ကျယ်သောအခမ်းအနားဖြင့် ဘိက္ခုနီကျောင်းသို့ ပို့ဆောင်ပါသတဲ့၊ အဲဒီလိုပြုလုပ်ခဲ့ဖူးတဲ့ အခမ်းအနားကိုအကြောင်းပြုပြီးတော့ ယခုအခါ တောရွာများမှာ ရှင်ပြုမင်္ဂလာကို အကြီးအကျယ် တခမ်းတနားကြီး ပြုလုပ်နေကြတာပါပဲ၊

ဘိက္ခုနီကျောင်းရောက်တဲ့အခါကျတော့ ဝိသာခသူဌေးကြီးက အယျေ - အမျိုးသမီးရဟန်းအရှင်မတို့၊ မေ့ဒိန္န - ကျွန်ုပ်၏ဇနီးဖြစ် သူ မေ့ဒိန္နာကို၊ ပဗ္ဗာဇေထ - ရှင်ရဟန်းပြုပေးကြပါ" လို့ တောင်းပန် လျှောက်ထားပါတယ်။

အဲဒီတော့ ဘိက္ခုနီမများက "ဂဟပတိ - အိမ်ရှင်သူဌေးကြီး ကော် ဝါ ဒွေ ဝါ ဒေါသေ-အပြစ်တစ်ခု, နှစ်ခုတို့ကို၊ ဝါ-အပြစ်တစ်ခု, နှစ်ခုလောက်တော့၊ သဟိတုံ ဝဋ္ဋတိ-သည်းခံရန်သင့်ပါသည်" လို့ ဆိုကြတယ်၊ သူတို့ထင်မြင်တာက မေ့ဒိန္နာကို ချွတ်ယွင်းချက်ရှိလို့

http://www.dhammadownload.com



သူဌေးကြီးက ကျောင်းလာပြီး ပို့တယ်လို့ထင်ကြတဲ့အတွက် တောင်းပန်ကြတဲ့သဘောပါပဲ၊ အဲဒီတုန်းက ဓမ္မဒိန္နာကလဲ အရွယ်အားဖြင့် သိပ်ကြီးပုံမရသေးပါဘူး၊ မြတ်စွာဘုရားက သက်တော် ၃၆-နှစ်အတွင်းမှာ ရာဇဂြိုလ်မြို့သို့ ကြွရောက်တော်မူပါတယ်၊ အဲဒီတုန်းက ဗိမ္ဗိသာရမင်းကြီးဆိုတာလဲ မြတ်စွာဘုရားအောက် (၅)နှစ် ငယ်တယ်ဆိုတော့ အသက် ၃၀-နှစ်ထက်ကြီးပုံမရသေးပါဘူး၊ ဘိက္ခုနီသာသနာစပြီး ခွင့်ပြုစဉ်တုန်းက မြတ်စွာဘုရား၏ ငါးဝါမြောက် အသက်တော် ၄၀-ခန့်ဖြစ်တယ်၊ အဲဒီတော့ ယခု ဓမ္မဒိန္နာရှင်ရဟန်းပြုတဲ့အချိန်ဟာ မြတ်စွာဘုရား၏ သက်တော် ၄၀ သို့မဟုတ်၊ ၄၁-နှစ်အတွင်းလောက်ဖြစ်မယ်ရှိပါတယ်၊ ဒါကြောင့် အဲဒီအခါက ဓမ္မဒိန္နာဟာ အသက်အရွယ်အားဖြင့် ၃၅-နှစ်ထက် ကြီးပုံမရသေးပါဘူး၊ အဲဒီတုန်းက ၃၅-နှစ်အရွယ်ဆိုတော့ ယခုအနေနဲ့ဆိုရင် အသက်နှစ်ဆယ်အရွယ်၊ နှစ်ဆယ့်ငါးနှစ်အရွယ်လိုပင် နုပျိုလျက်ရှိနေမှာပါပဲ၊ ဒါကြောင့် အဲဒီလိုနုပျိုငယ်ရွယ်တဲ့ သူဌေးကတော် သူ့အလိုလို ရှင်ရဟန်းပြုချင်လိမ့်မယ်လို့ မထင်ဘဲ သူဌေးကြီးက စွန့်လွှတ်သည့်အနေဖြင့် လာပို့တယ်လို့ ထင်ကြတာနဲ့ တောင်းပန်ကြဟန်တူပါတယ်။

အဲဒီတော့ ဝိသာခသူဌေးကြီးက အယျေ - အရှင်မတို့၊ ကောစိ ဒေါသော နတ္ထိ - အပြစ်တစ်စုံတစ်ခုမရှိပါ၊ သဒ္ဓါယ-

http://www.dhammadownload.com



သာသနမွေကို ယုံကြည်သောသဒ္ဓါအားဖြင့်၊ ပဗ္ဗဇိတ-ရှင်ရဟန်းပြု လိုပါသည်" လို့ ဖြေရှင်းလျှောက်ထားပါတယ်။

## သဒ္ဓါပဗ္ဗဇိတနှင့်ဘယာပဗ္ဗဇိတ

အဲဒီမှာ ယုံကြည်တဲ့သဒ္ဓါတရားဖြင့် ရဟန်းပြုတာပါဆိုတဲ့ စကားဟာ အင်မတန်လေးနက်ပါတယ်၊ မြတ်စွာဘုရား၏သာသနာတော်မှာဝင်ပြီး ရှင်ရဟန်းပြုကြတာဟာ သဒ္ဓါပဗ္ဗဇိတလဲရှိတယ်၊ ဘယာပဗ္ဗဇိတလဲ ရှိတယ်၊ ဘယာပဗ္ဗဇိတဆိုတာကတော့ လူ့ဘောင်မှာနေလျှင် လောကဘေးရန်တစ်ခုခုရှိနေတဲ့အတွက် အဲဒီဘေးရန်မှလွတ်မြောက်ဖို့ ရည်ရွယ်ပြီး ရှင်ရဟန်းပြုတာပဲ၊ ဘယ်လိုလဲဆိုတော့ လူ့ဘောင်မှာနေရင် စားဝတ်နေရေးအဆင်မပြေလို့၊ မပြည့်စုံလို့ ရဟန်းပြုတာလဲရှိတယ်၊ ရှေးခေတ်တုန်းကတော့ မင်းအမှုထမ်း စစ်အမှုထမ်းစသည်မှ ကင်းလွတ်ရအောင်ရည်ရွယ်ပြီး ရသေ့ရဟန်းပြုကြတာလဲရှိခဲ့တယ်၊ အဲဒါတွေဟာ တွေ့ကြုံရမည့်ဘေးရန်မှ လွတ်ဖို့လောက်သာရည်ရွယ်ပြီး ရှင်ရဟန်း ပြုကြတာဖြစ်သောကြောင့် ဘယာပဗ္ဗဇိလို့ဆိုရတယ်၊ ယခုနေအခါမှာ စားဝတ်နေရေးအကြောင်းပြုပြီး သင်္ကန်းဝတ်နေကြတာတွေရှိကြပါ တယ်၊ အချို့က နေ့ခင်းမှာသင်္ကန်းဝတ်ပြီး အလှူခံနေတယ်၊ ညဥ့်ကျ တော့ သူ့အိမ်သူပြန်ပြီး လူဝတ်နဲ့နေနေတာတောင်ရှိတယ်လို့ကြားသိရ တယ်၊ အဲဒါကတော့ အပြစ်အကြီးဆုံး ဘယာပဗ္ဗဇိတလို့ဆိုရမှာပဲ။

http://www.dhammadownload.com



သဒ္ဓါပဗ္ဗဇိတဆိုတာကတော့ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှင်ရဟန်းပြုပြီး တရားကျင့်ရင် မဂ်ဖိုလ်တရားထူးကို ရနိုင်တယ်၊ အပါယ်ဆင်းရဲ သံသရာဆင်းရဲမှ လွတ်နိုင်တယ်လို့ယုံကြည်တဲ့ သဒ္ဓါတရားဖြင့် ရှင်ရဟန်းပြုတာပါပဲ၊ ဘုရားလက်ထက်တော်ကာလကဆိုရင် အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ဘဝအသစ်မဖြစ်ရတော့ဘဲ ဆင်းရဲခပ်သိမ်း အပြီးတိုင်ငြိမ်းနိုင်တယ်လို့ ယုံကြည်တဲ့သဒ္ဓါတရားဖြင့် ဗုဒ္ဓသာသနာတော်မှာ ရဟန်းပြုကြရတယ်၊ ရဟန်းပြုပြီးတော့ သီလသမာဓိ ပညာအကျင့်ကို အပြည့်အစုံကျင့်ကြတဲ့အတွက် ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်းငြိမ်းကြတာတွေ အများကြီးရှိခဲ့ကြပါတယ်၊ တချို့မင်းတွေ မင်းသားမင်းသမီးတွေ သူဌေးတွေ သူဌေးသား သူဌေးသမီးတွေ ဒီလိုအထက်တန်းပုဂ္ဂိုလ်တွေလဲ သူတို့မှာပြည့်စုံနေတဲ့ လောကီအာရုံကာမဂုဏ်ပစ္စည်းတွေကို စွန့်ပြီးတော့ ဗုဒ္ဓသာသနာတော်မှာ ရဟန်းပြုကြတယ်၊ ရဟန်းပြုပြီး တရားကို ပြည့်စုံစွာကျင့်ကြတယ်၊ အဲဒီလိုကျင့်ပြီး ရဟန္တာဖြစ်ကြတာတွေလဲ တော်တော်များပါတယ်၊ အဲဒါတွေကတော့ အမြင့်ဆုံး ပထမတန်း သဒ္ဓါပဗ္ဗဇိတတွေပေါ့။

ယခုနေအခါမှာ တချို့ကတော့ ရဟန်းပြုပြီး သီလစသည်ကို ကျင့်သုံးခြင်းဖြင့် မဂ်ဖိုလ်ရောက်ကြောင်းပါရမီ ကုသိုလ်ဖြစ်တယ်လို့ ပါရမီကုသိုလ်လောက်သာရည်ရွယ်ပြီး ရဟန်းပြုကြတာလဲရှိတယ်၊

http://www.dhammadownload.com



အဲဒါကတော့ ရဟန်းပြုပြီး သီလစသည်ကို ရှိရှိသေသေကျင့်ရင် ရည်ရွယ်ချက်အတိုင်း ပါရမီကုသိုလ်ဖြစ်ပြီး နောက်ဘဝတစ်ခုခုမှာ မဂ်ဖိုလ်ကိုရမှာပါပဲ၊ ဒါကြောင့် အဲဒါမျိုးကို ဓမ္မဒါယာဒသုတ်အဋ္ဌကထာမှာ တရားအမွေတကို ခံယူတာလို့ ပြဆိုထားပါတယ်၊ ဒါကတော့ ဒုတိယတန်းစား သဒ္ဓါပဗ္ဗဇ္ဇိတလို့ဆိုရမှာပဲ။

တချို့ကတော့ သာသနာတော်မှာ ရဟန်းပြုပြီး ကျင့်ခြင်းဖြင့် နောက်ဘဝများမှာ လူချမ်းသာ နတ်ချမ်းသာများကို ရနိုင်တယ်လို့ ယုံကြည်ပြီး ရဟန်းပြုတာလဲရှိတယ်၊ ဒီလိုဟာကိုတော့ ဓမ္မဒါယာဒသုတ်အဋ္ဌကထာမှာ အာမိသအမွေအတုကိုခံယူတဲ့ အာမိသဒါယာဒလို့ ပြဆိုထားပါတယ်၊ ဒါကတော့ တတိယတန်းစား သဒ္ဓါပဗ္ဗဇ္ဇိတလို့ဆိုရမှာပဲ၊ မြတ်စွာဘုရားက ဒီအာမိသအမွေခံမျိုး မဖြစ်ကြဖို့ ညွှန်ကြားထားပါတယ်။

ယခုပြောပြနေတဲ့ မေ့ဒိန္နာအမျိုးသမီး ရဟန်းပြုတာကတော့ ဝိသာခသူဌေးကြီးရထားတဲ့ လောကုတ္တရာတရားထူးကို ရလိမ့်မယ်လို့ ယုံကြည်ပြီး ရဟန်းပြုတာဖြစ်သောကြောင့် အမြင့်မြတ်ဆုံး ပထမတန်း သဒ္ဓါပဗ္ဗဇ္ဇိတပါပဲ၊ ဒါကြောင့် သဒ္ဓါယ-သာသနမွေကို ယုံကြည်သော သဒ္ဓါတရားဖြင့်၊ ပဗ္ဗဇ္ဇတိ-ရှင်ရဟန်းပြုပါသည် ရှင်ရဟန်းပြုရန် ဖြစ်ပါသည်လို့ ဝိသာခသူဌေးကြီးက ရှင်းပြတာပါပဲ၊ အဲဒီတော့ ရှင်ပြုပေး

http://www.dhammadownload.com



ပုံကို ဒီလိုဆက်ပြီး အဋ္ဌကထာမှာပြထားပါတယ်။

## ရှင်ပြုပေးပုံ

အထ - ထိုသို့ ဝိသာခသူဌေးကြီးက သန္ဓါပဗ္ဗဇ္ဇိတဖြစ်ကြောင်း ရှင်းလင်းပြောပြသောအခါ၌၊ ဗျတ္တာ - ရှင်ပြုပေးရန်ကျွမ်းကျင်သော၊ ကော- ထေရီမတစ်ပါးက၊ တစပဉ္စကကမ္မဋ္ဌာန် အာစိက္ခိတွာ- အရေလျှင် ငါးခုမြောက်ရှိသော တစပဉ္စကကမ္မဋ္ဌာန်းကိုပြောကြား၍ ကေသေ ဩဟာရေတွာ - ဆံပင်တို့ကိုချထား၍၊ ဝါ - ခေါင်းရိတ်၍၊ ပဗ္ဗဇ္ဇေတိ- ရှင်ပြုပေးလေသည်တဲ့။

ရှင်ပြုပေးခါနီး ခေါင်းရိတ်ပေးတဲ့အခါမှာ ကေသာဆံပင်တွေ၊ နခါ-လက်သည်းခြေသည်းတွေ၊ ဒန္တာ-သွားတွေ၊ တစော-အရေဆိုတဲ့ ဒီငါးမျိုးကို ရှုဆင်ခြင်ဖို့ ညွှန်ကြားပေးရတယ်၊ အဲဒါဟာ အရေလျှင် ငါးခုမြောက်ရှိသောကြောင့် တစပဉ္စကလို့ခေါ်တာပဲ၊ ဆံပင်တွေဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး။ သဘောတရားမျှပဲလို့ နှလုံးသွင်းရမယ်၊ မွေးညှင်းစသည်တွေလဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး။ သဘောတရားမျှပဲလို့ နှလုံးသွင်းရမယ်ဆိုတာကို ညွှန်ကြားသင်ပြပြီးတော့ ခေါင်းရိတ်ပေး ရတယ်၊ ခေါင်းရိတ်တဲ့အခါကျတော့ အောက်ကျလာတဲ့ဆံပင်တွေ မြင် ရတော့ အဲဒီဆံပင်တွေကို ငါမဟုတ်ဘူး သဘောတရားမျှပဲလို့ သိရ

http://www.dhammadownload.com



တယ်၊ အဲဒီခံပင်တွေလိုပဲ ခေါင်းမှာရှိနေတဲ့ခံပင်တွေကိုလဲ ငါမဟုတ်ဘူး သဘောတရားမျှပဲလို့ သဘောပေါက်တတ်တယ်၊ ထိုအတူပင် မွေးညင်း စသည်တွေကိုလဲ ငါမဟုတ်ဘူး။ သဘောတရားမျှပဲလို့ သဘော ပေါက်တတ်ပါတယ်၊ အဲဒီလိုသဘောပေါက်ပြီးတော့ အချို့ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ခေါင်းရိတ်ခံနေဆဲမှာပင် အရဟတ္တမဂ်ဖိုလ်ရောက် ပြီး ရဟန္တာဖြစ်သွားတာလဲရှိပါတယ်၊ အဲဒီလိုဖြစ်နိုင်ပါက ဖြစ်ရအောင် လို့ တစပဉ္စကကမ္မဋ္ဌာန်းပေးပြီး ခေါင်းရိတ်ပေးရတာပါပဲ။

သူဌေးကတော်မွေ့ဒိန္နာကတော့ ပါရမီထူးရှိပေမယ်လို့ ခေါင်း ရိတ်နေတုန်းမှာတော့ မဂ်ဖိုလ်တရားထူးကို မရသေးပါဘူး။ ခေါင်းရိတ်ပြီး တဲ့နောက် ရှင်ပြုပေးတယ်၊ သာမဏေရီလို့ခေါ်ရတဲ့ အမျိုးသမီး သာမဏေပြုပေးတာပါပဲ၊ အဲဒီကနောက် ဥပသမ္ပဒကံဆောင်ပြီး ဘိက္ခုနီ ပြုပေးတာလဲရှိပါလိမ့်မယ်၊ အဲဒီဥပသမ္ပဒကံဆောင်ပေးပုံကိုတော့ အဋ္ဌ ကထာမှာ ပြမထားဘူး။ ရှင်ပြုပေးပြီးတဲ့နောက် ဝိသာခသူဌေးကြီးက "အယျေ-ရှင်မဓမ္မဒိန္နာရေ၊ အဘိရမ-မျော်မွေ့လျော် ကျင့်သုံးရစ်ပါကွယ်၊ ဓမ္မော-တရားတော်ဟာ၊ သွာက္ခာတော-မြတ်စွာဘုရားက ကိုယ်တိုင် တွေ့သိပြီးမှ ကောင်းစွာဟောထားသည့်တရားတော်ဖြစ်ပါသည်" ဟု အားပေးလျက်၊ (ဝန္ဒိတွာ) ရှိခိုးပြီး၍၊ (ပက္ကာမိ) အိမ်သို့ပြန်လည် ထွက်ခွာသွားပါသည်တဲ့။

http://www.dhammadownload.com



အရှင်မဓမ္မဒိန္နာက သူဌေးကတော်အဖြစ်က ရဟန်းပြုလာတာဆိုတော့ သူ့ဆီကိုလာရောက်ပြီး လှူကြပူဇော်ကြတဲ့လူတွေက အလွန်များပါသတဲ့၊ ဟုတ်မှာပါပဲ၊ သူ့မိတ်ဆွေသူဌေးကတော်တွေကလဲ လာကြမှာပဲ၊ သူ့ဆွေမျိုးတွေထဲကလဲ လာကြမှာပဲ၊ အဲဒီလို စပ်ရာစပ်ရာတွေကလာကြတော့ လက်ခံစကားပြောနေရတာနဲ့ တရားအားထုတ်ဖို့ အချိန်မရဘဲရှိနေပါသတဲ့၊ အဲဒီတော့ အရှင်ဓမ္မဒိန္နာက စဉ်းစားတယ်၊ ငါရဟန်းပြုလာတာဟာ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်အောင် တရားကျင့်ဖို့ပဲ၊ ယခုတော့ လာကြတဲ့အသိမိတ်ဆွေတွေကို ဧည့်ခံစကားပြောနေရတာနဲ့ တရားကျင့်ဖို့ အချိန်မရဘူး၊ အသိမိတ်ဆွေတွေ မလာနိုင်တဲ့ တောရွာကျောင်းတစ်ခုမှာသွားပြီး တရားအားထုတ်မှတော်မယ်လို့ စဉ်းစားပြီးတော့ သူ့ဆရာဥပဇ္ဈာယ်များကိုလဲ အတူခေါ်သွားတယ်၊ အဲဒီလို ဆိတ်ငြိမ်တဲ့ကျောင်းမှာ တရားအားထုတ်နေတော့ ပါရမီရှိတဲ့ အတွက် (ကတိပါဟေနေ၀) နှစ်ရက်သုံးရက်မျှပင်လျှင် အရဟတ္တမဂ် ရောက်ပြီး ရဟန္တာထေရီမ ဖြစ်သွားပါသတဲ့၊ ပဋိသမ္ဘိဒါဉာဏ်ထူးလေးပါးနှင့်လဲ ပြည့်စုံသွားပါသတဲ့။

http://www.dhammadownload.com



## မွေ့ဒီနှာ၏ ပါရမီထူးအကျဉ်းချုပ်

ပါရမီထူးရှိပုံကတော့ လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်ကပွင့်တော်မူခဲ့တဲ့ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက အဂ္ဂသာဝကဖြစ်တဲ့ အရှင်သုဇာတမထေရ်အား လှူဒါန်းပြီး ဆုထူးကို ပန်ခဲ့တယ်၊ ၉၂-ကမ္ဘာထက်က ဖုဿမြတ်စွာဘုရားလက်ထက်ကာလဲ ဝိသာခသူဌေးကြီး၏ အလောင်းလျာဖြစ်သော ဘဏ္ဍာစိုးဝန်ကြီး၏ဇနီး ဖြစ်တော့ အဲဒီဘဏ္ဍာစိုးဝန်ကြီးနှင့်အတူ ဘုရားအမှူးရှိသောသံဃာတော်အား လှူဒါန်းရာမှာပါဝင်ပြီး ကုသိုလ်ကို အကြီးအကျယ်ပြုခဲ့တယ်၊ ဒီကမ္ဘာမှာ တဝီယပွင့်တော်မူသော ကဿပမြတ်စွာဘုရားလက်ထက်တော်က ကိကီမင်းကြီး၏သမီးတော် ခုနစ်ယောက်ထဲမှာ အပါအဝင်ဖြစ်ခဲ့ပြီး အနှစ်နှစ်သောင်းကာလပတ်လုံး ဗြဟ္မစရိယအကျင့်ကို ကျင့်လာခဲ့တယ်၊ အဲဒီလို ကျင့်ခဲ့တဲ့ပါရမီကုသိုလ်အထူးကြောင့် နှစ်ရက်သုံးရက်အတွင်းမှာ ရဟန္တာထေရီမဖြစ်တာပါပဲ။

အရဟတ္တဖိုလ်ရောက်ပြီး တရားကျင့်မှု ပြည့်စုံတဲ့အခါမှာ မွေ့ဒီနှာထေရီက "ကိုယ့်နေရပ်ဇာနည်ပြန်မှ စပ်ဆိုင်ရာဆွေမျိုးမိတ်ဆွေတွေလဲ အကျိုးများမယ်၊ အတူနေထေရီတွေမှာလဲ လာဘ်လာဘ ပိုပြီးပြည့်စုံမယ်"လို့ စဉ်းစားပြီးတော့ ရာဇဂြိုဟ်မြို့ မှလကျောင်းသို့ ပြန်လာတယ်။

http://www.dhammadownload.com



အဲဒီအခါ ဝိသာခသူဌေးကြီးက "ဓမ္မဒိန္နာထေရီဟာ တရားအားထုတ်ဖို့သွားတယ်ဆိုပြီးတော့ ပြန်လာတာ မြန်လှပါကလား။ သာသနာ့ဘောင်မှာ မပျော်မွေ့လို့ ပြန်လာတာများဖြစ်လေသလား" လို့ စဉ်းစားပြီးတော့ စုံစမ်းရန်အတွက် ဓမ္မဒိန္နာထေရီထံ သွားပါတယ်၊ အဲဒီကျောင်းရောက်တဲ့အခါကျတော့ ဓမ္မဒိန္နာကိုရှိခိုးပြီးနောက် တရားမေးခွန်းမေးပါတယ်၊ အဲဒီလို တရားမေးခွန်းမေးတာလဲ သာသနာ့ဘောင်မှာ ပျော်ရဲ့လား" လို့မေးရင် ပညာရှိမေးခွန်းမဟုတ်ဘဲ ပညာမဲ့မေးခွန်းဖြစ်နေမှာကြောင့် ပညာရှိမေးခွန်းဖြစ်အောင် တရားမေးခွန်းကို မေးတာပါပဲ၊ မေးပုံတော့ -

### သက္ကာယခေါ် ဒုက္ခသစ္စာအမေး

သက္ကာယော သက္ကာယောတိ အယျေ ဝုစ္စတိ၊ ကတမော နုခေါ အယျေ သက္ကာယော ဝုတ္တော ဘဂဝတာ။

အယျေ - အရှင်မဓမ္မဒိန္နာ၊ သက္ကာယော သက္ကာယောတိ- သက္ကာယ သက္ကာယဟူ၍၊ ဝုစ္စတိ-ပြောဆိုခေါ်ဝေါ်အပ်၏၊ ဝါ-ပြောဆိုခေါ်ဝေါ်နေကြပါသည်၊ အယျေ-အရှင်မဓမ္မဒိန္နာ၊ ကတမော-အဘယ် အရာအဘယ်တရားကို၊ သက္ကာယော-သက္ကာယဟူ၍၊ ဘဂဝတာ-မြတ်စွာဘုရားက၊ ဝုတ္တောနုခေါ-ဟောအပ်ပါသနည်းတဲ့။

http://www.dhammadownload.com



သက္ကာယ-ပုဒ်မှာ သ-ဆိုတာက ထင်ရှားရှိသည်လို့ အနက်ရှိတယ်၊ ကာယ-ဆိုတာက ရုပ်နာမ်ပေါင်းလို့အနက်ရှိတယ်၊ ဒါကြောင့် သက္ကာယ-ဆိုတာ ထင်ရှားရှိတဲ့ရုပ်နာမ်အပေါင်းလို့ ဆိုတာပါပဲ၊ အဲဒါဟာ အမြင်မှားအသိမှား ဒိဋ္ဌိနှင့်တွဲစပ်ပြီးပြောလျှင် ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို ငါကောင် သတ္တဝါကောင်လို့ အမြင်မှား အသိမှားတာကို သက္ကာယဒိဋ္ဌိလို့ဆိုတာပဲ၊ သစ္စာလေးပါးအမှန်တရားနှင့် ဆက်စပ်ပြောလျှင်တော့ သက္ကာယဆိုတဲ့ ထင်ရှားရှိသည့် ရုပ်နာမ်အပေါင်းဟာ ခဏမစဲ ဖြစ်ပျက်နေသောကြောင့် ဆင်းရဲအစစ်အမှန် ဒုက္ခသစ္စာတရားပဲ၊ ယခုဝိသာခသူဌေးကြီး၏ မေးခွန်းကတော့ ဒီဒုက္ခသစ္စာကိုပဲရည်ရွယ်ပြီး မေးတာပါပဲ၊ ဒီသက္ကာယမေးခွန်းဟာ ဖြေရန်ခက်ခဲနက်နဲပါတယ်၊ တရားအမှန်ကိုသိထားတဲ့သူပေမယ့် ဗုဒ္ဓစာပေလဲ ကျကျနနမလေ့လာဖူးဘူး၊ ပဋိသမ္ဘိဒါဉာဏ်နဲ့လဲ မပြည့်စုံဘူးဆိုရင် ဖြေဖို့ခက်ပါတယ်၊ စာပေတတ်တဲ့သူပေမယ့် တရားသဘောကို ကျကျနနလေ့လာမထားရင် ဖြေဖို့ခက်တာပါပဲ၊ ဓမ္မဒိန္နာထေရီကတော့ ရဟန္တာလဲဖြစ်နေတယ်၊ ပဋိသမ္ဘိဒါဉာဏ်ထူးနဲ့လဲ ကောင်းကောင်းပြည့်စုံတယ်၊ ဒါကြောင့် ချက်ခြင်းပင် ဒီလိုဖြေကြားပါတယ်။

http://www.dhammadownload.com



## ဒုက္ခသစ္စာအဖြေ

ပဉ္စခေါ ဣမေ အာဝုသော ဝိသာခ ဥပါဒါနက္ခန္ဓာ သက္ကာယော ဝုတ္တော ဘဂဝတာ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော ဣမေ ခေါ အာဝုသော ဝိသာခ ပဉ္စုပါဒါနက္ခန္ဓာ သက္ကာယော ဝုတ္တော ဘဂဝတာ။

အာဝုသော ဝိသာခ-ဒါယကာဝိသာခ၊ (အာဝုသော-ပုဒ်ကို ငါ့ရှင်လို့ မြန်မာပြန်ရိုးပြန်စဉ်ရှိပါတယ်၊ ဒါပေမယ့် ထေရီမက ဥပါသကာကြီးကို ငါ့ရှင်လို့ ခေါ်ဝေါ်ပြောဆိုပုံကိုတော့ မြန်မာစကားအနေနဲ့ သင့်လျော်ပုံမရပါဘူး။ ဒါကြောင့် အာဝုသောပုဒ်ကို ဒါယကာလို့ (ဒကာ-လို့) ပဲပြန်ပါတယ်)၊ ပဉ္စ-ငါးပါးကုန်သော၊ ဣမေ ဥပါဒါနက္ခန္ဓာ-ဤဥပါဒါနက္ခန္ဓာတို့ကို၊ သက္ကာယော-သက္ကာယဟူ၍၊ ဝါ-ထင်ရှားရှိသော ရုပ်နာမ်အပေါင်းဟူ၍၊ ဘဂဝတာ ဝုတ္တော-မြတ်စွာဘုရားက ဟောအပ်ပါသည်တဲ့၊ ဥပါဒါနက္ခန္ဓာငါးပါးကို သက္ကာယလို့ ဟောထားပါတယ်၊ ဥပါဒါနက္ခန္ဓာဆိုတာ စွဲလမ်းတတ်တဲ့ဥပါဒါန်၏အာရုံဖြစ်တဲ့တရားတွေပါပဲ၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တွေကိုမရှုလို့ အနိစ္စစသည်ဖြင့်မသိရင် အဲဒီရုပ်နာမ်တွေကို

http://www.dhammadownload.com



မြဲတဲ့အနေ ချမ်းသာတဲ့အနေနဲ့ အသက်ရှင်နေတဲ့အတ္တကောင်အနေဖြင့် စွဲလမ်းတယ်၊ အဲဒီလိုစွဲလမ်းနိုင်သောကြောင့် အဲဒီရုပ်နာမ်တွေကို ဥပါဒါနက္ခန္ဓာလို့ ဆိုလိုပါတယ်၊ အဲဒါတွေဟာ ထင်ရှားရှိတဲ့ရုပ်နာမ်တွေပဲ၊ ဒါကြောင့် ဥပါဒါနက္ခန္ဓာငါးပါးကို သက္ကာယဟု မြတ်စွာဘုရားက ဟောထားတယ်တဲ့၊ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါး၏သရုပ်ကိုလဲ ဒီလိုဆက်ပြီးဖော်ပြပါတယ်။

သေယျထိဒံ-ဤဥပါဒါနက္ခန္ဓာတွေက ဘာတွေလဲဆိုရင် ရူပုပါဒါနက္ခန္ဓာ-ရုပ်ဥပါဒါနက္ခန္ဓာကတစ်ပါး၊ ဝါ-စွဲလမ်းမှု၏အာရုံဖြစ်သော (စွဲလမ်းစရာ) ရုပ်အဖို့အစုကတစ်ပါး၊ ဝေဒနုပါဒါနက္ခန္ဓာ-ဝေဒနာဥပါဒါနက္ခန္ဓာကတစ်ပါး၊ သညုပါဒါနက္ခန္ဓာ-သညာဥပါဒါနက္ခန္ဓာကတစ်ပါး၊ ဝါ-စွဲလမ်းမှု၏အာရုံဖြစ်သော သညာအဖို့အစုကတစ်ပါး၊ သင်္ခါရုပါဒါနက္ခန္ဓာ-သင်္ခါရဥပါဒါနက္ခန္ဓာကတစ်ပါး၊ ဝါ-စွဲလမ်းမှု၏အာရုံဖြစ်သော ပြုလုပ်အားထုတ်မှုဆိုတဲ့သင်္ခါရအဖို့အစုကတစ်ပါး၊ ဝိညာဏုပါဒါနက္ခန္ဓာ-ဝိညာဏ်ဥပါဒါနက္ခန္ဓာကတစ်ပါး၊ ဝါ-စွဲလမ်းမှု၏အာရုံဖြစ်သော စိတ်ဝိညာဏ်အဖို့အစုကတစ်ပါး၊ အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ ဣမေပဉ္စုပါဒါနက္ခန္ဓာ-ဤဥပါဒါနက္ခန္ဓာငါးပါးတို့ကို၊ သက္ကာယော-သက္ကာယဟူ၍၊ ဘဂဝတာ ဝုတ္တော-မြတ်စွာဘုရားက ဟောထားပါသည်တဲ့။

http://www.dhammadownload.com



## သင်္ကာယကို ဘုရားဟောတော်မူပုံ

ဥပါဒါနက္ခန္ဓာငါးပါးတို့ကို သက္ကာယလို့ မြတ်စွာဘုရား ဟောတော်မူပုံကတော့ ခန္ဓဝဂ္ဂသံယုတ်ပါဠိ (၁၂၉) မှာ ရှိပါတယ်။

ကတမောစ ဘိက္ခဝေ သက္ကာယော၊ ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ၊ ကတမေပဉ္စ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော။ ပ။ ဝိညာဏုပါဒါနက္ခန္ဓော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သက္ကာယော။

ဘိက္ခဝေ - ရဟန်းတို့၊ သက္ကာယော-သက္ကာယဟူသည်၊ ကတမောစ-အဘယ်ပါနည်းဟူမူ၊ ပဉ္စုပါဒါနက္ခန္ဓာတိ-ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍၊ ဝစနီယံ-ဖြေဆိုအပ်သည်၊ အဿ-ဖြစ်ရာ၏၊ ကတမေပဉ္စ-အဘယ်ငါးပါးတို့နည်းဟူမူ၊ သေယျထိဒံ-ဤငါးပါး၏ သရုပ်မှာ၊ ရူပုပါဒါနက္ခန္ဓော-ရုပ်ဥပါဒါနက္ခန္ဓာကတစ်ပါး-စသည်ဖြင့် နည်းတူပင်ဟောထားပါတယ်။

အဲဒီမှာ သက္ကာယဆိုတာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း ထင်ရှားတွေ့နေရတဲ့ ရုပ်နာမ်တရားတွေပါပဲ၊ ဝိပဿနာဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တလို့မသိရင် အဲဒီ ရုပ်နာမ်တွေကို အမြဲတည်နေတယ်လို့လဲ ထင်မှတ်စွဲလမ်းနေကြတယ်၊ ချမ်းသာတယ် ကောင်းတယ်, လှပတယ်လို့လဲ ထင်မှတ်စွဲလမ်းနေကြ

http://www.dhammadownload.com



တယ်၊ အသက်ရှင်နေတဲ့အတ္တကောင် ငါကောင်လို့လဲ ထင်မှတ်စွဲလမ်းနေကြတယ်၊ အဲဒီလို ထင်မှတ်စွဲလမ်းအပ်သောကြောင့် အဲဒီလို ထင်ရှားတဲ့ရုပ်နာမ်တွေကို ဥပါဒါနက္ခန္ဓာလို့ခေါ်တာပဲ၊ ဥပါဒါန-ဥပါဒါန် ဆိုတာ စွဲလမ်းတတ်တဲ့တရားပဲ၊ အဲဒါကဘာလဲဆိုရင် ဒီသုတ်မှာပြဆို မည့်စကားအရအားဖြင့် ဆန္ဒရာဂခေါ်တဲ့ လိုချင်တပ်မက်မှုတဏှာပါပဲ၊ သုတ္တန်ဒေသနာများမှာ ခန္ဓာငါးပါးစွဲလမ်းတဲ့ဥပါဒါန်ကို ဆန္ဒရာဂလို့သာ ပြဆိုထားပါတယ်၊ လိုချင်နှစ်သက်တပ်မက်သာယာပြီး စွဲလမ်းတဲ့တဏှာလို့ ဆိုလိုတယ်။

အဘိဓမ္မာဒေသနာတော်မှာတော့ စွဲလမ်းတတ်တဲ့ဥပါဒါန်ကို ၄-ပါးခွဲပြထားတယ်၊ (၁) ကာမုပါဒါန်ကတစ်ပါး (၂) ဒိဋ္ဌုပါဒါန်ကတစ်ပါး (၃) သီလဗ္ဗတုပါဒါန်ကတစ်ပါး (၄) အတ္တဝါဒုပါဒါန်ကတစ်ပါး ဒီ ၄-ပါးပါပဲ၊ အဲဒီလေးပါးထဲက အမှတ်(၁) ကာမုပါဒါန်ဆိုတာ လိုချင်နှစ်သက်တဲ့တဏှာပဲ၊ အဲဒါဟာ ဆန္ဒရာဂဆိုတာနဲ့ အတူတူပါပဲ၊ အမှတ်(၄) အရ အတ္တဝါဒုပါဒါန်ဆိုတာကတော့ ထင်ရှားရှိတဲ့ရုပ်နာမ်တွေကို အတ္တကောင် ငါကောင် သူကောင်လို့ ထင်မှတ်စွဲလမ်းတဲ့ဒိဋ္ဌိပါပဲ၊ အမှတ်(၃)အရ သီလဗ္ဗတုပါဒါန်ဆိုတာကတော့ သီလသမာဓိ ပညာဆိုတဲ့ မဂ္ဂင်ရှစ်ပါးမပါဘဲ အလေ့အကျင့်တစ်မျိုးမျိုးဖြင့် ဆင်းရဲခပ်သိမ်း မှလွတ်မြောက်တယ်လို့ ထင်မှတ်စွဲလမ်းတဲ့ အကျင့်ဆိုင်ရာ အယူမှားပါပဲ၊

http://www.dhammadownload.com



ဘယ်လိုလဲဆိုရင် ဂင်္ဂါမြစ်ရေဖြင့်ရေချိုးရုံနဲ့ အကုသိုလ်အပြစ်ကင်းပြီး ချမ်းသာသွားနိုင်တယ်လို့ ယုံကြည်ယူဆတာ၊ အဝတ်မဝတ်ဘဲ အစာမစားဘဲကျင့်ရုံနဲ့ ဆင်းရဲမှုလွတ်မြောက်တယ်လို့ ယူဆတာ၊ ဗြဟ္မာစသည်ကို ကိုးကွယ်နေရုံနဲ့ ဆင်းရဲမှုလွတ်မြောက်တယ်လို့ ယူဆတာ၊ အကုသိုလ်စိတ်မဖြစ်ရအောင် ဆင်ခြင်နေရုံနဲ့ သို့မဟုတ် ဖြစ်ပေါ်လာတဲ့အကုသိုလ်စိတ်ကို ဆင်ခြင်ပြီးပယ်ရုံနဲ့ သို့မဟုတ် စိတ်ကို ငြိမ်းအေးရာ ပို့ထားရုံမျှနဲ့ ဆင်းရဲမှုလွတ်မြောက်တယ်လို့ ယုံကြည်ယူဆတာ၊ အတိုချုပ်အားဖြင့်ပြောရလျှင် အရိယမဂ်ဖိုလ်ရအောင် ဝိပဿနာမရှုဘဲ အကျင့်တစ်မျိုးမျိုးဖြင့် ဆင်းရဲမှုလွတ်မြောက်တယ်လို့ ယုံကြည်ယူဆတာဟူသမျှ သီလဗ္ဗတုပါဒါန်ပဲ။

အမှတ်(၂) အရ ဒိဋ္ဌုပါဒါန်ဆိုတာကတော့ အခုပြောခဲ့တဲ့ အတ္တဒိဋ္ဌိ သီလဗ္ဗတဒိဋ္ဌိတို့မှတစ်ပါးသော မိစ္ဆာဒိဋ္ဌိဟူသမျှကို ဒိဋ္ဌုပါဒါန်လို့ဆိုတာပါပဲ၊ အဲဒါကတော့ ကံကံ၏အကျိုးမရှိဘူးလို့ ယူဆတာ၊ သေပြီးရင် ဘာမျှမရှိတော့ဘူးလို့ ယူဆတာ၊ အတ္တကောင်က ဘယ်တော့မှ မပျက်ဘဲ အမြဲတည်ရှိနေတယ်လို့ ယူဆတာ၊ ဒီလို အယူအစွဲတွေပါပဲ၊ အဲဒီဥပါဒါန် ၄-ပါးထဲမှာ အမှတ်(၁) ကာမုပါဒါန်ဆိုတာက တဏှာစွဲပဲ၊ ကျန်တဲ့ ၃-ပါးက ဒိဋ္ဌိစွဲချည်းပဲ၊ ဒါကြောင့် အကျဉ်းအားဖြင့် စွဲလမ်းမှုဟာ

http://www.dhammadownload.com



တဏှာဒိဋ္ဌိ-ဒိ ၂-ပါးပဲ၊ အဲဒိ ၂-ပါးထဲက တဏှာဖြင့်စွဲလမ်းရာမှာ ဒိဋ္ဌိဖြင့်စွဲလမ်းမှုလဲပါဝင်တာပါပဲ၊ ဒါကြောင့် ဒီဂုဇ္ဇဝေဒလ္လသုတ်စသော သုတ္တန်ဒေသနာများမှာ ဒိဋ္ဌိဉပါဒါန်ကို သီးသန့်မပြတော့ဘဲ ဆန္ဒရာဂဆိုတဲ့ တဏှာဉပါဒါန်ကိုသာ ပဓာနအားဖြင့်ပြတယ်၊ သို့သော် အပဓာနအားဖြင့် ဒိဋ္ဌိဉပါဒါန်ကိုလဲ ထည့်သွင်းပြီးယူရင် သုတ္တန်နှင့်အဘိဓမ္မာ ညီညွတ်တယ်လို့ ဆိုရမှာပါပဲ။

## စွဲလမ်းပုံ ရှင်းပြချက်

ယခုထင်ရှားရှိတဲ့ ရုပ်နာမ်အဖို့အစုတွေမှာ တဏှာဖြင့်ဒိဋ္ဌိဖြင့်စွဲလမ်းပုံတွေကို ရှင်းလင်းပြောပြမယ်၊ မြင်ဆဲခဏ၌ မျက်စိရှိလို့လဲမြင်တယ်၊ မြင်စရာရှိလို့လဲမြင်တယ်၊ အဲဒီတော့ မျက်စိရုပ်လဲထင်ရှားနေတာပဲ၊ အဲဒီမျက်စိနဲ့အဆင်းက ထင်ရှားရှိနေတဲ့ရုပ်တရားပဲ၊ နောက်ပြီးတော့ မြင်သိတာလဲ ထင်ရှားရှိနေတာပဲ၊ မြင်သိရင် မြင်လို့ကောင်းတာ မကောင်းတာလဲ ထင်ရှားရှိနေတာပဲ၊ အဲဒါက အကောင်းအဆိုးကို ခံစားမှုဝေဒနာပဲ၊ မြင်လို့ကောင်း မကောင်းဆိုတဲ့ခံစားမှုထဲမှာ မကောင်းမဆိုး အလယ်အလတ်လဲ ပါပါတယ်၊ များသောအားဖြင့် မြင်တိုင်းမြင်တိုင်း ထင်ရှားနေတဲ့ခံစားမှုဟာ အဲဒီမကောင်းမဆိုး ခံစားမှုကပဲများပါတယ်၊ နောက်ပြီးတော့ မြင်ရတဲ့အဆင်းကို မှတ်သားတာလဲ ထင်ရှားရှိနေတာပဲ၊ အဲဒါက သညာပဲ၊ နောက်ပြီးတော့ မြင်မှုကိစ္စပြီး

http://www.dhammadownload.com



အောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာလဲ ထင်ရှားရှိတာပဲ၊ အဲဒါတွေက စေတနာနဲ့မနသိကာရဆိုတဲ့သင်္ခါရတွေပဲ၊ မြင်သိရုံမျှ သဘောကတော့ ဝိညာဏ်ပဲ၊ အဲဒါတွေဟာ မြင်တိုင်း မြင်တိုင်း ထင်ရှားရှိနေတဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးတွေပဲ၊ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးကို ရှင်းရှင်းလင်းလင်းသိပြီး မှတ်သားရအောင် လိုက်ဆိုကြရမယ်။

မြင်ခဲ့၌ ဥပါဒါနက္ခန္ဓာငါးပါးဆောင်ပုဒ်

၁။ မြင်ခဲ့ခဏ၌ မျက်စိနဲ့အဆင်းက ရုပ်ဥပါဒါနက္ခန္ဓာ၊

၂။ မြင်လို့ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါနက္ခန္ဓာ၊

၃။ မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ၊

၄။ မြင်မှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သင်္ခါရဥပါဒါနက္ခန္ဓာ၊

၅။ မြင်သိရုံမျှသဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

မြင်ခဲ့၌ ထင်ရှားရှိသော ဤရုပ်နာမ်ခန္ဓာငါးပါးကို သက္ကာယ ဟုခေါ်သည်။

http://www.dhammadownload.com



## ခန္ဓာငါးပါးကို တဏှာဒိဋ္ဌိဖြင့် စွဲထမ်းပုံ

ဝိပဿနာရှုမှုမရှိသော ပကတိပုဂ္ဂိုလ်တွေဟာ အဆင်းကောင်းကို မြင်ရတဲ့အခါ မြင်ရတဲ့အဆင်းကိုလဲ နှစ်သက်သာယာပြီး စွဲလမ်းနေကြတယ်၊ အဲဒါက တဏှာဖြင့်စွဲလမ်းတာပဲ၊ မိန်းမပဲ ယောက်ျားပဲလို့လဲထင်မှတ်ပြီး စွဲလမ်းနေကြတယ်၊ အဲဒါက ဒိဋ္ဌိဖြင့်စွဲလမ်းတာပဲ၊ မျက်စိကြည်တာ ကောင်းတာကိုလဲ သာယာနှစ်သက်ပြီး စွဲလမ်းတယ်၊ တဏှာစွဲပဲ၊ ငါ့အနေဖြင့်လဲ စွဲလမ်းတယ်၊ ဒိဋ္ဌိစွဲပဲ၊

ထို့အတူပင် မြင်လို့ကောင်းတာကိုလဲ နှစ်သက်သာယာပြီး စွဲလမ်းတယ်၊ မြင်လို့မကောင်းရင်လဲ ကောင်းတာကိုမျှော်လင့်တောင့်တပြီး စွဲလမ်းတယ်၊ တဏှာစွဲပဲ၊ အဲဒီမြင်လို့ကောင်းတာ မကောင်းတာကို ငါလို့လဲ ထင်မှတ်စွဲလမ်းတယ်၊ ဒိဋ္ဌိစွဲပဲ၊ မြင်ရတာကို မှတ်သားမိတာလဲ နှစ်သက်စွဲလမ်းတယ်၊ တဏှာစွဲပဲ၊ အဲဒီမှတ်မိတာကို ငါလို့လဲ ထင်မှတ်စွဲလမ်းတယ်၊ ဒိဋ္ဌိစွဲပဲ၊ ကြောင့်ကြစိုက်ပြီး ကြည့်မိတာ နှလုံးသွင်းမိတာကိုလဲ နှစ်သက်စွဲလမ်းတယ်၊ တဏှာစွဲပဲ၊ အဲဒါကို ငါလို့လဲ ထင်မှတ်စွဲလမ်းတယ်၊ ဒိဋ္ဌိစွဲပဲ၊ မြင်သိတာကိုလဲ နှစ်သက်စွဲလမ်းတယ်၊ တဏှာစွဲပဲ၊ ငါကမြင်တယ်လို့လဲ ထင်မှတ်စွဲလမ်းတယ်၊ ဒိဋ္ဌိစွဲပဲ။

ဒါတွေက မြင်ရာမှာ တဏှာဖြင့် ဒိဋ္ဌိဖြင့် စွဲလမ်းပုံတွေပါပဲ၊

http://www.dhammadownload.com



ပကတိလူတွေဟာ မြင်တိုင်းမြင်တိုင်း ဒီပုံဒီနည်းဖြင့် စွဲလမ်းနေကြတာပဲ၊ အဲဒီလို စွဲလမ်းနိုင်သောကြောင့် အဲဒီမြင်ဆဲမှာ ထင်ရှားတဲ့ရုပ်နာမ်တွေကို ဥပါဒါနက္ခန္ဓာလို့ ဆိုရတာပဲ၊ ကြားဆဲစသည်မှာလဲ စွဲလမ်းပုံတွေကတော့ နည်းတူပါပဲ၊ အဲဒါတွေကိုတော့ အကျဉ်းချုပ်လောက်ပြောရမှာပဲ။

## ကြားဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါးထင်ရှားပုံ

ကြားဆဲ၌ နားရုပ်ရှိလို့လဲ ကြားရတယ်၊ ကြားစရာအသံရှိလို့လဲ ကြားရတယ်၊ အဲဒီနားနဲ့အသံက ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ အဲဒါနှစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်၊ အသက်ရှင်နေတဲ့အတ္တကောင်ထင်ပြီးတော့လဲ စွဲလမ်းတယ်၊ ကြားသိတယ်ဆိုတာက ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာ ၄-ပါးပဲ၊ အဲဒါတွေကို နှစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်၊ ငါကောင်ထင်ပြီးတော့လဲ စွဲလမ်းတယ်၊ ဒါကြောင့် ကြားဆဲ၌ ထင်ရှားတဲ့ရုပ် ဝေဒနာ သညာ သင်္ခါရဝိညာဏ်တို့ကို ဥပါဒါနက္ခန္ဓာလို့ ဆိုရတာပဲ၊ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၁။ ကြားဆဲခဏ၌ နားနဲ့အသံက ရုပ်ဥပါဒါနက္ခန္ဓာ။

၂။ ကြားလို့ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါနက္ခန္ဓာ။

၃။ ကြားရတဲ့အသံကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

http://www.dhammadownload.com



၄။ ကြားမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သင်္ခါရဥပါဒါနက္ခန္ဓာ။

၅။ ကြားသိရုံမျှသဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

ကြားဆဲ၌ထင်ရှားရှိသော ဤရုပ်နာမ်ခန္ဓာငါးပါးကို သက္ကာယ ဟုခေါ်သည်။

## နံဆဲ၌ ဥပါဒါနက္ခန္ဓာငါးပါးထင်ရှားပုံ

နံဆဲ၌ နှာခေါင်းရုပ်ရှိလို့လဲ နံတယ်၊ နံစရာအနံ့ရှိလို့လဲနံတယ်၊ အဲဒီနှာခေါင်းနဲ့အနံ့က ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ အဲဒါကိုနှစ်သက်သာယာပြီး တော့လဲ စွဲလမ်းတယ်၊ အသက်ရှင်နေတဲ့အတ္တကောင်ထင်ပြီးတော့လဲ စွဲလမ်းတယ်၊ နံသိတယ်ဆိုတာက ဝေဒနာစသော နာမ်ခန္ဓာ ၄-ပါး ပဲ၊ အဲဒါတွေကို နှစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်၊ ငါကောင် ထင်ပြီးတော့လဲ စွဲလမ်းတယ်၊ အဲဒါကြောင့် နံဆဲ၌ထင်ရှားတဲ့ ရုပ်ဝေဒနာ စသည်တို့ကို ဥပါဒါနက္ခန္ဓာလို့ ဆိုရတာပဲ၊ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၁။ နံဆဲခဏ၌ နှာခေါင်းနဲ့အနံ့က ရုပ်ဥပါဒါနက္ခန္ဓာ။

၂။ နံလို့ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါနက္ခန္ဓာ။

၃။ နံရတဲ့အနံ့ကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

http://www.dhammadownload.com



၄။ နံမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နလုံးသွင်းတာက သင်္ခါရဥပါဒါနက္ခန္ဓာ။

၅။ နံ့သိရုံမျှသဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

နံ့ဆဲ့ဌထင်ရှားရှိသော ဤရုပ်နာမ်ခန္ဓာငါးပါးကို သက္ကာယဟု ခေါ်သည်။

**စားသိဆဲ့ဌ ဥပါဒါနက္ခန္ဓာငါးပါးထင်ရှားပုံ**

စားသိဆဲ့ဌ လျှာရှိလို့လဲ အရသာသိတယ်၊ သိစရာအရသာ ရှိလို့လဲ အရသာသိတယ်၊ အဲဒီလျှာနဲ့အရသာက ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ အဲဒါကို နစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်ထင်ပြီးတော့လဲ စွဲလမ်းတယ်၊ အရသာသိတယ်ဆိုတာ က ဝေဒနာစသောနာမ်ခန္ဓာ ၄-ပါးပဲ၊ အဲဒါတွေကို နစ်သက်သာယာပြီး တော့လဲ စွဲလမ်းတယ်၊ ငါကောင်ထင်ပြီးတော့လဲ စွဲလမ်းတယ်၊ ဒါကြောင့် စားသိဆဲ့ဌထင်ရှားတဲ့ ဝေဒနာစသည်တို့ကို ဥပါဒါနက္ခန္ဓာလို့ ဆိုရတာပဲ၊ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၁။ စားသိဆဲခဏဌ လျှာနဲ့အရသာက ရုပ်ဥပါဒါနက္ခန္ဓာ။

၂။ စားလို့ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါနက္ခန္ဓာ။

၃။ စားသိရတဲ့အရသာကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

http://www.dhammadownload.com



၄။ အရသာသိမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သမ္ပဋိစ္ဆိုင်းဥပါဒါနက္ခန္ဓာ။

၅။ အရသာသိရှုမှုသဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

စားသိခဲ့၌ ထင်ရှားရှိသော ဉာဏ်ရုပ်နာမ်ခန္ဓာငါးပါးကို သက္ကာယ ဟုခေါ်သည်။

**ထိသိခဲ့၌ ဥပါဒါနက္ခန္ဓာငါးပါး ထင်ရှားပုံ**

ထိသိတယ်ဆိုတာကတော့ အင်မတန်ကျယ်ပြန့်ပါတယ်၊ တစ်ကိုယ်လုံးတွင် အသွေးအသားကောင်းတဲ့နေရာတိုင်း၌ ထိစရာအာရုံကိုဖမ်းယူနိုင်တဲ့ ကိုယ်အကြည်ရုပ်ဆိုတာရှိတယ်၊ အပြင်ပကာအရေထဲမှာရော အတွင်းက အသားအသွေးအကြောစသည်တွေထဲမှာရော အနှံ့အပြား တည်ရှိနေတယ်၊ အပ်ဖျားတစ်နေရာစာလောက်တောင် ကိုယ်အကြည်ရုပ်ကင်းတဲ့ နေရာရယ်လို့မရှိဘူး။ ထိသိတိုင်း ထိသိတိုင်း အဲဒီထိသိရာဌာန ကိုယ်အကြည်ရုပ်ဟာ ထင်ရှားနေတာပဲ၊ အဲဒီ ကိုယ်အကြည်ရုပ်ရှိလို့ ထိသိတာပဲ၊ နောက်ပြီးတော့ ထိသိစရာအာရုံတွေကလဲ ကိုယ်တွင်းကရော၊ ကိုယ်ပကရော အမြဲရှိနေတာပဲ၊ ပထဝီအတွေ့လဲရှိတယ်၊ တေဇောအတွေ့လဲရှိတယ်၊ ဝါယောအတွေ့လဲရှိတယ်၊ ခက်မာတယ်, ကြမ်းတမ်းတယ်၊ နူးညံ့တယ်, ချောညက်တယ်လို့ သိရ

http://www.dhammadownload.com



တာဟာ ပထဝီအတွေ့အထိပဲ၊ ပူတယ်, နွေးတယ်, အေးတယ်လို့ သိရတာဟာ တေဇောအတွေ့အထိပဲ၊ တောင့်တယ်, တင်းတယ်, လျော့တယ်, တွန်းကန်တယ်, လှုပ်ရှားတယ်လို့ သိရတာဟာ ဝါယော အတွေ့အထိပဲ၊ အဲဒီတွေ့ထိစရာရှိလို့လဲ ထိသိရတယ်၊ အဲဒီ ကိုယ် အကြည်နဲ့ တွေ့ထိစရာဟာ ရုပ်ဥပါဒါနက္ခန္ဓာပဲ၊ အဲဒီကိုယ်ရုပ်နဲ့ တွေ့ထိရတာကို နှစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်၊ အသက် ရှင်နေတဲ့အတွက်ကောင်းထင်ပြီးတော့လဲ စွဲလမ်းတယ်၊ အဲဒီလို စွဲလမ်း နိုင်လို့ ရုပ်ဥပါဒါနက္ခန္ဓာလို့ဆိုရတာပဲ။

နောက်ပြီးတော့ တွေ့ထိလို့ကောင်းတာ မကောင်းတာလဲ ထင်ရှားတယ်၊ အဲဒီမှာ တွေ့ထိလို့ကောင်းတာက ကုသိုလ်၏အကျိုး ဖြစ်တဲ့သုခဝေဒနာတဲ့၊ တွေ့ထိလို့မကောင်းတာ ဆင်းရဲတာက အကုသိုလ် ၏အကျိုးဒုက္ခဝေဒနာတဲ့၊ အဘိဓမ္မာနည်းအရအားဖြင့် တွေ့ထိရာမှာ သုခနဲ့ဒုက္ခဆိုတဲ့ဝေဒနာ ၂-ပါးသာရှိတယ်၊ သုတ္တန်ဒေသနာနည်းအရ အားဖြင့်တော့ မဆိုးမကောင်း အလယ်အလတ်ခံစားမှုလဲ တွေ့ထိရာ မှာ ထင်ရှားရှိနေတာပါပဲ၊ ယခုကျန်းမာနေတဲ့လူတွေမှာ အများအားဖြင့် မကောင်းမဆိုးအတွေ့အထိ ထင်ရှားနေတဲ့အချိန်က များတာပါပဲ၊ မြင်ဆဲ, ကြားဆဲ, နံဆဲ, စားသီဆဲ ခဏတွေမှာလဲ အဘိဓမ္မာနည်းအရအားဖြင့် ဥပေက္ခာဝေဒနာကိုသာ ပြထားပါတယ်၊ ဒါပေမယ့် ကောင်းတဲ့

http://www.dhammadownload.com



အဆင်းအသံစသည်ကို တွေ့ရတဲ့အခါ ကောင်းတဲ့အနေနဲ့ ခံစားမှုထင်ရှားတယ်၊ အဲဒါကို ကုသိုလ်၏အကျိုးထူးလို့ဆိုရမှာပဲ၊ မကောင်းတဲ့ အဆင်းအသံစသည်ကို တွေ့ရတဲ့အခါ ဆင်းရဲတဲ့အနေနဲ့ ခံစားမှုထင်ရှားတယ်၊ အဲဒါကို အကုသိုလ်အကျိုးထူးလို့ ဆိုရမှာပဲ၊ မကောင်းမဆိုးရိုးရိုးအဆင်းအသံစသည်ကို တွေ့ရတဲ့အခါမှာတော့ မကောင်းမဆိုးရိုးရိုးခံစားမှုထင်ရှားတယ်၊ အဲဒါကိုတော့ အားနည်းတဲ့ကုသိုလ် အကုသိုလ်တို့၏အကျိုးဖြစ်တဲ့ ရိုးရိုးခံစားမှုလို့ဆိုရမှာပဲ။

မြင်ဆဲ, ကြားဆဲ, နံဆဲ, စားသိဆဲ၌ ခံစားမှုဝေဒနာကို ယခုပြောခဲ့တဲ့အတိုင်း သုခ ဒုက္ခ ဥပေက္ခာသုံးမျိုးလုံးဖြင့် သုတ္တန်ဒေသနာတော်မှာ ခွဲပြထားတယ်၊ ထိဆဲ၌လဲ နည်းတူပင် ခွဲပြထားတယ်၊ ဒါကြောင့် အဲဒီသုတ္တန်ဒေသနာနည်းအရဖြင့် ဝိပဿနာဆိုင်ရာမှာ ဝေဒနာကိုသုံးမျိုးလုံးပင် ခွဲပြရပါတယ်၊ အဲဒီသုံးမျိုးထဲက အကောင်းကိုခံစားရတာကို အတူးနှစ်သက်သာယာပြီး စွဲလမ်းတယ်၊ ရိုးရိုးခံစားရတာကိုလဲ အနည်းငယ်မျှနှစ်သက်သာယာပြီး စွဲလမ်းတယ်၊ မခံသာတဲ့ အဆိုးဝေဒနာကို တွေ့ရတဲ့အခါမှာတော့ အကောင်းဝေဒနာကို လိုချင်တောင့်တပြီး စွဲလမ်းတယ်၊ အဲဒီခံစားမှုသုံးမျိုးလုံးကိုပင် ငါကောင်လို့ ထင်မှတ်ပြီးတော့လဲ စွဲလမ်းတယ်၊ ဒါကြောင့် ဒီခံစားမှုကိုလဲ ဝေဒနာ ဥပါဒါနက္ခန္ဓာလို့ဆိုရတာပါပဲ။

http://www.dhammadownload.com



နောက်ပြီးတော့ တွေ့ထိရတာကို မှတ်သားတာက သညာဉပါဒါနက္ခန္ဓာပဲ၊ ထိသိမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သင်္ခါရဉပါဒါနက္ခန္ဓာ၊ ထိသိရုံမျှသဘောက ဝိညာဏ်ဉပါဒါနက္ခန္ဓာပဲ၊ အဲဒါတွေ ဆိုင်ရာခေါင်းပုဒ်များကို ဆိုကြရမယ်။

၁။ ထိသိဆဲ၌ ကိုယ်အကြည်နဲ့ ထိသိရတာက ရုပ်ဉပါဒါနက္ခန္ဓာ။

၂။ တွေ့ထိလို့ကောင်းတာ မကောင်းတာက ဝေဒနာဉပါဒါနက္ခန္ဓာ။

၃။ ထိသိရတဲ့အတွေ့ကို မှတ်သားတာက သညာဉပါဒါနက္ခန္ဓာ။

၄။ ထိသိမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သင်္ခါရဉပါဒါနက္ခန္ဓာ။

၅။ ထိသိရုံမျှသဘောက ဝိညာဏ်ဉပါဒါနက္ခန္ဓာ။

ထိသိဆဲ၌ ထင်ရှားရှိသော ဤရုပ်နာမ်ခန္ဓာငါးပါးကို သက္ကာယဟုခေါ်သည်။

## ဝိပဿနာရှု၍ ဉပါဒါန်ကင်းငြိမ်းပုံ

ထိသိတိုင်း ထိသိတိုင်း ထိသိတာကိုရှုမှတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တအနေဖြင့် အမှန်အတိုင်း သိသိသွားရင် စွဲလမ်းမှုဉပါဒါန်ဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်း ကင်းငြိမ်းသွားတယ်၊ စွဲလမ်းမှုဉပါဒါန်ကင်းငြိမ်းတော့

http://www.dhammadownload.com



စွဲလမ်းမှုဥပါဒါန်ကိုမှီပြီးဖြစ်မည့် ကမ္မဘဝဆိုတဲ့ အကုသိုလ်ကံ ကုသိုလ်ကံလဲမဖြစ်ရဘူး။ ကံ၏အကျိုး ဘဝသစ်ရုပ်နာမ်တွေလဲ မဖြစ်ရတော့ဘူး။ အိုခြင်း,သေခြင်းစသော ဆင်းရဲတွေလဲ မဖြစ်ရတော့ဘူး။ အဲဒါဟာ ဝိပဿနာဉာဏ်ကြောင့် တဒင်္ဂအားဖြင့် ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲ ကင်းငြိမ်းပုံပဲ၊ အဲဒီလို ဆင်းရဲငြိမ်းရအောင်လို့ ဝိပဿနာရှုကြရတာပဲ။

အဲဒီလို ဝိပဿနာရှုပုံကို မဟာသတိပဋ္ဌာနသုတ်မှာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ - စသည်ဖြင့်) သွားနေဆဲမှာလဲ သွားတယ်လို့သိဖို့၊ ရပ်နေဆဲ, ထိုင်နေဆဲ, လျောင်းနေဆဲများမှာလဲ ရပ်တယ်, ထိုင်တယ်, လျောင်းတယ်လို့သိဖို့ ညွှန်ပြထားပါတယ်၊ နောက်ပြီးတော့ ကိုယ်အမူအရာ တစ်စုံတစ်ခုပြုဆဲ ဖြစ်ဆဲမှာလဲ အဲဒီကိုယ်အမူအရာကိုသိဖို့ ညွှန်ပြထားပါတယ်၊ အဲဒါဟာ သွားဆဲစသည်၌ ကိုယ်ထဲက ထိသိမှုကို ရှုမှတ်ပြီး သိဖို့ညွှန်ပြတာပါပဲ၊ အဲဒီညွှန်ပြချက်အတိုင်း သွားတယ်, ရပ်တယ်, ထိုင်တယ်, လျောင်းတယ်, ကွေးတယ်, ဆန့်တယ်, လှုပ်တယ်, ဖောင်းတယ်, ပိန်တယ်, ထိတယ်စသည်ဖြင့် ရှုမှတ်ရင် ထိသိမှု၌ပါဝင်သော ဥပါဒါနက္ခန္ဓာငါးပါးကို ရုပ်နာမ် ၂-ပါးမျှပဲလို့လဲ အမှန်အတိုင်းသိရတယ်၊ အကြောင်းနဲ့အကျိုးမျှပဲလို့လဲ သိရတယ်၊ ခဏမစဲဖြစ်ပျက်နေတာကိုလဲ သိရတယ်၊ ဖြစ်ပေါ်လာပြီး ချက်ချင်းပင် ပျက်ပျက်သွားလို့ မမြဲဘူးလို့လဲ သိရတယ်၊ ဆင်းရဲပဲ အစိုးမရတဲ့

http://www.dhammadownload.com



အနတ္တပဲလို့လဲ သိရတယ်။

အဲဒါဟာ ဥပါဒါနက္ခန္ဓာငါးပါးကို အမှန်အတိုင်းသိတာပဲ၊ ဥပါဒါနက္ခန္ဓာဆိုတဲ့ သက္ကာယကိုလဲ အမှန်အတိုင်းသိတာပဲ၊ ဥပါဒါနက္ခန္ဓာဆိုတဲ့သက္ကာယဟာ ဒုက္ခသစ္စာပဲ၊ ဒါကြောင့် ဒုက္ခသစ္စာကို အမှန်အတိုင်းသိခြင်းကိစ္စပဲ ပြီးစီးပြည့်စုံသွားတာပဲ၊ အဲဒါဟာ "ဒုက္ခံ အရိယသစ္စံ - ဒုက္ခအရိယသစ္စာကို၊ ပရိညေယျံ - ပိုင်းခြားသိရမည်" လို့ ဟောထားတဲ့ ဓမ္မစကြာသုတ်တရားတော်စသည်နှင့်အညီ အမှန်အတိုင်း ပိုင်းခြားသိပုံပါပဲ။

အဲဒီလို အမှန်အတိုင်း ပိုင်းခြားပြီးသိသင့်တဲ့ ဥပါဒါနက္ခန္ဓာလို့ သက္ကာယလို့ခေါ်တဲ့ ဒုက္ခသစ္စာကို အမှန်အတိုင်း သိအောင်ရှုဖို့ရာ ဘုန်းကြီးတို့က ထင်ရှားပေါ်လာသမျှတွေကို သူ့ဖြစ်စဉ်အတိုင်း အကုန်လုံးစေ့အောင် လိုက်ပြီးမရှုနိုင်သေးဘူး၊ ဒါကြောင့် ထင်ရှားတဲ့ ထိသိမှုကစပြီးရှုဖို့ ညွှန်ကြားနေပါတယ်၊ အဲဒီ ထိသိမှုတွေထဲမှာ အလွယ်တကူရှုမှတ်နိုင်ပြီး သမာဓိလဲဖြစ်လွယ်အောင် ထိုင်နေစဉ်မှာဆိုရင် ဝမ်းဗိုက် ဖောင်းတာပိန်တာကစပြီး ရှုဖို့ညွှန်ပြနေပါတယ်၊ အဲဒီလို ဖောင်းတာပိန်တာကို ရှုနေရင်း စိတ်ကူးကြံသိမှုဖြစ်ရင် အဲဒီကြံသိမှုကိုလဲရှုဖို့၊ အဆိုးအကောင်း ခံစားမှုဖြစ်ပေါ်လာရင် အဲဒါကိုလဲရှုဖို့ လှုပ်ရှားပြုပြင်မှုပေါ်လာရင် အဲဒါကိုလဲရှုဖို့၊ ကြားရင် မြင်ရင် အဲဒါကိုလဲရှုဖို့၊

http://www.dhammadownload.com



အနံ့နံရင်လဲ ရှုဖို့ စားသိတဲ့အခါလဲရှုဖို့ သတိသမာဓိဉာဏ်အား ကောင်းလာတဲ့အခါကျတော့ ပေါ်လာသမျှကိုရှုဖို့ ညွှန်ပြနေပါတယ်။

အဲဒီညွှန်ပြတဲ့အတိုင်း ရိုရိုသေသေလိုက်နာပြီး ရှုကြတဲ့ယောဂီများဟာ ထိသိဆဲဆဲ ထင်ရှားရှိတဲ့ ရုပ်နာမ်ဉပါဒါနက္ခန္ဓာဆိုတဲ့ သက္ကာယကို ခဏမစဲဖြစ်ပျက်နေလို့ ဆင်းရဲအနေဖြင့် အမှန်အတိုင်း သိကြပါတယ်၊ အဲဒါဟာ ဒုက္ခသစ္စာကို သိတာပဲ၊ ထို့အတူပင် ကြဲသိဆဲ ကြားဆဲ မြင်ဆ `နံဆဲ စားသိဆဲတို့၌လဲ ထင်ရှားရှိတဲ့သက္ကာယကို ဆင်းရဲအနေဖြင့် အမှန်အတိုင်းသိကြပါတယ်၊ ဒါလဲ ဒုက္ခသစ္စာကို သိတာပဲ။

အဲဒီလို အမှန်အတိုင်းသိရမည့်ဒုက္ခသစ္စာကို သက္ကာယဆိုတဲ့ အမည်နဲ့ ဝိသာခသူဌေးကြီးက မေးတာပဲ၊ ဓမ္မဒိန္နာထေရီကလဲ အဲဒီ ဒုက္ခသစ္စာကိုပင် ရည်ရွယ်၍ "သက္ကာယဆိုတာ ဉပါဒါနက္ခန္ဓာငါးပါးပင် ဖြစ်ကြောင်း "ဖြေကြားတာပါပဲ၊ အဲဒီ ဉပါဒါနက္ခန္ဓာငါးပါးအကြောင်းကို မျက်စိ နား နှာခေါင်း လျှာ ကိုယ်ဆိုတဲ့ငါးဒွါရ၌ ထင်ရှားပုံဖြင့် ဖော်ပြပြီးခဲ့ပါပြီ ယခုအခါ မနောဒွါရဖြင့် ကြံသိဆဲ၌ ထင်ရှားပုံကို ဖော်ပြမယ်။

http://www.dhammadownload.com



## ကြံ့သိဆဲ၌ ဥပါဒါနက္ခန္ဓာ ငါးပါးထင်ရှားပုံ

ကြံ့သိဆဲ၌ ဘဝင်စိတ်နဲ့ ဆင်ခြင်စိတ်ဆိုတဲ့ မနောဒွါရက လဲရှိလို့ သိစရာအာရုံကလဲရှိလို့ ကြံ့သိမှုဖြစ်တယ်၊ အဲဒီမှာ ဘဝင်စိတ် ဆင်ခြင်စိတ်ဆိုတာရော ကြံ့သိတယ် ဆိုတာရော နာမ်တရားချည်းပဲ၊ သိစရာအာရုံကတော့ ရုပ်လဲရှိတယ်၊ စိတ်ကူးထဲမှာ အဆင်းအသံ စသော ရုပ်ပေါ်လာရင် အဲဒီရုပ်ကိုနှစ်သက်သာယာပြီးတော့လဲ စွဲလမ်း တယ်၊ အသက်ရှင်နေတဲ့အတွက်ကောင်း ထင်မှတ်ပြီးတော့လဲ စွဲလမ်း တယ်၊ ဒါကြောင့် အဲဒီရုပ်အာရုံကို ဥပါဒါနက္ခန္ဓာလို့ ဆိုရတယ်၊ နောက်ပြီး တော့ ကြံ့သိတာရော ဘဝင်စိတ်ကိုရော နှစ်သက်သာယာပြီးတော့လဲ စွဲလမ်းတယ်၊ ငါကောင်ထင်ပြီးတော့လဲ စွဲလမ်းတယ်၊ ကြံ့သိနေတာ ငါပဲ၊ ငါကကြံ့သိနေတာပဲစသည်ဖြင့် ငါကောင်အနေဖြင့် စွဲလမ်းတာဟာ အလွန်ထင်ရှားပါတယ်၊ ဒါကြောင့် အဲဒီကြံ့သိမှုစိတ်နာမ်တရားတွေကို ဥပါဒါနက္ခန္ဓာလို့ ဆိုရတာပဲ၊ အဲဒီစိတ်နာမ်တရားတွေဆိုတာ ဝေဒနာ သညာ သင်္ခါရနာမ်ခန္ဓာလေးပါးပါပဲ၊ နောက်ပြီးတော့ အဲဒီကြံ့သိမှု စိတ်နာမ်တွေဆိုတာက မိမိတို့၏ရုပ်ကိုယ်ကို မှီပြီးဖြစ်နေတာပဲ၊ ဒါကြောင့် အဲဒီကြံ့သိမှု၏ တည်ရာမှီရာဖြစ်တဲ့ရုပ်ကိုလဲ နှစ်သက်သာယာပြီး စွဲလမ်း တယ်၊ ငါကောင်လို့ထင်ပြီးတော့လဲ စွဲလမ်းတယ်၊ ဒါကြောင့် အဲဒီ

http://www.dhammadownload.com



တည်ရာမှီရာရုပ်ကိုလဲ ဥပါဒါနက္ခန္ဓာလို့ဆိုရတယ်၊ ယခု အဲဒီကြံသိမှု ဥပါဒါနက္ခန္ဓာဆိုင်ရာ ဆောင်ပုဒ်ကိုဆိုကြရမယ်။

၁။ ကြံသိဆဲခဏ္ဍ ကြံသိစိတ်၏တည်ရာမှီရာရုပ်က ရုပ်ဥပါဒါနက္ခန္ဓာ။

၂။ ကြံလို့ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါနက္ခန္ဓာ။

၃။ ကြံသိတဲ့အာရုံကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

၄။ ကြံမှု ပြောမှု ပြုမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာက သင်္ခါရဥပါဒါနက္ခန္ဓာ။

၅။ ကြံသိရုံမျှသဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

ကြံသိဆဲခဏ္ဍ ထင်ရှားရှိသော ဤရုပ်နာမ်ခန္ဓာငါးပါးကို သက္ကာယဟုခေါ်သည်။

## ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာခွဲပုံ

ရုပ်နာမ်ခန္ဓာဆိုတာ ဥပါဒါန်၏အာရုံဖြစ်တဲ့ခန္ဓာက တစ်မျိုး ဥပါဒါန်၏အာရုံမဟုတ်တဲ့ခန္ဓာက တစ်မျိုး ဒီလို၂မျိုးရှိတယ်၊ ဥပါဒါန်၏ အာရုံမဟုတ်တဲ့ခန္ဓာဆိုတာက အရိယာမဂ်ဖိုလ် နာမ်ခန္ဓာလေးပါးပဲ၊ အဲဒီအရိယာမဂ်တရားတွေကိုတဏှာဖြင့် ဒိဋ္ဌိဖြင့် အာရုံမပြုနိုင်ဘဲ မစွဲလမ်းနိုင်ဘူး။ ဒါကြောင့် အဲဒီလောကုတ္တရာခန္ဓာတွေကိုတော့

http://www.dhammadownload.com



ဥပါဒါနက္ခန္ဓာလို့ မဆိုရဘူး၊ ယခုထုတ်ဖော်ပြီး ပြောလာခဲ့တဲ့ လောကီရုပ်နာမ်ခန္ဓာတွေကိုသာ ဥပါဒါန်၏အာရုံဖြစ်လို့ ဥပါဒါနက္ခန္ဓာလို့လဲ ဆိုရတယ်၊ ဒုက္ခသစ္စာလို့လဲဆိုရတယ်၊ သက္ကာယလို့လဲဆိုရတယ်၊ ဒါကြောင့် ဓမ္မဒိန္နာထေရီက -

ဒါယကာဝိသာခသူဌေးကြီး ဥပါဒါနက္ခန္ဓာငါးပါးကို သက္ကာယ ဟု မြတ်စွာဘုရားက ဟောတော်မူပါတယ်လို့ ဖြေကြားတာပါပဲ။

အဲဒါကို အတိုချုပ်မှတ်ရအောင် လိုက်ဆိုကြရမယ်။

၁။ မြင်ဆဲ ကြားဆဲ စသည်၌ ထင်ရှားသော ရုပ်နာမ်အပေါင်းကို ဥပါဒါနက္ခန္ဓာဟုခေါ်သည်။

၂။ ဘာ့ကြောင့် ဥပါဒါနက္ခန္ဓာဟုခေါ်သနည်း။

၃။ တဏှာဖြင့် ဒိဋ္ဌိဖြင့် စွဲလမ်းနိုင်သောကြောင့် ဥပါဒါနက္ခန္ဓာဟုခေါ်သည်။

၄။ ဥပါဒါနက္ခန္ဓာခေါ်သော ရုပ် ဝေဒနာ သညာသင်္ခါရဝိညာဏ်တို့ကို သက္ကာယဟုခေါ်သည်။

၅။ သက္ကာယဆိုတာ ထင်ရှားရှိသော ရုပ်နာမ်အပေါင်းအစုဖြစ်သည်။

http://www.dhammadownload.com



၆။ သင်္ကာယဆိုတဲ့ ရုပ်နာမ်အပေါင်းကို ဒုက္ခသစ္စာ ဆင်းရဲအစစ် အမှန်ဟူ၍လဲခေါ်သည်။

## သမုဒယသစ္စာအမေး

ဓမ္မဒိန္နာထေရီကဖြေကြားတဲ့ သင်္ကာယခေါ် ဒုက္ခသစ္စာအဖြေကို ဝိသာခသူဌေးကြီးက နှစ်သိမ့်အားရ သဘောကျပြီး "အယျေ- အရှင်မဓမ္မဒိန္နာ၊ သာဓု - ကောင်းပါပေစွ" လို့ သာဓုခေါ်ပြီးနောက် သမုဒယသစ္စာကိုလဲ ဒီလိုမေးပါတယ်။

သက္ကာယသမုဒယော သက္ကာယသမုဒယောတိ အယျေ ဝုစ္စတိ၊ ကတမော နု ခေါ အယျေ သက္ကာယသမုဒယော ဝုတ္တော ဘဂဝတာ။

အယျေ - အရှင်မဓမ္မဒိန္နာ၊ သက္ကာယသမုဒယော သက္ကာယ သမုဒယောတိ - သင်္ကာယခေါ် ဒုက္ခသစ္စာ၏ဖြစ်ကြောင်း သင်္ကာယခေါ် ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းဟူ၍၊ ဝုစ္စတိ - ပြောဆိုအပ်၏၊ ဝါ-ပြောပြော နေကြပါသည်၊ အယျေ - အရှင်မဓမ္မဒိန္နာ၊ ကတမော - အဘယ်တရား ကို၊ သက္ကာယသမုဒယော - သက္ကာယသမုဒယဟူ၍၊ ဝါ-သင်္ကာယ ဖြစ်ကြောင်း သမုဒယသစ္စာဟူ၍၊ ဘဂဝတာ - မြတ်စွာဘုရားက၊ ဝုတ္တောနုခေါ - ဟောတော်မူအပ်ပါသနည်းတဲ့။

http://www.dhammadownload.com



သက္ကာယ - ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းလို့လဲဆိုရတဲ့ ဒုက္ခသစ္စာ ဆင်းရဲအစစ်အမှန်၏ဖြစ်ကြောင်းက ဘယ်တရားပါလဲ- ဘယ်တရားကို သမုဒယသစ္စာလို့ ဆိုရပါသလဲလို့ မေးတာပါပဲ၊ အဲဒါကို မြတ်စွာဘုရားက ဒီလိုဖြေကြားပါတယ်။

## သမုဒယသစ္စာအဖြေ

ယာယံ အာဝုသော ဝိသာခ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊ အယံခေါ အာဝုသော ဝိသာခ သက္ကာယသမုဒယော ဝုတ္တော ဘဂဝတာ။

အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ ယာအယံတဏှာ- အကြင်ဆာလောင်မှုတဏှာသည်၊ ပေါနောဗ္ဘဝိကာ - တစ်ဖန်ဘဝသစ်ကိုဖြစ်စေတတ်၏။ (ပေါနောဘဝိကာ - ဟူသောပါဌ်က သင့်ကြောင်း မြတ်စွာတရားတော်စာအုပ်၌ ဖော်ပြထားပြီးရှိပါသည်၊) နန္ဒီရာဂသဟဂတာ - နှစ်သက်တပ်စွဲခြင်းနှင့်တကွဖြစ်၏။ ဝါ-နှစ်သက်တပ်စွဲသော သဘောဖြစ်၏။ တတြတတြာဘိနန္ဒိနီ - ထိုထိုရောက်ရာဘဝ ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိ၏၊ (အယံ-ဤဆာလောင်မှုတဏှာကို ၊ သက္ကာယသမုဒယော - သက္ကာယခေါ် ဒုက္ခသစ္စာတရား

http://www.dhammadownload.com



ဖြစ်ပွားကြောင်းဟူ၍၊ ဘဂဝတာ ဝုတ္တော - မြတ်စွာဘုရားက ဟော ထားပါသည်တဲ့။)

အတိုချုပ်သိစေလိုတာကတော့ နှစ်သက်သာယာပြီး ဆာ နေတဲ့တဏှာဟာ သင်္ကာယခေါ်တဲ့ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာဖြစ်ပွားခြင်း ၏ အကြောင်းပါပဲလို့ သိစေလိုတာပါပဲ၊ တဏှာဆိုတဲ့ပါဠိက ဆာ တယ်လို့ အနက်ရှိတယ်၊ ဆာတယ်ဆိုတာ စားချင်ပြီးဆာတာ သောက်ချင်ပြီး ဆာတာမျိုးပါပဲ၊ နှစ်သက်သာယာတဲ့ ဆာတဲ့သဘောပဲ၊ လိုချင်တာ တောင့်တတာ ရချင်တာ ခံစားချင်တာတွေလဲ ဆာတဲ့သ ဘောပဲ၊ ယခုလူတွေဟာ အကောင်းတွေကိုမြင်လို့လဲ အားမရဘူး ထပ်ကာထပ်ကာ မြင်ချင်နေတာပဲ၊ ကြားလို့လဲ အားမရဘူး ထပ်ကာ ထပ်ကာ ကြားချင်နေတာပဲ၊ နံလို့လဲအားမရဘူး ထပ်ကာထပ်ကာ နံချင်နေတာပဲ၊ စားလို့လဲ အားမရဘူး ထပ်ကာထပ်ကာ စားချင် နေတာပဲ၊ တွေ့ထိလို့လဲအားမရဘူး ထပ်ကာထပ်ကာ တွေ့ထိပြီး ခံစား ချင်နေတာပဲ၊ အာရုံကောင်းတွေကို စိတ်ကူးကြံစည်လို့လဲ အားမရဘူး ထပ်ကာထပ်ကာ ကြံချင်နေတာပဲ၊ အဲဒီလို အားမရနိုင်တာဟာ ဆာနေတဲ့သဘောပဲ။

မျက်စိနဲ့အမြင်ကို အမြဲရှိနေစေချင်တာပဲ၊ အဲဒီလို အမြဲရှိနေ စေချင်တဲ့တဏှာကြောင့် ဘဝသစ်တွေ ထပ်ကာထပ်ကာဖြစ်ပြီး မြင်မှု

http://www.dhammadownload.com



ဆိုင်ရာ ဥပါဒါနက္ခန္ဓာတွေဖြစ်ပွားနေတာပဲ၊ ထို့အတူပင် နားနှပ်ကြားတာလဲ အမြဲရှိနေစေချင်တယ်၊ နှာခေါင်းနဲ့နံ့တာလဲ အမြဲရှိနေစေချင်တယ်၊ လျှာနဲ့စားသိတာလဲ အမြဲရှိနေစေချင်တယ်၊ ကိုယ်နဲ့တွေ့ထိတာလဲ အမြဲရှိနေစေချင်တယ်၊ ဒါကြောင့် ကြားမှု နံမှု စားသိမှု တွေ့ထိမှုဆိုင်ရာ ဥပါဒါနက္ခန္ဓာတွေ ဘဝသစ်အနေဖြင့် ထပ်ကာထပ်ကာ ဖြစ်နေတာပဲ၊

အဲဒီလိုနှစ်သက်သာယာပြီး ဆာလောင်နေကြသောကြောင့် တစ်ချို့က အနံ့ကိုလဲမနံရ၊ အရသာကိုလဲမစားရ၊ အတွေ့အထိကိုလဲ မခံစားရတဲ့ ပြဟ္မာ့လောကကို မကြိုက်ကြဘူး၊ မနံရ မစားရ မတွေ့ထိရဘဲနဲ့ ဆင်းရဲနေသလို ထင်နေကြတယ်၊

ဥပမာအားဖြင့် ဆေးလိပ်ကြိုက်နေတဲ့လူက ဆေးလိပ်မသောက်ရတဲ့နေရာမှာ မနေချင်ဘူး၊ ကွမ်းကြိုက်နေတဲ့သူက ကွမ်းမစားရတဲ့နေရာမှာ မနေချင်ဘူး၊ သေရည်အရက်ကြိုက်နေတဲ့လူက သေရည်အရက်မသောက်ရတဲ့နေရာမှာ မနေချင်ဘူး၊ အဲဒီလိုပဲ မျက်စိနှင့်အမြင်၊ နားနှင့်အကြားစသည်ကို ကြိုက်နေကြတဲ့အတွက် သတ္တဝါတွေက မြင်မှု ကြားမှုစသည်ကင်းတဲ့ နိဗ္ဗာန်ဆိုတာကို အလိုမရှိကြဘူး၊ အဲဒီလို သတ္တဝါတွေကပဲ များနေတယ်၊ ကြံစည်ရတာကိုလဲ ကြိုက်နေကြတဲ့ အတွက် ကြံစည်မှုကင်းတဲ့နိဗ္ဗာန်ကို အလိုမရှိကြဘူး။

http://www.dhammadownload.com



အဲဒါဟာ သင်္ခါရယခေါ်တဲ့ရုပ်နာမ်ခန္ဓာတွေကို နှစ်သက်သာယာပြီး ဆာလောင်နေကြသောကြောင့်ပါပဲ။ အဲဒီလိုနှစ်သက်သာယာပြီး ဆာလောင်တဲ့တဏှာရှိနေသောကြောင့် သေခါနီး၌ထင်ပေါ်လာတဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတာကို စွဲလမ်းပြီး စုတိစိတ်ချုပ်၍သေသွားတဲ့အခါ ဘဝအသစ်တွေ ထပ်ကာထပ်ကာ ဖြစ်နေကြရတာပဲ၊ ဘဝသစ်ဖြစ်တယ်ဆိုတာလဲ တခြားဟာမဟုတ်ဘူး။ သင်္ခါရယခေါ်တဲ့ ရုပ်နာမ်တွေဖြစ်နေတာပဲ၊ တဏှာက အဲဒီလို ဘဝသစ်ကိုဖြစ်စေတတ်သောကြောင့် ပေါနောဗ္ဘဝိကာ - တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်သည်လို့ ဖော်ပြထားတာပါပဲ။

နန္ဒိရာဂသဟဂတာ - နှစ်သက်တပ်မက်သောသဘောဖြစ်သည်ဆိုတာတော့ နှစ်သက်တပ်မက်သောအားဖြင့် အားမရနိုင်ဘဲ ဆာလောင်နေတာလို့ သိစေတာပါပဲ၊ တတြတတြာဘိနန္ဒိနီ- ထိုထိုရောက်ရာဘဝ ရရာအာရုံ၌ ပျော်မွေ့လေ့ရှိသည်ဆိုတာကလဲ တဏှာက ရောက်ရာဘဝ ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လို့အားမရဘဲ ပျော်မွေ့နေတတ်တယ်ဆိုတာကို ဖော်ပြတာပါပဲ။

ပျော်မွေ့ပုံကတော့ လူ့ဘဝရောက်ရင် ကိုယ်တွင်းကရရှိနေတာကိုရော၊ ကိုယ်ပမှအသုံးအဆောင်တွေ အခြွေအရံအပေါင်းအသင်းတွေကိုရော အရပ်ဒေသတွေကိုရော ရရှိနေတဲ့ အဲဒါတွေ

http://www.dhammadownload.com



အကုန်လုံးကို နှစ်သက်အားရသဘောကျပြီး ပျော်မွေ့နေတယ်၊ အချို့ ဌာနတွေဟာ အထက်တန်းစားလူတွေရဲ့အမြင်နဲ့ဆိုရင် ဘာမှျပျော်မွေ့ စရာမရှိဘူး ပျင်းရိငြီးငွေ့စရာသာဖြစ်နေတယ်၊ ဒါပေမယ့် အဲဒီဌာနမှာ မွေးဖွားပြီး နေထိုင်ကြတဲ့လူတွေကတော့ သူတို့အရပ်သူတို့အခြေအနေ နဲ့ ပျော်မွေ့နေကြတာပဲ၊ နတ်ပြည်လောကဌ ပျော်မွေ့နေကြပုံကိုတော့ အထူးပြောစရာမလိုပါဘူး တိရစ္ဆာန်တွေလဲ သူ့ဘဝနဲ့သူ သူ့အခြေအနေ နဲ့သူ ပျော်မွေ့နေကြတာပဲ၊ နွားတွေ ကျွဲတွေ မြင်းတွေဟာ မြက်သစ်ရွက် ကိုသာ စားပြီးသူ့ဘဝနဲ့သူ ပျော်မွေ့နေကြတာပဲ၊ ထို့အတူပင် ခွေးတွေ ဝက်တွေ ကြက်တွေ ငှက်တွေ ဒီလိုအကောင်တွေလဲ သူတို့အခြေအ နေနဲ့သူတို့ ပျော်မွေ့နေကြတာပဲ၊ အညစ်အကြေးထဲက ပိုးကောင် ကလေးတွေလဲ သူတို့အခြေအနေနဲ့သူတို့ ပျော်မွေ့နေကြတာပဲ၊ အဲဒီလို ဖြစ်ရာဘဝတွေမှာ ပျော်မွေ့နေကြတဲ့အတွက် အဲဒီလိုဘဝတွေမှာလဲ ထပ်ကာထပ်ကာဖြစ်နေကြရတာပဲ၊ ဒါကြောင့် -

ယာ အယံ တဏှာ - အကြင်ဆာလောင်မှုတဏှာသည်၊ ပေါနောဗ္ဘဝိကာ - တစ်ဖန်ဘဝသစ်ကိုဖြစ်စေတတ်၏၊ နန္ဒီရာဂသဟ ဂတာ - နှစ်သက်တပ်စွဲခြင်းနှင့်တကွဖြစ်၏၊ ဝါ- နှစ်သက်တပ်စွဲသော သဘောဖြစ်၏၊ တတြတတြာဘိနန္ဒိနီ - ထိုထိုရောက်ရာဘဝ ရရာ အာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိ၏ - လို့ပြဆိုထားတာပါပဲ၊ အဲဒီတဏှာ

http://www.dhammadownload.com



၏ သရုပ်ကိုလဲ ဒီလိုပြဆိုထားတယ်။

တဏှာသုံးပါး

သေယျထိဒံ - ဤတဏှာကား အဘယ်နည်းဟူမူ၊ ကာမတဏှာ-လိုချင်စရာကာမဂုဏ်ဖြစ်သော ဆာလောင်မှုတဏှာကတစ်ပါး၊ ဘဝတဏှာ - အမြဲရှိနေသည်ဟုထင်လျက် ဆာလောင်မှုတဏှာကတစ်ပါး၊ ဝိဘဝတဏှာ - သေပြီးလျှင်မရှိတော့ဟုထင်လျက် ဆာလောင်မှုကတစ်ပါးတဲ့။

## ၁။ ကာမတဏှာ

အဲဒီတဏှာသုံးပါးထဲက ကာမတဏှာဆိုတာ နှစ်သက်လိုချင်စရာတွေကို နှစ်သက်လိုချင်တဲ့သဘောပါပဲ၊ မိမိသန္တာန်ကဖြစ်စေ၊ သူတစ်ပါးသန္တာန်ကဖြစ်စေ၊ သုံးဆောင်စရာပစ္စည်းများထဲကဖြစ်စေ၊ နှစ်သက်လိုချင်စရာကို နှစ်သက်လိုချင်ရင် အဲဒါဟာ ကာမတဏှာပဲ။

လှပတဲ့အဆင်းကိုမြင်ရလို့ နှစ်သက်လိုချင်တာဟာ ကာမတဏှာပဲ၊ အဆင်းလို့ဆိုပေမယ့် အဆင်းသက်သက်တွင်တော့မဟုတ်ဘူး၊ အဆင်း၏တည်ရာဖြစ်တဲ့ မိန်းမတစ်ကိုယ်လုံး ယောက်ျားတစ်ကိုယ်လုံး အကျီလုံချည်အစရှိတဲ့ ပစ္စည်းဝတ္ထုတစ်ခုလုံး သိမ်းကျုံးပြီးနှစ်သက်လိုချင်တာပါပဲ၊ ထို့အတူပင် တည်ရာပုဂ္ဂိုလ်ဝတ္ထုများနှင့်တကွ အသံ

http://www.dhammadownload.com



ကောင်း၊ အနံ့ကောင်းတွေ၊ အရသာကောင်းတွေ စားစရာပြုပြင်ပေးတဲ့ မိန်းမယောကျ်ားတွေ အတွေ့ထိကောင်းတွေ သုံးဆောင်ဖွယ်ပစ္စည်းတွေ - ဒီလိုဟာတွေကို နှစ်သက်လိုချင်တာလဲ ကာမတဏှာပဲ။

လူဖြစ်ဖို့ နတ်ဖြစ်ဖို့ ယောကျ်ားဖြစ်ဖို့ မိန်းမဖြစ်ဖို့၊ လူဖြစ်ပြီး နတ်ဖြစ်ပြီး ကာမတဏှာတွေကိုခံစားဖို့ လိုချင်နှစ်သက်တာလဲ ကာမတဏှာပဲ၊ ဒါကြောင့် "ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုဆိုကြရမယ်။

၁။ ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု။

မြင်ရတာဖြစ်စေ၊ ကြားရ နံရ စားသိရ ထိသိရတာဖြစ်စေ ကောင်းတယ်ထင်ရင် သာယာနှစ်သက်တယ်၊ အဲဒီမှာ ကောင်းတယ် ထင်တာက အဝိဇ္ဇာပဲ၊ အဝိဇ္ဇာဆိုတာ အာရုံ၏သဘောမှန်ကို ဖုံးကွယ်ပြီး အလွဲအမှားကိုသိတဲ့သဘောပဲ၊ မမြဲတာကိုမြဲတယ်လို့ သူကထင်တယ်၊ ခဏမစဲဖြစ်ပျက်နေလို့ နှစ်သက်ဖွယ်မရှိတဲ့ ဆင်းရဲသဘောကို ချမ်းသာလို့ထင်တယ်၊ အကြောင်းအားလျော်စွာ ခဏမစဲဖြစ်ပျက်နေလို့ အတ္တကောင်မဟုတ်တာကို အတ္တလို့ထင်တယ်၊ မတင့်တယ်တဲ့ကိုယ့်ကိုယ် သူ့ကိုယ်ကို တင့်တယ်လို့ထင်တယ်၊ အဲဒါတွေဟာ ကောင်းတယ်လို့ထင်တဲ့ တဏှာတွေချည်းပဲ၊ အဲဒီလို ကောင်းတယ်ထင်တော့ နှစ်

http://www.dhammadownload.com



သက်လိုချင်တဲ့ ကာမတဏှာဖြစ်တယ်၊ နှစ်သက်လိုချင်တော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ ကိုယ့်အလိုအတိုင်း ပြီးပြည့်စုံအောင် ပြုလုပ်တဲ့ အကုသိုလ်ကံ ကုသိုလ်ကံဖြစ်တယ်၊ အဲဒီကံကြောင့် ဘဝသစ်ရုပ်နာမ် ဆိုတဲ့ သင်္ခါရဖြစ်တယ်၊ ဒါကြောင့် နှစ်သက်လိုချင်တဲ့ ကာမတဏှာ၊ ဖြစ်တိုင်းဖြစ်တိုင်း ဘဝသစ်ရုပ်နာမ်ဆိုတဲ့သင်္ခါရကို ခံယူနေသည် မည်တာပဲ။

နောက်ပြီးတော့ အဲဒီတဏှာမှ အရှိန်အဝါရလာတဲ့အတွက် အဘိသင်္ခါရဝိညာဏ်ခေါ်တဲ့ မရဏာသန္နဇောစိတ်ဟာ သေခါနီးမှာ ထင်ပေါ်လာတဲ့ကံ ကမ္မနိမိတ် ဂတိနိမိတ်အာရုံကို ဆုပ်ကိုင်ထားသလို ပင် စွဲစွဲမြဲမြဲအာရုံပြုနေတယ်၊ ဒါကြောင့် စုတိစိတ်၏အခြားမဲ့၌ အဲဒီ အာရုံကိုယူပြီး ပဋိသန္ဓေစိတ်နှင့်တကွ ဘဝသစ်ကိုဖြစ်စေတတ်တယ်လို့ ပြဆိုထားတာပဲ၊ သင်္ခါရသမုဒယ-ထင်ရှားရှိတဲ့ရုပ်နာမ်အပေါင်း ဖြစ်ပွား ကြောင်းလို့လဲဆိုရတာပဲ။

## ၂။ ဘဝတဏှာ

ဘဝတဏှာဆိုတာ သဿတဒိဋ္ဌိနဲ့ယှဉ်တွဲပြီးဖြစ်တဲ့တဏှာ ကိုအဋ္ဌကထာများမှာ ပြဆိုထားတယ်၊ ဘဝတဏှာ-ပုဒ်ထဲက ဘဝဆို တာက ဖြစ်နေတယ် ရှိနေတယ်လို့ အနက်ရတယ်၊ ဒါကြောင့်

http://www.dhammadownload.com



အမြဲရှိနေတယ်လို့ထင်ပြီးဖြစ်တဲ့ နှစ်သက်သာယာမှုကို ဘဝတဏှာလို့ ဆိုရတာပဲ၊ သဿတဒိဋ္ဌိဆိုတာ "အသက်ရှင်နေတဲ့အတ္တကောင်ဟာ ဘယ်တော့မှ မသေမပျက်ဘူး၊ ရုပ်ကိုယ်ကြမ်းကြီးက ပျက်စီးသွားပေမယ့်လို့ အဲဒီအတ္တကောင်ကတော့ မပျက်ဘူး၊ တစ်ခြားရုပ်ကိုယ် အသစ်ထဲမှာဝင်ပြီး တည်ရှိနေတယ်၊ ကမ္ဘာပျက်သော်လဲ သူကတော့ မပျက်ဘူး၊ အမြဲတမ်းတည်ရှိနေတယ်" လို့ ထင်မှတ်စွဲလမ်းတဲ့အယူပါပဲ။

အဲဒီ သဿတဒိဋ္ဌိနဲ့ ယှဉ်တွဲပြီးဖြစ်တဲ့တဏှာကို ဘဝတဏှာ ခေါ်တယ်၊ ဒီတဏှာက အတ္တကောင် ငါကောင်အမြဲတည်ရှိနေတယ် ဆိုတာကိုလဲ နှစ်သက်သဘောကျတယ်၊ "ရှေးကတည်းက တည်မြဲတည်ရှိလာတဲ့ငါကပင် ယခုလဲ ခံစားရတယ်၊ နောင်လဲခံစားသွားရမယ်" လို့ ယုံကြည်ယူဆပြီးတော့ မြင်ရ ကြားရ တွေ့ရ သိရတဲ့အာရုံတွေကို လဲ နှစ်သက်လိုချင်တယ်၊ နောင်အခါမှရမယ်လို့ ထင်ရတာတွေကိုလဲ နှစ်သက်လိုချင်တယ်၊ အမြဲတမ်းတည်ရှိနေမည့် မိမိကိုယ်အတွက် ယခုရောနောင်ကာလပါ ကောင်းစားချမ်းသာသွားစေချင်တယ်၊ ဘဝ ကောင်းတွေမှာ ဖြစ်ချင်တယ်၊ နောက်နောင်ဘဝတွေမှာ လူချမ်းသာ နတ်ချမ်းသာချည်း ဖြစ်သွားချင်တယ်၊ တချို့က ယောက်ျားဘဝချည်း ဖြစ်သွားချင်တယ်၊ တချို့က မိန်းမဘဝချည်း ဖြစ်သွားချင်တယ်၊

http://www.dhammadownload.com



အဲဒါတွေဟာ ဘဝတဏှာတွေချည်းပဲ။

ဒီဘဝတဏှာဖြင့် နှစ်သက်လိုချင်တိုင်း မျှော်လင့်တောင့်တတိုင်း ဘဝသစ်ဖြစ်ဖို့ရာ အရိုန်အဝါအထောက်အပံ့ကို ရရသွားတာပဲ၊ ဒါကြောင့် ဒီတဏှာကိုလဲ ပေါနောဗ္ဘဝိကာ - တစ်ဖန်ဘဝသစ်ကိုဖြစ်စေတတ်တယ်လို့ ပြဆိုထားတာပါပဲ၊ ဒီတဏှာအတွက် ဆောင်ပုဒ်ကတော့ "ဘဝတဏှာ၊ သဿတာ၊ ထင်ကာနှစ်သက်မှု" တဲ့၊ အဲဒီမှာ "သဿတာ၊ ထင်ကာနှစ်သက်မှု" ဆိုတာ အမြဲတည်ရှိနေတယ်ထင်ပြီး နှစ်သက်တာကို ဆိုတာပါပဲ၊ အဲဒါကိုဆိုကြရမယ်။

၂။ ဘဝတဏှာ၊ သဿတာ၊ ထင်ကာနှစ်သက်မှု။

## ၃။ ဝိဘဝတဏှာ

ဝိဘဝတဏှာဆိုတဲ့ ပုဒ်ထဲက ဝိဘဝဆိုတာက "အဖြစ်-အရှိ ကင်းခြင်း၊ ဘဝပြတ်ခြင်း" လို့အနက်ရှိတယ်၊ ဒါကြောင့် "မသေခင်သာရှိတယ်၊ သေပြီးရင် မရှိတော့ဘူး" လို့ထင်မြင်ယူဆပြီး နှစ်သက်လိုချင်တာကို ဝိဘဝတဏှာလို့ခေါ်တယ်၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ယှဉ်တွဲပြီးဖြစ်တဲ့တဏှာပါပဲ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတာ "သတ္တဝါဟာ သေပြီးရင်ဘာမျှမရှိတော့ဘူးလုံးဝပျောက်ကွယ် ပြတ်စဲသွားတယ်" လို့ထင်မြင်တဲ့ အယူပါပဲ၊ အဲဒီအယူရှိတဲ့သူက "မသေခင်သာရှိတယ်၊ မသေခင်သာ ခံစားရတယ်"

http://www.dhammadownload.com



လို့ထင်မြင်နေသောကြောင့် မသေခင်ခံစားရန် မျှော်လင့်တောင့်တတယ်၊ ခံစားရသမျှကိုလဲ နှစ်သက်တယ်၊ မသေဘဲလဲ ရှိနေချင်တယ်၊ အဲဒါတွေဟာ ဝိဘဝတဏှာတွေပဲ၊ ဆင်းရဲဒုက္ခအကြီးအကျယ်ရောက်နေရင် သေသွားခြင်းကိုလဲ တောင့်တတယ်၊ ဒါလဲဝိဘဝတဏှာပဲ၊ အဲဒီ ဝိဘဝတဏှာကိုလဲ ဖြစ်တိုင်း သေခါနီး၌ ထင်ပေါ်လာသောအာရုံကိုစွဲလမ်းဖို့ အရိုန်အဝါရသွားတယ်၊ ဒါကြောင့် သေခါနီး၌ အဲဒီစွဲလမ်းခဲ့တဲ့အာရုံကိုယူပြီး ပဋိသန္ဓေစိတ်နှင့်တကွ ဘဝသစ်ရုပ်နာမ်တွေဖြစ်သွားတယ်၊ ဒါကြောင့် ဒီတဏှာကိုလဲ ပေါနောဗ္ဘဝိကာ - တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်တယ်လို့ ပြဆိုထားတာပါပဲ၊ ဒီတဏှာအတွက် ဆောင်ပုဒ်ကတော့ "ဝိဘဝမှာ၊ ဥစ္ဆေဒ၊ ထင်ကာနှစ်သက်မှု" တဲ့ အဲဒါကို ဆိုကြရမယ်"။

၃။ ဝိဘဝမှာ၊ ဥစ္ဆေဒ၊ ထင်ကာနှစ်သက်မှု။

ဝိဘဝတဏှာဆိုတာ သေပြီးရင် ဘာမျှမရှိတော့ပဲ ဥစ္ဆေဒဖြစ်သွားတယ်၊ လုံးဝပြတ်စဲသွားတယ်လို့ထင်ပြီး နှစ်သက်တဲ့တဏှာပဲလို့ဆိုလိုပါတယ်၊ အဲဒီလို သေပြီးရင် အကောင်းအဆိုး ဘာကိုမျှ မခံစားရတော့ဘူးလို့ ထင်မြင်တဲ့အတွက် မကောင်းကျိုးပေးတတ်တဲ့ အကုသိုလ်လဲမရှောင်ဘူး ကုသိုလ်လဲမပြုဘူး မသေခင်ခံစားဖို့ရာ

http://www.dhammadownload.com



ရနိုင်တဲ့ နည်းဖြင့်ရှာကြံပြီး ခံစားနေတယ်၊ ဒါကြောင့် ဒီဥစ္စေဒအယူရှိတဲ့သူမှာ ဘဝကောင်းမှာဖြစ်စေနိုင်တဲ့ ကောင်းမှုကံက မရှိသလောက် ပင်နည်းပါးတယ်၊ မကောင်းမှုကံတော့ အလွန်ပင်များဖို့ရှိပါတယ်၊ ဒါကြောင့် သေခါနီးမှာ သူပြုထားတဲ့ကုသိုလ်ကံရတယ်၊ အကုသိုလ်ကမ္မနိမိတ်ရယ်၊ ဖြစ်ရမယ့်အပါယ်ဘဝက အခြေအနေ ဂတိနိမိတ်ရယ် အဲဒီအာရုံသုံးခုထဲက တစ်ခုခုကိုစွဲပြီး အပါယ်ပဋိသန္ဓေစသည် ဖြစ်ဖို့ပဲရှိတယ်။

ယခုဖော်ပြခဲ့တဲ့ တဏှာသုံးပါးကြောင့် ဖြစ်ရာဘဝမှာ ပဋိသန္ဓေမှစ၍ သင်္ခါရဒုက္ခခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ အဆက်မပြတ်ဖြစ်ပွားနေတာပဲ၊ ဒါကြောင့် ဒီတဏှာသုံးပါးကို သင်္ခါရသမုဒယ - သင်္ခါရဖြစ်ကြောင်းတရားလို့ ဆိုရတာပဲ၊ သမုဒယသစ္စာဆိုတာလဲ ဒီတဏှာသုံးပါးပါပဲ၊ ဒါကြောင့် အဲဒီလိုဖြစ်ပုံကို "သင်္ခါရဖြစ်ရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာစု" လို့ အတိုချုပ်မှတ်ထားကြရမယ်၊ အဲဒါကိုဆိုရမယ်။

၄။ သင်္ခါရဖြစ်ရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာစု။

အဲဒီတဏှာသုံးပါးကို သင်္ခါရသမုဒယဟု မြတ်စွာဘုရားက ဟောတော်မူကြောင်း ဓမ္မစက္ကပ္ပဝတ္တနသုတ်ပါဠိတော်ရင်းက ဒီလိုနိဂုံးချုပ်ပြီး ဖြကြားပါတယ်။

http://www.dhammadownload.com



အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ အယံ ခေါ - ဤတဏှာသုံးပါးကို၊ သက္ကာယသမုဒယော - သက္ကာယဖြစ်ကြောင်း သမုဒယသစ္စာဟူ၍၊ ဘဂဝတာ-မြတ်စွာဘုရားက၊ ဝုတ္တော-ဟော တော်မူအပ်ပါသည်တဲ့ (အဲဒီလို မြတ်စွာဘုရားဟောတော်မူပုံကတော့ ခန္ဓဝဂ္ဂသံယုတ်ပါဠိ နှာ ၁၂၉-မှာ ထင်ရှားရှိပါတယ်)။ ဒီသမုဒယ သစ္စာ တဏှာသုံးပါးအကြောင်းကို ဒါထက်ကျယ်ကျယ်ပြန့်ပြန့် သိချင် ရင်တော့ ဓမ္မစကြာတရားတော်ကြီးစာအုပ်မှာ ကြည့်ရှုနိုင်ပါတယ်။

အဲဒီသမုဒယသစ္စာအဖြေကို ကြားရတော့ ဝိသာခသူဌေး ကြီးက ကျေနပ်သဘောကျပြီးတော့ သာဓုခေါ်ပြီး နိရောဓသစ္စာကို ဒီလိုမေးမြန်းပါတယ်။

## နိရောဓသစ္စာအမေး

သက္ကာယ နိရောဓော သက္ကာယနိရောဓောတိ အယျေ ဝုစ္စတိ၊ ကတမောနုခေါ အယျေ သက္ကာယနိရောဓော ဝုတ္တော ဘဂဝတာ။

အယျေ - အရှင်မ ဓမ္မဒိန္နာ၊ သက္ကာယနိရောဓော သက္ကာယ နိရောဓောတိ-သက္ကာယခေါ် ဒုက္ခ၏ချုပ်ခြင်းသဘော (ချုပ်ရာ) သက္ကာ ယခေါ် ဒုက္ခ၏ချုပ်ခြင်းသဘော (ချုပ်ရာ) ဟူ၍၊ ဝုစ္စတိ - ပြောဆိုအပ်၏။ ဝါ-ပြောဟောနေကြပါသည်၊ အယျေ - အရှင်မဓမ္မဒိန္နာ၊ ကတမော

http://www.dhammadownload.com



- အဘယ်တရားကို၊ သင်္ခါယနိရောဓော - သင်္ခါယနိရောဓဟူ၍၊ ဝါ-သင်္ခါယချုပ်ခြင်းသဘော(ချုပ်ရာ)ဟူ၍၊ ဘဂဝတာ-မြတ်စွာ ဘုရားက၊ ဝုတ္တော နုခေါ - ဟောတော်မူအပ်ပါသနည်းတဲ့။

သင်္ခါယနိရောဓဆိုတဲ့ ဆင်းရဲချုပ်ခြင်းသဘော (ချုပ်ရာသဘော)က ဘယ်တရားပါလဲ၊ ဘယ်တရားကို နိရောဓသစ္စာလို့ ဆိုရပါသလဲလို့ မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

## နိရောဓသစ္စာအဖြေ

ယော ခေါ် အာဝုသော ဝိသာခ တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊ အယံ ခေါ် အာဝုသော ဝိသာခ သင်္ခါယနိရောဓော ဝုတ္တော ဘဂဝတာ။

အာဝုသော ဝိသာခ - ဒါယကာဝိသာခ ၊ တဿာယေဝ တဏှာယ - ထိုဆာလောင်မှုတဏှာ၏ပင်လျှင်၊ ဝါ - (ကာမတဏှာ စသော) ထိုသုံးပါးသော တဏှာ၏ပင်လျှင်၊ ယောအသေသဝိရာဂ နိရောဓော - အကြွင်းအကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းသည်၊ ယော စာဂေါ - (ထိုတဏှာကို) အကြွင်းစွန့်ခြင်းသည်၊ ယော ပဋိနိဿဂ္ဂေါ - အကြွင်ဝေးစွာစွန့်ခြင်းသည်၊ ယာ မုတ္တိ - (ထိုတဏှာမှ) အကြွင်

http://www.dhammadownload.com



လွတ်ခြင်းသည်၊ ယော အနာလယော - အကြင်မတွယ်တာခြင်းသည်၊ အတ္တိ-ရှိ၏။ အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ အယံခေါ် - အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်းစသည်ဖြင့် ပြဆိုအပ်သော ဤသဘောကို၊ သက္ကာယနိရောဓော - သက္ကာယချုပ်ခြင်းသဘော (ချုပ်ရာသဘော) ဟူ၍ ဘဂဝတာ ဝုတ္တော- မြတ်စွာဘုရားက ဟောတော်မူအပ်ပါသည်တဲ့။

နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်တရားက အသိခက်တယ်၊ အပြောရလဲခက်တယ်၊ မိမိတို့သန္တာန်မှာ ရှိနေတဲ့ရုပ်နာမ်များလို မိမိတို့ မျက်မှောက်မှာရှိနေတဲ့ ရုပ်ဝတ္ထုများလို သိဖို့လဲမလွယ်ဘူး။ ပြောဖို့လဲ မလွယ်ဘူး။ သက္ကာယနိရောဓဆိုတာကို ဒုံးဒိုးပြောမယ်ဆိုရင် ဥပါဒါနက္ခန္ဓာဆိုတဲ့ရုပ်နာမ်တို့၏ချုပ်ခြင်း ကင်းငြိမ်းခြင်းလို့ပြောရမှာပဲ။ ဒါပေမယ့် အဲဒီရုပ်နာမ်တွေချုပ်တာကလဲ ဖြစ်ပြီးတော့ ချုပ်ပျက်သွားတာကို ဆိုလိုတာမဟုတ်ဘူး။ ဖြစ်နေကျရုပ်နာမ်တွေ အကြောင်းမရှိလို့ လုံးလုံး မဖြစ်တော့ဘဲ ချုပ်ခြင်းကင်းငြိမ်းခြင်းကိုသာ ဆိုလိုတယ်၊ ဒါကြောင့် ဒီမှာ အကြောင်းဖြစ်တဲ့ သမုဒယတဏှာ၏ချုပ်ခြင်းဖြင့် ဖော်ပြထားတာပါပဲ။

အဲဒီမှာ တဏှာအကြွင်းမဲ့ ပျက်ပြယ်တယ် ချုပ်တယ်ဆိုတာ အရဟတ္တမဂ်၏ အစွမ်းကြောင့် ဖြစ်နိုင်ခွင့်မရှိတော့ဘဲ ပြတ်စဲကင်းငြိမ်းသွားတာကို ဆိုတာပါပဲ၊ အဲဒါဟာ ရဟန္တာ၏သန္တာန်၌ နှစ်သက်သာယာ

http://www.dhammadownload.com



တဲ့တာကြာ လုံး-ဝမဖြစ်ခြင်းဖြင့် ထင်ရှားသိရတယ်၊ ရဟန္တာမှာ ဘယ်လို နှစ်သက်ဖွယ်အာရုံကိုမျှ နှစ်သက်သာယာမှုမဖြစ်တော့ဘူး၊ ဒါကြောင့် စုတေခါနီးနောက်ဆုံးအချိန်မှာလဲ ဘယ်အာရုံကိုမျှ မစွဲလမ်းတော့ဘူး။ အဲဒီလိုအစွဲအလမ်းကင်းသောကြောင့် ပရိနိဗ္ဗာန်စုတိစိတ်ချုပ်သွားသည့် နောက်၌ ပဋိသန္ဓေစိတ်နှင့်တကွ ဘဝသစ်ရုပ်နာမ်တွေဟာ လုံးဝ ဖြစ်မလာတော့ဘဲ ပြတ်စဲကင်းငြိမ်းသွားတယ်၊ အဲဒါဟာ သက္ကာယလို့ ဒုက္ခသစ္စာလို့ခေါ်တဲ့ ရုပ်နာမ်ခန္ဓာတွေ ကင်းငြိမ်းသွားတာပဲ၊ အဲဒီလို ဘဝသစ်ရုပ်နာမ်တွေဖြစ်မလာတော့ဘဲ မရှိတော့ဘဲ ကင်းငြိမ်းနေတော့ အိုခြင်း နာခြင်း သေခြင်းစသော ဆင်းရဲဟူသမျှတွေလဲ အကုန်လုံး အပြီးတိုင် ကင်းငြိမ်းသွားတော့တာပဲ။

အဲဒီလို အကြောင်းကိလေသာ ဖြစ်ခွင့်မရှိတော့ဘဲ ကင်းငြိမ်းပြီး ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းကင်းပြတ်သွားတာကို နိရောဓသစ္စာ နိဗ္ဗာန်လို့ ဆိုတာပါပဲ၊ ဥပမာအားဖြင့် လောင်စာမရှိလို့ မီးငြိမ်းသွားတာမျိုးပါပဲ၊ အဲဒါကို အင်္ဂုတ္တရပါဠိပထမတွဲ (နှာ-၁၇၈) မှာ ဒီလိုလဲ ဟော ထားပါတယ်။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ် ပဋိလုံနှင့်နိဗ္ဗာန်အရအတူပင်

(ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ) ရဟန်းတို့ ဒုက္ခနိရောဓအရိယသစ္စာက ဘယ်ဟာလဲ၊ (အဝိဇ္ဇာယတွေ၀ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော) တဏှာဖြစ်ကြောင်း အဝိဇ္ဇာ၏ပင်လျှင် အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့် သင်္ခါရ တို့၏ ချုပ်ခြင်း ပြီးစီးသည်၊ (သင်္ခါရနိရောဓာ ဝိညာဏနိရောဓော) သင်္ခါရတို့၏ချုပ်ခြင်းကြောင့် ဘဝသစ်နိပါတဝိညာဏ်ချုပ်ခြင်းပြီးစီးသည်။ [ဤမှနောက်၌ပါဠိမပြဘဲ မြန်မာပြန်သက်သက်ပြသွားမည်] ဝိညာဏ် ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်ခြင်းပြီးစီးသည်၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် မျက်စိနားစသော အာယတနချုပ်ခြင်းပြီးစီးသည်၊ အာယတနချုပ်ခြင်း ကြောင့် ဖဿ-အတွေ့ချုပ်ခြင်းပြီးစီးသည်၊ ဖဿချုပ်ခြင်းကြောင့် ခံစားမှုဝေဒနာ ချုပ်ခြင်းပြီးစီးသည်၊ ဝေဒနာချုပ်ခြင်းကြောင့် တဏှာချုပ်ခြင်း ပြီးစီးသည်၊ တဏှာချုပ်ခြင်းကြောင့် စွဲလမ်းမှုဥပါဒါန်ချုပ်ခြင်း ပြီးစီးသည်၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝသစ်ဖြစ်ကြောင်း ကံနှင့်ဘဝသစ်ဖြစ်မှု ချုပ်ခြင်းပြီးစီးသည်၊ ဘဝချုပ်ခြင်းကြောင့် ဘဝသစ်ဖြစ်မှု ဇာတိချုပ်ခြင်း ပြီးစီးသည်၊ ဇာတိချုပ်ခြင်းကြောင့် အိုခြင်းသေခြင်းချုပ်သည်၊ စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု စိတ်ပြင်းစွာပူပန်မှုတို့လဲ ချုပ်ကြသည်၊

http://www.dhammadownload.com



ဤဆိုခဲ့သည့်အတိုင်း ဤဆင်းရဲအစုသက်သက်၏သာလျှင် ချုပ်ငြိမ်းခြင်းဖြစ်သည်၊ (အတ္တကောင်၏ ချုပ်ခြင်းမဟုတ်ဟုဆိုလို၏) ရဟန်းတို့ ယခုပြဆိုခဲ့သော ဤဆင်းရဲ အစုသက်သက်၏ချုပ်ခြင်းကို ဒုက္ခနိရောဓအရိယသစ္စာဟုခေါ်ဆိုအပ်ပေသည်တဲ့။

အဲဒါဟာ ဘုရားဟောပါဠိကို အတိအကျ မြန်မာပြန်ဆိုချက်ပါပဲ၊ အဲဒီပါဠိမှာ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်၊ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်သည်စသည်ဖြင့် တစ်ခုချင်း တစ်ခုချင်း ချုပ်ပုံကို အသီးသီးပြတာကတော့ ဆိုင်ရာအကြောင်းချုပ်ရင် သူ့ဆိုင်ရာအကျိုးချုပ်တယ်ဆိုတာကို သိနားလည်ရအောင်လို့ ပြတာပါပဲ၊ စင်စစ်သိစေလိုတာကတော့ အဝိဇ္ဇာချုပ်သည်နှင့်တစ်ပြိုက်နက် သင်္ခါရစသော အကျိုးတရားတွေအကုန်လုံး တစ်ပါတည်းချုပ်သွားကြတယ်ဆိုတာကို သိစေလိုရင်းပါပဲ။

နောက်ပြီးတော့ အထူးသတိပြုစရာကတော့ နိရောဓာ-ချုပ်ခြင်းကြောင့်၊ နိရောဓော - ချုပ်ခြင်းပြီးစီးသည်ဆိုတဲ့ ပြန်ဆိုချက်ဟာ အတိအကျ ပြန်ဆိုချက်ပဲ၊ နိရောဓာနှင့်နိရောဓောပုဒ်တို့ကို ချုပ်ရာ - လို့တော့ အနက်ပြန်ရန် ဖွင့်ပြချက်လဲမရှိဘူး၊ အဲဒီလို အနက်ပြန်ရန်လဲ လုံးဝမသင့်ပါဘူး၊ ဒါကြောင့် နိဗ္ဗာန်နှင့်နိရောဓသစ္စာတို့ကို အကြောင်း ကိလေသာနှင့် အကျိုးရုပ်နာမ်တို့၏ ချုပ်ခြင်းသဘောပဲဆိုတာဟာ

http://www.dhammadownload.com



အတိအကျအနက်မှန်ဖြစ်ကြောင်းမြဲမြံစွာ မှတ်ထားကြရမယ်။

ကိလေသာချုပ်ရာ ဆင်းရဲချုပ်ရာလို့ ပြန်ဆိုချက်ကတော့ ချုပ်ခြင်းကိုပင် ချုပ်ရာလို့တင်စားပြီး ပြန်ဆိုချက်ဖြစ်ကြောင်းလဲ သိနားလည်ထားကြရမယ်။

အဲဒီ အကြောင်းကိလေသာ အကြွင်းမဲ့ချုပ်ခြင်းဆိုတဲ့ နိရောဓသစ္စာနိဗ္ဗာန်ကို တဿာယေဝ တဏှာယ - ထိုတဏှာ၏ပင်လျှင်၊ အသေသဝိရာဂနိရောဓော - အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်းသင် ဖြစ်ကြောင်း ယခုပြဆိုဆဲပါဠိမှာရော ဓမ္မစကြာသုတ်ပါဠိစသည်မှာရော ဖော်ပြထားတယ်၊ အဲဒီလို အကြောင်းကိလေသာ အကြွင်းမဲ့ချုပ်ရင် သူ့ဆိုင်ရာအကျိုးရုပ်နာမ်ဆင်းရဲတွေလဲ အကြွင်းမဲ့ချုပ်ငြိမ်းတယ်ဆိုတာကိုလဲ သိစေပါတယ်၊ ဥပမာအားဖြင့် မီးလောင်စာလုံးဝမရှိတော့ဘူးဆိုရင် မီးလဲ လုံးဝမရှိတော့ဘူးဆိုတာ သိရသလိုပါပဲ။

## အရိယမဂ်ဖြင့် နိဗ္ဗာန်တွေ့ပုံ

အဲဒီနိဗ္ဗာန်ကို အရိယမဂ်ဖြင့် အာရုံပြုပုံပြသော ပဋိသမ္ဘိဒါမဂ်ပါဠိ (၄၁၁) ၌ -

ပဥ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

http://www.dhammadownload.com



ပဥ္စန္နံခန္ဓာနံ - ခန္ဓာငါးပါးတို့၏၊ နိရောဓော - ချုပ်ခြင်းသည်၊ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ- မြဲသောနိဗ္ဗာန်ဟု သိမြင်လျက် အရိယမဂ်ရောက်သည့်တဲ့ - အဲဒီမှာ နိစ္စံ- မြဲသောဆိုတဲ့ ဝိသေသနကတော့ ရှေ့ပိုင်းဝိပဿနာက အနိစ္စ - မမြဲဘူးလို့ ရှုမြင်လာတဲ့ခဲ့တဲ့အတွက် နိဗ္ဗာန်ကိုတွေ့မြင်တဲ့အခါ မြဲတဲ့အနေဖြင့် တွေ့မြင်ပုံကိုပြတာပါပဲ၊ လိုရင်းကတော့ အရိယာမဂ်ဖိုလ်ခဏ၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ချုပ်ခြင်း ကင်းဆိတ်ခြင်းကို တွေ့မြင်တယ်ဆိုတာက လိုရင်းပါပဲ၊ အဲဒီပဋိသမ္ဘိဒါမဂ်ပါဠိတော်အရအားဖြင့် ဝိပဿနာရှုခဲ၌ မြင်မှုကြားမှုစသော ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို တွေ့သိနေတယ်၊ အရိယမဂ်ဖိုလ်ခဏကျတော့ အဲဒီဖြစ်ပျက်နေတဲ့ မြင်မှုကြားမှုစသောရုပ်ခန္ဓာတွေ ချုပ်ငြိမ်းကင်းဆိတ်နေတာကိုသာ တွေ့သိရတယ်၊ အဲဒီဖြစ်ပျက်ရုပ်နာမ် ချုပ်ငြိမ်းတာဟာ မဂ်ဖိုလ်၏အာရုံဖြစ်တဲ့ သာမညနိဗ္ဗာန်ပဲ၊ အဲဒီသာမညနိဗ္ဗာန်ကိုသိမြင်တဲ့ အရိယမဂ်၏ အစွမ်းကြောင့် အကြောင်းကိလေသာနှင့် အကျိုးရုပ်နာမ်တွေ ဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်းတာက ဝိသေသနိဗ္ဗာန်ပဲ။

အဲဒီ ဝိသေသနိဗ္ဗာန်က အရိယမဂ်လေးပါး၏အစွမ်းကြောင့် ကိလေသာနှင့်ရုပ်နာမ်ခန္ဓာချုပ်ငြိမ်းခြင်းလေးပါးရှိတယ်၊ အဲဒီလေးပါးထဲက သောတာပတ္တိမဂ်၏အစွမ်းကြောင့် ချုပ်ငြိမ်းပုံကတော့ အပါယ်

http://www.dhammadownload.com



လေးပါး ကျရောက်စေတတ်တဲ့ တဏှာလဲချုပ်ငြိမ်းတယ်၊ ခုနစ်ဘဝ ထက်ပိုလွန်ပြီး ကာမသုဂတိဘဝတွေကို ဖြစ်နေနိုင်တဲ့တဏှာလဲ ချုပ်ငြိမ်းတယ်၊ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာလဲ ချုပ်ငြိမ်းတယ်၊ ဒါကြောင့် သောတာပန်မှာ အပါယ်ဘဝရုပ်နာမ်တွေ ခုနစ်ဘဝထက်ပိုလွန်တဲ့ ကာမသုဂတိဘဝရုပ်နာမ်တွေဖြစ်ခွင့်မရှိတော့ဘဲ ချုပ်ငြိမ်းကင်းရှင်းသွားတယ်၊

သကဒါဂါမိမဂ်၏အစွမ်းကြောင့် ကြမ်းတမ်းသောကာမတဏှာနဲ့ ဗျာပါဒ ချုပ်ငြိမ်းတယ်၊ ဒါကြောင့် ၂-ဘဝထက်ပိုလွန်ပြီး ကာမသုဂတိဘဝတွေလဲ ဖြစ်ခွင့်မရှိတော့ဘဲ ချုပ်ငြိမ်းကင်းရှင်းသွားတယ်၊ ဒါပေမယ့် သောတာပတ္တိမဂ်ခဏ သကဒါဂါမိမဂ်ခဏမှာတော့ အဲဒီကိလေသာတွေ ချုပ်တာနဲ့ ဘဝရုပ်နာမ်တွေချုပ်တာကိုတော့ မတွေ့သိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီဖြစ်ခွင့်ရှိတဲ့ ကိလေသာတွေနဲ့ ဘဝရုပ်နာမ်တွေက ထင်ရှားရှိနေတာမဟုတ်ဘူး။ ဖြစ်ခွင့်ရှိရုံမျှသာရှိနေတာပဲ၊ ဒါကြောင့် ထင်ရှားရှိနေတဲ့အရာဝတ္ထုတွေ ပျောက်ကွယ်သွားတဲ့အနေဖြင့် တွေ့သိရတာက မဟုတ်ဘူး။ ဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေ ချုပ်ငြိမ်းကင်းဆိတ်တဲ့သာမည နိဗ္ဗာန်ကိုသာ အရိယာမဂ်ခဏ၌ ထင်ရှားတွေ့သိရပါတယ်။

အနာဂါမိမဂ်၏အစွမ်းကြောင့် ကာမတဏှာနဲ့ ဗျာပါဒတွေ လုံးဝချုပ်ငြိမ်းသွားတယ်၊ ဒါကြောင့် ကာမဘဝရုပ်နာမ်တွေလဲဖြစ်ခွင့်မရှိ

http://www.dhammadownload.com



တော့ဘဲ လုံးဝချုပ်ငြိမ်းသွားတယ်၊ ဒါပေမယ့် အဲဒီကာမတဏှာဗျာပါဒ နဲ့ ကာမဘဝရုပ်နာမ်တွေ ချုပ်ငြိမ်းပုံကိုတော့ အဲဒီမဂ်ခဏမှာ တွေ့ သိရတာတော့မဟုတ်ပါဘူး။ ဝိပဿနာဉာဏ်ဖြင့် တွေ့နေရတဲ့ဖြစ်ပျက် ရုပ်နာမ်တွေအားလုံး ချုပ်ငြိမ်းကင်းဆိတ်တဲ့ သာမညနိဗ္ဗာန်ကိုသာ အဲဒီ မဂ်ခဏ၌တွေ့သိရတာပဲ၊ ဒါပေမယ့် မဂ်ဖိုလ်ရောက်ပြီးတဲ့နောက် ပြန် လည်ဆင်ခြင်မိတဲ့အခါမှာတော့ ကာမတဏှာနဲ့ ဗျာပါဒဖြစ်ခွင့်မရှိတော့ ဘဲ ချုပ်ငြိမ်းနေတာကိုလဲ သိရပါတယ်၊ ကာမဘုံ၌ ဖြစ်ခွင့်မရှိတာကိုလဲ သိရပါတယ်။

အရဟတ္တမဂ်၏အစွမ်းကြောင့် အဝိဇ္ဇာ ဘဝတဏှာစသော ကိလေသာတွေအကုန်ချုပ်ငြိမ်းသွားတယ်၊ ဘဝ၌တပ်မက်သာယာတဲ့ တဏှာမရှိတော့သောကြောင့် ဘဝသစ်ရုပ်နာမ်တွေလဲ ဖြစ်ခွင့်မရှိတော့ ဘဲ ချုပ်ငြိမ်းသွားတယ်၊ အဲဒါကိုလဲ မဂ်ခဏမှာတော့ တွေ့သိတာမဟုတ် ပါဘူး။ ဝိပဿနာဉာဏ်ဖြင့် မပြတ်တွေ့သိနေရတဲ့ ဖြစ်ပျက်ရုပ်နာမ်တွေ ချုပ်ငြိမ်းကင်းရှင်းတဲ့ သာမညနိဗ္ဗာန်ကိုသာ မဂ်ခဏ၌ တွေ့သိရပါတယ်၊ ဒါပေမယ့် ကိလေသာချုပ်ငြိမ်းတာရော ဘဝသစ်ရုပ်နာမ်ခန္ဓာချုပ်ငြိမ်း တာရော အဲဒီချုပ်ငြိမ်းခြင်းအထူးဟာလဲ သာမညနိဗ္ဗာန်ထဲမှာအတွင်း ဝင်နေတာမို့ နိဗ္ဗာန်ကိုတစ်ပါးတည်းလို့သာဆိုရပါတယ်၊ ဘယ်လိုလဲ ဆိုတော့ကာ ကိလေသာမျှသာငြိမ်းတဲ့ သဉပါဒိသေသနိဗ္ဗာန်နဲ့ ဘဝ

http://www.dhammadownload.com



သစ်ခန္ဓာပါငြိမ်းတဲ့ အနုပါဒိသေသနိဗ္ဗာန်တို့ကို မဂ်ဖိုလ်၏အာရုံဖြစ်တဲ့ သာမညနိဗ္ဗာန်နဲ့အတူတူပဲလို့ ဆိုရတာပါပဲ၊ ဘာကြောင့်လဲဆိုတော့ ငြိမ်းခြင်းသဘောအားဖြင့် အတူတူပင်ဖြစ်နေသောကြောင့်ပါပဲ။

သင်္ကာယနိရောဓကို ပြဆိုရာမှာ သမုဒယသစ္စာအဖြစ်ဖြင့် ပြဆိုခဲ့တဲ့ ထိုတဏှာ၏ပင်လျှင် (အသေသဝိရာဂနိရောဓော) အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်းဆိုတဲ့စကားဖြင့်သိစေတာကတော့ ဖြစ်ခွင့်လုံးဝမရှိတော့ဘဲ တဏှာကင်းငြိမ်းသွားတာကို ဘဝသစ်ရုပ်နာမ် လုံးဝကင်းငြိမ်းကြောင်းဖြစ်သောကြောင့် သင်္ကာယနိရောဓလို့ သိစေတာပါပဲ၊ အဲဒါဟာ အခိုက်အတန့်မျှ ချုပ်ငြိမ်းတာမဟုတ်ဘူး ဘယ်တော့မှ ဖြစ်ခွင့်မရှိတော့ဘဲ အပြီးတိုင်ချုပ်ငြိမ်းတာကိုသာဆိုတာပါ။

ထို့အတူပင် (စာဂေါ) ထိုတဏှာကိုစွန့်ခြင်း၊ (ပဋိနိဿဂ္ဂေါ) ဝေးစွာစွန့်ခြင်းလို့ဆိုရာမှာလဲ အကြွင်းမဲ့စွန့်ခြင်းကို ဆိုတာပါပဲ၊ (မုတ္တိ) ထိုတဏှာမှ လွတ်မြောက်ခြင်းလို့ဆိုရာမှာလဲ အဲဒီတဏှာဖြစ်ခွင့်မရှိတော့သောကြောင့် အဲဒီတဏှာမှ အစဉ်ထာဝရလွတ်မြောက်တာ ကင်းတာကိုဆိုတာပါပဲ၊ (အနာလယော) မတွယ်တာခြင်းဆိုရာမှာလဲ အတွယ်အတာ လုံးဝကင်းခြင်းကို ဆိုတာပါပဲ၊ အဲဒီ စာဂစသည်ဟာ အမည်ဝေါဟာရကွဲသော်လဲ အနက်အဓိပ္ပာယ်အရအားဖြင့် နိရောဓနဲ့ အတူတူပါပဲ၊ သင်္ကာယခေါ်တဲ့ ဘဝသစ်ရုပ်နာမ်တွေဟာ တဏှာရှိနေလို့

http://www.dhammadownload.com



အသစ်အသစ် ဖြစ်ဖြစ်ပြီး ရှိနေတာပဲ၊ တဏှာလုံးဝ မရှိဘူးဆိုတော့ အဲဒီသက္ကာယခေါ်တဲ့ ရုပ်နာမ်ဒုက္ခသစ္စာတွေလဲ လုံးဝချုပ်ငြိမ်း ပြတ်စဲသွားတယ်၊ ဒါကြောင့် "တဏှာချုပ်က၊ သက္ကာယ၊ ဒုက္ခအငြိမ်း မှန်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

"တဏှာချုပ်က၊ သက္ကာယ၊ ဒုက္ခအငြိမ်းမှန်။"

ဒါလောက်ဆိုရင် သက္ကာယနိရောဓဆိုတဲ့ နိရောဓသစ္စာ အကြောင်း ကောင်းကောင်းနားလည်လောက်ပါပြီ။

**မဂ္ဂသစ္စာအမေး**

ဓမ္မဒိန္နာ၏ နိရောဓသစ္စာအဖြေကို နှစ်သက်သဘောကျ သဖြင့် သာဓုခေါ်ပြီးနောက် ဝိသာခသူဌေးကြီးက ဒီလိုမေးမြန်းပါတယ်၊

သက္ကာယ နိရောဓဂါမိနီ ပဋိပဒါ သက္ကာယနိရောဓဂါမိနီ ပဋိပဒါတိ အယျေ ဝုစ္စတိ၊ ကတမာ နုခေါ အယျေ သက္ကာယ နိရောဓဂါမိနီပဋိပဒါ ဝုတ္တော ဘဂဝတာ။

အယျေ - အရှင်မဓမ္မဒိန္နာ၊ သက္ကာယ. . . ပဋိပဒါတိ - သက္ကာယချုပ်ခြင်းသို့ရောက်သောအကျင့် သက္ကာယချုပ်ခြင်းသို့ ရောက် သောအကျင့်ဟူ၍၊ ဝါ - မဂ္ဂသစ္စာ မဂ္ဂသစ္စာဟူ၍၊ ဝုစ္စတိ- ပြော ဆိုအပ်၏၊ ဝါ-ပြောဟောနေကြပါသည်။ အယျေ - အရှင်မဓမ္မဒိန္နာ၊

http://www.dhammadownload.com



ကတမာ- အဘယ်တရား အဘယ်အကျင့်ကို၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ - ဒုက္ခချုပ်ခြင်းသို့ရောက်သောအကျင့်ဟူ၍၊ ဝါ -မဂ္ဂ သစ္စာဟူ၍၊ ဘဂဝတာ ဝုတ္တာ-မြတ်စွာဘုရားက ဟောအပ်ပါသနည်းတဲ့၊

မဂ္ဂသစ္စာအကျင့်ဟာ ဒုက္ခချုပ်တဲ့နိဗ္ဗာန်သို့ အာရုံပြု သောအားဖြင့် ရောက်တတ်တယ်၊ ဒုက္ခချုပ်ခြင်းကို ပြီးစေသော အားဖြင့် ကျင့်သူကိုလဲ ရောက်စေတတ်တယ်၊ ဒါကြောင့် ဒုက္ခ ချုပ်ခြင်းသို့ ရောက်တတ်သောအကျင့်၊ တစ်နည်းအားဖြင့် ရောက်စေ တတ်သောအကျင့်၊ တစ်နည်းအားဖြင့် ရောက်ကြောင်းအကျင့်လို့လဲ ဆိုရပါတယ်၊ အဲဒီမဂ္ဂသစ္စာက ဘယ်ဟာလဲလို့ မေးတာပါပဲ၊ အဲဒီ အမေးကို ဓမ္မဒိန္နာက ဒီလိုဖြေကြားပါတယ်။

## မဂ္ဂသစ္စာအဖြေ

အယမေဝ ခေါ အာဝုသော ဝိသာခ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဒုက္ခ နိရောဓဂါမိနီပဋိပဒါ ဝုတ္တာ ဘဂဝတာ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာ ဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ အရိယော-

http://www.dhammadownload.com



ဖြူစင်မြင့်မြတ်သော၊ အင်္ဂါကော - အင်္ဂါရှစ်ပါးရှိသော၊ အယမေဝ မဂ္ဂေါ - ဤမဂ်ကိုပင်လျှင်၊ သက္ကာယနိရောဓဂါမိနီပဋိပဒါ-သက္ကာယ ချုပ်ခြင်းသို့ရောက်သောအကျင့်ဟူ၍ ဘဂဝတာ ဝုတ္တာ - မြတ်စွာဘုရား က ဟောထားပါသည်၊ သေယျထိဒံ - ဤမဂ်က ဘယ်ဟာလဲဆိုလျှင်၊ သမ္မာဒိဋ္ဌိ - မှန်စွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပေါ - မှန်စွာကြံခြင်း၊ သမ္မာဝါစာ- မှန်စွာပြောခြင်း၊ သမ္မာကမ္မန္တော - မှန်စွာပြုခြင်း၊ သမ္မာအာဇီဝေါ- မှန်စွာအသက်မွေးခြင်း၊ သမ္မာဝါယာမော - မှန်စွာအားထုတ်ခြင်း၊ သမ္မာသတိ- မှန်စွာအမှတ်ရခြင်း၊ သမ္မာသမာဓိ - မှန်စွာစူးစိုက်တည် ကြည်ခြင်းတို့ပင်ဖြစ်ပါသည်တဲ့။

သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါးအကျင့်ကိုပင် သက္ကာယ ချုပ်ခြင်းသို့ရောက်သောအကျင့်လို့ မြတ်စွာဘုရားက ဟောထားပါတယ် လို့ ဆိုတာပါပဲ၊ သမ္မာဒိဋ္ဌိအစရှိသော ဒီမဂ္ဂင်ရှစ်ပါးကတော့ တရားစာပေ လေ့လာနေတဲ့သူတွေမှာ နှုတ်တက်ရနေကြမှာပါပဲ၊ ဒီယောဂီတွေလဲ မကြာမကြာ ကြားနာနေကြရလို့ နှုတ်တက်ရနေသူတွေကများမှာပါပဲ၊ ဒါပေမယ့် နှုတ်တက်မရတဲ့သူလဲရှိမယ်၊ အလွန်အလေးပြုအပ်တဲ့ အကျင့်တရားလဲဖြစ်တယ်၊ ဒါကြောင့် အဲဒါတွေကို လိုက်ဆိုကြရမယ်။

http://www.dhammadownload.com



မဂ္ဂင်ရှစ်ပါး

၁။ သမ္မာဒိဋ္ဌိ - မှန်စွာမြင်ခြင်း။

၂။ သမ္မာသင်္ကပ္ပ - မှန်စွာကြံခြင်း။

၃။ သမ္မာဝါစာ - မှန်စွာပြောခြင်း။

၄။ သမ္မာကမ္မန္တ - မှန်စွာပြုခြင်း။

၅။ သမ္မာအာဇီဝ - မှန်စွာအသက်မွေးခြင်း။

၆။ သမ္မာဝါယာမ - မှန်စွာအားထုတ်ခြင်း။

၇။ သမ္မာသတိ - မှန်စွာအမှတ်ရခြင်း။

၈။ သမ္မာသမာဓိ - မှန်စွာစူးစိုက်တည်ကြည်ခြင်း။

သမ္မာဒိဋ္ဌိပုဒ်ကို အများအားဖြင့် ကောင်းစွာမြင်ခြင်းလို့ ပြန်ဆိုကြတာပဲများပါတယ်၊ ဒါပေမယ့် သမ္မာဒိဋ္ဌိ၏ဆန့်ကျင်ဘက် မိစ္ဆာဒိဋ္ဌိနဲ့နှိုင်းယှဉ်ကြည့်ရင် မှန်စွာမြင်ခြင်းလို့ပြန်ဆိုတာက သာပြီးပေါ်လွင်ထင်ရှားပါတယ်၊ ဘာကြောင့်လဲဆိုတော့ မိစ္ဆာနဲ့ သမ္မာက ပြောင်းပြန်ဆန့်ကျင်ဘက်ပဲ၊ မိစ္ဆာဒိဋ္ဌိက မှားစွာမြင်ခြင်း။ မှားသောအသိအမြင်ဆိုတော့ သမ္မာဒိဋ္ဌိက မှန်စွာမြင်ခြင်း။ မှန်သောအသိအမြင်လို့ဆိုမှ ပိုပြီးပေါ်လွင်တယ်၊ ဒါကြောင့် ဘုန်းကြီးက သမ္မာဒိဋ္ဌိ မှန်စွာမြင်ခြင်းစသည်ဖြင့် သမ္မာပုဒ်ကို မှန်စွာလို့ ပြန်ဆိုထားတာပါပဲ၊ အဲဒီသမ္မာဒိဋ္ဌိကို အဋ္ဌကထာများမှာ ငါးပါးခွဲခြားပြီး ဝေဖန်ပြထားပါတယ်၊ ဘယ်လို

http://www.dhammadownload.com



လဲဆိုတော့ -

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ (၂) ဈာနသမ္မာဒိဋ္ဌိ၊ (၃) ဝိပဿနာသမ္မာဒိဋ္ဌိ၊ (၄) မဂ္ဂသမ္မာဒိဋ္ဌိ၊ (၅) ဖလသမ္မာဒိဋ္ဌိ တဲ့၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ ပြထားတာလဲရှိတယ်၊ အဲဒါပါခဲ့ရင် သမ္မာဒိဋ္ဌိ ၆- ပါးရှိတယ်၊ အဲဒီ ၆-ပါးထဲမှာ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိဆိုတာကတော့ အရိယမဂ်ဖိုလ်ရောက်ပြီးတဲ့နောက် ပြန်လည်ဆင်ခြင်ပြီးသိတဲ့ ဉာဏ်ပဲ၊ အဲဒါအတွက်တော့ အထူးအားထုတ်စရာမလိုပါဘူး၊ အရိယမဂ်ဖိုလ် ရောက်ရင် သူ့အလိုလို ဆင်ခြင်တော့ပါပဲ၊ နောက်ပြီးတော့ ဖလသမ္မာဒိဋ္ဌိဆိုတာကလဲ အရိယမဂ်၏အခြားမဲ့မှာပဲ သူ့အလိုလို ဖြစ်သွားတာပဲ၊ အဲဒီ ဖလသမ္မာဒိဋ္ဌိအတွက်လဲ သီးခြားအားထုတ်စရာမလိုပါဘူး၊ ကျန်တဲ့သမ္မာဒိဋ္ဌိလေးပါးအတွက်ကတော့ သီးခြားအားထုတ်ရတယ်။

အဲဒီလေးပါးထဲက ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတာ "ကုသိုလ်ကံကကောင်းကျိုးပေးတယ်၊ အကုသိုလ်ကံကမကောင်းကျိုးပေးတယ်" လို့ ကံနှင့်ကံ၏အကျိုးကိုယုံကြည်ပြီး သိတဲ့ဉာဏ်ပါပဲ၊ အဲဒါက ဝိပဿနာဉာဏ် မဂ်ဉာဏ်များလို ကိုယ်တိုင်တွေ့ပြီး သိတာတော့ မဟုတ်ပါဘူး၊ သဒ္ဓါမှူလိကာ- လို့ အဋ္ဌကထာဖွင့်ပြထားတဲ့အတိုင်း သဒ္ဓါဖြင့်ယုံကြည်ပြီးသိတဲ့ဉာဏ်ပညာပါပဲ၊ ဒီကမ္မဿကတာသမ္မာဒိဋ္ဌိ ဆိုတဲ့ပညာကတော့ သုတမယဉာဏ်ပညာပါပဲ၊ ဒါပေမယ့် ဒီဉာဏ်

http://www.dhammadownload.com



ပညာကလဲ အလွန်အရေးကြီးပါတယ်၊ ကံနှင့်ကံ၏အကျိုးကိုယုံကြည်ပြီး သိမြင်သဘောကျမှ မကောင်းမှုကိုလဲ မပြုဘဲကြဉ်ရှောင်တယ်၊ အဲဒီလို ကြဉ်ရှောင်မှ သီလပြည့်စုံတယ်၊ သမထဘာဝနာအလုပ်ကိုလုပ်ရင် ဈာန်ရပြီး ဗြဟ္မာလောကမှာ ဖြစ်နိုင်တယ်ဆိုတာ ယုံကြည်မှ သမထဘာဝနာ အလုပ်ကိုအားထုတ်ပြီး ဈာန်ကုသိုလ်ကို ရနိုင်တယ်၊ ဥပါဒါနက္ခန္ဓာငါးပါးဆိုတဲ့ ရုပ်နာမ်တို့၏အဖြစ်အပျက်ကိုရှုရင် ဝိပဿနာဉာဏ် မဂ်ဖိုလ်ဉာဏ်များကို ရနိုင်တယ်ဆိုတာ ယုံကြည်မှ ဝိပဿနာအလုပ်ကို အားထုတ်ပြီး ဝိပဿနာဉာဏ် မဂ်ဖိုလ်ဉာဏ်များကို ရနိုင်တယ်၊ ဒါကြောင့် ကမ္မဿကတာသမ္မာဒိဋ္ဌိဟာ ဝိပဿနာရှုရာ၌ အခြေခံဖြစ်တဲ့မူလမဂ္ဂင်ပဲ၊ ထို့အတူပင် သီလမဂ္ဂင်နှင့်သမာဓိမဂ္ဂင်များလဲ ဝိပဿနာ၏အခြေခံမူလ မဂ္ဂင်တွေပဲ။

ဒါကြောင့် ဝိပဿနာအလုပ်ကို အားထုတ်မည့်ပုဂ္ဂိုလ်ဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိနှင့်ပြည့်စုံပြီးတော့ သီလနှင့်လဲ ပြည့်စုံရတယ်၊ သမာဓိကိုလဲ ဖြစ်ပွားစေရတယ်၊ အဲဒီမှာ သီလနှင့်ပြည့်စုံတယ်ဆိုတာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါးနှင့် ပြည့်စုံတာပါပဲ၊ သမ္မာဝါစာဆိုတာ (မုသာဝါဒ) လိမ်ပြောခြင်း (ပိသုဏာဝါစာ)ကုန်းတိုက်ခြင်း (ဖရုသဝါစာ)ဆဲရေးကြိမ်းမောင်းခြင်း (သမ္ဖပ္ပလာပ) အနှစ်မဲ့အပြိန်အဖျင်းစကား ပြောခြင်းဆိုတဲ့ မိစ္ဆာဝါစာမှ ကြဉ်ရှောင်ခြင်း

http://www.dhammadownload.com



ပါပဲ၊ သမ္မာကမ္မန္တဆိုတာ (ပါဏာတိပါတ) သတ္တဝါကိုသတ်ခြင်း။ (အဒိန္နာဒါန) သူတစ်ပါးဥစ္စာကိုလုယက်ခိုးယူခြင်း။ (ကာမေသုမိစ္ဆာစာရ) မပိုင်မဆိုင်သော အမအဖိုကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ခြင်းဆိုတဲ့ မိစ္ဆာကမ္မန္တမှ ကြဉ်ရှောင်ခြင်းပါပဲ၊ မိစ္ဆာအာဇီဝဆိုတာကတော့ ခိုးခြင်း၊ လိမ်ခြင်း၊ သတ်ခြင်းစသော မတရားသည့်နည်းဖြင့် ပစ္စည်းရှာပြီး အသက်မွေးခြင်းပါပဲ၊ လူဝတ်ကြောင်များမှာဆိုရင် ငါးပါးသီလကို ရိုရိုသေသေ ဆောက်တည်ကျင့်သုံးခြင်းဖြင့် သီလပြည့်စုံ စင်ကြယ်ပါတယ်၊ ငါးပါးသီလကို ရိုရိုသေသေကျင့်နေရင် ဝိသုဏာဝါစာ စသည်မှလဲ ကြဉ်ရှောင်ရတာပဲ၊ ဒါကြောင့် မုသာဝါဒမှကြဉ်ရှောင်ပါ၏လို့ ဆောက်တည်ပြီး ရိုရိုသေသေကျင့်နေရင် အဲဒီဝိသုဏာဝါစာစသည်မှ ကြဉ်ရှောင်ခြင်းကိုစွဲလဲပြီးတာပါပဲ၊ ရဟန်းများမှာတော့ ပါတိမောက်သိက္ခာပုဒ်များနှင့်အညီ အပြည့်အစုံကျင့်ဖို့လိုပါတယ်၊ အဲဒီလိုကျင့်နေရင် သီလမဂ္ဂင်ပြည့်စုံနေတာပါပဲ။

သမာဓိမဂ္ဂင်ကတော့ တတ်နိုင်ရင် ရှာန်တစ်ပါးဖြစ်စေ၊ နှစ်ပါး သုံးပါး လေးပါးဖြစ်စေ၊ အရူပဈာန်များပါဖြစ်စေ ရေးဦးစွာရအောင် အားထုတ်တာက အကောင်းဆုံးပဲ၊ အဲဒီသမထဈာန်များကိုရအောင် အားမထုတ်နိုင်ရင်တော့ ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်လျက် ဝိပဿနာ ခဏိကသမာဓိကောင်းကောင်းဖြစ်အောင် အားထုတ်ရတယ်၊ ဘယ်လို

http://www.dhammadownload.com



လဲဆိုတော့ ဒွါရ ၆- ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေကို မပြတ် လိုက်ပြီး ရှုနေရတာပါပဲ၊ ဒါပေမယ့် စပြီးရှုခါစမှာတော့ သတိ သမာဓိ ဉာဏ်က အားမရှိသေးသောကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းကို သူ့ဖြစ်စဉ်အတိုင်း အကုန်လုံးလိုက်ပြီး ရှုမှတ်လို့တော့ မဖြစ်သေးပါဘူး။ ဒါကြောင့်ထင်ရှားပေါ်လာတဲ့ ဓါတ်တစ်ပါးကစပြီး ရှုမှတ်ရတယ်၊ အဲဒီလိုရှုမှတ်ဖို့ရာ မဟာသတိပဋ္ဌာနသုတ်မှာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ - စသည်ဖြင့်) သွားဆဲစသည်မှာ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ် စသည်ဖြင့် ရှုမှတ်ဖို့ရာ ညွှန်ကြား ထားပါတယ်။

အဲဒီညွှန်ကြားတော်မူတာကိုမှီပြီးတော့ ဘုန်းကြီးတို့က ထိုင် နေဆဲမှာ ထိုင်တယ် ထိတယ်လို့ရင်လဲရှုမှတ်ဖို့ ဝမ်းဗိုက်က လှုပ်ရှား တာကို ဖောင်းတယ် ပိန်တယ်လို့ရင်လဲ ရှုမှတ်ဖို့ညွှန်ပြနေပါတယ်၊ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်နေရင်း ဖြစ်ပေါ်လာတဲ့ စိတ်ကူးကိုလဲ ရှုမှတ်ဖို့ ကိုယ်လက်လှုပ်ရှားတိုင်းလဲ ရှုမှတ်ဖို့၊ ညောင်းမှု ပူမှုစသော ဝေဒနာကိုလဲ ရှုမှတ်ဖို့၊ ကြားတာ၊ မြင်တာ စသည်ကိုလဲ ရှုမှတ်ဖို့၊ သွားဆဲမှာ သွားတာကို ရှုမှတ်ဖို့ စသည်ဖြင့် ညွှန်ပြနေပါတယ်၊ အဲဒီလိုညွှန်ပြတဲ့အတိုင်း ရိုရို သေသေရှုမှတ်ကြတဲ့သူတွေမှာ ခဏိက သမာဓိအားရှိလာတဲ့အခါကျတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သိစရာရုပ်နဲ့

http://www.dhammadownload.com



သိတဲ့နာမ် ဒီ ၂-ပါးကိုလဲ ပိုင်းခြားပြီးကိုယ်ပိုင်ဉာဏ်ဖြင့် ပင်သိကြပါတယ်၊ လှုပ်ချင်မှု သွားချင်မှု စသောအကြောင်းနဲ့ လှုပ်ရပ် သွားရပ်စသော အကျိုးကိုလဲ ပိုင်းခြားပြီး ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သိကြပါတယ်။

ရှုမှတ်တိုင်း ရှုမှတ်တိုင်း သိစရာရော သိတာရော ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သိကြရပါတယ်၊ အဲဒီလိုသိပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ လို့လဲသိကြပါတယ်၊ အဲဒီလိုအမှန်အတိုင်း သိသိသွားတာဟာ ဝိပဿနာ သမ္မာဒိဋ္ဌိပဲ၊ အဲဒီသမ္မာဒိဋ္ဌိဖြစ်အောင် အမှန်သဘောဆီကို စိတ်ဦးညွှတ်ပေးတာက သမ္မာသင်္ကပ္ပပဲ၊ အဲဒီသမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဟာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဖြစ်နေတယ်၊ အဲဒါဟာ ဝိပဿနာပညာမဂ္ဂင် ၂-ပါးဖြစ်ပွားနေတာပဲ။

ဘုရားအလောင်းတော်များ ဘုရားဖြစ်အောင် ဥပါဒါနက္ခန္ဓာ ငါးပါး၏အဖြစ်အပျက်ကို ရှုနေတယ်ဆိုတာဟာ ဒီလိုရှုနေတာမျိုးပါပဲ၊ အဲဒီလိုရှုမှတ်တိုင်း ရှုမှတ်တိုင်း ကြောင့်ကြစိုက်ပေးတာက သမ္မာဝါယာမ မဂ္ဂင်ပဲ၊ အမှန်အတိုင်းအမှတ်ရတာက သမ္မာသတိမဂ္ဂင်ပဲ၊ ရှုမိတဲ့အာရုံ၌ ကပ်လျက် ကပ်လျက် တည်တည်နေတာက သမ္မာသမာဓိပဲ၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဒီသမာဓိမဂ္ဂင်သုံးပါးလဲ ဖြစ်ပွားနေတာပဲ၊ ဒီသမာဓိမဂ္ဂင်သုံးပါးနဲ့ ခုတင်က ပညာမဂ္ဂင်နှစ်ပါးကို ကာရကမဂ္ဂင် ၅- ပါးလို့ အဋ္ဌကထာက ပြဆိုထားတယ်၊ အလုပ်သမားမဂ္ဂင်လို့ဆိုလို

http://www.dhammadownload.com



တာပါပဲ၊ လှူငါးယောက် တစ်ပေါင်းတည်း လုပ်ရမည့်အလုပ်ဆိုရင် လှူငါးယောက် အညီအညွတ်လုပ်မှ ကိစ္စပြီးတယ်၊ အဲဒါလိုပဲ ဝိပဿနာ ရှုရာမှာလဲ ဒီမဂ္ဂင်ငါးပါး အညီအညွတ်ဖြစ်မှ သမာဓိဉာဏ် တိုးတက်နိုင်တယ်၊ ဒါကြောင့် ဒီမဂ္ဂင်ငါးပါးကို ကာရကမဂ္ဂင်လို့ခေါ်ဆိုထားတာပါပဲ၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါးကတော့ သီလဆောက်တည်ကတည်းက ပြည့်စုံလာခဲ့ပါပြီ၊ ရှုမှတ်နေတုန်းမှာလဲ ပြည့်စုံနေတာပါပဲ၊ ရှုမှတ်နေဆဲမှာ သီလက ပိုပြီးတော့တောင် စင်ကြယ်ပါသေးတယ်၊ ဒါကြောင့် အဲဒီသီလမဂ္ဂင်သုံးပါးပါဆိုလျှင် ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဂ္ဂင်ရှစ်ပါး ဖြစ်ပွားနေတာပဲ၊ အဲဒါဟာ ပုဗ္ဗဘာဂမဂ်လို့ခေါ်တဲ့ ဝိပဿနာမဂ္ဂင်တွေပဲ၊ အရိယမဂ်၏ရှေ့သွား မဂ္ဂင်တွေလို့ ဆိုလိုတာပါပဲ။

ခုတင်ကပြောခဲ့တဲ့ သမ္မာဒိဋ္ဌိ ငါးပါး ခြောက်ပါးထဲမှ ဈာန သမ္မာဒိဋ္ဌိဆိုတာ ဈာန်သမာဓိနဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ ဉာဏ်ပါပဲ၊ အဲဒီ ဉာဏ်က ရှေးဘဝဟောင်းတွေကိုသိတဲ့ ပုဗ္ဗေနိဝါသအဘိညာဉ်၊ သတ္တဝါတွေသေပြီး ဘဝသစ်၌ဖြစ်ကြတာကို သိမြင်တဲ့ဒိဗ္ဗစက္ခု အဘိညာဉ်ဆိုရင်တော့ ဝိပဿနာရှုမှုကိုအားပေးတဲ့ အခြေခံမဂ္ဂင် ဖြစ်ပါတယ်၊ ဈာန်နဲ့ယှဉ်တဲ့ အခြားဉာဏ်တွေကတော့ ဝိပဿနာ

http://www.dhammadownload.com



နှင့်သိပ်မဆိုင်လှပါဘူး။ အဲဒီဉာဏ်နဲ့ယှဉ်တဲ့ ဈာန်သမာဓိကသာ ဝိပဿနာ၏ ပါဒကဈာန်ဆိုတဲ့ အခြေခံဖြစ်ပါတယ်၊ ဒါကြောင့် ဈာနသမ္မာဒိဋ္ဌိဖြင့် ပုဗ္ဗေနိဝါသဉာဏ်နဲ့ ဒိဗ္ဗစက္ခုဉာဏ်ရယ် ဈာန်သမာဓိရယ် အဲဒီသုံးပါးကို ဝိပဿနာ၏ အခြေခံမူလမဂ္ဂင်လို့ ဆိုရမှာပဲ၊ ဒါကြောင့် ဈာန်ရတဲ့သူဟာ အဲဒီဈာန်သမာဓိကို အခြေခံပြုပြီးတော့ ဝိပဿနာမဂ္ဂင်ကိုပွားစေရတယ်၊ ဈာန်မရတဲ့ သူမှာတော့ ခုတင်ကပြောခဲ့တဲ့ ဝိပဿနာခဏိကသမာဓိကိုမှီပြီး ဝိပဿနာဉာဏ် တွေကိုဖြစ်ပွားစေရတယ်၊ အဲဒီဝိပဿနာဉာဏ်တွေက သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်အထိ ပြည့်စုံတဲ့အခါမှာ အရိယာမဂ်ဖြစ်ပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုရတယ်၊ အဲဒီလိုဖြစ်ပုံကို ဆောင်ပုဒ် ၂-ခု စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

(၁) မူလ, ပုဗ္ဗ၊ အရိယ ၊ သုံးဝမဂ္ဂင်မြတ်။

(၂) ဖြစ်ပွါးစေလျှင်၊ ဉာဏ်မဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်။

မူလမဂ္ဂင်ဆိုတာ ဝိပဿနာ၏ အခြေခံမဂ္ဂင်ပဲ၊ အဲဒါကခုတင်ကပြောခဲ့တဲ့အတိုင်း ကံ-ကံ၏အကျိုးကို ယုံကြည်တဲ့ကမ္မဿကတာ သမ္မာဒိဋ္ဌိရယ်၊ ဈာန်သမာဓိနှင့် အဘိညာဉ် ၂-ပါးရယ်၊ သီလမဂ္ဂင် သုံးပါးရယ်၊ ဈာန်မရသူမှာ ဝိပဿနာခဏိကသမာဓိမဂ္ဂင်ရယ်၊ ဒီမဂ္ဂင်

http://www.dhammadownload.com



တွေ့ပါပဲ၊ အဲဒီအခြေခံမဂ္ဂင်တွေကိုမှီပြီးတော့ ဖြစ်ခိုက်ရုပ်နာမ်တွေကိုရှုပြီး ပုဗ္ဗဘာဂမဂ္ဂင်ဆိုတဲ့ ဝိပဿနာမဂ္ဂင်ကို ဖြစ်ပွားစေရတယ်၊ အဲဒီလိုဖြစ်ပွားစေလျှင် ဝိပဿနာဉာဏ်ရင့်တဲ့အခါမှာ သောတာပတ္တိမဂ်ဆိုတဲ့ အရိယာမဂ္ဂင်ဖြစ်ပြီး နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားတယ်-လို့ ဆိုလိုတာပါပဲ၊ ဟုတ်တယ် တင်းတင်းရင်းရင်း ပြည့်ပြည့်စုံစုံ ရှုမှတ်နေတဲ့ သူဟာ ဖြစ်ပျက်တဲ့ရုပ်နာမ်တွေကို ရှုသိနေရင်း ရုပ်နာမ်ခန္ဓာချုပ်ငြိမ်းတဲ့သဘောထဲသို့ ကျရောက်သွားတယ်၊ အဲဒါဟာ တကယ်အားထုတ်ကြည့်ရင် ကိုယ်တိုင်ပင် တွေ့နိုင်ပါတယ်၊ အဲဒီလိုတွေ့ပုံကို ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၄၁၁) မှာ ဒီလိုပြထားပါတယ်။

## အရိယာမဂ်ကနိဗ္ဗာန်မြင်ပုံ

ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ- ခန္ဓာငါးပါးတို့ကို၊ အနိစ္စတော ပဿန္တော-မမြဲဟုရှုမြင်လျက်၊ အနုလောမိကံခန္တိံ-မဂ်ဉာဏ်အားလျော်သော အနုလောမဝိပဿနာဉာဏ်ကို၊ ပဋိလဘတိ - ရ၏။ (ဒါက ဥက္ကဋ္ဌနည်းအားဖြင့် ပြဆိုချက်ဖြစ်သည်၊ ဩမကနည်းအားဖြင့် သမ္မသနဉာဏ် ဥဒယဗ္ဗ

http://www.dhammadownload.com



ယညာဏ် စသည်ကိုလဲ ပြန်ဆိုနိုင်ပါသည်၊ သို့သော် အခြားမဲ့၌ အရိယမဂ်သို့ရောက်ပုံကိုပြထားသောကြောင့် အမြတ်ဆုံးဖြစ်သော အနုလောမဝိပဿနာဉာဏ်ဟာ အသင့်လျော်ဆုံးဖြစ်ပါသည်)၊ ပဋ္ဋနံ ခန္ဓာနံ နိရောဓော - ခန္ဓာငါးပါးတို့၏ချုပ်ခြင်းသည်၊ နိဗ္ဗံ နိဗ္ဗာနမိတိ - မြဲသောနိဗ္ဗာန်ဟူ၍၊ ပဿန္တော - မြင်လျက်၊ သမ္မတ္တနိယာမံ ဩက္ကမတိ- အရိယမဂ်သို့ သက်ရောက်သည်တဲ့။

အတိုချုပ်ဆိုလိုတာကတော့ ရုပ်နာမ်ခန္ဓာတို့ကို မမြဲဘူးလို့ ရှုမြင်လျက် အနုလောမဝိပဿနာဉာဏ်ဖြစ်ပြီးလျှင် ရုပ်နာမ်ခန္ဓာ ချုပ်ငြိမ်းကင်းဆိတ်တာကို မြဲတဲ့နိဗ္ဗာန်အနေဖြင့် တွေ့မြင်လျက် အရိယမဂ်ဖြစ်တယ်လို့ ဆိုလိုတာပါပဲ၊ ထို့အတူပင် ရုပ်နာမ်တွေကို ဆင်းရဲလို့ ရှုမြင်ပြီးလျှင် ရုပ်နာမ်တွေချုပ်ငြိမ်းကင်းဆိတ်တာကို ချမ်းသာတဲ့နိဗ္ဗာန်အနေဖြင့် တွေ့မြင်လျက် အရိယမဂ်ဖြစ်ပုံကိုလဲ ပြဆိုထားတယ်၊ ရုပ်နာမ်တွေကို အနတ္တလို့မြင်ပြီးလျှင် ရုပ်နာမ်တွေချုပ်ငြိမ်းကင်းဆိတ်တာကို (ပရမတ္ထ) အမြတ်ဆုံးသဘောနိဗ္ဗာန်အနေဖြင့် တွေ့မြင်လျက် အရိယမဂ်ဖြစ်ပုံကိုလဲ ပြထားတယ်၊ အဲဒီပြဆိုချက်ဟာ မိလိန္ဒပဉှာက ပြဆိုပုံနှင့်တပ်တူပါပဲ၊ မိလိန္ဒပဉှာ၌ ဒီလိုပြဆိုထားပါတယ်။

http://www.dhammadownload.com



## နိဗ္ဗာန်ကိုမျက်မှောက်ပြုပုံ

တဿ တံ စိတ္တံ အပရာပရံ မနသိ ကရောတော ပဝတ္တံ သမတိက္ကမိတွာ အပ္ပဝတ္တံ ဩက္ကမတိ၊ အပ္ပဝတ္တမနုပ္ပတ္တော မဟာရာဇ သမ္မာပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတီတိ ဝုစ္စတိ။ (မိလိန္ဒ - ၃၁၁)

အပရာပရံ - တစ်မှတ်ပြီးတစ်မှတ် အဆင့်ဆင့် မနသိကရော တော - နှလုံးသွင်း ရှုသိနေသော၊ တဿ - ထိုယောဂီ၏ တံ- စိတ္တံ- ထိုရှုသိနေသောစိတ်သည်၊ (အပရာပရံ မနသိ ကရောတော- တစ်မှတ်ပြီးတစ်မှတ် အဆင့်ဆင့်နှလုံးသွင်းရှုသိနေစဉ်၊) ပဝတ္တံသမတိ က္ကမိတွာ - မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်ကိုကျော်လွန်၍ အပ္ပဝတ္တံ- မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်၏ ပြတ်စဲချုပ်ငြိမ်းခြင်းသဘောသို့ ဩက္ကမတိ - သက်ဝင်၍ သွားလေတော့သည်တဲ့။

ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်ဟာ အရိယာမဂ်မရောက်ခင်က ဆိုရင် ရှုတိုင်းရှုတိုင်း မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ကိုချည်း တွေ့သိ နေရတယ်၊ အဲဒီလို သိနေရင်းထဲက ရုပ်နာမ်တွေလုံးဝချုပ်ငြိမ်းကင်းဆိတ် တဲ့သဘောထဲကို ရောက်သွားတယ်၊ အဲဒါဟာ အရိယမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့သိသွားတာပဲ၊ ဒါကြောင့် ဒီလိုလဲ ဆက်ပြီးပြဆိုထားပါ တယ်။

http://www.dhammadownload.com



မဟာရာဇ - မြတ်သောမိလိန္ဒမင်းကြီး၊ သမ္မာပဋိပန္နော- နာမ်ရုပ်ကိုပိုင်းခြားသိတဲ့ဉာဏ်မှစ၍ သခါရုပေက္ခာ အနုလောမ ဉာဏ်တိုင်အောင် မှန်စွာကျင့်ခဲ့သည်ဖြစ်၍ အပ္ပဝတ္တမနုပ္ပဝတ္တ-မပြတ် ဖြစ်နေသော ရုပ်နာမ်အယဉ်၏ချုပ်ငြိမ်းပြတ်စဲခြင်းသဘောသို့ အသိဉာဏ်ဖြင့်ရောက်သွားသောပုဂ္ဂိုလ်ကို၊ နိဗ္ဗာန် သစ္ဆိကရောတီတိ- နိဗ္ဗာန်ကိုမျက်မှောက်ပြုသည်ဟူ၍၊ ဝုစ္စတိ-ပြောဆိုရပါသည်တဲ့။

အဲဒီမှာ သမ္မာပဋိပန္နော - မှန်စွာကျင့်ခဲ့တယ်ဆိုတာ မြင်တိုင်း ကြားတိုင်း နံ့တိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ဒွါရ ၆-ပါး ထဲက ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တွေကို မပြတ်ရှုမှတ်နေရတယ်၊ အဲဒီလိုရှုမှတ်နေရင်း သမာဓိအားရှိလာတဲ့အခါကျတော့ ရုပ်နဲ့နာမ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်တယ်၊ အဲဒီကနောက် အကြောင်းနဲ့အကျိုးကို ပိုင်းခြားသိတဲ့ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်တယ်၊ အဲဒီ ကနောက် ရှုမှတ်မိသောရုပ်နာမ်၏အဖြစ်အပျက်ကို သိရတဲ့အတွက် အနိစ္စ ဒုက္ခ အနတ္တချည်းပဲလို့ သုံးသပ်ဆင်ခြင်တဲ့ သမ္မသနဉာဏ် ဖြစ်တယ်၊ အဲဒီသမ္မသနဉာဏ်အခိုက်၌ အဖြစ်အပျက်သိတာကတော့ သန္တတိအားဖြင့် သိတာပဲ၊ လျင်မြန်စွာ ဖြစ်ပျက်တဲ့ခဏအားဖြင့် သိတာတော့မဟုတ်သေးဘူး၊ အဲဒီကနောက် ခဏအားဖြင့် လျင်မြန်စွာ အဖြစ်အပျက်ကို သိတဲ့ဥဒယဗ္ဗယဉာဏ်ဖြစ်တယ်၊ အဲဒီအခါမှာ အရောင်

http://www.dhammadownload.com



အလင်းတွေကိုလဲ ထူးခြားစွာတွေ့ရတယ်၊ အလွန်အကဲ ဝမ်းမြောက် တက်ကြွတဲ့ ပီတိတွေလဲအထင်အရှားဖြစ်တယ်၊ သတိ သမာဓိ ဉာဏ်တွေလဲ ထူးခြားစွာဖြစ်တယ်၊ ကိုယ်စိတ်ငြိမ်းအေးမှု ပဿဒ္ဓိ- စသည်တွေလဲ ထင်ရှားစွာဖြစ်တယ်။

အဲဒီကနောက် ဖြစ်မှုအစပိုင်းကို မတွေ့ရတော့ဘဲ လျင်မြန် စွာပျက်ပျက်သွားတဲ့ အဆုံးပိုင်းကိုသာ တွေ့ရတဲ့ဘင်ဉာဏ်ဖြစ်တယ်၊ အဲဒီအခါ ပုံသဏ္ဍာန်အထည်ဒြပ်လဲမထင်ရှားတော့ဘူး။ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သိရတာနဲ့သိတာဟာ ချက်ချင်းပင် အလွန်လျင်မြန်စွာ ပျက်ပျက်သွားတာကိုချည်းတွေ့နေရတယ်၊ အဲဒီတော့ မမြဲတာချည်းပဲ ဆင်းရဲချည်းပဲ အစိုးရမတဲ့ အနတ္တသဘောတရားချည်းပဲလို့လဲ သိတဲ့ ဉာဏ်ဟာ အလွန်ရှင်းလင်းစွာဖြစ်တယ်။

အဲဒီကနောက် ကြောက်စရာလို့ထင်တဲ့ ဘယဉာဏ်ဖြစ် တယ်၊ အပြစ်မြင်တဲ့အာဒီနဝဉာဏ်လဲဖြစ်တယ်၊ ငြီးငွေ့တဲ့နိဗ္ဗိဒါဉာဏ် လဲဖြစ်တယ်၊ အဲဒီကနောက် ဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေကို စွန့် လွှတ်လိုက်တဲ့ မုဉ္စိတုကမျတာဉာဏ်လဲဖြစ်တယ်၊ အဲဒီအခါ ဖြစ်ပျက် နေတဲ့ ရုပ်နာမ်တွေလုံးဝမရှိဘဲ ပြတ်စဲချုပ်ငြိမ်းသွားမှ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းမယ်လို့လဲ ထင်မြင်တတ်တယ်၊ အဲဒါဟာ နိဗ္ဗာန်အစစ်ကို

http://www.dhammadownload.com



မျှော်လင့်တဲ့ဉာဏ်ပဲ၊ အဲဒီလို နိဗ္ဗာန်အစစ်ကိုမျှော်လင့်ပြီး ရုပ်နာမ်တွေကို စွန့်လွှတ်ချင်တော့ စွန့်လွှတ်နိုင်အောင် တစ်ဖန်ရှုသိရတယ်၊ အဲဒါက ပဋိသင်္ခါဉာဏ်ပဲ၊ အဲဒီပဋိသင်္ခါဉာဏ်အားပြည့်တဲ့အခါ၊ သင်္ခါရတွေကို လျစ်လျူရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ်ဖြစ်တယ်၊ အဲဒီ သင်္ခါရုပေက္ခာ ဉာဏ်က အလွန်ထက်မြက်သိမ်မွေ့ပြီး အလွန်လဲကောင်းပါတယ်၊ တစ်နာရီ နှစ်နာရီ စသည်ကြာအောင် ထိုင်နေပေမယ်လို့ ပင်ပန်းခြင်းရဲ ခြင်းမရှိဘူး၊ ၃ နာရီလောက်ထိုင်ပြီး ရှုမှတ်နေတာကိုလဲ တစ်ခဏ ကလေးလို့ ထင်ရတယ်၊ အထူးလဲကြောင့်ကြမစိုက်ရဘဲ အမှတ်အသိ ဟာ ကောင်းမြဲကောင်းနေတယ်၊ စိတ်ပျံ့လွင့်ခြင်းလဲမရှိဘူး၊ အလွန်ပင် သိမ်မွေ့နူးညံ့ပါတယ်။

အဲဒီ သင်္ခါရုပေက္ခာဉာဏ်က ရင့်သန်အားပြည့်တဲ့အခါမှာ ရှေးနားကပြောခဲ့တဲ့အတိုင်း အနုလောမဉာဏ်ဖြစ်ပြီး အရိယမဂ်ဖြင့် ရုပ်နာမ်သင်္ခါရချုပ်ငြိမ်းတဲ့သဘောထဲသို့ ကျရောက်သွားတာပဲ၊ ယခု ပြောခဲ့တာဟာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့် ဝိသုဒ္ဓိမဂ်တို့၌ ပြထားသည့် အတိုင်း သမ္မာပဋိပန္န - နည်းလမ်းမှန်စွာကျင့်ပုံပါပဲ၊ ယခုထုတ်ပြခဲ့တဲ့ ပဋိသမ္ဘိဒါမဂ်ပါဠိနှင့် ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာတို့၌ အရိယမဂ်ဖြင့် နိဗ္ဗာန်မျက် မှောက်ပြု ပုံကို ပြထားရာမှာ ရုပ်နာမ်ခန္ဓာချုပ်ခြင်းကို တွေ့သိပုံသာ ပြထားတယ်၊ အဲဒါဟာ သာမညနိဗ္ဗာန်ကို တွေ့သိပုံပဲ၊ မဂ်လေးပါး၏ အစွမ်းကြောင့်

http://www.dhammadownload.com



အသီးသီးကိလေသာငြိမ်းပုံကတော့ ဝိသေသနိဗ္ဗာန်ပဲ၊ အဲဒီဝိသေသနိဗ္ဗာန်တွေ့သိပုံကိုတော့ ဒီပဋိသမ္ဘိဒါမဂ်နှင့် မိလိန္ဒပဥှာတို့မှာပြမထားဘူး။ အဲဒါကို အထူးသတိပြုကြရမယ်။

ဒါပေမယ့် အဲဒီဝိသေသနိဗ္ဗာန်ဟာ ကိလေသာခန္ဓာတို့၏ ချုပ်ခြင်းဖြစ်၍ သာမညနိဗ္ဗာန်၌ အတွင်းဝင်နေသဖြင့် အသီးအခြားနိဗ္ဗာန်မဟုတ်ကြောင်းကို ရှေးအပိုင်းက ရှင်းပြခဲ့ပါပြီ ဒီနေရာမှာ ယခုလို ကျယ်ကျယ်ပြန့်ပြန့်ပြောဟောနေရတာကတော့ ဓမ္မဒိန္နာထေရီက အရိယာမဂ္ဂင်ရှစ်ပါး သင်္ခါရနိရောဓခေါ်တဲ့ နိဗ္ဗာန်သို့ရောက်တတ် - ရောက်စေတတ်တဲ့ မဂ္ဂသစ္စာဖြစ်ကြောင်း ဖြေရှင်းပြထားသောကြောင့် ဝိပဿနာမဂ်ကိုမှီပြီးတော့ အရိယာမဂ်ဖြစ်တဲ့အခါ အဲဒီနိရောဓသစ္စာခေါ်တဲ့နိဗ္ဗာန်မျက်မှောက်ပြုပုံ အာရုံပြုပုံကို သိနားလည်ကြရအောင်လို့ ထပ်မံပြီး ရှင်းပြရတာပါပဲ၊ ဒါလောက်ဆိုရင် နားလည်လောက်ပါပြီ။

ယခုပြောခဲ့တဲ့အတိုင်း ဓမ္မဒိန္နာထေရီ၏ သစ္စာလေးပါး ဖြေကြားချက်ကို ကြားနာရတဲ့အခါ ဓမ္မဒိန္နာ သာသနာတော်၌ ပျော်မွေ့နေကြောင်းကို ဝိသာခသူဌေးကြီးက သိသွားပါသတဲ့၊ ဘာကြောင့်သိရသလဲဆိုတော့ သာသနာတော်၌မပျော်မွေ့တဲ့သူဆိုရင် ယခုမေးသမျှ ပြဿနာကို အတိအကျဖြေကြားရန် မတတ်နိုင်ပေဘူး။

http://www.dhammadownload.com



မေဒ္ဒိန္နာကတော့ အတိအကျဖြေရှင်းပြနိုင်တယ်၊ ဒါကြောင့် သာသနာတော်၌ပျော်မွေ့နေပြီလို့ သိရပါသတဲ့။

ဒါပေမယ့် လောက၌ လ,နေများ ထင်ရှားနေသလိုပင် ဗုဒ္ဓသာသနာတော်မှာ သစ္စာလေးပါးကလဲ ထင်ရှားနေတယ်၊ ပရိသတ်အလယ်၌ မြတ်စွာဘုရားကရော မဟာထေရ်မြတ်များကရော သစ္စာလေးပါးကိုပင် ဖော်ပြပြောကြားနေကြတယ်။ ရှင်ရဟန်းပြုစကတည်းက လေးခုဆိုတာဘာလဲ၊ အရိယသစ္စာလေးပါးပဲလို့ အမေးအဖြေကိုသင်ယူစေတယ်။ မေဒ္ဒိန္နာကလဲ ဉာဏ်ကောင်းတယ်၊ ကြားနာခြင်းဖြင့်လဲ နည်းယူပြီး ဖြေကြားနိုင်တယ်၊ ဒါကြောင့် ဒီဖြေကြားချက်မျှဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိပြီးဖြစ်တယ်လို့ မဆုံးဖြတ်နိုင်သေးဘူး။ သစ္စာလေးပါး ခွဲခြားမေးတာဖြေနိုင်မှ ဆုံးဖြတ်မယ်လို့ ကြံတွေးပြီးတော့ ဝိသာခသူဌေးကြီးက ဒီလို မေးပြန်ပါသတဲ့။

ဥပါဒါန်နှင့်ဥပါဒါနက္ခန္ဓာအမေး

တညေဝ နုခေါ အယျေ ဥပါဒါနံ တေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဥဒါဟု အညတြ ပဉ္စုပါဒါနက္ခန္ဓေဟိ ဥပါဒါနံ။

အယျေ-အရှင်မ မေဒ္ဒိန္နာ၊ တညေဝ ဥပါဒါနံ-ထိုစွဲလမ်းတတ်သော ဥပါဒါန်သည်ပင်လျှင်၊ တေ ပဉ္စုပါဒါနက္ခန္ဓာနုခေါ-ထို ငါးပါးသော

http://www.dhammadownload.com



ဥပါဒါနက္ခန္ဓာတို့ဖြစ်ကြပါသလော၊ ဥဒါဟု-ထိုသို့မဟုတ်လျှင်၊ ဥပါဒါန်-ဥပါဒါန်သည်၊ ပဉ္စဟိ ဥပါဒါနက္ခန္ဓေဟိ အညတြ-ဥပါဒါနက္ခန္ဓာငါးပါးတို့မှတစ်ပါး အခြားအလွတ်တရားဖြစ်ပါသလော တဲ့။

ဥပါဒါနက္ခန္ဓာလို့ဆိုရာမှာ ဥပါဒါန်နဲ့ ဥပါဒါနက္ခန္ဓာဆိုတာ အတူတူပဲလား၊ တစ်ခြားစီပဲလားလို့ မေးတာပါပဲ၊ ဒီအမေးကိုဖြေဖို့ရာ မလွယ်ပါဘူး၊ ခက်ပါတယ်၊ ဒါပေမယ့် ဓမ္မဒိန္နာထေရီကတော့ ပဋိသမ္ဘိဒါဉာဏ်ထူးများနဲ့ပြည့်စုံနေတဲ့ ရဟန္တာမအထူးဖြစ်တဲ့အတွက် ချက်ခြင်းပင် ဒီလိုဖြေကြားလိုက်ပါတယ်။

ဥပါဒါန်နှင့်ဥပါဒါနက္ခန္ဓာအဖြေ

န ခေါ အာဝုသော ဝိသာခ တညေ့ဝ ဥပါဒါနံ

တေ ပဉ္စု ပါဒါနက္ခန္ဓာ၊ နာပိ အညတြ ပဉ္စဟုပါဒါ

နက္ခန္ဓေဟိ ဥပါဒါနံ၊ ယော ခေါ အာဝုသော ဝိသာခ

ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂေါ၊ တံ တတ္ထုပါဒါနံ။

အာဝုသော ဝိသာခ-ဒါယကာ ဝိသာခ၊ တညေ့ဝ ဥပါဒါနံ-ထိုဥပါဒါန်သည်ပင်လျှင်၊ တေ ပဉ္စုပါဒါနက္ခန္ဓာ-ထိုငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်၊ နခေါ-မဟုတ်ကြပါ၊ ဥပါဒါနံ - ဥပါဒါန်သည်၊ နာပိ ပဉ္စဟိ ဥပါဒါနက္ခန္ဓေဟိ အညတြ-ဥပါဒါနက္ခန္ဓာ ငါးပါးတို့မှတစ်ခြား

http://www.dhammadownload.com



တစ်ပါး အလွတ်တရားလဲ မဟုတ်ပါ။

ဥပါဒါန်နဲ့ ဥပါဒါနက္ခန္ဓာဟာ အရတူလဲ မဟုတ်ပါဘူး။ ဥပါဒါန်ကတခြား, ဥပါဒါနက္ခန္ဓာကတခြား ဒီလို လုံးလုံးကွဲပြားနေတာလဲ မဟုတ်ပါဘူးတဲ့၊ ဒါဖြင့် ဘယ်လိုပါလဲလို့ မေးစရာရှိတဲ့အတွက် ဒီလို ဆက်ပြီး ဖြေရှင်းပြပါတယ်။

အာဝုသော ဝိသာခ - ဒါယကာ ဝိသာခ၊ ပဉ္စသုဉပါဒါနက္ခန္ဓေသု - ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌၊ ယောဆန္ဒရာ ဂေါ-အကြင် လိုချင်တပ်မက်မှု ဆန္ဒရာဂရှိပါသည်၊ တံ-ထိုလိုချင်တပ်မက်မှု ဆန္ဒရာဂသည်၊ တတ္ထ - ထိုခန္ဓာငါးပါး၌၊ ဥပါဒါနံ - စွဲလမ်းမှု ဥပါဒါန်ဖြစ်ပါသည်တဲ့။

ဆန္ဒရာဂဟာ ဥပါဒါန်ပဲတဲ့၊ ဆန္ဒဆိုတာ လိုချင်နှစ်သက်တဲ့ တဏှာပဲ၊ ရာဂဆိုတာလဲ တပ်မက်တဲ့စွဲလမ်းတဲ့ တဏှာပဲ၊ လိုချင်နှစ်သက်တပ်မက်သာယာပြီး စွဲလမ်းတဲ့တဏှာကို ဥပါဒါန်လို့ ဆိုတာပါပဲ၊ အဲဒီစွဲလမ်းတဲ့တဏှာက ဘယ်ဟာကိုစွဲလမ်းပြီးဖြစ်တာလဲဆိုတော့ (ပဉ္စသု ခန္ဓေသု) ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး၌ လိုချင်တပ်မက်ပြီး စွဲလမ်းတာပါပဲတဲ့၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိ (၈၁) ပုဏ္ဏမသုတ်မှာလဲ ရဟန်းတစ်ပါးက မေးလို့ မြတ်စွာဘုရားက ဖြေကြား

http://www.dhammadownload.com



ထားတာရှိပါတယ်၊ ဒီသုတ်က မေးပုံဖြေပုံနဲ့ထပ်တူပါပဲ၊ ဒါကြောင့် သုတ္တန်ဒေသနာတော်အားဖြင့် ဥပါဒါန်ဆိုတာ ဆန္ဒရာဂဆိုတဲ့ တဏှာ ဥပါဒါန်တစ်ပါးတည်းသာရှိပါတယ်၊ အဲဒီတော့ ဥပါဒါန်သည်ပင် ဥပါဒါနက္ခန္ဓာ ဖြစ်တယ်ဆိုရင် စွဲလမ်းတတ်တဲ့ တဏှာသာလျှင် ဥပါဒါနက္ခန္ဓာ မည်တယ်လို့ ဆိုရလိမ့်မယ်၊ ဒီလိုဆိုတော့ ရုပ်ဝေဒနာ သညာဝိညာဏ်တွေဟာ ဥပါဒါနက္ခန္ဓာမမည်တဲ့ရှိပါလိမ့်မယ်၊ နောက်ပြီး တော့ တဏှာမှတစ်ပါးသော သင်္ခါရခေါ်တဲ့ စေတသိက် ၄၉-ပါးဟာလဲ ဥပါဒါနက္ခန္ဓာမမည်တဲ့ရှိပါလိမ့်မယ်၊ ဥပါဒါနက္ခန္ဓာသည်ပင် ဥပါဒါန်ပဲလို့ ဆိုရင်လဲ ရုပ်ဝေဒနာ သညာသင်္ခါရဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးလုံး ဥပါဒါန် မည်တယ်လို့ ဆိုရလိမ့်မယ်၊ အဲဒီလို ဥပါဒါန်နှင့်ဥပါဒါနက္ခန္ဓာဟာ အရတူတော့မဟုတ်ဘူး၊ ဥပါဒါန်ဟာ ခန္ဓာငါးပါးမှအလွတ်လို့ဆိုရင်လဲ ဆန္ဒရာဂဆိုတဲ့ တဏှာဥပါဒါန်ဟာ ခန္ဓာမမည်ဘူးလို့ ဆိုရလိမ့်မယ်၊ အဲဒီလိုလဲ မဟုတ်ဘူး၊ ဒါကြောင့် ဥပါဒါန် ဥပါဒါနက္ခန္ဓာဟာ အတူတူ ပဲလား ဆိုတဲ့မေးခွန်းကိုလဲ ပယ်ခဲ့တယ်၊ တစ်ခြားစီလားဆိုတဲ့ မေးခွန်း ကိုလဲ ပယ်ခဲ့တယ်။

အမှန်ကတော့ ဆန္ဒရာဂဆိုတဲ့တဏှာဥပါဒါန်ဟာ သင်္ခါရ ဥပါဒါနက္ခန္ဓာထဲ အပါအဝင်ဖြစ်ပါတယ်၊ ဒါပေမယ့် တဏှာမှတစ်ပါး သော သင်္ခါရဥပါဒါနက္ခန္ဓာ (၄၉) ပါးကတော့ ဥပါဒါန်မဟုတ်ဘူးလို့

http://www.dhammadownload.com



ဒီသုတ္တန်ဒေသနာအရ ဆိုရမှာပဲ၊ အဘိဓမ္မာဒေသနာအရ ဆိုရင်တော့ အဲဒီ ၄၉ ပါးထဲက ဒိဋ္ဌိလဲဥပါဒါန်မည်တယ်လို့ ဆိုရမှာပဲ၊ အဲဒီအဘိဓမ္မာဒေသနာနှင့် သုတ္တန်ဒေသနာ ညီညွတ်အောင်ယူချင်ရင်တော့ ပြဋ္ဌာန်းတဲ့တဏှာကိုဥပါဒါန်ဟုဆိုရင် ပြဋ္ဌာန်းတဲ့ဒိဋ္ဌိလဲပါဝင်တယ်လို့ဆိုရမှာပဲ၊ အဲဒီအဘိဓမ္မာဒေသနာ၌ ပြထားတဲ့ဥပါဒါန် ၄-ပါးအကြောင်းကိုတော့ နှာ (၁၃)၌ ရှင်းပြခဲ့ပါပြီ။

ယခု ဥပါဒါနက္ခန္ဓာတို့၌ စွဲလမ်းမှုဆန္ဒရာဂသည် ဥပါဒါန်မည်သည်ဆိုတဲ့ ဖြေကြားချက်အရ ထပ်မံပြီးရှင်းပြပါဦးမယ်၊ အဘိဓမ္မာဒေသနာအရ ဒိဋ္ဌိဥပါဒါန်ကိုလဲ ထည့်သွင်းပြီးပြရမှာပဲ၊ မြင်ဆဲ ကြားဆဲ စသည်၌မရှုမမှတ်လို့ ထင်ရှားတဲ့မျက်စိရုပ် အဆင်းရုပ်စသည်ကို နှစ်သက် တပ်မက်ပြီးစွဲလမ်းရင်တဏှာဥပါဒါန်ဖြစ်တာပဲ၊ အတ္တကောင် ငါကောင်အနေဖြင့် ထင်မှတ်ပြီး စွဲလမ်းရင် ဒိဋ္ဌိဥပါဒါန်ဖြစ်တာပဲ၊ မြင်လို့ကြားလို့ကောင်းတာ စသောခံစားမှုကို နှစ်သက်သာယာပြီး စွဲလမ်းရင် တဏှာဥပါဒါန်ဖြစ်တာပဲ၊ ငါကခံစားတယ်လို့ ထင်မှတ်ပြီး စွဲလမ်းရင် ဒိဋ္ဌိဥပါဒါန်ဖြစ်တာပဲ၊ မှတ်သားမှုသညာကို နှစ်သက်သာယာပြီးစွဲလမ်းရင် တဏှာဥပါဒါန်ဖြစ်တာပဲ၊ ငါကမှတ်သားတယ်လို့ ထင်မှတ်ပြီး စွဲလမ်းရင်ဒိဋ္ဌိဥပါဒါန်ဖြစ်တာပဲ၊ သင်္ခါရက္ခန္ဓာကတော့ အလွန်များပြားကျယ်ဝန်းပါတယ်၊ တရားကိုယ်ပေါင်း ၄၈ဆယ့်ရှိပါတယ်၊

http://www.dhammadownload.com



ထင်ရှားတာ တစ်ချိုလောက်ဖော်ပြရမှာပဲ၊ မြင်ခိုက် ကြားခိုက် စသည် မှာထင်ပေါ်တဲ့ အဲဒီသခါရတွေထဲက သိမှု ကြံမှု ပြောမှု ပြုမှု ပြီး အောင်လှုံ့ဆော်ပေးတဲ့ စေတနာကိုဖြစ်စေ၊ နှလုံးသွင်းမှုမနသိကာရကို ဖြစ်စေ၊ လိုချင်နှစ်သက်တာ စိတ်ဆိုးတာ ထင်မြင်ယူဆတာ စသည်ကို ဖြစ်စေ၊ မလိုချင်တာ ချမ်းသာစေချင်တာ သနားတာ ကြည်ညိုတာ စသည်ကိုဖြစ်စေ နှစ်သက်သာယာပြီးစွဲလမ်းရင် တဏှာဥပါဒါန်ဖြစ် တာပဲ၊ ငါကလှုံ့ဆော်ပေးတယ်၊ ငါကလိုချင်တယ် ငါကစိတ်ဆိုးတယ်၊ ငါက မလိုချင်ဘူးစသည်ဖြင့် ထင်မှတ်ပြီးစွဲလမ်းရင် ဒိဋ္ဌိဥပါဒါန်ဖြစ်တာပဲ၊ မြင်သိတာ ကြားသိတာစသည်ကို နှစ်သက်သာယာပြီး စွဲလမ်းရင် တဏှာဥပါဒါန်ဖြစ်တာပဲ၊ ငါက မြင်တယ် ကြားတယ်၊ မြင်တာ ကြား တာ ငါပဲစသည်ဖြင့် ထင်မှတ်ပြီး စွဲလမ်းရင် ဒိဋ္ဌိဥပါဒါန်ဖြစ်တာပဲ၊ ဒါက ခန္ဓာငါးပါး၌ စွဲလမ်းမှုဖြစ်ပုံပဲ။

အဲဒီလိုတဏှာဖြင့် နှစ်သက်သာယာပြီးတော့ဖြစ်စေ၊ ဒိဋ္ဌိဖြင့် အထင်မှား အယူမှားပြီးတော့ဖြစ်စေ အစွဲလမ်းခံရ၍ ရုပ်ဝေဒနာ သညာသခါရ စိတ်ဝိညာဏ်ဆိုတာတွေက ဥပါဒါနက္ခန္ဓာငါးပါးပဲ၊ အဲဒီလို တဏှာဒိဋ္ဌိတို့ဖြင့် အစွဲလမ်းမခံရစေကာမူ စွဲလမ်းစရာဖြစ်၍ ခန္ဓာငါးပါး ကိုလဲ ဥပါဒါနက္ခန္ဓာလို့ ခေါ်ရတာပဲ၊ ဝိပဿနာရှုပြီး အနိစ္စ ဒုက္ခ အနတ္တဟု အမှန်အတိုင်းသိရတဲ့ ရုပ်နာမ်ခန္ဓာတွေကိုလဲ မရှုမိပါက

http://www.dhammadownload.com



တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းနိုင်သောကြောင့် ဥပါဒါနက္ခန္ဓာလို့ခေါ်ရတာပါပဲ၊ အဲဒီဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာတို့ကို တိုတိုနဲ့မှတ်ရအောင် ဆောင်ပုဒ်စီထားတာရှိတယ်၊ အဲဒါကိုလိုက်ဆိုကြရမယ်။

၁။ ထင်လွဲ့ သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။

အထင်လွဲပြီး စွဲလမ်းတာက ဒိဋ္ဌိဥပါဒါန်၊ နှစ်သက်သာယာပြီးစွဲလမ်းတာက တဏှာဥပါဒါန်လို့ ဆိုလိုတယ်၊ နောက်တစ်ပုဒ်ကိုလဲ ဆိုကြရမယ်။

၂။ ငါ့ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။

ငါကောင်အနေဖြင့် အထင်အမြင်မှားပြီး စွဲလမ်းနိုင်တဲ့ ရုပ်နာမ်ခန္ဓာတွေ၊ ငါ့ဥစ္စာအနေဖြင့် နှစ်သက်သာယာသိမ်းပိုက်ပြီး စွဲလမ်းနိုင်တဲ့ရုပ်ခန္ဓာတွေကို ဥပါဒါနက္ခန္ဓာခေါ်တယ်လို့ ဆိုလိုတာပါပဲ၊ နောက်တစ်ပုဒ်ကိုလဲ ဆိုကြရမယ်။

၃။ ရုပ်. ဝေ. သညာ၊ သင်္ခါရာ၊ ဝိညာဉ်ငါးတန်။

(၁) ရုပ်၊ (၂) ဝေဒနာ၊ (၃) သညာ၊ (၄) သင်္ခါရ၊ (၅) ဝိညာဏခေါ်တဲ့စိတ် - ဒီငါးပါးကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။ ဘာကြောင့်လဲဆိုတော့ မြင်ခိုက်စသည်မှာ မရှုနိုင်လို့ အနိစ္စစသည်ဖြင့် အမှန်အတိုင်းမသိရင် အဲဒီရုပ်ဝေဒနာစသည်ကို ငါအနေ. ငါ့ဥစ္စာ

http://www.dhammadownload.com



အနေဖြင့် စွဲလမ်းမယ်၊ အဲဒီလိုစွဲလမ်းခံရမည့်တရားများဖြစ်သောကြောင့် ပါပဲ၊ ဒါလောက်ဆိုရင် ဥပါဒါန်နဲ့ဥပါဒါနက္ခန္ဓာခြားပုံကို နားလည်လောက် ပါပြီ၊ အထူးမှတ်စရာကတော့ တဏှာနဲ့ဒိဋ္ဌိဟာ စွဲလမ်းတတ်လို့ ဥပါဒါန် လဲမည်တယ်၊ အစွဲလမ်းခံရလို့ ဥပါဒါနက္ခန္ဓာလဲမည်တယ်၊ အဲဒီတဏှာ နဲ့ဒိဋ္ဌိဟာ သခါရဥပါဒါနက္ခန္ဓာထဲမှာ ပါဝင်နေတယ်ဆိုတာကိုလဲ သိနား လည်ထားကြဖို့ပါပဲ။

ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာအဖြေကိုကြားရတော့ ဝိသာခသူဌေး ကြီးက ဓမ္မဒိန္နာကို ပဋိသမ္ဘိဒါဉာဏ်အထူးများနှင့်ပြည့်စုံတဲ့ ရဟန္တာမ ဖြစ်နေကြောင်းကို ယုံကြည်ဆုံးဖြတ်ပြီး သက္ကာယဒိဋ္ဌိအကြောင်းကို ဆက်မေးပြန်ပါတယ်၊ မေးပုံကတော့ -

## သက္ကာယဒိဋ္ဌိဖြစ်ပုံအမေး

ကထံ ပနာယျေ သက္ကာယဒိဋ္ဌိ ဟောတိ - တဲ့။

အယျေ - အရှင်မဓမ္မဒိန္နာ၊ သက္ကာယဒိဋ္ဌိ - သက္ကာယဒိဋ္ဌိ သည်၊ ဝါ - ထင်ရှားရှိသောရုပ်နာမ်အပေါင်း၌ အတ္တကောင် ငါကောင် ဟုထင်မှားသောအယူသည်၊ ကထံပနဟောတိ-အဘယ်သို့ဖြစ်ပါသ နည်း။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိက ဘယ်လိုဖြစ်ပါသလဲ၊ ဘယ်လိုဆိုရင် သက္ကာယဒိဋ္ဌိဖြစ်သလဲလို့ မေးတာပါပဲ၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ရှားဖြစ်ပေါ်တဲ့ ရုပ်နာမ်တရားတွေဟာ တကယ်ထင်ရှားရှိတဲ့ သက္ကာယပဲ၊ အဲဒီတကယ်ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို အသက်ရှင်နေတဲ့ ငါကောင်အနေနဲ့ ထင်မှတ်တာဟာ သက္ကာယဒိဋ္ဌိပဲ၊ အဲဒီ သက္ကာယဒိဋ္ဌိဖြစ်ပုံကို မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

## သက္ကာယဒိဋ္ဌိဖြစ်ပုံအဖြေ

ဣဓာဝုသော ဝိသာခ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ၊ ဝေဒနံ အတ္တတော သမနုပဿတိ၊ ဝေဒနာဝန္တံ ဝါ အတ္တာနံ၊ သညံ ...၊ သင်္ခါရေ ...၊ ဝိညာဏံ အတ္တတော သမနုပဿတိ ဝိညာဏဝန္တံဝါ အတ္တာနံ အတ္တနိဝါ ဝိညာဏံ၊ ဝိညာဏသ္မိံ

http://www.dhammadownload.com



ဝါ အတ္တာနံ ဝေ ခေါ် အာဝုသော ဝိသာခ သက္ကာယဒိဋ္ဌိ ဟောတိ။

အာဝုသောဝိသာခ - ဒါယကာဝိသာခ၊ က္ခစ-ဤလောက၌၊ အဿုတဝါ-အကြားအမြင်မရှိသော၊ ပုထုဇ္ဇနော-လူအများစုထဲ အပါအဝင် ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ ရူပံ - ရုပ်ကို အတ္တတော- အတ္တကောင် ငါကောင် - ဟု၊ သမနုပဿတိ - ထင်မှတ်၏၊ တဲ့။

အဲဒါဟာ သက္ကာယဒိဋ္ဌိ ဖြစ်ပုံပါပဲ၊ လောကမှာ ပုဂ္ဂိုလ်က နှစ်မျိုးရှိတယ်၊ ပုထုဇဉ်ခေါ်တဲ့လူအများစုဝင်ကတစ်မျိုး၊ အရိယာခေါ်တဲ့ ဘုရားတပည့်သာဝကကတစ်မျိုး ဒီလိုနှစ်မျိုးရှိတယ်၊ ပုထုဇဉ်နဲ့အရိယာပေါ့၊ ပုထုဇဉ်ထဲမှာလဲ အကြားအမြင်သုတမရှိတဲ့ အန္ဓပုထုဇဉ်ကတစ်မျိုး, အကြားအမြင် သုတရှိတဲ့ ကလျာဏပုထုဇဉ်ကတစ်မျိုး၊ ဒီလိုနှစ်မျိုးကွဲသေးတာပဲ၊ အဲဒီနှစ်မျိုးထဲမှ ယခုပြောတဲ့ပုထုဇဉ်ကတော့ အကြားအမြင်မရှိတဲ့ အန္ဓပုထုဇဉ်ပဲ၊ အဲဒါက ဘယ်လိုဟာလဲဆိုရင်။

အာဂမာဓိဂမာဘာဝါ၊ ဉေယျော အဿုတဝါ က္ခတိ။

အာဂမာဓိဂမာဘာဝါ - ဘုရားဟောတရားကိုမကြားဘူးခြင်း, ဉာဏ်ထူးတရားကိုမရဘူးခြင်းကြောင့်၊ အဿုတဝါက္ခတိ-အကြားအမြင်မရှိသူဟူ၍၊ ဉေယျော-သိအပ်၏လို့ ဆိုထားတဲ့အတိုင်း ရုပ်နာမ်မျှ

http://www.dhammadownload.com



အကြောင်းအကျိုးမျှသာရှိတယ်၊ အသက်ရှင်နေတဲ့အတ္တကောင်ရယ်လို့ မရှိဘူးဆိုတဲ့ ဘုရားဟောတရားကို မကြားဘူးရင် သုတဆိုတဲ့ ကြားနာဖူးခြင်း မရှိတဲ့သူပဲ၊ ဝိပဿနာအလုပ်ကို အားမထုတ်ဘူးသေးလို့ အားထုတ်ပေမယ့် နာမရူပပရိစ္ဆေဒဉာဏ်ကိုမရောက်သေးလို့ ဝိပဿနာဉာဏ်ထူးနှင့် အရိယာမဂ်ဉာဏ်ထူးကို မရသေးရင် အမြင်ဆိုတဲ့သုတ မရှိတဲ့သူပဲ၊

အဲဒီလို အကြားအမြင်သုတမရှိတဲ့ပုထုဇဉ်က ရုပ်ကို အတ္တကောင်လို့ ထင်မှတ်နေတယ်၊ အဲဒါဟာ သက္ကာယဒိဋ္ဌိပဲ၊ ထင်ရှားရှိတဲ့ ရုပ်ကို အတ္တကောင် ငါကောင်လို့ ထင်တာပဲ၊ ဘယ်လိုလဲဆိုတော့ မြင်တဲ့အခါ မျက်စိနဲ့အဆင်းဟာ တကယ်ရှိတာပဲ၊ ကြားတဲ့အခါ နားနဲ့ အသံဟာ တကယ်ရှိတာပဲ၊ နံတဲ့အခါမှာ နှာခေါင်းနဲ့အနံ့ဟာ တကယ်ရှိတာပဲ၊ စားသိတဲ့အခါ လျှာနဲ့အရသာဟာ တကယ်ရှိတာပဲ၊ ထိသိတဲ့အခါ ကိုယ်အကြည်နဲ့ထိစရာဟာ တကယ်ရှိတာပဲ၊ အဲဒီ တကယ်ရှိနေတာတွေဟာ ရုပ်တရားပဲ အဲဒီရုပ်တရားကို အသက်ရှင်နေတဲ့ အတ္တကောင်, ငါကောင်လို့ ထင်တာဟာ အထင်မှား အယူမှားပဲ၊ ဒါကြောင့် အဲဒီလို အထင်မှား အယူမှားကို သက္ကာယဒိဋ္ဌိလို့ဆိုရတာပဲ၊ အကြမ်းအားဖြင့် ပြောရရင် ရုပ်ကိုယ်ကြီးကို အတ္တကောင် ငါကောင်လို့ ထင်နေတာပါပဲ။

http://www.dhammadownload.com



အဲဒီလို အထင်အမြင် များတာက ဘာကြောင့်လဲဆိုရင် အကြားအမြင်ဆိုတဲ့သုတမရှိလို့ပါပဲ၊ သုတဆိုတာ ကြားတယ်လို့သာ မှူရင်းအနက်ရှိပါတယ်။ ဒါပေမယ့် အဋ္ဌကထာမှာ အာဂမသုတနဲ့ အဓိဂမသုတလို့ ၂ မျိုးခွဲပြထားတယ်၊ အာဂမသုတဆိုတာ ဘုရားဟော တရားစကားကို ကြားနာမှတ်သားဖူးတာပါပဲ၊ အဲဒါကို အကြားလို့ အနက်ပြန်ဆိုထားကြပါတယ်။ အဓိဂမသုတဆိုတာကတော့ ဝိပဿနာ ဉာဏ်ထူး မဂ်ဉာဏ်ထူးကိုရပြီး အမှန်ကိုသိမြင်တာပါပဲ၊ အဲဒါကိုအမြင်လို့ အနက်ပြန်ဆိုထားကြပါတယ်။

သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုသိမြင်ပြီးဖြစ်ရင်တော့ ဒိဋ္ဌိသက္ကာယဒိဋ္ဌိက လုံးလုံးမဖြစ်နိုင်တော့ပါဘူး။ ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်ကို ပိုင်းခြားသိမြင်ရင်လဲ အဲဒီဒိဋ္ဌိဟာ မဖြစ်ဘဲကင်းဝေးနေ တတ်ပါတယ်၊ ယခုဖော်ပြတဲ့ပုထုဇဉ်ကတော့ အဲဒီဝိပဿနာဉာဏ်ထူး များမရသေးလို့ အမြင်သုတလဲ မရှိဘူး။ "ရုပ်နာမ်မျှသာရှိတယ်၊ အတ္တဆိုတာမရှိဘူး" လို့ဟောထားတဲ့ ဘုရားတရားကို ကြား နာမှတ်သားဖူးတဲ့ သုတကလဲ မရှိဘူး၊ ဒါကြောင့် ရုပ်ကိုယ်ကြီးတစ်ခုလုံး ကိုလဲ အတ္တကောင် ငါကောင်လို့ ထင်မှားတယ်၊ မျက်စိနဲ့အခြင်းစသော အသေးစိတ်ရုပ်ကိုလဲ အတ္တကောင်ငါကောင်လို့ ထင်မှားတယ်လို့ ဆိုလိုတာပါပဲ။

http://www.dhammadownload.com



အတ္တလိုဝင်မှားခြင်း၏ အကြောင်းက အကြားအမြင်မရှိတာမျှပဲလားဆိုတော့ ဒီပြင်အကြောင်းတွေလဲရှိပါသေးတယ်၊ ဒါကြောင့် -အရိယာနံ- အရိယာပုဂ္ဂိုလ်တို့ကို၊ အဒဿာဝီ-မမြင်သေးသည်ဖြစ်၍လဲ အတ္တလိုဝင်မှားပါတယ်တဲ့၊ ပကတိမျက်စိနဲ့ အရိယာပုဂ္ဂိုလ်ကို မြင်တွေ့နေပေမယ့်လို့ အရိယာတို့၏ဉာဏ်ဖြင့် မသိမမြင်သေးရင် အရိယာကိုမမြင်ဘူးလို့ဆိုရတာပဲ၊ ကိုယ်တိုင်က အရိယာမဖြစ်သေးရင် အရိယာကိုမမြင်သေးဘူးလို့ ဆိုရတာပါပဲ။

မြတ်စွာဘုရားဟာ တရားဦးဟောဖို့ရာ ဥရုဝေလတောအရပ်မှ ဗာရာဏသီမြို့သို့ ကြွသွားတဲ့အခါ လမ်းခရီးမှာ ဥပကဆိုတဲ့ တက္ကတွန်းနဲ့တွေ့တယ်၊ တက္ကတွန်းဆိုတာ အဝတ်မဝတ်ဘဲကျင့်တဲ့ ရသေ့တစ်မျိုးပါပဲ၊ ယခုအခေါ်နဲ့ဆိုရင် ဂျိန်းရသေ့လို့ဆိုရမှာပေါ့၊ အဲဒီဥပကတက္ကတွန်းက အနန္တဇိနလို့အခေါ်ခံထိုက်ပါရဲ့လားလို့ မြတ်စွာဘုရားကိုမေးတယ်၊ အနန္တဇိနဆိုတာ အဆုံးအပိုင်းအခြားမရှိ အကုန်လုံးအောင်နိုင်သူလို့ အနက်ရှိတယ်၊ မြတ်စွာဘုရားက အာသဝေါကုန်ရာသို့ရောက်ပြီးတော့ အကုသိုလ်ကိလေသာဟူသမျှကို အကြွင်းမဲ့အောင်နိုင်ပြီးဖြစ်သောကြောင့် ဇိနလို့ အခေါ်ခံထိုက်ကြောင်း ဖြေကြားပါတယ်၊ ဒါပေမယ့် ဥပကတက္ကတွန်းက မြတ်စွာဘုရားမှန်း အရိယာပုဂ္ဂိုလ်မှန်းမသိဘူး၊ ဒါကြောင့် (ဟုပေယျာဝုသော) သင်ပြောတဲ့အတိုင်း

http://www.dhammadownload.com



ဟုတ်သော်လဲ ဟုတ်ရာ၏ - လို့ ဒါလောက်သာ ထောက်ခံပြောကြား ပြီးတော့ လမ်းရှောင်ပေးပြီး သူ့လမ်းသူသွားတာပဲ၊ အဲဒါဟာ ဘုရားကို သူကိုယ်တိုင်လဲ ပကတိမျက်စိဖြင့်မြင်တယ်၊ ဇိနမည်ကြောင်းပြောတာ ကိုလဲကြားရတယ်၊ ဒါပေမယ့် သူက အရိယာဉာဏ်အမြင်မရှိလို့ ဘုရား မှန်း အရိယာမှန်းမသိဘူး။

ဗာရာဏသီမြို့ မိဂဒါဝုန်တောအရပ် ပဉ္စဝဂ္ဂီတွေထံရောက် တော့ မြတ်စွာဘုရားက အမြိုက်တရားကို ရလာပြီ ငါဟောတဲ့တရားကို နာကြလို့ ဖိတ်မန်တိုက်တွန်းတဲ့အခါ ပဉ္စဝဂ္ဂီတွေက မယုံကြဘူး။ ဘုရား ဖြစ်လာကြောင်း အရိယာဖြစ်လာကြောင်းမသိကြဘူး။ အစာမစားဘဲ ကျင့်နေတာတောင် တရားထူးကိုမရပါဘဲနဲ့ အစာကြမ်းတွေစားပြီးကျင့် မှ တရားရလာတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့တောင် ငြင်းနေကြသေး တယ်၊ သုံးကြိမ်တိုင်တိုင် ငြင်းပယ်နေကြတယ်၊ ရှေးက ဒီလိုငါကပြော တာကို ကြားဖူးရဲ့လားလို့ သတိပေးလိုက်တော့မှ ဟုတ်လောက်တယ် လို့ယုံကြည်ပြီး တရားကိုနာကြတယ်၊ မြတ်စွာဘုရားဟောတဲ့ ဓမ္မစကြာ သုတ်တရားကိုနာနေရင်း ပဉ္စဝဂ္ဂီငါးပါးထဲက အရှင်ကောဏ္ဍညဟာ သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန်အရိယာဖြစ်သွားတယ်၊ အဲဒီတော့မှ အရှင်ကောဏ္ဍညက ကိလေသာကင်းတဲ့ ဘုရားအစစ် ဖြစ်ကြောင်းသိပြီး ဘုရားတပည့်ရဟန်းအဖြစ် တောင်းပန်တယ်၊ မြတ်စွာ

http://www.dhammadownload.com



ဘုရားက ပေါ်ဘိကျွလို့ခေါ်ပြီး ရဟန်းပြုပေးတော်မူတယ်၊ အဲဒါဟာ -ဓမ္မံ ပဿန္တော မံ ပဿတိ၊ ဓမ္မံ - မဂ်ဖိုလ်နိဗ္ဗာန်တရားကို၊ ပဿန္တော - ဉာဏ်ဖြင့်မြင်သောသူသည်၊ မံ - ငါဘုရားကို၊ ပဿတိ- မြင်သည် - လို့ ဟောတော်မူတဲ့အတိုင်း တရားသိလို့ ဘုရားကိုမြင်သိတာပဲ၊ အဲဒီလို တရားမသိရင်တော့ ဘုရားကိုလဲ မသိမမြင်ဘူး၊ အရိယာကို လဲ မသိမမြင်ဘူး၊ အဲဒီလို အရိယာတရားကို မရသေးလို့ အရိယာကို မမြင်သေးရင် အတ္တစွဲက ရှိနေသေးတယ်၊ အရိယာနံ အဒဿာဝီ- အရိယာတို့ကို မမြင်သေးဘူးဆိုတာနဲ့ အဿုတဝါ - တရားထူးကို မြင်တဲ့သုတမရှိဘူးဆိုတာဟာ သဘောအားဖြင့် အတူတူပါပဲ၊ ပိုပြီး ပေါ်လွင်အောင်လို့ ဒီဂုဏ်ပုဒ်ဖြင့် ထပ်ပြီးပြဆိုတာပါပဲ၊ နောက်ပြီးတော့-

အရိယဓမ္မဿ- အရိယာတရား၌၊ အကောဝိဒေါ - မကျွမ်း ကျင်သေးသောဆိုတဲ့ ဝိသေသနပုဒ်ဟာလဲ အရိယာတို့ကို မမြင်သေး ဘူးဆိုတာနဲ့ အရတူပါပဲ၊ အရိယာတို့၏တရားဆိုတာက သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄- ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ-၅ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင်၈ပါးဆိုတဲ့ ဗောဓိပက္ခိယတရား ၃၇ ပါးပါပဲ၊ အဲဒီအရိယာတရားတွေမှာ ကျွမ်းကျင်တယ်ဆိုတာကလဲ အဲဒီတရားတွေ မိမိသန္တာန်၌ဖြစ်အောင်ကျင့်မှ ကျွမ်းကျင်တာ၊ စာပေကျွမ်းဝင်လေ့လာ

http://www.dhammadownload.com



လို့မှတ်တက်ရပြီး ခိုင်းခိုင်းမြဲမြဲ ကျော့ပွန်နေပေမယ့်လို့ မကျင့်ရင်တော့ ကျွမ်းကျင်တယ်လို့ မဆိုရဘူး။ ဒါကြောင့် အဲဒီတရားတွေမှာ ကျွမ်းကျင် စေလိုလျှင် သတိပဋ္ဌာန်စသည်တွေကို မိမိသန္တာန်မှာ ဖြစ်ပွားအောင် ကျင့်ဖို့လိုပါတယ်၊ သတိပဋ္ဌာန်လေးပါး ဖြစ်ပွားအောင်ကျင့်နေရင် သမ္မပ္ပဓာန်စသော ဗောဓိပက္ခိယတရားတွေအားလုံးပင် မိမိသန္တာန်မှာ ဖြစ်ပြီးတော့ အဲဒီတရားတွေမှာ ကျွမ်းကျင်တာပါပဲ။

ယခုဒီမှာ တရားအားထုတ်နေကြတဲ့ ယောဂီတွေဟာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ - စသည်ဖြင့်) ဟောထားတဲ့ သတိပဋ္ဌာန သုတ်တရားတော်နှင့်အညီ သွားရင်သွားတယ်လို့ ရှုမှတ်နေကြရတယ်၊ ရပ်ရင် ထိုင်ရင် လျောင်းရင် ကွေးရင် ဆန့်ရင် ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ကွေးတယ်၊ ဆန့်တယ်လို့ ရှုမှတ်နေကြရတယ်၊ ဝမ်းဗိုက်က ဖောင်းတိုင်းပိန်တိုင်း ဖောင်းတယ်ပိန်တယ်လို့ ရှုမှတ်နေကြရတယ်။ အဲဒါဟာ ကိုယ်အမူအရာကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ပြီး ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားနေကြတာပဲ၊ အဲဒါကို အတိုချုပ်မှတ်ရအောင် (ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ မှန်စွာသိရမည်-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com



**၁။ ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။**

ဖောင်းတယ် ပိန်တယ်စသည်ဖြင့် ကိုယ်အမူအရာကိုရှုမှတ်နေရင်း လိုချင်နှစ်သက်မှုစသော စိတ်ကူးကြံစည်မှုဖြစ်ပေါ်လာရင် အဲဒါကိုလဲ စိတ်ကူးတယ်၊ ကြံစည်တယ် လိုချင်တယ်စသည်ဖြင့် ရှုမှတ်နေကြရတယ်၊ အဲဒါဟာ (သရာဂံဝါ စိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ) တပ်မက်မှုနှင့်တကွဖြစ်သောစိတ်ကိုလဲ တပ်မက်မှုနှင့်တကွဖြစ်သော စိတ်ဟုသိ၏စသည်ဖြင့်ဟောထားတဲ့ သတိပဋ္ဌာနသုတ်တရားတော်နှင့်အညီ စိတ်အမူအရာကိုရှုမှတ်ပြီးသိတဲ့ စိတ္တာနုပဿနာသတိပဋ္ဌာန်ကိုပွားနေတာပဲ၊ အဲဒါနဲ့ဆိုင်တဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

**၂။ စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။**

ကိုယ်ထဲမှာ ညောင်းမှု ပူမှု နာကျင်မှုစသော မခံသာတဲ့ဒုက္ခဝေဒနာတွေ ထင်ရှားဖြစ်ပေါ်လာတဲ့အခါ ညောင်းတယ် ပူတယ် နာတယ်စသည်ဖြင့် ရှုမှတ်နေကြရတယ်၊ စိတ်ပျက်မှု ဝမ်းသာမှုစသော ခံစားမှုတွေဖြစ်ပေါ်လာတဲ့အခါမှာလဲ စိတ်ပျက်တယ်၊ ဝမ်းသာတယ် စသည်ဖြင့် ရှုမှတ်နေကြရတယ်၊ အဲဒါဟာ (သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ) ချမ်းသာတဲ့ ခံစားမှုကို ခံစားနေလျှင်လဲ ချမ်းသာတဲ့ခံစားမှုကိုခံစားသည်ဟုသိ၏။ ဆင်းရဲတဲ့

http://www.dhammadownload.com



ခံစားမှုကိုခံစားနေလျှင်လဲ ဆင်းရဲတဲ့ခံစားမှုကို ခံစားသည်ဟုသိ၏။ စသည်ဖြင့် ဟောထားတဲ့ သတိပဋ္ဌာနသုတ်တရားတော်နှင့်အညီ ခံစားမှုဝေဒနာကိုရှုမှတ်ပြီးသိတဲ့ ဝေဒနာနုပဿနာသတိပဋ္ဌာန်ကိုပွား နေတာပဲ၊ အဲဒါနဲ့ဆိုင်တဲ့ဆောင်ပုဒ်ကို ဆိုကြရမယ်။

၃။ ကောင်း,ဆိုး,လတ်ပါ ဝေဒနာ၊ ပေါ်တာသိရမည်။

ကောင်းတဲ့ခံစားမှု၊ ဆိုးတဲ့ခံစားမှု၊ အလတ်စားခံစားမှုဆိုတဲ့ ဝေဒနာ သုံးပါးထဲက ဖြစ်ပေါ်လာတဲ့ ဝေဒနာလို့ ရှုမှတ်ပြီးသိရမယ်လို့ ဆိုလိုတာပါပဲ၊ နောက်ပြီးတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း လဲ မြင်တယ် ကြားတယ် စသည်ဖြင့် ရှုမှတ်နေကြရတယ်။ အဲဒါဟာ (စက္ခုဥ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ) မျက်စိကိုလဲသိ၏၊ အဆင်း တို့ကိုလဲသိ၏စသည်ဖြင့် ဟောထားတဲ့ သတိပဋ္ဌာနသုတ်တရားတော် နှင့်အညီ သဘောတရားကို ရှုမှတ်ပြီးသိတဲ့ ဓမ္မာနုပဿနာသတိပဋ္ဌာန် ကို ပွားနေတာပဲ၊ အဲဒါနဲ့ဆိုင်တဲ့ဆောင်ပုဒ်ကို ဆိုကြရမယ်။

၄။ သဘောတရား၊ ထင်ပေါ်ငြား၊ ပိုင်းခြားသိရမည်။

မြင်မှု ကြားမှုစသော သဘောတရားတွေ ထင်ပေါ်ရင် အဲဒါ တွေကိုလဲရှုမှတ်ပြီး ပိုင်းခြားသိရမယ်လို့ ဆိုလိုတာပါပဲ၊ ဒီပြင်လဲ ကာမ အာရုံကို လိုချင်နှစ်သက်မှု စိတ်ဆိုးမှုစသော နီဝရဏသဘောတရား

http://www.dhammadownload.com



တွေ ဖြစ်ပေါ်လာရင် အဲဒါတွေကို ရှုမှတ်ပြီးသိရမယ်၊ ဒါပေမယ့် အဲဒါတွေကိုရှုမှတ်ပြီးသိတာကတော့ ကြံသိမှုသဘောကို ရှုမှတ်သိတာထဲ အတွင်းဝင်နေတယ်လို့လဲ ဆိုနိုင်ပါတယ်။

## သတိပဋ္ဌာန်ကိုပွားစေတိုင်း

## ဗောဓိပက္ခိယတရားများပါဝင်ပုံ

ယခုပြောခဲ့တဲ့အတိုင်း သတိပဋ္ဌာန် ၄-ပါးကို ပွားစေရင် သမ္မပ္ပဓာန် ၄-ပါးလဲ ပါဝင်တာပဲ၊ ပါဝင်ပုံကတော့ ရှုမှတ်မှုဖြစ်အောင် အားထုတ်တာဟာ သမ္မပ္ပဓာန်လို့လည်ပဲ၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဖြစ်ဖူးတဲ့ အကုသိုလ်မဖြစ်ရအောင်အားထုတ်မှုလဲ ပြီးစီးတယ်(၁)၊ ဖြစ်ဖူးတဲ့ အကုသိုလ်မဖြစ်ရအောင် အားထုတ်မှုလဲပြီးစီးတယ်၊ (ဥပ္ပန္န) ဖြစ်ပြီး အကုသိုလ်လို့ဆိုရတဲ့ အာရမ္မဏာနုသယအကုသိုလ်ဖြစ်ခွင့်မရအောင် အားထုတ်မှုလဲပြီးစီးတယ်(၂)၊ မဖြစ်ဖူးသေးတဲ့ ဝိပဿနာကုသိုလ်နဲ့ အရိယာမဂ်ကုသိုလ်ဖြစ်အောင် အားထုတ်မှုလဲပြီးစီးတယ် (၃)၊ ဖြစ်ပြီး ဝိပဿနာကုသိုလ်တည်တံ့အောင် တိုးတက်အောင် ပြည့်စုံအောင် အားထုတ်မှုလဲ ရှုမှတ်တိုင်းပြီးစီးတယ်(၄)၊ ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း သမ္မပ္ပဓာန် ၄-ပါးလဲ ပါဝင်ပြီးဖြစ်ကြောင်း ထင်ရှားပါတယ်။

ဣဒ္ဓိပါဒ် ၄-ပါးထဲကလဲ တစ်ခုခု ပါဝင်ပြီးစီးတာပဲ၊ ပါဝင်ပုံက

http://www.dhammadownload.com



တော့ ထက်သန်တဲ့လိုလားမှုကိုမှီပြီး ရှုမှတ်တဲ့အခါ ဆန္ဒိဒ္ဓိပါဒ် ပါဝင်တယ် (၁)၊ ထက်သန်တဲ့ အားထုတ်မှုကိုမှီပြီး ရှုမှတ်တဲ့အခါ ဝီရိယိဒ္ဓိပါဒ် ပါဝင်တယ် (၂)၊ ထက်သန်တဲ့စိတ်ကိုမှီပြီး ရှုမှတ်တဲ့အခါ စိတ္တိဒ္ဓိပါဒ်ပါဝင်တယ် (၃)၊ ထက်သန်တဲ့ဉာဏ်ကိုမှီပြီး ရှုမှတ်တဲ့အခါ ဝီမံသိဒ္ဓိပါဒ် ပါဝင်တယ် (၄)၊ ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဣဒ္ဓိပါဒ်တစ်ပါးပါး ပါဝင်ကြောင်း ထင်ရှားပါတယ်။

ရှုမှတ်တိုင်းတရားကိုယုံမှု စိတ်ကြည်လင်မှုပါဝင်နေတယ်၊ အဲဒါက သဒ္ဓိန္ဒြေပဲ (၁)၊ ရှုမှတ်မှုဖြစ်အောင် အားထုတ်တာက ဝီရိယိန္ဒြေပဲ (၂)၊ အမှတ်ရတဲ့သတိပဋ္ဌာန်က သတိန္ဒြေပဲ (၃)၊ ရှုမှတ်မိတဲ့ အာရုံ၌ စူးစူးစိုက်စိုက်ကပ်ပြီး စိတ်တည်တာက သမာဓိန္ဒြေပဲ (၄)၊ ရှုမှတ်မိတဲ့ သဘောအာရုံကိုအမှန်အတိုင်းသိတာက ပညိန္ဒြေပဲ (၅)၊ ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဣန္ဒြေငါးပါး ပါဝင်ကြောင်း ထင်ရှားပါတယ်။

ဗလကို ဗိုလ်လို့အနက်ပြန်ထားကြတယ်၊ ဘာဝနာကိစ္စ၏ အထောက်အပံ့ဖြစ်တဲ့ ခွန်အားပါပဲ၊ အဲဒီ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဗိုလ်ငါးပါးကတော့ ဣန္ဒြေငါးပါးနဲ့ အတူတူပါပဲ၊ ဒါကြောင့် အဲဒီဗိုလ်ငါးပါး ပါဝင်ကြောင်းလဲ ထင်ရှားပါတယ်။

http://www.dhammadownload.com



ဗောဇ္ဈင်ခုနစ်ပါးထဲက သတိသမ္ဗောဇ္ဈင်ဆိုတာ သတိပဋ္ဌာန်နဲ့အတူတူပဲ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာက ပညိန္ဒြေနဲ့အရတူပါပဲ၊ ဝီရိယသမ္ဗောဇ္ဈင်ဆိုတာ ဝီရိယိန္ဒြေနဲ့အရတူပါပဲ၊ ထူးခြားတာကတော့ ပီတိ ပဿဒ္ဓိ ဥပေက္ခာဆိုတဲ့ ဒီဗောဇ္ဈင်သုံးပါးသာရှိပါတယ်၊ အဲဒီသုံးပါးထဲကလဲ ပီတိနှင့်ပဿဒ္ဓိက ဥဒယဗ္ဗယဉာဏ်ဖြစ်ခိုက်မှာ အလွန်ထင်ရှားပါတယ်၊ ဥပေက္ခာဟာလဲ အထူးကြောင့်ကြမစိုက်ရဘဲ အမှတ်ကောင်းနေတဲ့အတွက်ထင်ရှားတာပဲ၊ ဒါပေမယ့် သင်္ခါရုပေက္ခာဉာဏ်ကျတော့ သူကအလွန်ပင် ထင်ရှားပါတယ်၊ ဒါကြောင့် သတိပဋ္ဌာန်ကိုပွားစေရာ၌ ဗောဇ္ဈင် (၇) ပါးလဲ ပါဝင်ပြည့်စုံကြောင်း ထင်ရှားတာပါပဲ။

မဂ္ဂင်ရှစ်ပါးထဲက သမာဒိဋ္ဌိ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ ၄-ပါးကတော့ သတိပဋ္ဌာန် သမ္မပ္ပဓာန် သမာဓိန္ဒြေ ပညိန္ဒြေစသည်တို့နှင့်အရတူပါပဲ၊ သမ္မာသင်္ကပ္ပဆိုတာကလဲ သမ္မာဒိဋ္ဌိနှင့်တစ်ပါတည်းဖြစ်မြဲမဂ္ဂင်မို့ ပညိန္ဒြေစသည်နှင့်တစ်ပါးတည်းဖြစ်ကြောင်း ထင်ရှားပါတယ်၊ သီလမဂ္ဂင်သုံးပါးကတော့ ရှုမှတ်ခိုက်၌ တရားကိုယ်အဖြစ်ဖြင့် မပါဘူး ဒါပေမယ့် သီလဆောက်တည်ကျင့်သုံးကတည်းက ပြည့်စုံလာခဲ့တယ်၊ ရှုမှတ်ခိုက်မှာလဲ သီလက ပြည့်စုံမြဲပြည့်စုံစင်ကြယ်နေတယ်၊ ဒါကြောင့် ရှုမှတ်ခိုက်၌ သမ္မဝါစာစသည်လဲပြည့်စုံနေတယ်လို့ ဆိုနိုင်ပါတယ်၊ တစ်နည်းအားဖြင့် ဆိုရင် အရိယမဂ်ခဏ၌ သီလပျက်

http://www.dhammadownload.com



ကြောင်း သန္တာနာနုသယ ကိလေသာတွေကို ပယ်ရှင်းနိုင်တဲ့ သမ္မာဝါစာ စသည်ပါရှိတာကို ဝိပဿနာရှုခိုက်မှာလဲ သီလပျက်ကြောင်းဖြစ်တဲ့ အာရမ္မဏာနုသယ အခြေခံကိလေသာတွေကို ပယ်ရှင်းနိုင်သောကြောင့် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါးလဲ တခဏ် ပဟာန်ကိစ္စပြီးသောအားဖြင့် ပါဝင်ပြည့်စုံတယ်လို့ ဆိုသင့်တာပါပဲ၊ အဲဒါဟာ ရှုမှတ်ဆဲ၌ မဂ္ဂင်ရှစ်ပါး ပါဝင်ပြီးစီးပုံပါပဲ။

ယခုပြောပြခဲ့တဲ့အတိုင်း သတိပဋ္ဌာန်တရားကို ပွားစေလျှင် အရိယာဖြစ်ကြောင်း အရိယမဂ္ဂဆိုတဲ့ ဗောဓိပက္ခိယတရား ၃၇-ပါး လုံး မိမိသန္တာန်၌ဖြစ်ပွားတယ်၊ ဖြစ်ပွားတော့ အဲဒီအရိယမဂ္ဂ၌ကျွမ်းကျင် တယ်၊ ကျွမ်းကျင်တော့ အဲဒီအရိယမဂ္ဂ၏အစွမ်းဖြင့်ရှုမှတ်မိတဲ့ ရုပ်နာမ် တရားတွေကို အနိစ္စ,ဒုက္ခ,အနတ္တဟုပိုင်ပိုင်နိုင်နိုင်သိရတယ်၊ သတိ ပဋ္ဌာန်ကိုမပွားစေတဲ့သူမှာတော့ အရိယာဖြစ်ကြောင်း တရား၌မကျွမ်း ကျင်ဘူး၊ ဒါကြောင့် ရုပ်နာမ်တရားတွေကို အနိစ္စ,ဒုက္ခ,အနတ္တလို့ မသိဘူး၊ နိစ္စ,သုခ,အတ္တလို့သာ ထင်နေတယ်၊ အဲဒီလို အတ္တလို့ ထင်မှားခြင်း၏အကြောင်းကို သိစေလိုသဖြင့် "ပုထုဇဉ်ဟာ အရိယမဂ္ဂ ၌ မကျွမ်းကျင်သည်ဖြစ်၍ အတ္တဟုထင်မှတ်နေတယ်" ဆိုတာကို ဖော်ပြတာပါပဲ။

http://www.dhammadownload.com



နောက်ပြီးတော့ အရိယာမဂ္ဂ - အရိယဖြစ်ကြောင်းတရား၌၊ အဝိနီတော- မဆုံးမ,ရသေးသည်ဖြစ်၍လဲ အတ္တဟုထင်မှားနေပါတယ်တဲ့၊ အဲဒီမှာ အဝိနီတော - မဆုံးမ,ရသေးဘူးဆိုရာတွင် သံဝရဝိနည်းငါးပါး၊ ပဟာနဝိနည်းငါးပါးတို့ဖြင့် မဆုံးမ,ရသေး၍ မယဉ်ကျေးသေးကြောင်ကို အဋ္ဌကထာဖွင့်ပြထားပါတယ်၊ အဲဒါကိုတော့ သဠာယတနဝဂ္ဂကင်းပုံအဖြေကျမှရှင်းပြမယ်၊ အဲဒီကနောက် သပ္ပုရိသာနံ အဒဿာဝီ - သူတော်ကောင်းတို့ကို မမြင်သေး မသိသေး၍လဲ အတ္တဟုထင်မှားတယ် စသည်ဖြင့် ဖော်ပြထားပုံကတော့ အရိယာနံ အဒဿာဝီ စသည်နဲ့အတူတူပါပဲ၊ သူတော်ကောင်းဆိုတာအရိယာကို ဆိုတာပါပဲ၊ ဒါကြောင့် အဲဒါတွေကိုတော့ အကျယ်ချဲ့ပြီး ဖွင့်ပြပြောဟောစရာ မလိုပါဘူး၊ ယခုအဲဒီစကားရပ်ကို တစ်ဝါကျတည်းအနေဖြင့် နားလည်ရအောင် တစ်ဆက်တည်းအနက်ပြန်ပြပါဦးမယ်။

## တစ်ဝါကျတည်းဆက်၍အနက်ပြန်ပုံ

အာဝုသော ဝိသာခ - ဒါယကာ ဝိသာခ၊ ဣဓ - လူအများဟုဆိုအပ်သော ဤလောကထဲ၌ အဿုတဝါ - အကြားအမြင်မရှိသော၊ ပုထုဇ္ဇနော - သူကန်းသဖွယ် အန္ဓပုထုဇဉ်သည်၊ အရိယာနံ အဒဿာဝီ - အရိယာတို့ကို မသိမမြင်သေးသည်ဖြစ်၍၊ အရိယဓမ္မဿ အကောဝိဒေါ - အရိယာဖြစ်ကြောင်းတရား၌မကျွမ်းကျင်သေး၊ မသိ

http://www.dhammadownload.com



သေးသည်ဖြစ်၍၊ အရိယမဂ္ဂအစိန်တော-အရိယာဖြစ်ကြောင်းတရား၌ မခံ့မရသေးသည်ဖြစ်၍၊ သပ္ပုရိသာနံ အဒဿာဝီ - အရိယာသူတော်ကောင်းတို့ကို မသိမမြင်သေးသည်ဖြစ်၍၊ သပ္ပုရိသမဂ္ဂဿ အကောဝိဒေါ - သူတော်ကောင်းတရား၌ မကျွမ်းကျင်သေး မသိသေးသည်ဖြစ်၍၊ သပ္ပုရိသမဂ္ဂ အစိန်တော- သူတော်ကောင်းတရား၌ မခံ့မရသေးသည်ဖြစ်၍၊ ရူပံ - ရုပ်ကို၊ အတ္တတော - အတ္တကောင် ငါကောင်ဟု၊ သမနုပဿတိ - ထင်မှတ်၏ တဲ့။

အဲဒီမှာ အနက်ပြန်ရိုးပြန်စဉ်ကတော့-အရိယာနံ အဒဿာဝီ-အရိယာတို့ကို မသိမမြင်သေးသော၊ သပ္ပုရိသမဂ္ဂ အစိန်တော - သူတော်ကောင်းတရား၌မခံ့မရသေးသော၊ ပုထုဇ္ဇနော - ပုထုဇဉ်သည် လို့ ဝိသေသန ဝိသေသျ အဖြစ်ဖြင့်ပြန်ရပါတယ်၊ ဒါပေမယ့် ဝိသေသန တွေကတော့များနေတော့ ဆက်စပ်ယူဖို့ ခက်ခဲနေမှာစိုးလို့ ဒီမှာတော့ အဲဒီဝိသေသနသပုဒ်တွေကို အကြောင်းပြအနေဖြင့် အနက်ပြန်ဆိုလိုက်ခြင်းဖြစ်ပါတယ်။

ဆိုလိုရင်းအဝိချုပ်ကတော့ အကြားအမြင်မရှိသေးတဲ့ အန္ဓပုထုဇဉ်ဟာ အရိယာသူတော်ကောင်းတွေကိုလဲ မသိမမြင်သေးဘူး၊ အရိယာသူတော်ကောင်းတရား၌လဲ မကျွမ်းကျင်သေးဘူး၊ အရိယာသူတော်ကောင်းတရား၌လဲ မခံ့မရသေးလို့ မယဉ်ကျေးသေးဘူး၊

http://www.dhammadownload.com



ဒါကြောင့် ဒီအန္တမုထုဇဉ်က ရုပ်ကို အတ္တလို့ ထင်မှားနေတယ်၊ အဲဒီလို ထင်မှားတာဟာ သက္ကာယဒိဋ္ဌိလို့ပဲ ဆိုလိုပါတယ်။

သက္ကာယဆိုတာ ရှေးနားပိုင်းက ပြခဲ့တဲ့အတိုင်း ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းပဲ၊ ပုဒ်ဖြိုပုံကတော့ သန္တော- ထင်ရှားရှိသော၊ ကာယော- အပေါင်းသည်၊ သက္ကာယော - သက္ကာယမည်၏၊ သန္တ - မှ ဖြစ်လာတဲ့ သ-က ထင်ရှားရှိသည် - တဲ့၊ ကာယ-က အပေါင်းတဲ့ သန့်ကာယ ၂-ခုတွဲလိုက်တော့ ထင်ရှားရှိတဲ့အပေါင်းလို့ အနက်ရတယ်၊ အဲဒီမှာ အပေါင်းဆိုတာက ရုပ်နာမ်အပေါင်းကိုဆိုတာပဲ၊ ဒါကြောင့် သက္ကာယ- ဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းပဲ၊ ဒါပေမယ့် ဒိဋ္ဌိဖြင့်အထင်အမြင် မှားတဲ့အခါမှာတော့ ရုပ်သက်သက်ကို အထင်အမြင် မှားတာလဲရှိတယ်၊ နာမ်သက်သက်ကို အထင်အမြင်မှားတာလဲရှိတယ်၊ ရုပ်နာမ်အပေါင်းကို အထင်အမြင်မှားတာလဲရှိတယ်၊ ယခုပြဆိုခဲ့တဲ့ စကားဖြင့် ရုပ်သက် သက်ကို အတ္တဟုအထင်အမြင်မှားပုံကို ပြဆိုတာပါပဲ။

http://www.dhammadownload.com



## ရုပ်ဆိုင်ရာ သဏ္ဌာနဒိဋ္ဌိ ၄- ပါး

အဲဒါဟာ ရုပ်ကိုယ်ကြီးတစ်ခုလုံးကို အတ္တဟုထင်များတာလဲ ရှိတယ်၊ မျက်စိအဆင်းစသော အသေးစိတ် ရုပ်အသီးအသီးကို အတ္တဟု ထင်များတာလဲရှိတယ်၊ ကိုယ့်လက်ခြေစသည်ကိုမြင်တဲ့အခါ မျက်စိရုပ်ကိုလဲ အတ္တလို့ငါလို့ အထင်များတယ်၊ မြင်ရတဲ့အဆင်းကိုလဲ အတ္တလို့ ငါလို့အထင်များတယ်၊ ကြားတဲ့အခါ ထိသိရတဲ့အခါ စသည့်၌လဲ နားရုပ် ကိုယ်အကြည်ရုပ် ထိသိရတဲ့ရုပ်စသည်ကို အတ္တလို့ ငါလို့ အထင်များတယ်၊ အဲဒီမျက်စိရုပ် အဆင်းရုပ် နားရုပ် ကိုယ်အကြည်ရုပ် ထိသိရတဲ့ရုပ်စသည်ကို တစ်ပေါင်းတည်းပြုပြီး တစ်ကိုယ်လုံးကိုလဲ အတ္တလို့ငါလို့ အထင်များတယ်။

ကိုယ့်ကိုယ်ထဲကရုပ်ကို အထင်များသလိုပင် သူတစ်ပါးကိုယ်ထဲက မြင်ရတဲ့ အဆင်းရုပ် ထိသိရတဲ့အတွေ့ရုပ်တို့ကိုလဲ အသက်ရှင်နေတဲ့ အတ္တကောင် သတ္တဝါကောင်လို့ အထင်များတယ်၊ သူတစ်ပါး၏ ရုပ်ကိုယ်ကြီးတစ်ခုလုံးကိုလဲ အတ္တကောင် သတ္တဝါကောင်လို့ အထင်များတယ်။

ခတ်ကြီးလေးပါးအရဆိုရင် ကြမ်းတမ်းနူးညံ့ချောညက်တဲ့ ပထဝီရုပ်ကိုလဲ အတ္တလို့အထင်များတယ်၊ ပူနွေးအေးတဲ့ တေဇောရုပ်

http://www.dhammadownload.com



ကိုလဲအတ္တလို့ အထင်မှားတယ်၊ တောင့်တင်းလှုပ်ရှားတဲ့ဝါယောရုပ်ကိုလဲ အတ္တလို့အထင်မှားတယ်၊ စိုထိုင်းနေတဲ့အာပေါရုပ်ကိုလဲ အတ္တလို့ အထင်မှားတယ်၊ အဲဒီဓာတ်လေးပါးကို အစွဲပြု၍ မိမိ၏ကိုယ်ရုပ် သူတစ်ပါး၏ကိုယ်ရုပ်ကိုလဲ အတ္တလို့ အထင်မှားတယ်၊ ဒါလောက် ဆိုရင် ရူပံ အတ္တတော သမနုပဿတိ - ရုပ်ကိုအတ္တဟုထင်မှတ်၏- ဆိုတဲ့ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိခေါ်တဲ့ (အတ္တလို့) အထင်အမြင်မှားပုံ ကို နားလည်လောက်ပါပြီ။

ယခုပြောခဲ့တာဟာ ရုပ်သက်သက်ကို အတ္တလို့ထင်မှားပုံပဲ၊ အဲဒါဟာ ရုပ်ခန္ဓာနဲ့စပ်ပြီး သက္ကာယဒိဋ္ဌိဖြစ်ပုံအမှတ် (၁) ပဲ၊ အဲဒီလို ရုပ်သက်သက်ကို အတ္တလို့ ထင်မှတ်တော့ မြင်သိမှု ကြားသိမှု ကြံသိမှု ခံစားမှုစသော နာမ်တရားတွေကို အတ္တကောင် ငါကောင်၏စွမ်းရည် လို့ ထင်မှတ်တယ်။

ရုပ်ခန္ဓာနဲ့စပ်ပြီး သက္ကာယဒိဋ္ဌိဖြစ်ပုံ အမှတ် (၂) ကတော့ အတ္တာနံ - အတ္တကို၊ ရူပဝန္တံ ဝါ- ရုပ်ရှိသည်ဟူ၍မူလည်း၊ သမနုပဿတိ- ထင်မှတ်၏တဲ့ အတ္တမှာ ရုပ်ရှိတယ်လို့ ထင်မှတ်တယ်တဲ့ အဲဒါကတော့ ကြံသိမှု မြင်သိမှုစသော နာမ်တရားကို အတ္တလို့ထင်မှတ် ပြီး ရုပ်ကိုတော့ အဲဒီနာမ်အတ္တနဲ့ပူးတွဲပြီး ဖြစ်နေတဲ့အရိပ်အဝါလို့ ထင်မှတ်တယ်၊ ဘာလို့လဲဆိုရင် သစ်ပင်ကိုမှီပြီး အရိပ်ရှိတာကို အဲဒီ

http://www.dhammadownload.com



နာမ်အတ္တကိုမှီပြီး ရုပ်ကိုယ်ကြီးတည်ရှိနေတယ်လို့ထင်မြင်တာပါပဲ၊ အတ္တကိုမှီပြီး ရုပ်ကိုယ်ကြီးဖြစ်လာပုံဟာ ပကာတိဝါဒရှိသူတို့၏အယူနှင့် ခပ်တူတူပင်၊ ပကာတိဝါဒကို အကျယ်သိလိုပါက ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယ စတုတ္ထတွဲ (၂၁၁) စသည်မှာ ကြည့်နိုင်ပါတယ်၊ ဒီအမှတ် (၂) သက္ကာယဒိဋ္ဌိကတော့ အတ္တမှာ ရုပ်ရှိတယ်လို့ အယူအစွဲပါပဲ။

ရုပ်နဲ့စပ်ပြီး သက္ကာယဒိဋ္ဌိဖြစ်ပုံအမှတ် (၃) ကတော့ အတ္တနိ ဝါ - အတ္တ၌မူလည်း။ ရူပံ - ရုပ်ကို၊ သမနုပဿတိ - ထင်မှတ်၏ တဲ့၊ ဒါကရုပ်ကိုယ်ကြီးဟာ အတ္တကိုမှီပြီး တည်နေတယ်လို့ ထင်မှတ်တဲ့ အယူပါပဲ၊ ဘာလို့တုန်းဆိုရင် ပန်းပွင့်ထဲ၌အနံ့တည်နေသလိုပါပဲတဲ့၊ ဒါကလဲကြံသိမှုစသောနာမ်ကို အတ္တလို့ယူပြီး ရုပ်က အဲဒီအတ္တကို မှီပြီး တည်ရှိနေတယ်လို့ ယူဆတာပါပဲ၊ ဒီအယူကို ပေါ်လွင်အောင် ပြဖို့ကတော့ မလွယ်ပါဘူး။

အမှတ် (၄) အယူဖြစ်ပုံကတော့ ရူပသ္မိံ ဝါ-ရုပ်၌မူလည်း အတ္တာနံ-အတ္တကို၊ သမနုပဿတိ - ထင်မှတ်၏တဲ့၊ ကြံသိမှု စသော နာမ်ကိုအတ္တလို့ယူပြီး အဲဒီအတ္တက ရုပ်ကိုယ်ထဲမှာ တည်နေတယ်လို့ ယူဆထင်မှတ်တာပါပဲ၊ ဒီလိုယူဆထင်မြင်တာကတော့ များပုံပေါ်ပါတယ်၊ ဗုဒ္ဓဘာသာဝင်တွေထဲမှာတောင် တရားဟော အကြားအမြင် မရှိတဲ့လူ တွေက အဲဒီအတိုင်းထင်နေကြတယ်၊ သေတဲ့အတ္တကောင်ကို ကိုယ်

http://www.dhammadownload.com



ထဲမှာခြား ထွက်သွားတယ်လို့ ထင်နေကြတယ်၊ ဘဝသစ်မှာဖြစ်တဲ့အခါမှာလဲ အဲဒီအတ္တကောင်က အမိဝမ်းတွင်း ဝင်ပြီးတည်နေတယ်လို့ ထင်ကြတယ်၊ အဲဒါဟာ ရုပ်ကိုယ်ကိုမှီပြီး စိတ်နာမ်အတ္တကောင် တည်နေတယ်လို့ ယူဆပုံပါပဲ။

အမှန်ကတော့ ဗုဒ္ဓတရားတော်အရအားဖြင့် အတ္တကောင်ရယ်လို့မရှိပါဘူး၊ အကြောင်းအားလျော်စွာ ရုပ်နာမ်တွေမပြတ်ဆက်စပ်ပြီး ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်မျှသာရှိပါတယ်၊ သေခါနီးမှာ ကိလေသာမကင်းသေးရင်း ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံသုံးခုထဲကတစ်ခုခုကို စွဲမှတ်ပြီးနေရင်း နောက်ဆုံးစိတ်ချုပ်သွားတယ်၊ နောက်ထပ်ရုပ်နာမ်အသစ်လဲ အဲဒီသန္တာန်မှာ မဖြစ်လာတော့ဘူး။ ဒါကြောင့်သေတယ်လို့ဆိုရတာပဲ၊ ဒါပေမယ့် လုံးလုံးပြတ်စဲသွားတာတော့မဟုတ်ဘူး၊ စွဲလမ်းခဲ့တဲ့အာရုံကို အာရုံပြုလျက် ကံအားလျော်စွာ ဌာနအသစ်မှာ စိတ်နာမ်အသစ်ဖြစ်တယ်၊ စိတ်နာမ်၏မှီရာ ရုပ်အသစ်လဲဖြစ်တယ်၊ အဲဒီအစအဆုံး ရုပ်နာမ်တွေချုပ်သွားတဲ့အခါ နောက်နောက်ရုပ်နာမ်အသစ်တွေကလဲ ဆက်ကာဆက်ကာ မပြတ်ဖြစ်နေတယ်၊ အဲဒါဟာကံအကြောင်းကြောင့် ဘဝသစ်ရုပ်နာမ်တွေဖြစ်ပုံပဲ။ နောက်ဆုံးစိတ်ချုပ်သွားတဲ့အခါလဲ အကောင်လိုက် ပျောက်ပျက်သွားတာတော့မဟုတ်ဘူး၊ အကောင်လိုက် အခြားဌာနသို့ရွှေ့သွားတာလဲမဟုတ်ဘူး၊ ဒါဟာ ဗုဒ္ဓ

http://www.dhammadownload.com



တရားတော်အရ သေပုံနဲ့ ဘဝသစ်ဖြစ်ပုံပါပဲ။

ဒါပေမယ့် အဲဒီလို တရားကိုမကြားရသေးတဲ့သူတွေ ကြားရသော်လဲ သဘောမပေါက်သေးတဲ့သူတွေကတော့ မိုးရာဖြစ်တဲ့ရုပ်ကိုယ်ကြီးပျက်သွားတဲ့အခါ သိတတ်တဲ့အတ္တကောင်က တခြားထွက်သွားတယ်စသည်ဖြင့် ထင်မြင်ယူဆနေကြတာပဲ၊ အဲဒါဟာ အတ္တကောင်ငါကောင် ရုပ်ကိုယ်ကြီးကိုမှီပြီး တည်နေတယ်လို့ ထင်မှတ်တဲ့ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိပါပဲ၊ ရုပ်ခန္ဓာနဲ့စပ်ပြီး သက္ကာယဒိဋ္ဌိ ၄-ပါးဖြစ်ပုံကတော့ ပြည့်စုံသွားပါပြီ တိုတိုနဲ့မှတ်သိရအောင် လိုက်ဆိုကြရမယ်။

သက္ကာယဒိဋ္ဌိနှစ်ဆယ်

၁။ ရုပ်ကို အတ္တကောင် ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၂။ အတ္တကောင်မှာ ရုပ်ရှိတယ်ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၃။ အတ္တကောင်၌ ရုပ်တည်နေသည် ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၄။ ရုပ်ကိုယ်ထဲ၌ အတ္တကောင်တည်နေသည် ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

http://www.dhammadownload.com



ဤသည်ကား ရုပ်ခန္ဓာနှင့်စပ်၍ အထင်မှားသောသက္ကာယ ဒိဋ္ဌိ ၄-ပါးဖြစ်သည်။

ရုပ်နှင့်စပ်ပြီး အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ၄-ပါးဖြစ်သလိုပင် ဝေဒနာ စသော နာမ်ခန္ဓာ ၄-ပါးနှင့်စပ်ပြီးတော့လဲ သက္ကာယဒိဋ္ဌိဖြစ်ပုံကို ၄-ပါး စီပင် ပြဆိုထားပါတယ်၊ ဝေဒနာနှင့်စပ်ပြီး ဖြစ်ပုံကတော့ -

ဝေဒနံ-ခံစားမှုဝေဒနာကို၊ အတ္တတော-အတ္တဟု၊ သမနုပဿတိ-ထင်မှတ်၏၊ အတ္တာနံ- အတ္တကို၊ ဝေဒနာဝန္တံ ဝါ- ဝေဒနာ ရှိသည်ဟူ၍မူလည်းထင်မှတ်၏၊ အတ္တနိဝါ - အတ္တ၌မူလည်း၊ ဝေဒနံ-ဝေဒနာကိုထင်မှတ်၏၊ ဝေဒနာယဝါ - ဝေဒနာ၌မူလည်း၊ အတ္တာနံ - အတ္တကို ထင်မှတ်၏-တဲ့။

ခံစားမှုဝေဒနာကို အတ္တကောင် ငါကောင်လို့ ထင်မှတ်တာလဲ ရှိတယ်၊ အဲဒါကဘယ်လိုလဲဆိုတော့ ကိုယ်ထဲစိတ်ထဲမှာ ကောင်းတာ ချမ်းသာတာကိုလဲ ငါလို့ထင်တယ်၊ မကောင်းတာ ဆင်းရဲတာကိုလဲ ငါလို့ ထင်တယ်၊ မကောင်းမဆိုး နေသာထိုင်သာ အလယ်အလတ် ဖြစ်နေတာကိုလဲ ငါလို့ထင်တယ်၊ အဲဒါဟာ ဝေဒနာသုံးပါးကို ငါကောင်အတ္တကောင်လို့ အထင်မှားတဲ့သက္ကာယဒိဋ္ဌိပဲ၊ အဲဒီလိုထင်တဲ့အယူက ဝေဒနာမှတစ်ပါးသော စိတ်နာမ်တရားတွေကိုလဲ ငါကောင်

http://www.dhammadownload.com



လို့မထင်ဘူး၊ ရုပ်တရားတွေကိုလဲ ငါကောင်လို့မထင်ဘူး၊ ခံစားမှုသက်သက်ကိုသာ ငါလို့ထင်တာတဲ့၊ အဲဒါက ဝေဒနာနဲ့စပ်ပြီး သက္ကာယဒိဋ္ဌိဖြစ်ပုံအမှတ်(၁)ပဲ။

အမှတ် (၂) ကတော့ အတ္တကောင် ငါကောင်မှာ ခံစားမှုရှိတယ်လို့ထင်မှတ်တယ်၊ အမှတ် (၃) ကတော့ အတ္တကိုမှီပြီး ခံစားမှုဖြစ်တယ်လို့ ထင်မှတ်တယ်၊ အမှတ် (၄) ကတော့ ဝေဒနာကိုမှီပြီး အတ္တက တည်ရှိနေတယ်လို့ထင်မှတ်တယ်၊ အဲဒီအမှတ် (၂-၃-၄) အရ သက္ကာယဒိဋ္ဌိဖြစ်ပုံကတော့ ဝေဒနာကို အတ္တလို့မထင်ဘဲ ကျန်တဲ့ရုပ်နာမ်တွေကို အတ္တလို့ထင်မှတ်တာပါပဲ၊ အဲဒါလဲ တိုတိုနဲ့ မှတ်ရအောင် လိုက်ဆိုကြရမယ်။

၁။ ဝေဒနာကို အတ္တကောင် ထင်တာက သက္ကာယတစ်ပါး။

၂။ အတ္တကောင်မှာ ဝေဒနာရှိတယ်ထင်တာက သက္ကာယဒိဋ္ဌိ တစ်ပါး။

၃။ အတ္တကောင်၌ ခံစားမှုဖြစ်သည်ထင်တာက သက္ကာယဒိဋ္ဌိ တစ်ပါး။

၄။ ခံစားမှု၌ အတ္တကောင် တည်နေသည်ထင်တာက သက္ကာယ ဒိဋ္ဌိတစ်ပါး။

http://www.dhammadownload.com



ဤသည်ကား ဝေဒနာခန္ဓာနှင့်စပ်၍ အထင်များသော သညာ ယဒိဋ္ဌိ ၄ -ပါးဖြစ်သည်။

သညာနဲ့စပ်ပြီး ဒိဋ္ဌိဖြစ်ပုံကတော့-သညံ - မှတ်သားမှုသညာကို၊ အတ္တတော - အတ္တဟူ၊ သမနုပဿတိ - ထင်မှတ်၏၊ အတ္တာနံ-အတ္တကို၊ သညာဝန္တံ ဝါ - သညာရှိသည်ဟူ၍မူလည်း ထင်မှတ်၏၊ အတ္တနိ ဝါ - အတ္တ၌မူလည်း၊ သညံ - သညာကိုထင်မှတ်၏၊ သညာယ ဝါ-သညာ၌မူလည်း၊ အတ္တာနံ - အတ္တကို ထင်မှတ်၏-တဲ့။

မှတ်သားမှုသညာကို အတ္တကောင် ငါကောင်လို့ထင်မှတ်တာ လဲရှိတယ်၊ ဘယ်လိုလဲဆိုတော့ မြင်ရ ကြားရတာတွေ မှတ်မိတာလဲ ငါပဲ၊ နံ့ရစားသိရတာတွေမှတ်မိတာလဲ ငါပဲ၊ တွေ့ထိတာ ကြံသိတာတွေ မှတ်မိတာလဲ ငါပဲ၊ ဘာမဆို မှတ်မိတာဟာ ငါပဲ၊ တွေ့သိရတာတွေကို မမေ့အောင် မှတ်သားထားနိုင်တာငါပဲ၊ စာပေသင်ယူလေ့လာရာမှာ မမေ့အောင်မှတ်ထားနိုင်တာငါပဲ၊ အစစအရာရာ မမေ့အောင်မှတ်မိ နေတာဟာ ငါပဲလို့ ထင်မှတ်တယ်၊ အဲဒါဟာ မှတ်သားမှုသညာကို အတ္တကောင် ငါကောင်လို့ အထင်များတဲ့သက္ကာယဒိဋ္ဌိပဲ၊ အဲဒီလို ထင်တဲ့ အယူက သညာမှတစ်ပါးသော စိတ်နာမ်တရားတွေကိုလဲ ငါကောင်လို့ မထင်ဘူး၊ ရုပ်တရားတွေကိုလဲ ငါကောင်လို့မထင်ဘူး၊ မှတ်သားမှု သက်သက်ကိုသာ ငါလို့ထင်တာတဲ့၊ အဲဒါက သညာနဲ့စပ်ပြီး သက္ကာယ

http://www.dhammadownload.com



ဒိဋ္ဌိဖြစ်ပုံအမှတ် (၁) ပဲ။

အမှတ် (၂) ကတော့ အတ္တကောင် ဝါကောင်မှာ မှတ်သားမှု ရှိတယ်လို့ထင်မှတ်တယ်၊ အမှတ်(၃)ကတော့ အတ္တကိုမှီပြီး မှတ်သားမှုဖြစ်တယ်လို့ ထင်မှတ်တယ်၊ အမှတ် (၄) ကတော့ သညာကိုမှီပြီး အတ္တကတည်ရှိနေတယ်လို့ထင်မှတ်တယ်၊ အဲဒီအမှတ် (၂-၃-၄) အရ သက္ကာယဒိဋ္ဌိဖြစ်ပုံကတော့ သညာကို အတ္တလို့မထင်ဘဲ ကျန်တဲ့ ရုပ်နာမ်တွေကို အတ္တလို့ထင်မှတ်တာပါပဲ၊ အဲဒါလဲ တိုတိုနဲ့ မှတ်ရအောင် လိုက်ဆိုကြရမယ်။

၁။ သညာကို အတ္တကောင် ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၂။ အတ္တကောင်မှာ သညာရှိတယ် ထင်တာက သက္ကာယဒိဋ္ဌိ တစ်ပါး။

၃။ အတ္တကောင်၌ မှတ်သားမှုဖြစ်သည် ထင်တာက သက္ကာယ ဒိဋ္ဌိတစ်ပါး။

၄။ မှတ်သားမှု၌ အတ္တကောင်တည်နေသည်ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

ဤသည်ကား သညာခန္ဓာနှင့်စပ်၍ အထင်မှားသော သက္ကာယဒိဋ္ဌိ ၄-ပါးဖြစ်သည်။

http://www.dhammadownload.com



သင်္ခါရက္ခန္ဓာနဲ့စပ်ပြီး ဒိဋ္ဌိဖြစ်ပုံကတော့ - သင်္ခါရေ-ပြုလုပ်အားထုတ်မှုသင်္ခါရတို့ကို၊ အတ္တတော-အတ္တဟူ၍၊ သမနုပဿတိ- ထင်မှတ်၏။ အတ္တာနံ- အတ္တကို၊ သင်္ခါရဝန္တံ ဝါ-သင်္ခါရတွေရှိသည်ဟူ၍မှုလည်း ထင်မှတ်၏။ အတ္တနိ ဝါ - အတ္တာ၌မှုလည်း၊ သင်္ခါရေ-သင်္ခါရတို့ကို ထင်မှတ်၏၊ သင်္ခါရေသု ဝါ - သင်္ခါရတို့၌မှုလည်း၊ အတ္တာနံ - အတ္တကို ထင်မှတ်၏-တဲ့။

သင်္ခါရဆိုတာ သံနဲ့ကရမှ ဖြစ်လာတာပဲ၊ ပြီးစီးအောင်ကောင်းစွာပြုတယ်လို့ အနက်ရှိတယ်၊ ကြံမှု ပြောမှု ပြုလုပ်မှု မြင်မှုကြားမှု နံသိမှု စားသိမှု ထိသိမှုတွေ ပြီးစီးအောင် လှုံ့ဆော်ပေးတဲ့စေတနာနှင့်တကွ ဖဿ ဧကဂ္ဂတာ မနသိကာရ ဝိတက် ဝိစာရလောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ သဒ္ဓါသတိစသော နာမ်တရားတွေပါပဲ၊ အဲဒါတွေဟာ စိတ်နဲ့ယှဉ်တွဲပြီးတပေါင်းတည်းဖြစ်သောကြောင့် စေတသိက်လို့ခေါ်တယ်၊ အရေအတွက်အားဖြင့် (၅၀) ရှိတယ်၊ အဲဒီစေတသိက် (၅၀) ထဲမှာ စေတနာကပြဓာန်းလို့ စေတနာကိုသင်္ခါရလို့ ကံလို့ဟောပြထားပါတယ်၊ ဒါပေမယ့်လောဘစသည်နှင့်တကွဖြစ်တဲ့အခါ လောဘ ဒေါသ မောဟ မာနဒိဋ္ဌိ ဝိစိကိစ္ဆာစသည်ကလဲ ထင်ရှားတယ်၊ အလောဘ အဒေါသအသိဉာဏ် သဒ္ဓါ သတိစသည်ကလဲ ထင်ရှားတယ်၊ ဝိတက် ဝိစာရ

http://www.dhammadownload.com



ဝိရိယ ပီတိ စသည်ကလဲ ထင်ရှားတယ်၊ အဲဒီထင်ရှားတဲ့သင်္ခါရတွေကို အတ္တကောင် ငါကောင်လို့ ထင်မှတ်တာလဲရှိတယ်၊ ထင်မှတ်ပုံကတော့ စေတနာထင်ရှားတဲ့အခါ လှုံ့ဆော်တိုက်တွန်းတာကို ငါလို့ထင်တယ်၊ လောဘစသည် ထင်ရှားတဲ့အခါ လိုချင်တာ စိတ်ဆိုးတာ စသည်ကို ငါလို့ထင်တယ်၊ အလောဘစသည်ထင်ရှားတဲ့အခါ မလိုချင်တာ သည်းခံတာ သိမြင်တာ ကြည်ညိုတာစသည်ကို ငါလို့ထင်တယ်၊ ဝိတက်စသည်ထင်ရှားတဲ့အခါ ကြံတွေးတာ ဆင်ခြင်တာ အားထုတ်တာ ဝမ်းမြောက်တာစသည်ကို ငါလို့ထင်တယ်၊ အဲဒါဟာ သင်္ခါရတွေကို အတ္တကောင် ငါကောင်လို့ ထင်မှတ်ပုံပါပဲ၊ အဲဒီလို ထင်မှတ်တာဟာ သင်္ခါရတွေကို အတ္တလို့ထင်မှားတဲ့သက္ကာယဒိဋ္ဌိပဲ၊ အဲဒီလိုထင်တဲ့အယူက ဝေဒနာ သညာစိတ်ဆိုတာတွေကိုလဲ ငါလို့မထင်ဘူး၊ ရုပ်တွေကိုလဲ ငါလို့မထင်ဘူး၊ ကြံစည်ပြောဆိုပြုလုပ်မှုဆိုတဲ့ သင်္ခါရတွေကိုသာ ငါလို့ ထင်တာတဲ့၊ အဲဒါက သင်္ခါရက္ခန္ဓာနဲ့စပ်ပြီး သက္ကာယဒိဋ္ဌိဖြစ်ပုံအမှတ် (၁) ပဲ။

အမှတ် (၂) ကတော့ အတ္တကောင် ငါကောင်မှာ ကြံစည်မှု ပြောဆိုမှု ပြုလုပ်မှု သင်္ခါရတွေရှိတယ်လို့ ထင်မှတ်တယ်၊ အမှတ် (၃) ကတော့ အတ္တကိုမှီပြီး သင်္ခါရတွေဖြစ်ကြတယ်လို့ထင်မှတ်တယ်၊ အမှတ် (၄) ကတော့ သင်္ခါရတွေကိုမှီပြီး အတ္တက တည်ရှိနေတယ်လို့

http://www.dhammadownload.com



ထင်မှတ်တယ်၊ အဲဒီအမှတ် (၂-၃-၄) အရ သက္ကာယဒိဋ္ဌိဖြစ်ပုံကတော့ သင်္ခါရတွေကိုအတ္တလို့မထင်ဘဲ ကျန်တဲ့ဝေဒနာ သညာ စိတ်နဲ့ ရုပ်တရားတွေကိုသာ အတ္တလို့ ထင်မှတ်တာပဲ၊ အဲဒါလဲ တိုတိုနဲ့မှတ်ရအောင်လိုက်ဆိုကြရမယ်။

၁။ သင်္ခါရတွေကို အတ္တကောင်ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၂။ အတ္တကောင်မှာ သင်္ခါရတွေရှိတယ်ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၃။ အတ္တကောင်၌ ကြံမှု ပြောမှု ပြုမှု ဖြစ်သည် ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၄။ ကြံပြောပြုမှုတွေ၌ အတ္တကောင် တည်နေသည်ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

ဤသည်ကား သင်္ခါရက္ခန္ဓာနှင့်စပ်၍ အထင်မှားသော သက္ကာယဒိဋ္ဌိ ၄-ပါးဖြစ်သည်။

ဝိညာဏက္ခန္ဓာနဲ့စပ်ပြီး ဒိဋ္ဌိဖြစ်ပုံကတော့ ဝိညာဏံ -ဝိညာဏ်ခေါ်သည့်စိတ်ကို၊ အတ္တတော - အတ္တဟူ၍၊ သမနုပဿတိ - ထင်မှတ်၏၊ အတ္တာနံ - အတ္တကို၊ ဝိညာဏဝန္တံ ဝါ- စိတ်ဝိညာဏ်ရှိသည်ဟူ၍မူလည်း။ ထင်မှတ်၏၊ အတ္တနိ ဝါ- အတ္တ၌မူလည်း၊ ဝိညာဏံ - စိတ်

http://www.dhammadownload.com



ဝိညာဏ်ကို ထင်မှတ်၏၊ ဝိညာဏသို့ ဝါ-စိတ်ဝိညာဏ်၌မူလည်း။ အတ္တာနံ - အတ္တကိုထင်မှတ်၏ - တဲ့။

ဝိညာဏ်ဆိုတာ စိတ်ပါပဲ၊ စိတ်ဆိုတာကတော့ မြန်မာစကားလိုဖြစ်နေပါပြီ ကလေးသူငယ်ကစပြီး နားလည်နေတဲ့အမည်ပါပဲ၊ အဲဒီစိတ်ဝိညာဏ်က မြင်သိတာ ကြားသိတာ နံသိတာ အရသာသိတာ ထိသိတာ ကြံသိတာလို့ ၆-ပါးရှိတယ်၊ အဲဒီအထဲမှာ ကြံသိတယ်ဆိုတာကတော့ အင်မတန်ကျယ်ပြန့်များပြားပါတယ်၊ အဲဒီမြင်မှုစသောစိတ်ကို အတ္တကောင်လို့ထင်မှတ်တာလဲရှိတယ်၊ ဘယ်လိုလဲဆိုတော့ မြင်သိတာကိုငါလို့ထင်တယ်၊ ငါကမြင်တယ်လို့ထင်တယ်၊ ထို့အတူပင် ကြားသိတာ နံသိတာ၊ စားသိတာ ထိသိတာတွေကိုလဲ ငါလို့ထင်တယ်၊ စိတ်ကူးကြံသိတာကိုလဲ ငါလို့ထင်တယ်၊ ငါကကြံနေတယ်လို့ ထင်တယ်၊ အဲဒါဟာ စိတ်ဝိညာဏ်ကို အတ္တကောင် ငါကောင်လို့အထင်များတဲ့ သက္ကာယဒိဋ္ဌိပဲ၊ ဒီလိုထင်တဲ့အယူက ရုပ်ကိုယ်ကြီးတစ်ခုလုံးကို အတ္တဟုမထင်ဘူး။ စိတ်နဲ့ပူးတွဲပြီးဖြစ်တဲ့ ဖဿ ဝေဒနာစသော စေတသိက် (၅၂) ပါး နာမ်တရားတွေကိုလဲ အတ္တဟုမထင်ဘူးလို့လဲ ကျမ်းဂန်အရ အားဖြင့် မှတ်သားရပါတယ်၊ ဒါပေမယ့် လူအများ၏ အယူအဆကတော့ အဲဒီဖဿဝေဒနာစသည်တွေကိုလဲ စိတ်လို့ပဲမှတ်ယူထားလျက် ရှိနေကြပါတယ်၊ ဒါကြောင့် စိတ်ကိုအတ္တကောင် ငါကောင်လို့ထင်မှတ်ရာမှာ

http://www.dhammadownload.com



ဖဿဝေဒနာစသော နာမ်တရားတွေကိုလဲ အတ္တလို့ထင်မှတ်နေကြမှာပါပဲ၊ သို့သော်လဲ ကျမ်းဂန်အရအားဖြင့်တော့ စိတ်ဝိညာဏ်ကို အတ္တလို့ထင်မှတ်တဲ့အယူက စိတ်သက်သက်ကိုသာ ငါလို့ထင်တာပါပဲ၊ ဒါဟာ စိတ်ဝိညာဏ်နဲ့စပ်ပြီး သက္ကာယဒိဋ္ဌိဖြစ်ပုံအမှတ်(၁) ပဲ။

အမှတ် (၂) ကတော့ အတ္တကောင် ငါကောင်မှာ မြင်သိမှုစသော စိတ်ရှိတယ်လို့ ထင်မှတ်တယ်၊ အမှတ် (၃) ကတော့ အတ္တကိုမှီပြီး မြင်သိမှုစသော စိတ်ဖြစ်တယ်လို့ ထင်မှတ်တယ်၊ အမှတ် (၄) ကတော့ စိတ်ကိုမှီပြီး အတ္တကတည်ရှိနေတယ်လို့ ထင်မှတ်တယ်၊ အဲဒီအမှတ် (၂-၃-၄) အရ သက္ကာယဒိဋ္ဌိဖြစ်ပုံကတော့ စိတ်ကို အတ္တလို့မထင်ဘဲ ရုပ်ကိုယ်ကြီးနဲ့ ဖဿစသော စေတသိက်နာမ်တွေကိုသာ အတ္တလို့ထင်မှတ်တာပဲ၊ အဲဒါလဲ တိုတိုနဲ့မှတ်ရအောင် လိုက်ဆိုကြရမယ်။

၁။ စိတ်ကိုအတ္တကောင်ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၂။ အတ္တကောင်မှာ စိတ်ရှိတယ်ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၃။ အတ္တကောင်၌ စိတ်ဖြစ်သည်ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

၄။ စိတ်၌အတ္တကောင်တည်နေသည်ထင်တာက သက္ကာယဒိဋ္ဌိတစ်ပါး။

http://www.dhammadownload.com



ဤသည်ကား ဝိညာဏက္ခန္ဓာနှင့်စပ်၍ အထင်မှားသော သက္ကာယဒိဋ္ဌိ ၄-ပါးဖြစ်သည်။

ယခုပြောပြခဲ့တာဟာ ဘုရားဟောဒေသနာတော်နှင့်အညီ မေ့မှတ်ဖွယ်ရာဖြစ်တဲ့ သက္ကာယဒိဋ္ဌိဖြစ်ပုံတွေပါပဲ၊ အဲဒီမှာ ခန္ဓာ ငါးပါးတွင် တစ်ပါးတစ်ပါး၌ ဒိဋ္ဌိဖြစ်ပုံ ၄-ပါးစီရှိပါတယ်၊ ဒါကြောင့် (၅×၄=၂၀) ငါးပါးလေးလီ ၂၀ ရှိတယ်၊ သက္ကာယဒိဋ္ဌိ ၂၀ ဆိုတာ ဒီဟာတွေပါပဲ၊ အဲဒါကိုသာ ပြီးလွယ်လွယ်နဲ့မှတ်ချင်ရင် သက္ကာယဒိဋ္ဌိ တစ်ပါးတစ်ပါးဖြစ်ပုံကို ခန္ဓာ ၅-ပါးနဲ့ ယှဉ်တွဲပြီးတော့လဲ မှတ်ယူနိုင် ပါတယ်၊ ဘယ်လိုလဲဆိုတော့ -

သက္ကာယဒိဋ္ဌိနှစ်ဆယ် မှတ်ဖွယ်တစ်နည်း

အမှတ် (၁) ရုပ်ကို အတ္တလို့ ထင်သည်၊

ဝေဒနာကို အတ္တလို့ထင်သည်၊

သညာကို အတ္တလို့ထင်သည်၊

သင်္ခါရတို့ကို အတ္တလို့ထင်သည်၊

ဝိညာဏ်ကို အတ္တလို့ထင်သည်၊

ပေါင်း ၅ -ပါး။

http://www.dhammadownload.com



အမှတ် (၂) အတ္တမှာ ရုပ်ရှိတယ်လို့ထင်တယ်၊
အတ္တမှာ ဝေဒနာရှိတယ်လို့ထင်တယ်၊
အတ္တမှာ သညာရှိတယ်လို့ထင်တယ်၊
အတ္တမှာ သင်္ခါရတွေရှိတယ်လို့ထင်တယ်၊
အတ္တမှာ ဝိညာဏ်ရှိတယ်လို့ထင်တယ်၊
ပေါင်း ၅-ပါး။

အမှတ် (၃) အတ္တ၌ ရုပ်တည်နေတယ်လို့ထင်တယ်၊
အတ္တ၌ ဝေဒနာ တည်နေတယ်လို့ထင်တယ်၊
အတ္တ၌ သညာတည်နေတယ်လို့ထင်တယ်၊
အတ္တ၌ သင်္ခါရတည်နေတယ်လို့ထင်တယ်၊
အတ္တ၌ ဝိညာဏ်တည်နေတယ်လို့ထင်တယ်၊
ပေါင်း ၅-ပါး။

အမှတ် (၄) ရုပ်၌ အတ္တတည်နေတယ်လို့ထင်တယ်၊
ဝေဒနာ၌ အတ္တတည်နေတယ်လို့ထင်တယ်၊
သညာ၌ အတ္တတည်နေတယ်လို့ထင်တယ်၊

http://www.dhammadownload.com



သခါရဠ္ဌ အတ္တတည်နေတယ်လို့ထင်တယ်၊
ဝိညာဏ်၌ အတ္တတည်နေတယ်လို့ထင်တယ်၊
ပေါင်း ၅-ပါး။

ယခုခွဲပြတဲ့နည်းတွင် အမှတ် (၁) အရ ၅-ပါးထဲက ပထမ ဒိဋ္ဌိက ရုပ်သက်သက်ကို စွဲလမ်းတယ်၊ ကျန် ၄-ပါးထဲက နာမ်သက်သက်ကို စွဲလမ်းတယ်၊ အမှတ် (၂-၃-၄) တို့၌ အစဒိဋ္ဌိတစ်ပါးတစ်ပါးကလဲ နာမ်သက်သက်ကို စွဲလမ်းတာပဲ၊ ဒါကြောင့် ရုပ်သက်သက်ကို အတ္တလို့စွဲလမ်းတဲ့ သက္ကာယဒိဋ္ဌိက ၁-ပါးသာရှိတယ်၊ နာမ်သက်သက်ကို အတ္တလို့စွဲလမ်းတဲ့ သက္ကာယဒိဋ္ဌိက ၇-ပါးရှိတယ်၊ ကျန်တဲ့ ၄-ပါး ၃ လီ = ၁၂-ပါးကတော့ ရုပ်နာမ် ၂ ပါးလုံးကိုပေါင်းပြီး စွဲလမ်းတာတွေပဲ၊ ဒါပေမယ့် အမှတ် (၂-၃-၄) တို့၌ ပြဆိုထားရာမှာတော့ ရုပ်ကို့ ရုပ်နာမ်ကို အတ္တဟု စွဲလမ်းတယ်လို့ အတိအကျ ဖော်ပြမထားသောကြောင့် အဲဒီအတ္တစွဲပုံ ၁၅-ပါးမှာ ပညတ်ကို အတ္တဟုစွဲလမ်းတာလဲပါတယ်လို့ဆိုနိုင်ဖွယ်ရှိပါတယ်၊ ပညတ်စွဲလမ်းပုံကို ဘာကြောင့် ထည့်သွင်းပြောရပါသလဲဆိုတော့ ဗြဟ္မဇာလသုတ်အဋ္ဌကထာ၌ ကသိုဏ်းရုပ်ကို အတ္တဟုစွဲလမ်းကြောင်း ဖွင့်ပြထားတာလဲရှိတယ်၊ အိန္ဒိယက ဘာသာဝါဒကျမ်းတွေထဲမှာ အတ္တကို ခန္ဓာငါးပါးမှအလွတ်

http://www.dhammadownload.com



လို့ပြဆိုထားတာလဲရှိတယ်၊ ဒါကြောင့်ပါပဲ၊ ဒါပေမယ့် အတ္တက ပညတ်သက်သက်ဆိုရင် မြင်ကြားသိမှုမရှိသင့်သောကြောင့် စွဲလမ်းရန် မဖြစ်နိုင်ပေဘူး။ အဲဒီအတ္တက မြင်တယ် ကြားတယ် သိတယ် စွဲလမ်း တယ်ဆိုရင်လဲ ရုပ်နာမ်ခန္ဓာငါးပါးနှင့်မကင်းဘူးလို့ ဆိုရမှာပဲ၊ ဒါကြောင့် သက္ကာယဒိဋ္ဌိ ၂၀-ကို ပြရာမှာ ပညတ်သက်သက်ဋ္ဌ အတ္တစွဲပုံကို မပြဘဲ ခန္ဓာငါးပါးစွဲပုံကိုသာ ပြထားတယ်လို့ ယူရမှာပဲ။ ဘုရားလက်ထက် တော်တုန်းက သစ္စကဆိုတဲ့ပရိဗိုဇ်က ခန္ဓာငါးပါးကို အတ္တလို့ယုံကြည် ယူဆတဲ့အကြောင်း ဝန်ခံပြောဆိုထားတာရှိပါတယ်၊ ဒါကြောင့် ခန္ဓာတစ် ပါးတစ်ပါးကိုဖြစ်စေ၊ ၂-ပါး၊ ၃-ပါး၊ ၄-ပါးကိုဖြစ်စေ၊ ငါးပါးလုံးကိုဖြစ်စေ အတ္တကောင် ငါကောင်လို့ ထင်မြင်တာဟာ သက္ကာယဒိဋ္ဌိချည်းပါပဲ၊ မြင်ဆဲ ကြားဆဲ စသည်ဋ္ဌထင်ပေါ်သောရုပ်နာမ်ကို ငါလို့ထင်မှတ် သည်ဖြစ်စေ၊ သက်သက်ကြံစည်တွေးဆပြီးတော့ ကိုယ်ရုပ်နဲ့စေ တသိက်တွေကို အတ္တလို့ထင်မှတ်သည်ဖြစ်စေ အဲဒီလို ထင်မှတ် တာဟာ သက္ကာယဒိဋ္ဌိချည်းပါပဲ၊ အဲဒီ သက္ကာယဒိဋ္ဌိအကြောင်းကို အကျယ်ပြဆိုပြီးတော့ ဓမ္မဒိန္နာထေရီက ဒီလို နိဂုံးချုပ်ပြောကြားလိုက်ပါ တယ်။

http://www.dhammadownload.com



အာဝုသော ဝိသာခ - ဒါယကာ ဝိသာခ၊ ဝေခေါ်- ရုပ်ကို အတ္တဟုထင်မှတ်သည့်စသည်ဖြင့် ပြဆိုခဲ့သော၍ပုံ၍နည်းဖြင့် သက္ကာယဒိဋ္ဌိ - ထင်ရှားရှိသောရုပ်နာမ်အပေါင်း၌ အတ္တဟုထင်မှားသော အယူသည်၊ ဟောတိ-ဖြစ်ပါသည်တဲ့။

အဲဒီအဖြေကို ကြားနာပြီးတော့ သက္ကာယဒိဋ္ဌိကင်းပုံကိုလဲ ဝိသာခသူဌေးကြီးက ဒီလိုမေးပြန်ပါတယ်။

သက္ကာယဒိဋ္ဌိကင်းပုံ အမေး

ကထံ ပနာယျေ သက္ကာယဒိဋ္ဌိ န ဟောတိ။

အယျေ-အရှင်မမွေဒိန္နာ၊ ကထံ-အဘယ်သို့လျှင်၊ သက္ကာယဒိဋ္ဌိ - သက္ကာယဒိဋ္ဌိသည်၊ န ဟောတိပန - မဖြစ်တဲ့ကင်းရှင်းပါသနည်းတဲ့၊ ဘယ်ပုံဘယ်နည်းဖြင့် သက္ကာယဒိဋ္ဌိဟာ မဖြစ်တဲ့ ကင်းရှင်းပါသလဲလို့ မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

သက္ကာယဒိဋ္ဌိကင်းပုံအဖြေ

ဣဓာဝုသော ဝိသာခ သုတဝါ အရိယသာဝကော အရိယာနံ ဒဿာဝီ အရိယဓမ္မဿ ကောဝိဒေါ အရိယဓမ္မေ သုဝိနီတော သပ္ပုရိသာနံ ဒဿာဝီ သပ္ပုရိသဓမ္မဿ ကောဝိဒေါ သပ္ပုရိသဓမ္မေ သုဝိနီတော န ရူပံ အတ္တတော

http://www.dhammadownload.com



သမနုပဿတိ၊ န ရူပဝန္တံ ဝါ အတ္တာနံ၊ န အတ္တနိ ဝါ ရူပံ၊ န ရူပသ္မိံ ဝါ အတ္တာနံ၊ န ဝေဒနံ အတ္တတော သမနုပဿတိ---၊ န သညံ---၊ န သင်္ခါရေ---၊ န ဝိညာဏံ---၊ န ဝိညာဏသ္မိံ ဝါ အတ္တာနံ၊ ဝေ ခေါ် အာဝုသော ဝိသာခ သက္ကာယဒိဋ္ဌိ န ဟောတိ ။

အာဝုသော ဝိသာခ - ဒါယကာ ဝိသာခ၊ ဣဓ - ဤဘုရားသာသနာတော်၌၊ သုတဝါ - အကြားအမြင်နှင့်ပြည့်စုံသော၊ အရိယသာဝကော - ဘုရားတပည့် အရိယာပုဂ္ဂိုလ်သည်၊ ရူပံ - ရုပ်ကို၊ အတ္တတော - အတ္တဟု၊ န သမနုပဿတိ - မထင်မှတ်ဘူးတဲ့၊

မြတ်စွာဘုရား၏ သာသနာတော်မှာ ဘုရားတပည့် အရိယာပုဂ္ဂိုလ်ဟာ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကိုတွေ့သိတဲ့ အမြင်နှင့်ပြည့်စုံနေတယ်၊ အဲဒီလို နိဗ္ဗာန်ကိုမြင်ပြီးဖြစ်ရင် ရုပ်နာမ်ဟူသမျှ ခဏမစဲဖြစ်ပျက်နေလို့မမြဲဘူး၊ ဆင်းရဲချည်းပဲလို့လဲ သိပြီးဖြစ်နေတယ်၊ ဒါကြောင့် ရုပ်နာမ်ဟူသမျှဟာ သူ့အကြောင်းအားလျော်စွာ ဖြစ်ပျက်နေတဲ့ သဘောတရားမျှပဲ၊ ကိုယ့်အလိုအတိုင်းဖြစ်အောင်လဲ မတတ်နိုင်ဘူး၊ မပျက်အောင်လဲမတတ်နိုင်ဘူး၊ အစိုးရသည့် အတ္တကောင်မဟုတ်တဲ့ အနတ္တတရားမျှပဲလို့လဲ သိတယ်၊ ဒါကြောင့် မြင်ခိုက် ကြားခိုက်စသည်၌ ထင်ပေါ်လာတဲ့ရုပ်နာမ်တွေကို အတ္တကောင် ငါကောင်လို့

http://www.dhammadownload.com



ထင်မှတ်စွဲလမ်းခြင်းမရှိတော့ဘူး။ အဲဒီလို အတ္တစွဲ ကင်းနေပါတယ်လို့ ဆိုလိုပါတယ်၊ သောတာပန်မှာ ရုပ်နာမ်တွေကို အတ္တကောင်အနေဖြင့် ယူမှားစွဲလမ်းတဲ့ ဒိဋ္ဌိဝိပလ္လာသလဲကင်းတယ်၊ အသိမှားတဲ့ စိတ္တဝိပလ္လာ သလဲကင်းတယ်၊ အမှတ်မှားတဲ့ သညာဝိပလ္လာသလဲ ကင်းတယ်လို့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။

နောက်ပြီးတော့ အဲဒီလို အတ္တစွဲကင်းတာဟာ ဝိပဿနာရှုဆဲ ယောဂီနဲ့လဲဆိုင်ပါတယ်၊ ဝိပဿနာရှုနေတဲ့ယောဂီဟာ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်သို့ရောက်နေလျှင် အထူးအားဖြင့် ဘင်္ဂဉာဏ်သို့ ရောက်နေလျှင် ရှုမှတ်တိုင်း ရှုမှတ်တိုင်း အနိစ္စ ဒုက္ခလို့သိတဲ့အပြင် အနတ္တလို့လဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိသိသွားတယ်၊ အဲဒီတော့ အဲဒီလို သိရတဲ့ အာရုံတိုင်း၌ အတ္တလို့ထင်မှတ်စွဲလမ်းမှုဖြစ်ခွင့်မရှိတော့ဘဲ ကင်းရှင်း ကင်းရှင်းသွားပါတယ်၊ အဲဒါလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် အနတ္တ လို့သိတဲ့အတွက် အတ္တလို့ထင်မှတ်မှုကင်းတာပါပဲ၊ ဒါပေမယ့် မရှုမ မှတ်မိတဲ့ ရုပ်နာမ်အာရုံတွေမှာတော့ အတ္တစွဲမကင်းသေးပါဘူး နောက်ပြီး တော့ ရုပ်နာမ်တရားတွေဟာ ခဏမစဲဖြစ်ပျက်နေတဲ့ အနိစ္စ ဒုက္ခ အနတ္တတရားချည်းပဲလို့ ဟောကြားထားတဲ့ တရားတော်ကိုကြားနာပြီး သဘောကျနေတဲ့သူကိုလဲ အကြားသုတနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်လို့ဆိုရတယ်၊

http://www.dhammadownload.com



အဲဒီလို အကြားသုတနဲ့ပြည့်စုံတဲ့သူကိုလဲ ကလျာဏပုထုဇဉ်လို့ ဆိုရတယ်၊ အဲဒီလိုပုဂ္ဂိုလ်မှာ အခိုင်အမြဲစွဲလမ်းတဲ့ အတ္တစွဲကတော့ ကင်းတန်သလောက် ကင်းနေတယ်လို့ ဆိုရတာပါပဲ၊ ဒါပေမယ့် ဝိပဿနာဉာဏ်ဖြင့် ကင်းတာမျိုးတော့မဟုတ်ပါဘူး။

ယခု ဒီမှာသိစေလိုရင်းကတော့ အရိယာပုဂ္ဂိုလ်မှာ ရုပ်နာမ်ကို အတ္တလို့မထင်မှတ်တော့ဘူးဆိုတာက သိစေလိုရင်းပါပဲ၊ နောက်ပြီးတော့ ဝိပဿနာယောဂီမှာ ရှုမှတ်ပြီး အနိစ္စ ဒုက္ခလို့သိရတဲ့ ရုပ်နာမ်ကို အတ္တလို့မထင်မှတ်ဘူးဆိုတာလဲ သိထားဖို့ပါပဲ၊ အဲဒီလို သိမှတ်ထားပြီးတော့ အဲဒီအတ္တစွဲကင်းအောင် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ပေါ်လာသမျှ ရုပ်နာမ်ကို အနိစ္စ ဒုက္ခ အနတ္တလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သိနေရအောင် မပြတ်ရှုမှတ်နေရမယ်ဆိုတာလဲ သိစေလိုတာပါပဲ။

အဲဒီလိုရှုနေလို့ဖြစ်စေ၊ အရိယမဂ်ဖိုလ်ရောက်ပြီးဖြစ်လို့ဖြစ်စေ အတ္တလို့မထင်ခြင်းမှာ အခြားအကြောင်းများလဲရှိတယ်၊ အဲဒါတွေကိုလဲ အရိယာနံ့ဒဿာဝီ - အရိယာတို့ကို သိမြင်သည်ဖြစ်၍လဲ အတ္တလို့ မထင်မှတ်ဘူးတဲ့၊ ဒါကတော့ ရှေးအပိုင်းကပြောခဲ့တဲ့အတိုင်း မိမိကိုယ်တိုင်က အရိယာဖြစ်နေလို့ အရိယာကိုသိမြင်တာပဲ၊ ဒါကြောင့် အရိယာမဂ်ဖိုလ်ကိုရပြီးတော့ ကိုယ်ပိုင်ဉာဏ်အမြင်သုတနဲ့ ပြည့်စုံတယ်ဆိုတာ

http://www.dhammadownload.com



နဲ့အရတူပါပဲ၊ နောက်ပြီးတော့ အရိယမဂ္ဂသသ ကောဝိဒေါ- အရိယာဖြစ်ကြောင်း ဗောဓိပက္ခိယတရား၌ ကျွမ်းကျင်သိမြင်သည်ဖြစ်၍လဲ အတွက်လို့မထင်မှတ်ဘူးတဲ့၊ ဒါကလဲ အရိယာဖြစ်နေသောကြောင်း၊ သို့မဟုတ် ဝိပဿနာဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တလို့ သိနေသောကြောင့်လို့ ဆိုလိုတာပါပဲ၊ ဒါလဲအရိယာတို့ကို မြင်တယ်ဆိုတာနဲ့ သဘောအားဖြင့် အတူတူပါပဲ၊ နောက်ပြီးတော့ အရိယမဂ္ဂေ သုဝိနီတော- အရိယာတရား၌ ကောင်းစွာဆုံးမအပ်ပြီး ကောင်းစွာယဉ်ကျေးပြီးဖြစ်၍လဲ အတွက်လို့မထင်မှတ်ဘူးတဲ့၊ ဒါလဲ အရိယာဖြစ်ပြီး ယဉ်ကျေးနေသောကြောင့် အတွက်လို့မထင်မှတ်တာပါလို့ ဆိုလိုတာပါပဲ၊ ရှေးနားကပြခဲ့တဲ့ ဂုဏ်ပုဒ်တွေနဲ့ သဘောအားဖြင့်အတူတူပါပဲ၊ ဒါပေမယ့် အဋ္ဌကထာမှာ ဖွင့်ပြထားတဲ့ သံဝရဝိနည်းနဲ့ ပဟာနဝိနည်းဖြင့် ဆုံးမ၍ ယဉ်ကျေးနေပုံကိုတော့ ဒီနေရာကျမှ ပြောပြမယ်လို့ ရှေပိုင်းကဖော်ပြထားခဲ့တယ်၊ ဒါကြောင့် အဲဒီအကြောင်းအရာများကို ပြောပြပါဦးမယ်။

အဲဒီမှာ သံဝရဝိနယ - သံဝရဝိနည်းဆိုတာ အကုသိုလ်ကို ပိတ်ဆို့တားမြစ်လျက် ဆုံးမခြင်းလို့ ဆိုလိုပါတယ်၊ (ဝိနယကို ပယ်ဖျောက်ခြင်းလို့လဲ ဖွင့်ပြထားပါတယ်၊ ဒါပေမယ့် ပဟာနဝိနယဆိုရာကျတော့ ပယ်ခြင်းနဲ့ပယ်ဖျောက်ခြင်းဆိုတာ ထပ်တူဖြစ်နေလို့ မချောမောဘူး။ နောက်ပြီးတော့ ဆုံးမခြင်းဆိုမှ ဝိနီတပုဒ်အနက်ကျတော့

http://www.dhammadownload.com



ယဉ်ကျေးတယ်ဆိုတာနဲ့လျော်ပါတယ်) အဲဒီသံဝရဝိနည်းက သီလသံဝရ - သီလဖြင့်ပိတ်ဆို့ခြင်း။ (၁)၊ သတိသံဝရ - သတိဖြင့်ပိတ်ဆို့ခြင်း (၂)၊ ဉာဏသံဝရ - ဉာဏ်ဖြင့်ပိတ်ဆို့ခြင်း (၃)၊ ခန္တီသံဝရ - သည်းခံခြင်းဖြင့်ပိတ်ဆို့ခြင်း (၄)၊ ဝီရိယသံဝရ - လုံ့လဖြင့်ပိတ်ဆို့ခြင်းလို့ ၅-ပါးရှိပါတယ်၊ အဲဒီငါးပါးကို "သီလသတိ၊ ဉာဏ်ခန္တီ ၊ ဝီရိသံ - ငါးဖြာ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သီလ သတိ၊ ဉာဏ် ခန္တီ ၊ ဝီရိ သံ-ငါးဖြာ။

အဲဒီငါးပါးထဲက သီလသံဝရဆိုတာ ရဟန်းများမှာ ပါတိမောက်သီလဖြင့် ကိုယ်နှုတ်ကျူးလွန်မှုတွေ စောင့်စည်းပိတ်ဆို့ ခြင်းပါပဲ၊ လူ့ဝတ်ကြောင်များမှာတော့ ငါးပါးသီလဖြင့် သတ်မှု၊ ခိုးမှု၊ လိမ်မှုစသည်ကို ပိတ်ဆို့နေခြင်းပါပဲ၊ ရှစ်ပါးသီလဖြင့် ပိတ်ဆို့တာက ပိုပြီးလုံခြုံတာပေါ့၊ ဒါကြောင့် ယခုသီလကို ရှိသေစွာကျင့်နေကြတဲ့ သူတွေဟာ ကိုယ်ဖြင့်နှုတ်ဖြင့် ကျူးလွန်တဲ့အကုသိုလ်တွေကို ပိတ်ဆို့ထားမြဲနေကြတာပဲ၊ အဲဒီလို ပိတ်ဆို့ပြီး မိမိကိုယ်ကို ခုံးမနေရင် အရိယာဝေမ္မ သုဝိနီတော-အရ အရိယာအကျင့်တရား၌ ခုံးမပြီးဖြစ်နေတာပါပဲ။

http://www.dhammadownload.com



သတိသံဝရဆိုတာ မြင်ရ ကြားရတဲ့ အာရုံစသည်နှင့် စပ်ပြီး လောဘ ဒေါသမဖြစ်ရအောင် သတိဖြင့်ပိတ်ဆို့စောင့်စည်းခြင်းပါပဲ၊ မြင်တိုင်း ကြားတိုင်းစသည်မှာ မပြတ်ရှုမှတ်ပြီး မြင်ရုံမျှ ကြားရုံမျှ စသည်ဖြင့်တည်စေတာဟာ ဒီသတိသံဝရအရမှာ အကောင်းဆုံးပါပဲ။

မြင်တိုင်း ကြားတိုင်းစသည်မှာ မပြတ်ရှုမှတ်ပြီး အနိစ္စ ဒုက္ခ အနတ္တဟု သိသိသွားတဲ့ဉာဏ်ဖြင့် "မြဲတယ်စသည်ဖြင့် ထင်မှတ်ပြီး ဖြစ်မယ့်" အကုသိုလ်တွေကို ပိတ်ဆို့တားမြစ်ခြင်းဟာ ဉာဏသံဝရပါပဲ၊ ယခုဒီက ယောဂီတွေရှုမှတ်နေကြတာဟာ အဲဒီဉာဏသံဝရဖြင့် အကုသိုလ်တွေကို ဖြစ်ခွင့်မရအောင် ပိတ်ဆို့တားမြစ်နေကြတာပါပဲ၊ ဒီလိုရှုမှတ်နေရင်း ဝိပဿနာဉာဏ်ပြည့်စုံတဲ့အခါမှာ အရိယာမဂ်ဉာဏ်ဖြစ်မယ်၊ အဲဒီအခါ အရိယမဂ်ဉာဏ်ဖြင့် သက်ဆိုင်ရာအကုသိုလ်တွေကို အမြစ်ပြတ်ပယ်ခြင်းဟာလဲ ဒီဉာဏသံဝရပါပဲ၊ ယခုရှုမှတ်အားထုတ်နေကြရတာဟာ အဲဒီအရိယာမဂ်ဉာဏ်ဆိုတဲ့ သံဝရဝိနည်းပြည့်စုံအောင် အားထုတ်နေကြရတာပါပဲ။

သီတဿ - အအေးကို ၊ ဥဏှဿ - အပူကို၊ ခမော - သည်းခံသည်၊ ဟောတိ - ဖြစ်၏စသည်ဖြင့် ဟောထားတဲ့ ဒေသနာတော်နှင့်အညီ အအေးအပူစသော ဒုက္ခဝေဒနာတွေ၊ သူတစ်ပါးက မတော်မသင့် ပြောတာ၊ ပြုတာတွေကို သည်းခံတာဟာ ခန္တီသံဝရပဲ၊

http://www.dhammadownload.com



ယခုယောဂီတွေ ညောင်းတာပူတာစသည်ကို သည်းခံပြီး အားထုတ်နေကြတာဟာ အဲဒီ ခန္တီသံဝရပါပဲ။

ဖြစ်ပေါ်လာတဲ့ အကုသိုလ်စိတ်ကူးအကြံအစည်တွေကို ရှုမှတ်ပြီးလက်မခံဘဲ ပယ်နေတာဟာ ဝီရိယသံဝရပဲ၊ မဖြစ်သေးတဲ့ အကုသိုလ်မဖြစ်ရအောင် ဖြစ်ပြီးအကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်ပြီး ရှုမှတ်နေကြတာလဲ အဲဒီဝီရိယသံဝရပါပဲ။

အဲဒီ သံဝရငါးပါးဟာ ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် လောက်ရောက်ရင် ပြည့်စုံတန်သမျှ ပြည့်စုံနေပါပြီ၊ ဒါကြောင့် အဲဒီ ဝိပဿနာဉာဏ်များနဲ့ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်ဟာ အရိယာတို့၏အကျင့်တရားဖြင့် ကောင်းစွာဆုံးမအပ်ပြီး ဖြစ်သင့်သလောက်ဖြစ်နေလို့ ဒွါရ ၆ -ပါးက ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်ခန္ဓာတွေကို အတ္တလို့မထင်ဘဲ အနတ္တလို့သာ အမှန်အတိုင်း သိသိနေတာပဲ၊ ဒီလိုသိနေရင်း နောက်ဆုံးတစ်ချိန်ကျတော့ အရိယမဂ်ဉာဏ်ဖြစ်ပေါ်လာမယ်၊ အဲဒီအခါ သောတာပတ္တိမဂ်ဖြင့် အတ္တဒိဋ္ဌိကိုအကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် ရုပ်နာမ်ခန္ဓာတွေကို အတ္တလို့ထင်မှတ်မှု လုံးဝကင်းသွားတော့တာပဲ၊ အဲဒီလိုဖြစ်ပုံကို ရည်ပြီးတော့ "အရိယဓမ္မေ သုဝိနီတော- အရိယာတို့၏အကျင့်တရား၌ ကောင်းစွာဆုံးမအပ်ပြီးဖြစ်၍ ယဉ်ကျေးသော အရိယာသာဝကသည် ရုပ်ကိုအတ္တဟုမထင်မှတ်ဘူး" စသည်ဖြင့်

http://www.dhammadownload.com



ဖော်ပြထားတာပါပဲ။

နောက်ပြီးတော့ ပဟာနဝိနယ - ပဟာနဝိနည်းဆိုတာ အကုသိုလ်တွေကိုပယ်လျက် ဆုံးမခြင်းလို့ဆိုလိုပါတယ်၊ (ဒီနေရာမှာ ဝိနယကို ပယ်ဖျောက်ခြင်းလို့ အနက်ပြန်လျှင် ပယ်ခြင်းဟူသော ပယ်ဖျောက်ခြင်းလို့ ဆိုရလိမ့်မယ်၊ အဲဒီလိုဆိုတော့ အနက်ထပ်တူဖြစ်နေလို့ စကားမချောပါဘူး။ ဒါကြောင့် ဆုံးမခြင်းလို့အနက်ပြန်တာပါပဲ၊ အဲဒီ ပဟာနဝိနည်းကလဲ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိပဟာန် နိဿရဏပဟာန်အားဖြင့် ငါးပါးရှိပါတယ်၊ အဲဒါကိုလဲ "တဒင် ဝိက္ခမ်၊ သမုစ္ဆေဒ်၊ တစ်ဖန်ငြိမ်းတာ ထွက်မြောက်ပါ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

တဒင် ဝိက္ခမ်၊ သမုစ္ဆေဒ်၊ တစ်ဖန် ငြိမ်းတာ ထွက်မြောက်ပါ။

အဲဒီ ပဟာန်ငါးပါးထဲမှာ ဝိပဿနာဉာဏ်တစ်စိတ်ဖြင့် အာရမ္မဏာနုသယခေါ်တဲ့ ကိလေသာတစ်စိတ်ကို ပယ်တာဟာ "တဒင်္ဂေန တဒင်္ဂဿ ပဟာနံ တဒင်္ဂပဟာနံ" လို့ပြဆိုထားတဲ့ ဝိသုဒ္ဓိမဂ် (၂-၃၃၅) စသည်နှင့်အညီ တဒင်္ဂပဟာန်မည်ပါတယ်၊ (ရည်ရွယ်ချက်ကို အတိုချုပ်ပြသည်) အဲဒါဟာ မြင်ဆဲ, ကြားဆဲစသည်၌ ရှုမှတ်ပြီး အနိစ္စစသည်ဖြင့်သိရတဲ့အာရုံမှာ နိစ္စစသည်ဖြင့် ထင်မှတ်ပြီး ဖြစ်မည့်

http://www.dhammadownload.com



ကိလေသာတစ်စိတ်ကို ရှုသိတဲ့ဉာဏ်တစ်စိတ်ဖြင့် ပယ်တာပါပဲ။

ဝိက္ခမ္ဘနပဟာန်ဆိုတာကတော့ ဥပစာသမာဓိ အပ္ပနာသမာဓိ ၏အစွမ်းကြောင့် ကိလေသာအကြမ်းစားတွေမဖြစ်ဘဲ အတော်အတန် ကြာအောင် ကင်းနေတာကိုဆိုတာပါပဲ။

သမုစ္ဆေဒပဟာန် ဆိုတာကတော့ အရိယမဂ်၏ အစွမ်းကြောင့် ငြိမ်းသင့်တဲ့ကိလေသာတွေ အမြစ်ပြတ်ကင်းငြိမ်းနေတာကို ဆိုတာပါပဲ၊ သောတာပတ္တိမဂ်၏အစွမ်းကြောင့် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမသရယ်၊ အပါယ်ကျစေနိုင်တဲ့ လောဘဒေါသစသည်ရယ်၊ သုဂတိ၌ ခုနစ်ဘဝထက်ပိုလွန်ပြီးဖြစ်စေနိုင်တဲ့ လောဘရယ်- ဒီလို ကိလေသာတွေ လုံးဝမဖြစ်တော့ဘဲ ကင်းငြိမ်းသွားတာဟာ သမုစ္ဆေဒ ပဟာန်ပဲ၊ သကဒါဂါမိမဂ်အစွမ်းကြောင့် ကာမရာဂ ဗျာပါဒအကြမ်းစား တွေ လုံးဝပြတ်ငြိမ်းသွားတာ၊ အနာဂါမိမဂ်၏အစွမ်းကြောင့် ကာမရာဂ နှင့် ဗျာပါဒတွေ လုံးဝပြတ်စဲချုပ်ငြိမ်းသွားတာလဲ အဲဒီသမုစ္ဆေဒပဟာန်ပဲ၊ အရဟတ္တမဂ်၏အစွမ်းကြောင့် အဝိဇ္ဇာ တဏှာ မာနစသော ကိလေသာ ဟူသမျှ လုံးဝပြတ်စဲချုပ်ငြိမ်းသွားတာလဲ အဲဒီသမုစ္ဆေဒပဟာန်ပဲ၊ ယခုဒီမှာ ယောဂီတွေရှုမှတ်အားထုတ်နေကြရတာဟာ ဝိပဿနာဉာဏ် ဖြင့် တဒင်္ဂပဟာန်ပြည့်စုံပြီးတော့ အဲဒီသမုစ္ဆေဒပဟာန် ပြည့်စုံအောင် အားထုတ်နေကြရတာပဲ။

http://www.dhammadownload.com



အဲဒီအရိယမဂ်လေးပါး အမြစ်ပြတ်ပယ်ပြီး ကိလေသာတွေကို အရိယဖိုလ်လေးပါးဖြင့် ထပ်မံပြီးငြိမ်းစေတာကတော့ ပဋိပဿဒ္ဓိ ပဟာန်ပဲ၊ အဲဒါကတော့ အထူးပယ်ရတာမဟုတ်ပါဘူး ဖလသမာ ပတ်၏အဟုန်ကြောင့် ငြိမ်းအေးမြငြိမ်းအေးနေတာကို ဆိုတာပါပဲ။

နိဿရဏပဟာန်ဆိုတာကတော့ အရိယမဂ်လေးပါး၏အစွမ်း ကြောင့် ဖြစ်ခွင့်မရှိတော့တဲ့ကိလေသာတွေ ရုပ်နာမ်ခဆင်းရဲတွေ လုံးဝ ငြိမ်းတာဟာ အဲဒီကိလေသာရုပ်နာမ်ဆင်းရဲတွေမှ လွတ်မြောက်နေတဲ့ နိဿရဏခေါ် နိဗ္ဗာန်ပဲ၊ အဲဒီနိဗ္ဗာန်ဟာ ကိလေသာရုပ်နာမ်ဆင်းရဲဟူ သမျှမှ ကင်းရှင်းထွက်မြောက်နေလို့ နိဿရဏပဟာန်ခေါ်တယ်၊ အရိယမဂ်ဖိုလ်လေးပါးရောက်ရင် အဲဒီနိဿရဏပဟာန်လဲ ပြည့်စုံတော့ တာပါပဲ။

ယခုပြောပြခဲ့တဲ့ သီလဝိနည်းငါးပါး ပဟာနဝိနည်းငါးပါးတို့နှင့် ပြည့်စုံသင့်သလောက် ပြည့်စုံနေတဲ့အရိယာဟာ အရိယမ္မေသုဝိနီ တော- အရိယာတို့၏အကျင့်တရား၌ ဆုံးမအပ်ပြီးဖြစ်၍ ကောင်းစွာ ယဉ်ကျေးနေတာပါပဲ၊ အဲဒီလို ယဉ်ကျေးတဲ့ အရိယာသာဝကဟာ ရုပ်ကို အတ္တလို့မထင်မှတ်တော့ပါဘူးတဲ့၊ ဒါလောက်ဆိုရင် အတ္တစွဲ ကင်းတဲ့ ကလျာဏပုထုဇဉ်နဲ့ အရိယာသာဝကအကြောင်းကို နားလည် လောက်ပါပြီ ဒါကြောင့် ဓမ္မဒိန္နာထေရီ၏ အဖြေပါဠိကို ပြန်ရှုပြန်စဉ်အရ

http://www.dhammadownload.com



အပြည့်အစုံ အနက်ပြန်ပြဦးမယ်။

အာဝုသောဝိသာခ - ဒါယကာဝိသာခ၊ ဣဓ - ဤဘုရားသာသနာတော်၌၊ အရိယာနံ ဒဿာဝီ - အရိယာတို့ကိုသိမြင်သော၊ အရိယဓမ္မဿ ကောဝိဒေါ - အရိယာတရား၌ကျွမ်းကျင်သော၊ အရိယဓမ္မေသုဝိနီတော- အရိယာတရား၌ဆုံးမအပ်ပြီးဖြစ်၍ ကောင်းစွာယဉ်ကျေးသော၊ သပ္ပုရိသာနံ ဒဿာဝီ- အရိယာသူတော်ကောင်းတို့ကိုသိမြင်သော၊ သပ္ပုရိသဓမ္မဿ ကောဝိဒေါ - သူတော်ကောင်းတရား၌ကျွမ်းကျင်သော၊ သပ္ပုရိသဓမ္မေ သုဝိနီတော - သူတော်ကောင်းတရား၌ဆုံးမအပ်ပြီးဖြစ်၍ ကောင်းစွာယဉ်ကျေးသော၊ သုတဝါ - အကြားအမြင်နှင့်ပြည့်စုံသော၊ အရိယသာဝကော - အရိယာဖြစ်သောဘုရားတပည့်သည် ရုပ်-ရုပ်ကို အတ္တတော-အတ္တဟူ၍ န သမနုပဿတိ - မထင်မှတ်ပေ၊ ဝါ- တစ်နည်းအားဖြင့်၊ အတ္တာနံ- အတ္တကို၊ ရူပဝန္တံ - ရုပ်ရှိသည်ဟူ၍၊ န- မထင်မှတ်ပေ၊ ဝါ - တစ်နည်းအားဖြင့်၊ ရုပ် - ရုပ်ကို၊ အတ္တနိ- အတ္တ၌တည်သည်ဟူ၍၊ န-မထင်မှတ်တော့ပေ၊ ဝါ- တစ်နည်းအားဖြင့်၊ အတ္တာနံ-အတ္တကို၊ ရူပသ္မိံ-ရုပ်၌တည်သည်ဟူ၍၊ န- မထင်မှတ်ပေ။ (ဝေဒနာစသည်မှာလဲ ပါဠိအနက်က ထပ်တူပါပဲ၊ အစ ၄-ပုဒ်နှင့် နောက်ဆုံးတစ်ပုဒ်ကိုသာ ဖော်ပြပါမည်။) ဝေဒနံ- ခံစားမှုဝေဒနာကို၊ အတ္တတော-အတ္တဟူ၍၊ န သမနုပဿတိ-မထင်မှတ်

http://www.dhammadownload.com



ပေ၊ သညာ-မှတ်သားမှုသညာကို၊ အတ္တတော-အတ္တဟု၊ န သမနု ပဿတိ- မထင်မှတ်ပေ၊ သင်္ခါရေ -စေတနာစသောသင်္ခါရတို့ကို၊ အတ္တတော- အတ္တဟု၊ န သမနုပဿတိ-မထင်မှတ်ပေ၊ ဝိညာဏံ- စိတ်ဝိညာဏ်ကို၊ အတ္တတော-အတ္တဟု၊ န သမနုပဿတိ-မထင်မှတ်ပေ၊ အတ္တာနံ- အတ္တကို၊ ဝိညာဏဝန္တံ- စိတ်ဝိညာဏ်နှင့်တည်သည်ဟု၊ န- မထင်မှတ်တော့ပေ၊ အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ ဧဝံ ခေါ- ဤပုံဤနည်းဖြင့် သက္ကာယဒိဋ္ဌိ- ထင်ရှားရှိသောရုပ်နာမ်အပေါင်း၌ အတ္တဟုထင်မှားသောအယူသည်၊ န ဟောတိ - မဖြစ်တဲ့ ကောင်းပြီး ပါသည်တဲ့။

အတ္တဆိုတာ အသက်ရှင်နေတဲ့အကောင်လို့ ထင်ရတဲ့ ဟာပါပဲ၊ အဲဒါက ကိုယ်သွားချင်သွား၊ ကိုယ်ရပ်ချင်ရပ်၊ ကိုယ်ထိုင်ချင် ထိုင်၊ ကိုယ်အိပ်ချင်အိပ်၊ ကိုယ်ပြောချင်ပြော၊ ကိုယ်လုပ်ချင်လုပ် စသည်ဖြင့် ကိုယ့်အလိုအတိုင်း အစိုးရတယ်လို့လဲ ထင်ရတဲ့ဟာပဲ၊ အဲဒါကို သာမိအတ္တခေါ်တယ်၊ ကိုယ်ထဲမှာအမြဲတည်ရှိနေတယ်လို့လဲ ထင်ရတယ်၊ အဲဒါကို နိဝါသီအတ္တခေါ်တယ်၊ အတ္တကောင် ငါကောင်က ပင် ကြံတတ်တယ်၊ ပြောတတ်တယ်၊ ပြုတတ်တယ်လို့လဲ ထင်ရတယ်၊ အဲဒါကို ကာရကအတ္တဟုခေါ်တယ်၊ အဲဒါက သင်္ခါရကျွန်ကို အတ္တလို့ ခွဲလမ်းတာပဲ၊ အကောင်းအဆိုးတွေကိုခံစားနေတာကို အတ္တကောင်

http://www.dhammadownload.com



ငါကောင်လို့လဲထင်ရတယ်၊ အဲဒါကို ဝေဒကအတ္တလို့ခေါ်တယ်၊ အဲဒါက ဝေဒနာကျွန္မာကို အတ္တလို့စွဲလမ်းတာပဲ၊ သောတာပတ္တိမဂ်ဖိုလ်စသည်ကို ရောက်ပြီးဖြစ်တဲ့ အရိယာပုဂ္ဂိုလ်မှာတော့ အဲဒီလို အတ္တစွဲဟာ လုံးဝ မရှိတော့ဘူး။ ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားမျှပဲလို့ အမှန်အတိုင်း သိနေတော့တာပဲ၊ မဟ္မဒိန္နာထေရီက ဖြေရှင်းပြတဲ့ သက္ကာယဒိဋ္ဌိ ၂၀-ကင်းပုံဟာ အဲဒီ သာမိ,နိဝါသီ,ကာရက,ဝေဒက, အတ္တစွဲ ၄- ပါးလုံး ကင်းပုံနဲ့ အတူတူပါပဲ၊ အဲဒီအတ္တစွဲ ၄-ပါးနဲ့ အတ္တစွဲကင်းပုံ ဆောင်ပုဒ် များကို လိုက်ဆိုကြရမယ်။

(၁) ကိုယ်ထဲမှာ အလိုအတိုင်းအစိုးရတဲ့ ငါကောင်ရှိသည်ဟု ထင်တာက သာမိအတ္တစွဲ။

(၂) ကိုယ်ထဲမှာ အမြဲတည်နေတဲ့ ငါကောင်ရှိသည်ဟု ထင်တာ က နိဝါသီအတ္တစွဲ။

(၃) ကိုယ်, နှုတ်, စိတ် အမှုအရာဟူသမျှကို ငါကောင်ကပင် ပြုလုပ်သည်ဟုထင်တာက ကာရကအတ္တစွဲ။

(၄) အကောင်းအဆိုးဟူသမျှကို ငါကောင်ကပင် ခံစားသည်ဟု ထင်တာက ဝေဒကအတ္တစွဲ။

(၅) သောတာပတ္တိမဂ်ဖိုလ်၏ အသိအမြင်ရှိသူမှာ ရုပ်နာမ်အစု၊

http://www.dhammadownload.com



ငါကောင်ဟု၊ ထင်မှုမရှိပါ။

သက္ကာယဒိဋ္ဌိကင်းပုံအဖြေကို ကြားနာပြီးနောက် ဝိသာခ သူဌေးကြီးက အရိယမဂ်ဖိုလ်ကို မေးပြန်တယ်၊ မေးပုံကတော့ -

**အရိယာမဂ်အမေး**

ကတမော ပနာယျေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

အယျေ- အရှင်မဓမ္မဒိန္နာ၊ အဋ္ဌင်္ဂိကော - အင်္ဂါရှစ်ပါးရှိသော၊ အရိယောမဂ္ဂေါ-အရိယမဂ်သည်၊ ကတမော ပန- အဘယ်အရာပါနည်းတဲ့။

ဒါကတော့ ရှေးနားပိုင်းက သက္ကာယနိရောဓဂါမိနီပဋိပဒါ ခေါ်တဲ့ မဂ္ဂသစ္စာအကြောင်းမေးတာနဲ့ အရတူပါပဲ၊ ဒါကြောင့် ဒီမဂ္ဂသစ္စာအကြောင်းဖြေပြီးပါပြီ ထပ်ပြီးမေးစရာမလိုပါဘူးလို့ ပြောသင့်တာပါပဲ၊ ဒါပေမယ့် ဓမ္မဒိန္နာထေရီကတော့ အရိယမဂ်ကိုအခြေခံပြီး ရှေ့ဆက်မေးလိုသောကြောင့်ဖြစ်မှာပဲလို့ ဆင်ခြင်ပြီး ဖြေသင့်သည့်အတိုင်း ဒီလို ဖြေကြားပါတယ်။

http://www.dhammadownload.com



## အရိယာမဂ်အခြေ

အယမေဝ ခေါ အာဝုသော ဝိသာခ အရိယော

အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ - - သမ္မာသမာဓိ။

အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ အဋ္ဌင်္ဂိကော - အင်္ဂါရှစ်ပါးရှိသော၊ အရိယောမဂ္ဂေါ - အရိယာမဂ်ဟူသည်မှာ၊ အယမေဝ- ဤအရာပင်ဖြစ်ပါသည်၊ သေယျထိဒံ - ဤအရာက အဘယ်နည်း ဆိုလျှင်၊ သမ္မာဒိဋ္ဌိ - မှန်စွာမြင်ခြင်း - - သမ္မာသမာဓိ - မှန်စွာစူးစိုက် တည်ကြည်ခြင်းပင်ဖြစ်ပါသည်တဲ့။

ဒီမဂ္ဂင်ရှစ်ပါးအကြောင်းကတော့ သက္ကာယနိရောဓဂါမိနီပဋိပဒါ ဆိုတဲ့ မဂ္ဂသစ္စာအကြောင်းဟောစဉ်က ဖွင့်ပြခဲ့ပြီးဖြစ်လို့ ထပ်ပြီးပြော စရာတော့မလိုပါဘူး။ ဒါပေမယ့် (၁၃၂၆ - ခုနှစ်၊ ပထမဝါဆိုလကွယ် နေ့က ဟောထားခဲ့တဲ့) ပထမစာမူရင်းမှ တချို့အနည်းငယ်ကို စာကြည့် သူတို့မှာ သုတပွားရအောင် ယခုတရားစာမူသန့်၌ ဖော်ပြရဦးမယ်။

ဒီမဂ္ဂင်ရှစ်ပါးတရားကို ခဏခဏ ဟောနေရတယ်၊ ဒီမဂ္ဂင် ရှစ်ပါးတရားက အလွန်လဲလေးနက်ပြီး အလွန်လဲအရေးပါအရာရောက် ပါတယ်၊ မြတ်စွာဘုရား၏ သာသနာတော်မှာ ဒီမဂ္ဂင်ရှစ်ပါးဟာ အနှစ် သာရအစစ်ပဲ၊ ဗုဒ္ဓအဆုံးအမသာသနာတော်အစစ်ပဲ၊ လေးသချေ်နဲ့ ကမ္ဘာ

http://www.dhammadownload.com



တစ်သိန်း၊ ရှစ်သင်္ချေနဲ့ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘုရားဖြစ်ဖို့ရာ ကျင့်ကြံရတဲ့ ဘုရားအလောင်းတွေဟာလဲ ဒီမဂ္ဂင်ရှစ်ပါးပြည့်စုံအောင် ကျင့်ကြံရတာပဲ၊ မြတ်စွာဘုရားရှင်တွေဟာ မိမိတို့၏အသက်တမ်းရှိနေသမျှ ကာလပတ်လုံး တရားဟောကြရတာလဲ ဝေနေယျသတ္တဝါတွေမှာ ဒီမဂ္ဂင်ရှစ်ပါးအကျင့်ကို ပြည့်စုံအောင် ကျင့်နိုင်ဖို့ ဟောတော်မူကြရတာပဲ၊ ဒီမဂ္ဂင်ရှစ်ပါးတရားအကြွင်းမဲ့ပြည့်စုံလျှင် ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်ရောက်တော့တာပဲ၊ ဒါကြောင့် ဒီမဂ္ဂင်ရှစ်ပါးအကျင့်ဟာ အလွန်အရေးကြီးပါတယ်။

(ကမ္ဘာဦးမှစ၍ လောကရေးအတွက် ချမ်းသာအောင်ကြံဖန်တီထွင်လာကြပုံနှင့် မွေးသည်မှစ၍ လူ့ဘဝဆင်းရဲကြရပုံများကို ဟောထားသည်မှာ လက်နိပ်စက်ရိုက် ၄-မျက်နှာကျော်ကျော်ရှိ၍ ယင်းကို ဤ၌ မပြတော့ဘဲ ချန်ထားခဲ့သည်။)

မဂ္ဂင်ရှစ်ပါးထဲက သမ္မာဒိဋ္ဌိ - မှန်စွာမြင်ခြင်းဆိုတဲ့ မဂ္ဂင်အရ မှန်စွာမြင်အောင်အားထုတ်ဖို့လိုပါတယ်၊ လောကဘက်က အမှန်တွေဆိုတာလဲရှိပါတယ်၊ အဲဒါတွေကတော့ ဒီအရိယမဂ္ဂင်နဲ့မဆိုင်ပါဘူး ဆိုင်တာကတော့ မိမိတို့သန္တာန်က ရုပ်နာမ်တရားတွေကို အမှန်အတိုင်း သိဖို့ပဲလိုပါတယ်၊ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိ

http://www.dhammadownload.com



တိုင်။ ကြံ့သိတိုင်း ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေကို အမှန်အတိုင်းသိအောင် အားထုတ်ဖို့ပါပဲ၊ ဒွါရခြောက်ပါးက ခဏမစဲဖြစ်ပျက်နေတာကို ကိုယ်ပိုင်ဉာဏ်ဖြင့်တွေ့သိပြီး ဆင်းရဲတွေပဲဆိုတာ ခိုင်ခိုင်မြဲမြဲ ဆုံးဖြတ်နိုင်ဖို့လိုပါတယ်၊ ရှုမှတ်ခြင်းမရှိတဲ့ ပကတိပုဂ္ဂိုလ်တွေမှာတော့ အမြင်ကောင်း အကြားကောင်း စသည်တွေကိုရအောင် အမြဲကြောင့်ကြစိုက်ပြီး ဆင်းရဲနေကြရတယ်၊ အဲဒီလို အဆင်းရဲခံပြီး ကြောင့်ကြစိုက်လို့ အမြင်ကောင်းစသည်တွေကိုရလာတော့လဲ မကြာခင် ကုန်ဆုံးသွားတာပဲ၊ အဲဒီလို ကွယ်ပျောက်လွယ်တာဟာ အရသာကောင်းစားရတဲ့အခါ ပိုပြီးထင်ရှားပါတယ်၊ လျှာပေါ်မှာ အရသာကောင်းကလေးဟာပေါ်လာပြီး တခဏကလေးအတွင်းမှာ ပျောက်သွားတာပဲ၊ ဒိပြင်ဟာတွေလဲ ဒီလိုချည်းပါပဲ၊ အဲဒီအကောင်းကလေးတွေခံစားရအောင် ရှာရ လုပ်ကိုင်ရတာတွေကတော့ အင်မတန် ပင်ပန်းဆင်းရဲပါတယ်၊ တစ်သက်လုံးရှာကြံနေရတာပဲ၊ အပါယ်လေးပါးရောက်နေတဲ့အခါ ပိုပြီး ဆင်းရဲကြရတာပဲ။

မြင်တိုင်း ကြားတိုင်းစသည်မှာ မပြတ်ရှုမှတ်နေတဲ့ ယောဂီကတော့ မြင်မှု ကြားမှုစသော ရုပ်နာမ်တွေ ခဏမစဲ ဖြစ်ပျက်နေတာကို တွေ့သိရတယ်၊ အဲဒီလိုခဏမစဲ လျင်မြန်စွာပျောက်ပျက်သွားတာတွေချည်း တွေ့သိနေရတော့ ဘာမှအားကိုးစရာမရှိတဲ့ ဆင်းရဲတရား

http://www.dhammadownload.com



တွေချည်းပဲ၊ ရုပ်နာမ်အသစ်ဖြစ်လာရင် ဘယ်အချိန်မဆို သေနိုင်တာ ကြောင့် ကြောက်စရာကောင်းတဲ့ဆင်းရဲတရားတွေချည်းပဲလို့ သိရတယ်၊ အဲဒါဟာ အမှန်အတိုင်းသိတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိပဲ၊ ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲအမှန်ကိုသိတာပဲ၊ အဲဒါနဲ့ဆိုင်တဲ့ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၁) ဖြစ်ပျက်သမျှ သခါရ ဒုက္ခသစ္စာတည်း

အဲဒီလိုရှုမှတ်နေရင် ခဏမစဲ ဖြစ်ပျက်နေတာတွေကို ဆင်းရဲ လို့သိတာဟာ ဒုက္ခသစ္စာကိုအမှန်အတိုင်းသိတဲ့သမ္မာဒိဋ္ဌိပဲ၊ ဒါပေမယ့် ဝိပဿနာသမ္မာဒိဋ္ဌိကတော့ ရှုမိတဲ့အာရုံလောက်သာ ဆင်းရဲထင်ပြီး နှစ်သက်သာယာမှုကင်းတယ်၊ မရှုမိတဲ့အာရုံတွေနဲ့တော့ စပ်ပြီး နှစ်သက်သာယာမှုရှိနေသေးတာပဲ၊ အရိယာမဂ်ရောက်မှ နှစ်သက် သာယာမှုက အမြစ်ပြတ်ငြိမ်းတာ၊ ဒါတောင်မှ သောတာပတ္တိမဂ်ဖိုလ် လောက်ဆိုရင် ကာမဘဝရုပ်နာမ်တွေကို အကောင်းထင်ပြီး နှစ်သက် သာယာမှုက လုံးဝမကင်းသေးပါဘူး။ ဒါကြောင့် သောတာပန် ပုဂ္ဂိုလ်တွေမှာ အိမ်ထောင်ပြုမှုတွေလဲ ရှိနေသေးတာပဲ၊ မိထွေးတော် ဂေါတမီပရိနိဗ္ဗာန်စံခါနီးမှာ အရှင်အာနန္ဒာက စိုးရိမ်ပူဆွေးပြီး ငိုကြွေး သေးတယ်လို့တောင် ပြဆိုထားတာ ရှိနေသေးတာပဲ၊ အဲဒါဟာ ပရိနိဗ္ဗာန် မစံဘဲဖြစ်နေတဲ့ ရုပ်နာမ်တွေကို အကောင်းထင်ပြီး လိုလားခြင်း ရှိနေလို့ပါပဲ၊ အရဟတ္တမဂ်ဖိုလ်ရောက်မှ အဲဒီလိုအကောင်းထင်ပြီး

http://www.dhammadownload.com



နှစ်သက်သာယာမှု လုံးဝကင်းတယ်၊ ဒါကြောင့် အဲဒီနှစ်သက်သာယာမှု လုံးဝငြိမ်းအောင် ရှုမှတ်အားထုတ်နေကြရတာပဲ။

နှစ်သက်သာယာမှုရှိနေရင် မျက်မှောက်ဘဝမှာလဲ ဆင်းရဲနေကြရတာပဲ၊ သားသမီး အိမ်သူအိမ်သားတွေရှိနေတဲ့သူမှာ အဲဒီသားသမီးစသည်ကို နှစ်သက်သာယာနေသောကြောင့် သူတို့အတွက်ကြောင့်ကြစိုက်ပြီးတော့လဲ ဆင်းရဲနေကြရတယ်၊ မြတ်စွာဘုရားဟာ တစ်ချိန်က မလ္လတိုင်းပြည်ထဲက ဥရုဝေလကပ္ပဆိုတဲ့ နိဂုံးရွာကြီးမှာ သီတင်းသုံးနေတော်မူတယ်၊ အဲဒီအခါ ဥရုဝေလကပ္ပနိဂုံးရွာထဲက ဘဒြကဆိုတဲ့ ဂါမဏိရွာလူကြီးက မြတ်စွာဘုရားထံလာရောက်ကန်တော့ပြီးတော့ ဒီလိုလျှောက်ထား တောင်းပန်ပါတယ်၊ ဆင်းရဲဖြစ်ကြောင်း ငြိမ်းကြောင်းတရား ဟောတော်မူပါတဲ့။

အဲဒီတော့ မြတ်စွာဘုရားက ဒီလိုစပြီးအမိန့်ရှိပါတယ်၊ ရှေးကာလကိုစွဲပြီး ဆင်းရဲဖြစ်ကြောင်း ငြိမ်းကြောင်းကို ငါကဟောလျှင်သင့်မှာ ယုံမှားတွေးတောမှု သံသယဖြစ်နိုင်တယ်၊ နောက်ကာလကိုစွဲပြီးဟောလျှင်လဲ သင့်မှာ ယုံမှားတွေးတောမှု သံသယဖြစ်နိုင်တယ်၊ ဒါကြောင့် ယခုတစ်ထိုင်အတွင်းမှာပဲ ဆင်းရဲဖြစ်ကြောင်း ချုပ်ကြောင်းကို ဟောမယ်လို့မိန့်တော်မူပြီး ဒီလိုမေးတော်မူပါတယ်။

http://www.dhammadownload.com



ဉရုဝေလကပ္ပရွာထဲကလူများမှာ အသက်ခံရခြင်း၊ အချုပ်အနှောင်ခံရခြင်းကြောင့်ဖြစ်စေ၊ ပစ္စည်းဆုံးရှုံးခြင်း၊ အကဲ့ရဲ့ခံရခြင်းကြောင့်ဖြစ်စေ သင့်မှာစိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ စိတ်ပူပန်ခြင်းဖြစ်နိုင်ပါသလားတဲ့၊ ဖြစ်နိုင်ပါတယ်ဘုရားလို့ လျှောက်ပါတယ်။

တချို့လူတွေမှာ အသက်ခံရခြင်းစသည်ကြောင့် သင့်မှာစိုးရိမ်ပူဆွေးခြင်း စသည်မဖြစ်နိုင်တာလဲရှိပါသလားလို့မေးတော်မူပါတယ်၊ အဲဒီလိုမဖြစ်နိုင်တာလဲရှိပါတယ်လို့ လျှောက်တယ်၊ အဲဒီလို စိုးရိမ်ပူဆွေးခြင်းစသည် ဖြစ်နိုင်တာ မဖြစ်နိုင်တာ ဘာကြောင့်ပါလဲလို့လဲမေးတော်မူတယ်၊ ခင်မင်နှစ်သက်တဲ့သူတွေ ဒုက္ခရောက်ရင်တော့ စိုးရိမ်ခြင်းစသည် ဖြစ်ရပါတယ်။ မခင်မင် မနှစ်သက်တဲ့သူတွေ ဒုက္ခရောက်ရင်တော့ စိုးရိမ်ခြင်းစသည် မဖြစ်နိုင်ပါဘူးလို့ လျှောက်ပါတယ်၊ အဲဒါဟာ ဆန္ဒရာဂဆိုတဲ့ ချစ်ခင်နှစ်သက်မှုရှိသူတွေနဲ့စပ်ပြီး စိုးရိမ်ခြင်းစသည်ဖြစ်နိုင်တယ်၊ ဆန္ဒရာဂမရှိသူတွေနဲ့စပ်ပြီး မဖြစ်နိုင်ဘူးလို့ သဘောပေါက်ပြီး ဖြေတာပါပဲ၊ ဆန္ဒရာဂဟာ ဆင်းရဲဖြစ်ကြောင်း၊ ဆန္ဒရာဂကင်းတာဟာ ဆင်းရဲချုပ်ငြိမ်းကြောင်းလို့ သိနားလည်စေတာပါပဲ၊ ရှေးကာလက ဆင်းရဲဖြစ်ခဲ့တာလဲ ဆန္ဒရာဂကြောင့်ပဲ၊ နောက်ကာလ၌ ဆင်းရဲဖြစ်မှာလဲ ဆန္ဒရာဂကြောင့်ပဲလို့ သိမှတ်ဖို့

http://www.dhammadownload.com



ရာလဲ မြတ်စွာဘုရားက အမိန့်ရှိပါတယ်။

အဲဒီ ဘုရားစကားတော်ကို နှစ်ခြိုက်သဘောကျပြီးတော့ ဘဒြကဆိုတဲ့ရွာသူကြီးက ဒီလိုလဲလျှောက်ပါတယ်၊ ဘုရားတပည့်တော်မှာ စိရဝါသီဆိုတဲ့ သားသူငယ်တစ်ယောက်ရှိပါတယ်၊ အဲဒီသူငယ်ကို ရွာအပြင်က စာသင်ကျောင်းမှာ ထားပါတယ်၊ နေ့စဉ်နေ့တိုင်း စောစောထပြီး စိရဝါသီကို စုံစမ်းရန်လူတစ်ယောက်ကို စေလွှတ်ရပါတယ်၊ အဲဒီလူ ပြန်ရောက်မလာမချင်း ငါ့သားစိရဝါသီ ကျန်းမာချမ်းသာပါစေလို့ တောင့်တပြီး စိတ်ပူနေရပါတယ်ဘုရားလို့ လျှောက်ပါတယ်။

စိရဝါသီသူငယ်မှာ အသတ်ခံရလို့ဖြစ်စေ၊ အချုပ်အနှောင်ခံရလို့ဖြစ်စေ၊ ပစ္စည်းဆုံးရှုံးလို့ အကဲ့ရဲ့ခံရလို့ဖြစ်စေ သင့်မှာ သောကစသည် ဖြစ်နိုင်ပါသလားလို့ မြတ်စွာဘုရားက မေးတော်မူတယ်၊ သောကစသည်ဘယ်မှာမဖြစ်ဘဲရှိပါ့မလဲ၊ အသက်တောင်မှ သေနိုင်ပါတယ်ဘုရားတဲ့၊ ဒါကြောင့် ဆင်းရဲဒုက္ခဟာ ချစ်ခင်နှစ်သက်မှုဆန္ဒကြောင့် ဖြစ်တယ်လို့ မှတ်သိရမယ်လို့ မိန့်တော်မူပြီးတော့ ဒီလိုလဲ မေးတော်မူပါတယ်၊ စိရဝါသီ၏မိခင်ကို မမြင်ဘူးသေး မကြားဘူးသေးခင်က အဲဒီအမျိုးသမီးကို ချစ်ခင်နှစ်သက်ခြင်း ဖြစ်ခဲ့ပါရဲ့လားတဲ့၊ မဖြစ်ခဲ့ပါဘုရား။ ဒါဖြင့် ချစ်ခင်နှစ်သက်ခြင်းဟာ မြင်ရကြားရလို့ ဖြစ်တာမဟုတ်လား။ ဟုတ်ပါတယ်ဘုရား။ အကယ်၍ စိရဝါသီ၏မိခင် အသတ်ခံရ အချုပ်

http://www.dhammadownload.com



အနှောင်ခံရရင် ဆုံးရှုံးရင် အကဲ့ရဲ့ခံရရင် သင့်မှာ သောကစသည် မဖြစ်ပေဘူးလားလို့ မေးတော်မူတယ်၊ ဘယ်မှာမဖြစ်ဘဲရှိပါ့မလဲ၊ အသက်တောင်မှ သေနိုင်ပါတယ်ဘုရားတဲ့၊ ဒါကြောင့် ဆင်းရဲဒုက္ခဟာ ချစ်ခင်နှစ်သက်မှုဆန္ဒကြောင့် ဖြစ်တယ်လို့ မှတ်သိရမယ်လို့ မိန့်တော်မူတယ်၊ မှန်ပါဘုရားလို့ အဲဒီရွာလူကြီးက ဝန်ခံပါသတဲ့။ (သံယုတ်၊ တတိယ၊ ၅၁၀)

ယခုပြောခဲ့တဲ့ ဘဒြကရွာလူကြီးဝတ္ထုကတော့ ချစ်ခင်နှစ်သက်မှုကြောင့် မျက်မှောက်မှာပင် ဆင်းရဲဖြစ်ပွားပုံပဲ၊ ထို့အတူပင် ရုပ်နာမ်ဆင်းရဲတွေကို အကောင်းထင်ပြီး နှစ်သက်သာယာနေရင် တစ်ဘဝပြီးတစ်ဘဝ အသစ်အသစ်ဖြစ်ဖြစ်ပြီး ဆင်းရဲနေတာပါပဲ၊ ဒါကြောင့် အဲဒီနှစ်သက်သာယာမှုတဏှာဟာ သမုဒယသစ္စာပဲ၊ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်ပြီး အနိစ္စစသည်ဖြင့် အမှန်ကို သိတိုင်းသိတိုင်း အဲဒီသိရတဲ့ ရုပ်နာမ်အာရုံမှာ နှစ်သက်သာယာမှုတဏှာမဖြစ်ဘဲ ကင်းရှင်းသွားတယ်၊ အဲဒါဟာ ရှုမှတ်ပြီး အမှန်အတိုင်းသိတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဖြင့် သမုဒယတဏှာကို ပယ်တာပဲ၊ အဲဒါဟာ သမုဒယသစ္စာကို ပယ်သောအားဖြင့် မှန်စွာသိတာပဲ။

အဲဒီလို သမုဒယတဏှာ ကင်းရှင်းသွားတိုင်း အဲဒီသိရတဲ့ အာရုံနဲ့စပ်ပြီး ဘဝသစ်ရုပ်နာမ်ဆင်းရဲတွေဖြစ်ခွင့်မရှိတော့ဘဲ ကင်းငြိမ်း

http://www.dhammadownload.com



သွားတယ်၊ အဲဒါဟာ တဒင်္ဂနိရောဓကို ပြီးစေသောအားဖြင့် သမ္မာဒိဋ္ဌိက အမှန်အတိုင်းသိသည်မည်တာပဲ။

ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဝိပဿနာမဂ္ဂင်တွေဖြစ်ဖြစ်သွားတာက မဂ္ဂသစ္စာကို ဖြစ်ပွားစေသောအားဖြင့် အမှန်အတိုင်း သိသည်မည်တာပဲ၊ ဒါက ဝိပဿနာသမ္မာဒိဋ္ဌိအရ မှန်စွာသိပုံပဲ၊ အရိယမဂ်သမ္မာဒိဋ္ဌိကတော့ နိဗ္ဗာန်ကိုမျက်မှောက်တွေ့ သိမြင်ပြီး သစ္စာလေးပါးလုံးကို မှန်စွာသိမြင်တယ်၊ အဲဒီအကြောင်းကိုတော့ စာမှုမကျယ်ရအောင် ဒီနေရာမှာ မပြတော့ပါဘူး။ ယခုသမုဒယသစ္စာဆောင်ပုဒ်ကို ဆိုကြရမယ်။

(၂) သင်္ခါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း။

မြင်ဆဲ ကြားဆဲစသည်၌ ထင်ပေါ်လာတဲ့ ရုပ်နာမ်သင်္ခါရတွေကို မြဲသည့်အနေ ချမ်းသာသည့် လှပသည့်အနေစသည်ဖြင့် အကောင်းထင်နေရင် နှစ်သက်ခင်မင်တဲ့ တဏှာသမုဒယဖြစ်တယ်၊ ရှုမှတ်လို့ အနိစ္စစသည်ဖြင့်သိနေရင်တော့ အဲဒီတဏှာငြိမ်းတယ်၊ အဲဒီတဏှာကို ငြိမ်းစေသောအားဖြင့် သမ္မာဒိဋ္ဌိက သိမြင်ရတယ်၊ အဲဒီလိုမှန်စွာသိရအောင်လို့ မပြတ်ရှုမှတ်နေကြရတာပါပဲ၊ အရိယမဂ် သမ္မာဒိဋ္ဌိက နိဗ္ဗာန်ကိုတွေ့မြင်တော့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ဆင်းရဲလို့သိနိုင်ပုံ၊ တဏှာကင်းပုံတွေဟာ သာပြီးထင်ရှားပါတယ်၊ ဒါကြောင့် အဲဒီနိရောဓသစ္စာအကြောင်းကိုလဲ ဆိုကြရမယ်။

http://www.dhammadownload.com



## (၃) ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်တည်း

ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ ခဏမစဲဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေကို ရှုသိနေရင်းထဲက သိစရာရော သိတာရော လုံးဝချုပ်ငြိမ်း ကင်းရှင်းနေတဲ့သဘောထဲသို့ ကျရောက်သွားတယ်၊ အဲဒီလို ကျရောက်တွေ့မြင်ပုံကို ရှေ့အပိုင်းက ပြဆိုခဲ့ပါပြီ၊ အဲဒါဟာ သမ္မာဒိဋ္ဌိက နိရောဓသစ္စာကို အမှန်အတိုင်းသိမြင်ပုံပါပဲ၊ ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကိုရှုသိသောအားဖြင့် ဝိပဿနာမဂ်ကိုပွားနေရတယ်၊ နောက်ဆုံးကျတော့ အဲဒီဖြစ်ပျက်ရုပ်နာမ်ဆင်းရဲဟူသမျှ ချုပ်ငြိမ်းတဲ့သဘောကို မျက်မှောက်ပြုသောအားဖြင့် အရိယာမဂ်ကို ဖြစ်ပွားစေရတယ်၊ အဲဒီလိုဖြစ်ပွားစေသောအားဖြင့် သိတာကို သမ္မာဒိဋ္ဌိက မှန်စွာသိမြင်တာလို့ ဆိုရတယ်၊ အဲဒီမဂ္ဂသစ္စာနဲ့ဆိုင်တဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

## (၄) ဆင်းရဲငြိမ်းရာ၊ ဆိုက်ရောက်တာ၊ သစ္စာမဂ္ဂတည်း။

ယခုပြောခဲ့တဲ့အတိုင်း သမ္မာဒိဋ္ဌိက - မှန်စွာသိမြင်တယ်ဆိုတော့ ဒုက္ခသစ္စာကို အနိစ္စသည်ဖြင့် ပိုင်းခြားသိရတယ်၊ အဲဒီလို သိတိုင်း သမုဒယသစ္စာကို ပယ်သောအားဖြင့် သိရတယ်၊ နိရောဓ-ဆင်းရဲငြိမ်းရာကို မျက်မှောက်ပြုပြီးသိရတယ်၊ မဂ္ဂသစ္စာကို မိမိသန္တာန်

http://www.dhammadownload.com



ဋ္ဌိဖြစ်ပွားစေသောအားဖြင့် သိရတယ်၊ အဲဒီလို မှန်စွာသိမြင်တာကို သမ္မာဒိဋ္ဌိလို့ ဆိုရတာပဲ။

သမ္မာဒိဋ္ဌိဖြစ်ရင် မှန်စွာကြံတဲ့ သမ္မာသင်္ကပ္ပကလဲ စိတ်ဦးညွှတ်တဲ့အနေဖြင့် ပါဝင်တာပါပဲ၊ သမ္မဝါယာမဆိုတဲ့ မှန်စွာအားထုတ်မှုလဲပါဝင်တာပါပဲ၊ မြင်မှု ကြားမှုစသည်တွေကိုအမှန်အတိုင်း အမှတ်ရပြီး သိရအောင် ကြောင့်ကြစိုက်ပေးနေတာဟာ သမ္မာဝါယာမပဲ၊ အမှန်အတိုင်းအမှတ်ရတဲ့ သမ္မာသတိပါဝင်တာကတော့ အလွန်ထင်ရှားပေါ်လွင်နေပါပြီ (သမာဟိတော - စိတ်တည်ကြည်သောသူသည်၊ ယထာဘူတံ - ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ - သိ၏-လို့) ဟောထားတဲ့အတိုင်း သမာဓိရှိမှ အမှန်အတိုင်းသိနိုင်သောကြောင့် သမ္မာဒိဋ္ဌိက မှန်စွာမြင်ရင် သမ္မာသမာဓိလဲပါဝင်ကြောင်း ထင်ရှားပါတယ်၊

နောက်ပြီးတော့ သီလဝိသုဒ္ဓိပြည့်စုံပါမှ ဒိဋ္ဌိဝိသုဒ္ဓိစသောပညာဝိသုဒ္ဓိငါးပါး ဖြစ်နိုင်သောကြောင့် သမ္မာဒိဋ္ဌိက မှန်စွာမြင်တိုင်း သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်များလဲ ပါဝင်ပြည့်စုံကြောင်း ထင်ရှားပါတယ်၊ ယခုပြောခဲ့တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ အရိယမဂ်သမ္မာဒိဋ္ဌိဖြစ်ခဲမှာ သမ္မာသင်္ကပ္ပစသော မဂ္ဂင်တွေလဲ ပါဝင်ပါတယ်၊ အဲဒီမဂ္ဂင်ရှစ်ပါးဟာ အင်္ဂါရှစ်ပါးရှိတဲ့ အရိယမဂ်ပဲလို့ မွေ့ဒိန္နာထေရီက ဖြေကြားပါတယ်၊ အဲဒီမှာ ဝိပဿနာမဂ္ဂင်တွေက

http://www.dhammadownload.com



အရိယမဂ်၏ ရှေ့ဆောင်ဖြစ်တဲ့ ပုဗ္ဗဘာဂမဂ်ပဲ၊ သောတာပတ္တိမဂ်စသည်ကတော့ အရိယမဂ်ပဲလို့ ဒီလိုခွဲခြားပြီး မှတ်သိထားကြရမယ်။

အဲဒီအဖြေကို ကြားနာပြီးတော့ ဝိသာခသူဌေးကြီးက ဒီလို မေးပြန်ပါတယ်။

**သင်္ခတ အသင်္ခတအမေး**

အရိယော ပနာယျေ အဋ္ဌင်္ဂိကော မဂ္ဂေါ သင်္ခတော၊ ဥဒါဟု အသင်္ခတော။

အယျေ - အရှင်မဓမ္မဒိန္နာ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ- အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်၊ သင်္ခတော နု ခေါ - အကြောင်းတရားများကပြုအပ်သော သင်္ခတတရားဖြစ်ပါသလော၊ ဥဒါဟု- သို့မဟုတ်၊ အသင်္ခတော - မပြုအပ်သော အသင်္ခတတရားဖြစ်ပါသလော - တဲ့။

မဂ္ဂင်ရှစ်ပါးဆိုတဲ့ အရိယမဂ်ဟာ အခြားနာမ်တရားများလိုပင် အကြောင်းတရားတွေကပြုလို့ဖြစ်တဲ့ သင်္ခတတရားပါလား၊ သို့မဟုတ် နိဗ္ဗာန်အငြိမ်းဓာတ်လိုပင် အသင်္ခတတရားပါလားလို့ မေးတာပါပဲ၊ အဲဒီ အမေးကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

http://www.dhammadownload.com



## သခ်တဖြစ်ကြောင်းအဖြေ

အရိယော ခေါ် အာဝုသော ဝိသာခ အဋ္ဌင်္ဂိကော မဂ္ဂေါ သင်္ခတော။

အာဝုတော ဝိသာခ- ဒါယကာဝိသာခ၊ အရိယော အဋ္ဌင်္ဂိ ကောမဂ္ဂေါ-အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်၊ သင်္ခတော- ဝိပဿနာ စသောအကြောင်းတရားက ပြုအပ်ဖြစ်စေအပ်သော သင်္ခတတရားဖြစ် ပါသည်တဲ့။

သူ့ဆိုင်ရာအကြောင်းတရားများက လုံ့ဆော်ထောက်ပံ့ ပြုလုပ် ပေးမှ ဖြစ်ပေါ်လာတဲ့ သင်္ခတတရားပါတဲ့၊ အသင်္ခတတရားဆိုတာ နိဗ္ဗာန်တစ်ပါးတည်းသာရှိတယ်၊ အဲဒီနိဗ္ဗာန်ဆိုတာက အရိယမဂ်ရဲ့ အစွမ်းကြောင့် ကိလေသာတွေဖြစ်ခွင့်မရှိဘဲ ငြိမ်းခြင်းသဘောပဲ၊ ငြိမ်း တယ်ဆိုတာ ဖြစ်ပေါ်တာမဟုတ်လို့ အကြောင်းကြောင့်ဖြစ်တယ်လို့ မဆိုရဘူး၊ အဲဒီ ကိလေသာအကြောင်းတရားကင်းလို့ ဘဝသစ်ရုပ်နာမ် ခန္ဓာတွေမဖြစ်တော့ဘဲ ကင်းငြိမ်းတာလဲ နိဗ္ဗာန်ပဲ၊ အဲဒါလဲ ဖြစ်ပေါ် တာမဟုတ်လို့ အကြောင်းကြောင့်ဖြစ်တဲ့ သင်္ခတတရားလို့မဆိုရဘူး၊ အသင်္ခတသာမည်တယ်၊ အရိယမဂ်တရားဆိုတာကတော့ ရှေးအဖို့က ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာကြောင့်ဖြစ်တာပဲ၊ အနီးကပ်ဆုံးအားဖြင့်

http://www.dhammadownload.com



(အနုလောမံ ဝေါတြဘုသဿ - အနုလောမဝိပဿနာက အခြားမဲ့၌ ဝေါတြဘုကိုဖြစ်စေလျက် ကျေးဇူးပြုတယ်၊ ဝေါတြဘုမဂ္ဂဿ - ဝေါတြဘုက အရိယာမဂ်ကို အခြားမဲ့၌ဖြစ်စေသောအားဖြင့် ကျေးဇူး ပြုတယ်လို့) ဟောထားတဲ့ ပဋ္ဌာန်းပါဠိတော်အရ ရှေးအဖို့က ဝိပဿနာ အဆင့်ဆင့်ကြောင့် အနီးဆုံးအားဖြင့် ဝေါတြဘုကြောင့် ဖြစ်တယ် ဆိုတာလဲ ထင်ရှားတယ်၊ နောက်ပြီးတော့ တည်ရာမှီရာရုပ်နဲ့ ယှဉ်ဖက် တရားတွေကြောင့် ဖြစ်တယ်ဆိုတာလဲ ထင်ရှားပါတယ်။

ဒါကြောင့် စာပေကျမ်းဂန်တတ်ပုဂ္ဂိုလ်တွေအနေအားဖြင့် အရိယာမဂ်ဟာ ဆိုင်ရာအကြောင်းများကြောင့်ဖြစ်လို့ သင်္ခတတရား ဖြစ်ကြောင်း ထင်ရှားနေပါတယ်၊ မေးစရာတောင်မလိုဘူးလို့ ဆိုရပါဲ၊ ဒါပေမယ့် သုတမရှိတဲ့ပုဂ္ဂိုလ်တွေအနေအားဖြင့်တော့ အထင်မှားစရာ ရှိပါတယ်၊ အရိယာမဂ်က ရုပ်နာမ်ဆင်းရဲငြိမ်းတဲ့ အသင်္ခတနိဗ္ဗာန်ကို အာရုံပြုပြီးဖြစ်တော့ နိဗ္ဗာန်လိုပင် အသင်္ခတလေလားလို့ ယုံမှားစရာ ထင်မှားစရာရှိပါတယ်၊ သမ္မုတ္တနိယာမမည်သောကြောင့် အသင်္ခတလို့ ထင်စရာလဲရှိပါတယ်၊ တော်တော်ဆီက လူတစ်ယောက်က ဒီမှာ လာပြီးမေးတယ်၊ "အရိယာမဂ်ဟာ အသင်္ခတတရားပါလား"၊ ဘာကြောင့် ဒီလိုမေးရတာလဲလို့ဆိုတော့ "ဆရာကြီးတစ်ယောက်က သူ့ကျမ်းစာ အုပ်ထဲမှာ အရိယာမဂ်ကို အသင်္ခတတရားလို့" ပြဆိုထားတာကို

http://www.dhammadownload.com



တွေ့ရသောကြောင့်ပါတဲ့။

အဲဒီကျမ်းစာမှာ အရိယမဂ် အသင်္ခတဖြစ်ကြောင်း ကထာဝတ္ထုပါဠိဖြင့် ပြဆိုထားတယ်လို့ ဆိုပါတယ်၊ အဲဒီကျမ်းစာအုပ်တော့ မတွေ့ဘူးပါဘူး။ ကထာဝတ္ထုကျမ်းထဲက စာပိုဒ်အမှတ် (၄၄၅) စသည်မှာ (နိယာမဟာ အသင်္ခတလား စသည်ဖြင့်) ပြဆိုထားတာကို အမှီပြုပြီး ရေးထားဟန်တူပါတယ်။ ကထာဝတ္ထုကျမ်းမှာ အမှားနဲ့အမှန် အငြင်းအခုံဖြစ်ပုံတွေကို ပြထားတယ်၊ သိနားလည်ရန် မလွယ်လှပါဘူး။ အမှားဘက်ကဝါဒနဲ့ အမှန်ဘက်ကဝါဒကို ခွဲခြားသိရန်မလွယ်ကူလှပါဘူး။ ဗဟုသုတပြည့်ဝတဲ့သူမှ ပါဠိနှင့်အဋ္ဌကထာကိုလဲ ကျကျနန လေ့လာကြည့်မှ သိနားလည်နိုင်တယ်၊ ကထာဝတ္ထုကျမ်းမှာ တတိယသင်္ဂါယနာခေတ်တုန်းက အယူမှားနဲ့အယူမှန်ကို စိစစ်ဝေဖန်ပြထားတယ်၊ သောတာပတ္တိမဂ်ကိုရောက်တဲ့သူမှာ ဂတိနဲ့ဉာဏ်ကိုမြဲစေသောကြောင့် အဲဒီမဂ်ကို သမ္မတ္တနိယာမခေါ်တယ်၊ အဲဒီမဂ်စိတ်ချုပ်သွားတဲ့နောက်လဲ ဂတိနဲ့ဉာဏ်က မချွတ်မယွင်းဘဲ နိုင်မြဲနေသောကြောင့် နိယာမကို အသင်္ခတလို့အယူမှားဖြစ်နေတယ်၊ နိယာမဆိုတာ အရိယမဂ်ပဲ၊ နိယာမကို အသင်္ခတလို့ဆိုတော့ အရိယမဂ်ကိုလဲ အသင်္ခတလို့ဆိုရာရောက်တာပေါ့ အဲဒါ အမှားစစ်စစ်ပဲ၊ အဲဒီအမှားကို အများအား နားလည်ရအောင်လို့ စိစစ်ဝေဖန်ပြချက်ပါပဲ၊ အဲဒါကို အမှန်ထင်ပြီး ဟိုကျမ်းပြု

http://www.dhammadownload.com



ပုဂ္ဂိုလ်က ရေးထားဟန်တူပါတယ်၊ ဒါကြောင့် ဒီလိုအယူများကို ပယ်ဖျက်နိုင်ရန်အတွက် "အရိယမဂ်ဟာ သခ်ိတလား အသခ်ိတလား" လို့ မေးတာလဲ မေးသင့်ပါတယ်၊ "သခ်ိတပါ" လို့ အဖြေလဲ ဖြေသင့်တာပါပဲ၊ အသခ်ိတဆိုရင် နိဗ္ဗာန်လိုပင် ချုပ်ပျက်ခြင်းမရှိဘဲ အမြဲတည်နေရမှာ၊ အရိယမဂ်မှာတော့ အခြားစိတ်များလိုပင် ဥပါဒ်-ဌီ-ဘင်ဆိုတဲ့ ခဏငယ်သုံးချက်မျှသာတည်ရှိတယ်၊ ဘင်ခဏမှာ လုံးဝချုပ်ပျောက်သွားတယ်၊ ဒါကြောင့် နိဗ္ဗာန်လို အမြဲတည်ရှိနေတာလဲ မဟုတ်ဘူး။ ခုတင်ကပြောခဲ့တဲ့အတိုင်း ဝိပဿနာစသော အကြောင်းများကြောင့် ဖြစ်ပေါ်တဲ့တရားလဲဖြစ်နေတယ်၊ ဒါကြောင့် သခ်ိတတရားဖြစ်ကြောင်း အလွန်ပင် ထင်ရှားပါတယ်။

အဲဒီအဖြေကို ကြားနာပြီးနောက် ဝိသာခသူဌေးကြီးက ဒီလိုလဲမေးပြန်ပါတယ်။

## သင်္ခတခေါ် သိမ်းယူအစပ်ပုံအမေး

အရိယေန နု ခေါ အယျေ အဋ္ဌင်္ဂိကေန မဂ္ဂေန တယော ခန္ဓာ သင်္ဂဟိတာ၊ ဥဒါဟု တီဟိ ခန္ဓေဟိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သင်္ဂဟိတော။

အယျေ - အရှင်မမွေဓိန္နာ၊ အဋ္ဌင်္ဂိကော - အင်္ဂါရှစ်ပါးရှိ

http://www.dhammadownload.com



သော၊ အရိယေနမဂ္ဂေန - အရိယမဂ်ဖြင့် ၊ တယော ခန္ဓာ (သီလ သမာဓိ ပညာဟူသော) သုံးပါးကုန်သော ခန္ဓာတို့ကို သင်္ဂဟိတာနုခေါ်- သိမ်းယူအပ်ပါကုန်သလော၊ ဥဒါဟု-သို့မဟုတ်၊ တီဟိခန္ဓေဟိ- သုံးပါးကုန်သောခန္ဓာတို့ဖြင့်၊ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ-အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို၊ သင်္ဂဟိတော - သိမ်းယူအပ်ပါသလောတဲ့။

အရိယမဂ်ဖြင့် သီလသမာဓိပညာဆိုတဲ့ ခန္ဓာသုံးပါးကို အတွင်းသွင်းပြီး ယူရပါသလား၊ သို့မဟုတ် ခန္ဓာသုံးပါးဖြင့် အရိယမဂ်ကို အတွင်းသွင်းပြီး ယူရပါသလားလို့ မေးတာပါပဲ၊ အဲဒါဟာ အရိယမဂ်အကြောင်းနဲ့ သီလက္ခန္ဓစသည်အကြောင်းမှာ မကျွမ်းကျင် မနိုင်နင်းရင် ဖြေရန်မလွယ်ဘူး၊ ခက်ပါတယ်၊ ဒါပေမယ့် ဓမ္မဒိန္နာထေရီကတော့ ပဋိသမ္ဘိဒါပတ္တရဟန္တာမ ဖြစ်နေတဲ့အတွက် အလွယ်တကူနဲ့ပင် ဒီလိုဖြေကြားလိုက်ပါတယ်။

## သင်္ဂဟိတခေါ် သိမ်းယူအပ်ပုံအဖြေ

နခေါ် အာဝုသော ဝိသာခ အရိယေန အဋ္ဌင်္ဂိကေန မဂ္ဂေန တယော ခန္ဓာ သင်္ဂဟိတာ၊ တီဟိ စ ခေါ် အာဝုသော ဝိသာခ ခန္ဓေဟိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သင်္ဂဟိတော- တဲ့။

http://www.dhammadownload.com



အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေန - အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ဖြင့်၊ တယော ခန္ဓာ- (သီလ သမာဓိ ပညာ ဟူသော) သုံးပါးကုန်သော ခန္ဓာတို့ကို၊ နခေါ သင်္ဂဟိတာ - မသိမ်းယူအပ်ပါကုန်၊ အာဝုသော ဝိသာခ - ဒါယကာ ဝိသာခ ၊ စ - အမှန်အားဖြင့်သော်ကား၊ တီဟိခန္ဓေဟိ - (သီလ သမာဓိပညာဟူသော) သုံးပါးကုန်သောခန္ဓာတို့ဖြင့်၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ - အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို၊ သင်္ဂဟိတော- သိမ်းယူအပ်ပါသည်တဲ့။

အင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ်ဆိုတာက ဒီနေရာမှာ လောကုတ္တရာမဂ်ကိုသာ ဆိုလိုပါတယ်၊ သီလသမာဓိပညာဆိုတဲ့ ခန္ဓာသုံးပါးကတော့ လောကီသီလ သမာဓိ ပညာတွေကို ဆိုလိုပါတယ်၊ ဒီတော့ အရိယာမဂ်အရက ကျဉ်းတယ်၊ ခန္ဓာသုံးပါးအရက ကျယ်တယ်၊ အကျဉ်းထဲမှာ အကျယ်ကို သွင်းယူလို့မရဘူး၊ အကျယ်ထဲမှာသာ အကျဉ်းကိုသွင်းယူလို့ရတယ်၊ ဥပမာအားဖြင့် မြို့ကကျဉ်းတယ်၊ တိုင်းပြည်က ကျယ်တယ်၊ မြို့က တိုင်းပြည်ထဲမှာအတွင်းဝင်နေတယ်၊ ဒါကြောင့် မြို့ဖြင့် တိုင်းပြည်ကို သိမ်းသွင်းယူလို့မဖြစ်ဘူး၊ တိုင်းပြည်ဖြင့်သာ မြို့ကို သိမ်းသွင်းယူနိုင်တယ်၊ အဲဒါလိုပဲ လောကီသီလစသည်တွေပါ အကြွင်းမဲ့ပါဝင်နေတဲ့ ခန္ဓာသုံးပါးဖြင့်သာ အင်္ဂါရှစ်ပါးရှိတဲ့ လောကုတ္တရာ

http://www.dhammadownload.com



အရိယမဂ်ကိုသိမ်းသွင်းပြီး ယူရပါတယ်လို့ ဆိုလိုပါတယ်။

ဒီနေရာမှာ အထူးသိမှတ်စရာကတော့ ရူပက္ခန္ဓာစသော ငါးပါးလိုပင် သီလက္ခန္ဓာစသည်ကလဲ ငါးပါးရှိတယ်၊ အဲဒါတွေကို လိုက်ဆိုကြရမယ်။

၁။ သီလက္ခန္ဓာ - သီလဂုဏ်ကျေးဇူး အဖို့အစု။

၂။ သမာဓိက္ခန္ဓာ - သမာဓိဂုဏ်ကျေးဇူး အဖို့အစု။

၃။ ပညာက္ခန္ဓာ - ပညာဂုဏ်ကျေးဇူး အဖို့အစု။

၄။ ဝိမုတ္တိက္ခန္ဓာ - အရိယဖိုလ်ဂုဏ်ကျေးဇူး အဖို့အစု။

၅။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓာ- ပစ္စဝေက္ခဏာဂုဏ်ကျေးဇူး အဖို့အစု။

အဲဒီခန္ဓငါးပါးထဲမှာ သီလက္ခန္ဓာဆိုတာ လောကီလောကုတ္တရာသီလတွေပါပဲ၊ လောကီသီလဆိုတာ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ ရှင်သာမဏေသီလ ရဟန်းသီလတွေပါပဲ၊ လောကုတ္တရာသီလဆိုတာကတော့ မဂ်စိတ်ဖိုလ်စိတ်နဲ့ယှဉ်တွဲပြီးဖြစ်တဲ့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါးပါပဲ။

သမာဓိက္ခန္ဓာဆိုတာ လောကီလောကုတ္တရာ သမာဓိတွေပါပဲ၊ လောကီသမာဓိဆိုတာ ဥပစာသမာဓိ အပ္ပနာစျာန်သမာဓိ ဝိပဿနာခဏိကသမာဓိတွေပါပဲ၊ လောကုတ္တရာသမာဓိဆိုတာကတော့

http://www.dhammadownload.com



မဂ်စိတ် ဖိုလ်စိတ်နဲ့ယှဉ်တွဲပြီးဖြစ်တဲ့ သမာဓိမဂ္ဂင်ပါပဲ။

ပညာက္ခန္ဓာဆိုတာ လောကီလောကုတ္တရာပညာတွေပါပဲ၊ လောကီပညာဆိုတာ ကမ္မဿကတာဉာဏ်ပညာ၊ ရူပစျာန် အရူပစျာန်တို့နှင့်ယှဉ်သောပညာ၊ ဒိဗ္ဗစက္ခုဒိဗ္ဗသောတ စေတောပရိယ ပုဗ္ဗေနိဝါသ ဣဒ္ဓိဝိဓဆိုတဲ့ အဘိညာဉ်ပညာ၊ ဒါတွေပါပဲ၊ လောကုတ္တရာပညာဆိုတာကတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပါပဲ။

ဝိမုတ္တိက္ခန္ဓာဆိုတာ အရိယဖိုလ်တရားပါပဲ။

ဝိမုတ္တိဉာဏဒဿနက္ခန္ဓာဆိုတာ မဂ်ဖိုလ်ရောက်ပြီးခါစ၌ မဂ်ဖိုလ် နိဗ္ဗာန်စသည်ကို ပြန်လည်ပြီး ဆင်ခြင်တဲ့ဉာဏ်ပါပဲ။

ယခုဖော်ပြခဲ့တဲ့အတိုင်း အရိယမဂ်ဆိုတာက လောကုတ္တရာ သက်သက်ဆိုတော့ ကျဉ်းတယ်၊ သီလက္ခန္ဓာ သမာဓိက္ခန္ဓာ ပညာက္ခန္ဓာဆိုတာတွေက လောကီတရားတွေပါ ပါဝင်နေလို့ ကျယ်တယ်၊ ကျဉ်းတဲ့ အရိယမဂ်ဖြင့် ကျယ်ပြန့်တဲ့ခန္ဓာသုံးပါးကို သိမ်းသွင်းပြီး မယူနိုင်ဘူး။ ကျယ်ပြန့်တဲ့ခန္ဓာငါးပါးဖြင့်သာ ကျဉ်းတဲ့အရိယမဂ်ကို သိမ်းသွင်းပြီး ယူနိုင်တယ်၊ ဒါကြောင့် ဓမ္မဒိန္နာက အရိယမဂ်ဖြင့် ခန္ဓာသုံးပါးကို မသိမ်းယူအပ်ဘူး၊ ခန္ဓာသုံးပါးဖြင့်သာ အရိယမဂ်ကို သိမ်းယူအပ်တယ်လို့ အခြေခံအဖြစ်ဖြင့် ပြဆိုပြီးတော့ သိမ်းယူပုံအသေးစိတ်ကိုလဲ ဒီလိုရှင်း ပြပါတယ်။

http://www.dhammadownload.com



ယာ စာဝသော ဝိသာခ သမ္မာဝါစာ၊ ယော စ သမ္မာကမ္မန္တော၊ ယော စ သမ္မာအာဇီဝေါ၊ ဣမေ ဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ။

ယော စ သမ္မာဝါယာမော၊ ယာ စ သမ္မာသတိ၊ ယော စ သမ္မာသမာဓိ၊ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိတာ။

ယာ စ သမ္မာဒိဋ္ဌိ - ယော စ သမ္မာသင်္ကပ္ပေါ၊ ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ။

အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ ယာ စ သမ္မာဝါစာ - အကြင်သမ္မာဝါစာသည်လည်းကောင်း။ ယော စ သမ္မာကမ္မန္တော - အကြင်သမ္မာကမ္မန္တသည်လည်းကောင်း။ ယော စ သမ္မာအာဇီဝေါ - အကြင်သမ္မာအာဇီဝသည်လည်းကောင်း။ အတ္တိ - မဂ္ဂင်ရှစ်ပါး ပါဝင်လျက်ရှိပါသည်၊ ဣမေ ဓမ္မာ - ဤသုံးပါးသော မဂ္ဂင်တရားတို့ကို၊ သီလက္ခန္ဓေ - သီလက္ခန္ဓေန - သီလဂုဏ်အဖို့အစုဖြင့်၊ သင်္ဂဟိတာ - သိမ်းယူအပ်ပါကုန်၏။

သမ္မာဝါစာဆိုတာ မှန်စွာပြောဆိုခြင်းလို့ အနက်ရှိတယ်၊ ဒါပေမယ့် ဒီမှာဆိုလိုတာကတော့ မုသာဝါဒါ ဝေရမဏီ - လိမ်ပြောမှုမှ

http://www.dhammadownload.com



ကြဉ်ရှောင်ခြင်း၊ ပိသုဏာယ ဝါစာယ ဝေရမဏီ - ကုန်းတိုက်ပြောဆိုမှုမှကြဉ်ရှောင်ခြင်း၊ ဖရုသာယ ဝါစာယ ဝေရမဏီ - ကြမ်းသောစကားမှုကြဉ်ရှောင်ခြင်း၊ သမ္ဖပ္ပလာပါ ဝေရမဏီ - အနှစ်မဲ့ အပြိန်အဖျင်းစကားမှုကြဉ်ရှောင်ခြင်းဆိုတဲ့ ကြဉ်ရှောင်မှုဝိရတီကိုသာ ဆိုလိုပါတယ်။ ဒါကြောင့် လိမ်စရာရှိတဲ့အခါစသည်မှာ လိမ်ပြောမှုစသည်မှ ကြဉ်ရှောင်တာကို သမ္မာဝါစာလို့ ဆိုတာပါပဲ၊ အရိယမဂ်၌ပါဝင်တဲ့ သမ္မာဝါစာကတော့ လိမ်ပြောခြင်းစသည် လုံးဝဖြစ်ခွင့်မရှိအောင် ပယ်ခြင်းကိစ္စကိုပြီးစေတဲ့သဘောပါပဲ၊ သမ္မာဝါစာမဂ္ဂင်က အဲဒီလို ပြီးစေသောကြောင့် သောတာပန်ပုဂ္ဂိုလ်မှာ လိမ်ပြောခြင်းစသော သီလပျက်ကြောင်းမကောင်းမှုကင်းလွတ်ပြီး အစဥ်ထာဝရ ဝစီကံသုစရိုက်နဲ့ ပြည့်စုံလျက်အမြဲတမ်း သီလစင်ကြယ်နေတယ်၊ အဲဒါဟာ ဒီသမ္မာဝါစာမဂ္ဂင်၏အစွမ်းကြောင့် စင်ကြယ်နေတာပါပဲ။

နောက်ပြီးတော့ သမ္မာကမ္မန္တဆိုတာ မှန်စွာပြုခြင်းလို့အနက်ရှိတယ်၊ ဒါပေမယ့် ဒီမှာဆိုလိုတာကတော့ ပါဏာတိပါတာဝေရမဏီ - သူ့အသက်သတ်မှုမှ ကြဉ်ရှောင်ခြင်း၊ အဒိန္နာဒါနာ ဝေရမဏီ - ပိုင်ရှင်ကမပေးဘဲ သူတစ်ပါးဥစ္စာကို လုယက်ခိုးယူမှုမှကြဉ်ရှောင်ခြင်း၊ ကာမေသုမိစ္ဆာစာရာဝေရမဏီ - မပိုင်မဆိုင် တရားမဝင်တဲ့ မေထုန်အမှုမှ ကြဉ်ရှောင်ခြင်းဆိုတဲ့ ကြဉ်ရှောင်မှုဝိရတီကိုသာ ဆိုလိုပါတယ်၊

http://www.dhammadownload.com



ဒါကြောင့် သတ်စရာရှိတဲ့အခါစသည်မှာ သတ်မှုစသည်မှ ကြဉ်ရှောင်တာကို သမ္မာကမ္မန္တလို့ ဆိုတာပါပဲ၊ အရိယမဂ်၌ ပါဝင်တဲ့ ဒီသမ္မာကမ္မန္တကတော့ သတ်ခြင်းစသည်ကို လုံးဝဖြစ်ခွင့်မရှိအောင် ပယ်ခြင်းကိစ္စကို ပြီးစေတဲ့သဘောပါပဲ၊ သမ္မာကမ္မန္တမဂ္ဂင်က အဲဒီလိုပြီးစေသောကြောင့် သောတာပန်ပုဂ္ဂိုလ်မှာ သတ်ခြင်းစသော သီလပျက်ကြောင်းမကောင်းမှုမှ ကင်းလွတ်ပြီး အစဉ်ထာဝရ ကာယသုစရိုက်နဲ့ပြည့်စုံလျက် အမြဲတမ်းသီလစင်ကြယ်နေတယ်၊ အဲဒါဟာ ဒီသမ္မာကမ္မန္တမဂ္ဂင်၏အစွမ်းကြောင့် စင်ကြယ်နေတာပါပဲ။

သမ္မာအာဇီဝဆိုတာ မှန်စွာအသက်မွေးခြင်းလို့ အနက်ရှိတယ်၊ သတ္တဝါကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးဝှက်လုယူခြင်း လိမ်ခြင်း စသည်ကိုပြုပြီး မတရားသဖြင့် ပစ္စည်းရှာလျက် အသက်မွေးခြင်းကို မိစ္ဆာအာဇီဝ-မှားယွင်းစွာအသက်မွေးခြင်းလို့ဆိုတယ်၊ အဲဒီမိစ္ဆာအာဇီဝမှ ကြဉ်ရှောင်ပြီး တရားသဖြင့်ပစ္စည်းရှာလျက် အသက်မွေးတာကို သမ္မာအာဇီဝလို့ဆိုတာပါပဲ၊ လူ့ဝတ်ကြောင်များမှာဆိုရင် သီလပျက်ကြောင်း မကောင်းမှုဖြင့် ပစ္စည်းမရှာဘဲ တရားသဖြင့်ရှာပြီး အသက်မွေးတာဟာ သမ္မာအာဇီဝပါပဲ၊ ရဟန်းများမှာတော့ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသောကုလဒူသန အနေသနမျိုးဖြင့်လဲ ပစ္စည်းလာဘ်ရအောင် မလုပ်ရဘူး မိမိမှာမရှိတဲ့ သမာဓိပညာဆိုင်ရာဂုဏ်ဖြင့် အထင်ကြီးအောင် ကြည်ညို

http://www.dhammadownload.com



အောင်လုပ်ပြီးတော့လဲ ပစ္စည်းမရှာရဘူး၊ မပိုင်မဆိုင်တဲ့ကျောင်း စသည်ကိုရအောင်လဲ မတရားသဖြင့်မပြုလုပ်ရဘူး၊ အဲဒီလို မပြုသင့်တဲ့ အမှုဟူသမျှတွေမှ ကြဉ်ရှောင်ပြီး ရိုးရိုးဆွမ်းခံခြင်းစသည်ဖြင့် ဝိနည်းတရားတော်နှင့်အညီ ပစ္စည်းရှာပြီး အသက်မွေးနေတာဟာ သမ္မာအာဇီဝပါပဲ၊ အရိယမဂ်၌ပါဝင်တဲ့ ဒီသမ္မာအာဇီဝကတော့ မတရားသဖြင့် ပစ္စည်းရှာမှုတွေကို လုံးဝဖြစ်ခွင့်မရှိအောင် ပယ်ခြင်းကိစ္စကိုပြီးစေတဲ့သဘောပါပဲ၊ သမ္မာအာဇီဝမဂ္ဂင်က အဲဒီလိုပြီးစေသောကြောင့် သောတာပန်ပုဂ္ဂိုလ်မှာ သီလပျက်ကြောင်းပစ္စည်းရှာမှုမှ ကင်းလွတ်ပြီး အစဉ်ထာဝရ သမ္မာအာဇီဝနှင့်ပြည့်စုံလျက် အမြဲတမ်းသီလစင်ကြယ်နေတယ်၊ အဲဒါဟာ သမ္မာအာဇီဝ၏အစွမ်းကြောင့် စင်ကြယ်နေတာပါပဲ။

အရိယမဂ်၌ပါသော အဲဒီ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်သုံးပါးကို သီလက္ခန္ဓာဆိုတဲ့ သီလဂုဏ်အဖို့အစုဖြင့် သိမ်းယူရပါတယ်၊ သီလဂုဏ်အဖို့အစုထဲမှာ ပါဝင်တယ်လို့ ဆိုလိုတာပါပဲ၊ အဲဒီသမ္မာဝါစာစသည်၏အစွမ်းကြောင့် ဒုစရိုက် ဒုရာဇီဝဆိုတဲ့ သီလပျက်ကြောင်းမကောင်းမှုတွေ အစဉ်ထာဝရ ကင်းရှင်းနေတယ်ဆိုတာ ဘယ်လိုသဘောပါလဲဆိုတော့၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီး သိမြင်တဲ့ သောတာပတ္တိမဂ်ထဲမှာပါဝင်တဲ့ အဲဒီသီလမဂ္ဂင်သုံးပါးကြောင့် သောတာပန်၏သန္တာန်မှာ လောဘ ဒေါသအကုသိုလ်ကြမ်းတွေ မဖြစ်လောက်

http://www.dhammadownload.com



အောင် အားလျော့သွားတယ်၊ လောကအမြင်နဲ့ ပြောရင်တော့ စိတ်ဓာတ်အားလျော့သွားတယ်လို့ ဆိုရပါပဲ၊ အဲဒီလို လောဘ ဒေါသ အကုသိုလ်အကြမ်းတွေ မဖြစ်နိုင်လောက်အောင် အားလျော့ သွားသော ကြောင့် သောတာပန်မှာ သီလပျက်ကြောင်းမကောင်းမှုကို မပြုနိုင်တော့ဘဲ အမြဲတမ်းသီလပြည့်စုံသွားတာပါပဲ၊ ဒါကြောင့် သောတာပန်ကို သီလေသု ပရိပူရကာရီ - သီလတို့၌ပြည့်စုံစွာပြုကျင့်လေ့ရှိတဲ့ပုဂ္ဂိုလ်လို့ မြတ်စွာဘုရားက ဟောတော်မူတာပါပဲ၊ နောက်ပြီးတော့ သမာဓိက္ခန္ဓာဖြင့်သိမ်းယူပုံကို ဒီလိုပြဆိုထားပါတယ်။

ယော စ သမ္မာဝါယာမော - အကြင်သမ္မာဝါယာမသည် လည်းကောင်း။ ယာ စ သမ္မာသတိ - အကြင်သမ္မာသတိသည် လည်းကောင်း။ ယော စ သမ္မာသမာဓိ၊ အကြင်သမ္မာသမာဓိသည် လည်းကောင်း။ အတ္ထိ - မဂ္ဂင်ရှစ်ပါး၌ပါဝင်လျက်ရှိပါသည်။ ဣမေ ဓမ္မာ- ဤသုံးပါးသော မဂ္ဂင်တရားတို့ကို၊ သမာဓိက္ခန္ဓေ သမာဓိက္ခန္ဓေန - သမာဓိဂုဏ်အဖို့အစုဖြင့်၊ သင်္ဂဟိတာ-သိမ်းယူအပ်ပါကုန်၏တဲ့။

အဲဒီ သမာဓိမဂ္ဂင်သုံးပါးထဲမှာ သမ္မာသမာဓိမဂ္ဂင်ကိုတော့ သမာဓိက္ခန္ဓာထဲ၌ အမျိုးတူဇာတ်တူအဖြစ်ဖြင့် သိမ်းသွင်းပြီးယူရတယ်၊ သမ္မာဝါယာမ သမ္မာသတိမဂ္ဂင်တို့ကိုတော့ သမာဓိအားအကူအညီပြု

http://www.dhammadownload.com



ခြင်းဖြင့် သိမ်းသွင်းပြီး ယူရတယ်၊ ဘယ်လိုလဲဆိုတော့ ဥပမာအားဖြင့် လက်လှမ်းမမှီတဲ့ပန်းကိုခူးမည့်သူကို အဖော်တစ်ယောက်က ခါးကုန်း ပေးရတယ်၊ အဲဒီလူရဲ့ကျောကုန်းပေါ်တက်ပြီး ရပ်နေသူမှာ တုန်လှုပ် နေလို့ အခြားတစ်ယောက်က ဖေးပြီးကူညီရတယ်၊ အဲဒီအဖော်နှစ် ယောက်၏အကူအညီကိုမှီပြီး တည်ငြိမ်စွာနဲ့ ပန်းကိုခူးယူနိုင်တယ်၊ အဲဒါလိုပင် သမ္မာဝါယာမကလဲ အားထုတ်လျက် ကူညီထောက်ပံ့တယ်၊ သမ္မာသတိကလဲ အမှတ်ရပြီး ကူညီထောက်ပံ့တယ်၊ အဲဒီအထောက် အပံ့ကိုမှီပြီး သမ္မာသမာဓိမဂ္ဂင်က နိဗ္ဗာန်အာရုံ၌ သက်ဝင်စူးစိုက်ပြီး တော့ တည်တံ့နေတယ်၊ ဒါကြောင့် သမ္မာသမာဓိကိုတော့ သမာဓိ နဲ့ အမျိုးတူဇာတ်အဖြစ်ဖြင့် သမာဓိက္ခန္ဓာထဲမှာ သိမ်းယူရေတွက်ရတယ်၊ သမ္မာဝါယာမ သမ္မာသတိမဂ္ဂင်များကိုတော့ အကူအညီပြုခြင်းဖြင့် သိမ်းသွင်းယူရ ရေတွက်ရတယ်၊ သမ္မာဝါစာစသော သီလမဂ္ဂင်သုံးပါး ကိုတော့ သီလက္ခန္ဓာ၌ အမျိုးတူဇာတ်တူအဖြစ်ဖြင့် သိမ်းသွင်းပြီး ယူရ ရေတွက်ရတာပဲ၊ နောက်ပြီးတော့ ပညာမဂ္ဂင်ဖြင့် သိမ်းယူပုံကို ဒီလိုပြဆိုထားပါတယ်။

ယာ စ သမ္မာဒိဋ္ဌိ- အကြင် သမ္မာဒိဋ္ဌိသည်လည်းကောင်း။ ယော စ သမ္မာသင်္ကပ္ပေါ - အကြင်သမ္မာသင်္ကပ္ပသည်လည်းကောင်း။ အတ္တိ - မဂ္ဂင်ရှစ်ပါး၌ ပါဝင်လျက်ရှိပါသည်၊ ဣမေ ဓမ္မာ - ဤနှစ်ပါး

http://www.dhammadownload.com



သောမဂ္ဂင်တရားတို့ကို၊ ပညာက္ခန္ဓ ပညာက္ခန္ဓ-ပညာဂုဏ် အဖို့အစုဖြင့်၊ သင်္ဂဟိတော- သိမ်းယူအပ် ရေတွက်အပ်ပါကုန်၏။

သမ္မာဒိဋ္ဌိမဂ္ဂင်ကတော့ ပညာက္ခန္ဓာနှင့် အမျိုးတူဇာတ်တူဖြစ်တယ်၊ ဒါကြောင့် အဲဒီမဂ္ဂင်ကို အမျိုးတူဇာတ်တူအဖြစ်ဖြင့် သိမ်းယူအပ် ရေတွက်အပ်ပါတယ်၊ သမ္မာသင်္ကပ္ပမဂ္ဂင်ကတော့ အမှန်အတိုင်းသိမြင်ရအောင် စိတ်ဦးညွှတ်ပြီး အကူအညီပြုတဲ့တရားဖြစ်တယ်၊ ဒါကြောင့် အဲဒီမဂ္ဂင်ကို ပညာက္ခန္ဓာထဲ၌ အကူအညီပြုတဲ့တရားအနေဖြင့် သိမ်းယူရေတွက်ရပါတယ်၊ အဲဒါဟာ အရိယာမဂ်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို ခန္ဓာငါးပါးဖြင့် သိမ်းယူပုံ ရေတွက်ပုံပါပဲ၊ အဲဒါကို မှတ်မိအောင် လိုက်ဆိုကြရမယ်။

၁။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်သုံးပါးကို သီလက္ခန္ဓာဖြင့် သိမ်းယူရေတွက်ရသည်၊ အဲဒီသုံးပါးကို သီလက္ခန္ဓာဟုခေါ်သည်။

၂။ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်သုံးပါးကို သမာဓိက္ခန္ဓာဖြင့် သိမ်းယူရေတွက်ရသည်၊ အဲဒီသုံးပါးကို သမာဓိက္ခန္ဓာဟုခေါ်သည်။

၃။ သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပမဂ္ဂင်ကို ပညာက္ခန္ဓာဖြင့် သိမ်းယူ

http://www.dhammadownload.com



ရေတွက်ရသည်၊ အဲဒီနှစ်ပါးကို ပညာက္ခန္ဓာဟုခေါ်သည်။

မဂ္ဂင်ရှစ်ပါးကို သီလက္ခန္ဓာစသည်ဖြင့် သိမ်းယူအပ်ပုံကို ကြားနာပြီးနောက် ဝိသာခသူဌေးကြီးက ဒီလိုလဲမေးမြန်းပါတယ်။

**သမာဓိ သမာဓိနိမိတ်စသည်အမေး**

ကတမော ပနာယျေ သမာဓိ၊ ကတမေ ဓမ္မာ သမာဓိနိမိတ္တာ ကတမေ ဓမ္မာ သမာဓိပရိက္ခာရာ၊ ကတမာ သမာဓိဘာဝနာ။

အယျေ-အရှင်မဓမ္မဒိန္နာ၊ သမာဓိ-စိတ်ကိုတည်ငြိမ်အောင် ကောင်းစွာထားသောသမာဓိသည်၊ ကတမော ပန-အဘယ်တရားပါ နည်း။ သမာဓိနိမိတ္တာ-သမာဓိဖြစ်ကြောင်း နိမိတ်တို့သည်၊ ကတမေ ဓမ္မာ-အဘယ်တရားတို့ပါနည်း။ သမာဓိပရိက္ခာရာ- သမာဓိ၏အခြံအရံ တို့သည်၊ ကတမေ ဓမ္မာ-အဘယ်တရားတို့ပါနည်း။ သမာဓိဘာဝနာ- သမာဓိကိုဖြစ်ပွားစေခြင်းသည်၊ ကတမာ-အဘယ်အရာပါနည်းတဲ့။

အဲဒီအမေးပြဿနာလေးချက်ကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေ ကြားပါတယ်။

http://www.dhammadownload.com



## သမာဓိနှင့်သမာဓိနိမိတ်စသည့်အခြေ

ယာခေါ် အာဂုသော ဝိသာခ စိတ္တဿ ကေဂ္ဂတာ အယံ သမာဓိ၊ စတ္တာရော သတိပဋ္ဌာနာ သမာဓိနိမိတ္တာ၊ စတ္တာရော သမ္မပ္ပဓာနာ သမာဓိပရိက္ခရာ၊ ယာ တေသံယေဝ ဓမ္မာနံ အာသေဝနာ ဘာဝနာ ဗဟုလီကမ္မံ အယံ တွေ့ သမာဓိ ဘာဝနာ။

အာဂုသော ဝိသာခ-ဒါယကာဝိသာခ၊ စိတ္တဿ-စိတ်၏ ယာ ကေဂ္ဂတာ-အကြင်တစ်ဖို့တည်း တစ်အာရုံတည်းရှိသည်၏ အဖြစ်သည်၊ အတ္ထိ-ရှိ၏၊ အယံ-ဤသဘောသည်၊ သမာဓိ-စိတ်ကိုတည်ငြိမ်အောင် ကောင်းစွာထားတတ်သော သမာဓိ ပေတည်းတဲ့။

သမာဓိဆိုတာ တစ်ဖို့တည်း တစ်အာရုံတည်း၌ စိတ်တည့်တဲ့ နေကြောင်းဖြစ်တဲ့ ကေဂ္ဂတာပါပဲတဲ့၊ မြန်မာအသုံးအနှုန်းအားဖြင့်ဆိုရင် စိတ်တည်ကြည်တာဟာ သမာဓိလို့ ပြောရမှာပဲ၊ တရားစာပေအရ ကတော့ စိတ်ကတခြား စိတ်တည်ငြိမ်ကြောင်းက တခြားပဲ၊ စိတ်တည် ငြိမ်ကြောင်းဆိုတာ ကေဂ္ဂတာပဲ၊ သမထဘာဝနာအရဆိုရင် ပထဝီ ကသိုဏ်းနိမိတ်ဖြစ်ဖြစ်၊ အာပေါကသိုဏ်းနိမိတ်စသည့်ထဲက တစ်

http://www.dhammadownload.com



ခုခုဖြစ်ဖြစ်၊ အသုဘနိမိတ်တစ်ခုခုဖြစ်ဖြစ်၊ ဝင်သက်ထွက်သက် နိမိတ်ဖြစ်ဖြစ်၊ ဆံပင်မွေးညင်းစသောနိမိတ်တစ်ခုခုဖြစ်ဖြစ်၊ အဲဒီ သမထနိမိတ်တစ်ခုတည်းမှာသာ စိတ်ကိုတည်စေတာဟာ ဧကဂ္ဂတာ ပဲ၊ အဲဒီသမာဓိ၏ အထည်ကိုယ်သဘောဟာ (အဝိက္ခေပလက္ခဏော) လို့ ပြဆိုထားတဲ့ အဋ္ဌကထာနှင့်အညီ အာရုံတစ်ပါးသို့ မပျံ့လွင့်ဘဲ တစ်အာရုံတည်း၌ တည်ငြိမ်နေတဲ့ သဘောလက္ခဏာပါပဲ၊ သမထ သမာဓိဆိုရင် ခုတင်ကပြောခဲ့တဲ့ ပထဝီကသိုဏ်းနိမိတ်စသည် တစ်ခုတည်း၌ တည်ငြိမ်နေတာပါပဲ၊ သမာဓိအားကောင်းရင် စိတ်က အဲဒီသမထနိမိတ်အာရုံ၌သာ ငါးမိနစ်ဆယ်မိနစ်စသည် တည်နေတယ်၊ ရျာန်သမာဓိဆိုရင် ၁-နာရီ ၂-နာရီ စသည်လဲ တည်နေတာပဲ၊ အထူးအားကောင်းရင်တော့ တစ်နေ့လုံးလဲ တည်နေတာပဲ။

တစ်ချို့က တစ်ခုတည်းသော အာရုံအဖို့ရှိသည်၏အဖြစ်ဆိုတဲ့ အဲဒီ ဧကဂ္ဂတာခေါ်သမာဓိကိုသာ သဘောကျပြီးတော့ မြင်တိုင်း ကြားတိုင်း ပေါ်လာသမျှကို လိုက်ပြီးရှုနေရင် သမာဓိမဖြစ်ဘဲ စိတ် ပျံ့လွင့်တယ်လို့ ထင်နေကြတယ်၊ အဲဒီလိုတော့ မဟုတ်ပါဘူး၊ သမထ သမာဓိ တည်ကြည်ပုံကတစ်မျိုး၊ ဝိပဿနာသမာဓိတည်ကြည်ပုံက တစ်မျိုးပဲ၊ ဝိပဿနာဆိုတာ သင့်-မြင်တိုင်း ကြားတိုင်း ဖြစ်ပေါ်လာ သမျှအလုံးစုံကို၊ အဘိဇ္ဈာယဉ်-ရှေးရှုပြု၍သိအပ်၏၊ ပရိဇ္ဈာယဉ်-

http://www.dhammadownload.com



ပိုင်းခြား၍သိအပ်၏စသည်ဖြင့် သဠာယတနဝဂ္ဂသံယုတ်ပါဠိ (၂၅၈) ၌ ဟောထားသည့်အတိုင်း မြင်မှုကြားမှုစသော ရုပ်နာမ်အားလုံးကိုပင် ရှုသိအပ်တာချည်းပဲ၊ မရှုအပ်တာရယ်လို့ မရှိဘူး။ ဒါကြောင့် ဒွါရ ၆-ပါးက ပေါ်လာသမျှရုပ်နာမ်တွေကို မပြတ်ရှုနေရတယ်။

အဲဒီလို အာရုံများစွာကို ရှုနေပေမယ့်လို့ ရှုမိတဲ့အာရုံ၌ စူးစူးစိုက်စိုက် ကပ်ကပ်ပြီးတည်တည်သွားတာဟာ တစ်ခုတည်းသောအာရုံ အဖို့၌ တည်သည်မည်တာပါပဲ၊ သမာဓိအားကောင်းနေတဲ့အခါမှာဆိုရင် အာရုံကပြောင်းလဲနေပေမယ့်လို့ စိတ်တည်ငြိမ်မှုကတော့ တချိန်တစားတည်း တည်ငြိမ်မြဲတည်ငြိမ်နေတာပါပဲ၊ အဲဒါကို ဝိပဿနာခဏိက သမာဓိလို့ခေါ်တယ်၊ သမာဓိအားမရှိသေးမီ အားထုတ်ခါစကတော့ ရှုမှတ်နေရင်း တစ်ခြားတစ်ပါးကို စိတ်ကပျံ့လွင့် ပျံ့လွင့်သွားတာတွေလဲ ရှိခဲ့တယ်၊ သမာဓိအားရှိလာတဲ့အခါကျတော့ တစ်ခြားတစ်ပါးကို စိတ်မပျံ့လွင့်တော့ဘဲ ရှုသင့်တဲ့အာရုံမှာသာ ကပ်ခနဲကပ်ခနဲ တည်တည်နေတယ်၊ အဲဒါဟာ (ဝိက္ခေပဝိဒ္ဓံသနရသော) လို့ ပြဆိုထားတဲ့ အဋ္ဌကထာနှင့်အညီ သမာဓိက စိတ်ပျံ့လွင့်မှုကို ပယ်ဖျက်ခြင်းကိစ္စရှိပုံ ထင်ရှားပါတယ်၊ နောက်ပြီးတော့ (အဝိကမ္ပနပစ္စုပဋ္ဌာနော) လို့ ဆိုထားသည်နှင့်အညီ တခြားအာရုံဆီသို့ ညွှတ်ခြင်း၊ လှုပ်ရှားခြင်း မရှိဘဲ တည်ငြိမ်သောအားဖြင့် ရှုသိတဲ့ဉာဏ်၌ ထင်ပုံလဲ ထင်ရှားပါ

http://www.dhammadownload.com



တယ်၊ သခ်ိရပေကွာဉာဏ်ရောက်တဲ့အခါကျတော့ အရေးကြီးတဲ့ တခြား အာရုံဆီကို စိတ်ပို့တာတောင် ကြာရှည်စွာမသွားဘူး၊ မကြာခင်ဘဲ ရှုမှတ်နေကျအာရုံကို ပြန်ပြီးရှုမှတ်လျက် တည်ငြိမ်နေတာကို တွေ့ရ တယ်။ အရိယမဂ်ခဏမှာဆိုရင် ဆင်းရဲခပ်သိမ်း ကင်းငြိမ်းခြင်းသဘော ထဲ၌ စိတ်တစ်ခဏကလေးမျှ တည်တာပဲ၊ ဒါပေမယ့် အဲဒီအငြိမ်း ဓာတ်သဘော၌ စူးစူးစိုက်စိုက်တည်ငြိမ်နေလို့ ကေဂ္ဂတာလို့ ဆိုရတာ ပဲ၊ ဖလသမာပတ်သမာဓိကတော့ ၁-မိနစ် ၂-မိနစ် စသည်၊ ၅-မိနစ် ၁၀-မိနစ် စသည်၊ ၁-နာရီ ၂-နာရီစသည်လဲ ကြာမြင့်စွာတည်နေ နိုင်ပါတယ်၊ တစ်နေ့လုံး တစ်ညဉ့်လုံးလည်း တည်နေနိုင်ပါတယ်။

အထူးမှတ်စရာကတော့ သမထသမာဓိက အာရုံနိမိတ်တစ်ခု တည်း၌ များစွာသောစိတ်တွေ အစဉ်အတန်းလိုက် တည်နေသော ကြောင့် ပဗန္ဓသမာဓိလို့လဲ ခေါ်ရတယ်၊ ဖလသမာပတ်သမာဓိကလည်း နည်းတူပါပဲ၊ ဝိပဿနာသမာဓိကတော့ အဲဒီလို တစ်အာရုံတည်း၌ အစဉ်အတန်းလိုက် တည်နေတာမဟုတ်ဘူး၊ တစ်အာရုံ တစ်အာရုံ၌ တစ်ခဏတစ်ခဏမျှသာတည်တယ်၊ ဒါကြောင့် ဝိပဿနာသမာဓိကို ခဏိကသမာဓိလို့ခေါ်ရတယ်၊ အဲဒါကို ခဏမတ္တဋ္ဌိတိကော- တစ်ခ ဏမျှတည်ခြင်းရှိသော၊ သမာဓိ-သမာဓိပေတည်းလို့ ဝိသုဒ္ဓိမဂ် မဟာဋီ ကာပထမတွဲ (၃၄၂)မှာ ပြဆိုထားပါတယ်၊ အဲဒါကိုလဲ အထူး

http://www.dhammadownload.com



သတိပြုကြရမယ်။

ဖောင်းတယ် ပိန့်တယ် ထိုင်တယ် ထိတယ် ကြားတယ် မြင်တယ် သိတယ်စသည်ဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုမိတဲ့အာရုံ၌ ကပ်ခနဲကပ်ခနဲ တည်တည်နေတာဟာ ဝိပဿနာခဏိက သမာဓိပဲ၊ အဲဒီသမာဓိအစွမ်းကြောင့် သိစရာရုပ်နဲ့သိတဲ့နာမ်စသည်ဖြင့် ရုပ်နဲ့နာမ်ကိုလဲ ခွဲခြားပြီး သိသိသွားတယ်၊ ကွေးချင်လို့ကွေးတယ်၊ မျက်စိရှိလို့မြင်တယ်၊ မြင်စရာရှိလို့မြင်တယ်၊ သိစရာရှိလို့သိတယ်စသည်ဖြင့် အကြောင်းနဲ့အကျိုးကိုလဲ ခွဲခြားပြီး သိသိသွားတယ်၊ ရှုနေရင်း အသစ်အသစ်ဖြစ်လာပြီး ချက်ချင်းပင် ပျောက်ပျောက်သွား တာကို တွေ့ရလို့ မမြဲဘူးစသည်ဖြင့်လဲ သိသိသွားတယ်၊ အဲဒါဟာ ခဏိကသမာဓိကိုမှီပြီး ဝိပဿနာဉာဏ်ဖြစ်တာပဲ၊ ယခု အဖြေစကားအရကတော့ နိဗ္ဗာန်အာရုံ၌ သက်ဝင်ပြီး တစ်ခဏမျှတည်နေတဲ့ မဂ်သမာဓိကို ဖြေကြားတာပါပဲ၊ ဒုတိယအဖြေကတော့ စတ္တာရော- လေးပါးကုန်သော၊ သတိပဋ္ဌာန- သတိပဋ္ဌာန်တို့သည်၊ သမာဓိနိမိတ္တာ- သမာဓိဖြစ်ကြောင်း နိမိတ်တို့ဖြစ်ပါသည်တဲ့။

သတိပဋ္ဌာန်လေးပါးဆိုတာ ကိုယ်အမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရတာက (၁) ကာယာနုပဿနာသတိပဋ္ဌာန်၊ အကောင်းအဆိုး အလတ်စား ခံစားမှုဝေဒနာကို ဖြစ်တိုင်းဖြစ်တိုင်း

http://www.dhammadownload.com



အမှတ်ရတာက (၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ်ကူးစဉ်းစား ကြံစည်မှု စိတ်အမှုအရာတွေကို ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတာက (၃) စိတ္တာနုပဿနာသတိပဋ္ဌာန်၊ မြင်မှုကြားမှုစသော သဘောတရား တွေကို ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတာက (၄) ဓမ္မာနုပဿနာသတိ ပဋ္ဌာန်ဆိုတဲ့ ဒီ ၄-ပါးပါပဲ၊ ခေါင်းပုဒ်တွေကိုတော့ စာမျက်နှာ (၃၉-၄၀) မှာ ဖော်ပြထားခဲ့ပါပြီ။ အဲဒီအမှတ်ရမှု သတိပဋ္ဌာန် ၄-ပါးဟာ စိတ်တည်ကြည်မှုသမာဓိဖြစ်ကြောင်းတရားတွေပါပဲတဲ့၊ သမာဓိကိုဖြစ် စေပုံကတော့-

အာနာပါနခေါ်တဲ့ ဝင်သက်ထွက်သက်လေကို ဝင်တယ် ထွက်တယ်စသည်ဖြင့် ရှုမှတ်နေရင် အဲဒီအမှတ်ရတဲ့သတိကြောင့် ဥပစာသမာဓိနှင့်တကွ ရူပဈာန် ၄-ပါး ၅-ပါးဖြစ်နိုင်တယ်၊ ဆံပင် မွေးညှင်းစသည်ကို နှလုံးသွင်းရှုနေရင် အဲဒီသတိကြောင့် ဥပစာ သမာဓိနှင့်တကွ ပဌမဈာန်သမာဓိဖြစ်နိုင်တယ်၊ သွားဆဲစသည်၌ သွားသည် ရပ်သည် ထိုင်သည် လျောင်းသည် လှုပ်သည် ကွေးသည် ဆန့်သည်စသည်ဖြင့် ရှုမှတ်နေရင် အဲဒီအမှတ်ရတဲ့သတိကြောင့် ဥပစာသမာဓိခေါ်တဲ့ ဝိပဿနာခဏိကသမာဓိဖြစ်တယ်၊ အဲဒီသမာဓိ အားကောင်းတဲ့အခါ ခုတင်ကပြောခဲ့တဲ့အတိုင်း ရုပ်နဲ့နာမ်ကိုလဲ ခွဲခြား ပြီးသိတယ်၊ အဖြစ်အပျက်အနိစ္စစသည်ကိုလဲ သိတယ်၊ ဒါကြောင့်

http://www.dhammadownload.com



သတိပဋ္ဌာန်ပါဠိတော်မှာ ကာယသို့-ရုပ်အပေါင်းကိုယ်၌၊ သမုဒယဓမ္မာ နုပဿီဝါ-ဖြစ်ခြင်းဖြစ်ကြောင်းကို ရှုမြင်လျက်မှုလည်း၊ ဝိဟာရတိ-နေ၏၊ ဝယဓမ္မာနုပဿီ ဝါ-ပျက်ခြင်းပျက်ကြောင်းကိုရှုလျက်မှုလည်း၊ ဝိဟာရတိ-နေ၏ စသည်ဖြင့် ဟောထားတာပါပဲ၊ ဒါက ကာယာနုပဿနာ သတိပဋ္ဌာန်ကြောင့် သမာဓိဖြစ်ပုံပဲ၊ အမေးအဖြေကတော့ သမာဓိ ဖြစ်ကြောင်းနှင့်သာဆိုင်ပါတယ်၊ ဒါပေမယ့် သတိနဲ့သမာဓိကြောင့် ဝိပဿနာဉာဏ်ဖြစ်ပုံကလဲ သိနားလည်ရန် အရေးကြီးလို့ ဉာဏ်ဖြစ် ပုံကိုလဲ ထည့်သွင်းပြဆိုလိုက်ရတာပါပဲ၊ အဲဒီ ဝိပဿနာဉာဏ် ပြည့် စုံတဲ့အခါ သတိသမာဓိကြောင့် အရိယမဂ်ဉာဏ်လဲဖြစ်ပါတယ်။

ညောင်းခြင်း ပူခြင်း နာကျင်ခြင်းစသော ဝေဒနာကို ဖြစ် တိုင်း ဖြစ်တိုင်း ရှုမှတ်နေရင် အဲဒီအမှတ်ရတဲ့သတိကြောင့် ဝိပဿနာ ခဏိကသမာဓိဖြစ်တယ်၊ စိတ်ကူးကြံစည်မှုဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ် နေရင် အဲဒီသတိကြောင့်လဲ ဝိပဿနာခဏိကသမာဓိဖြစ်တယ်၊ မြင်မှု ကြားမှုစသော သဘောတရားထင်ပေါ်တိုင်း ရှုမှတ်နေရင် အဲဒီသတိ ကြောင့်လဲ ဝိပဿနာခဏိကသမာဓိဖြစ်တယ်၊ အဲဒီသမာဓိအား ကောင်းတဲ့အခါ ဝေဒနာ,စိတ်,သဘောတရားတို့၏အဖြစ်အပျက်ကိုသိပြီး အနိစ္စစသည်ဖြင့်သိတဲ့ ဝိပဿနာဉာဏ်လဲဖြစ်တယ်၊ အဲဒီဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါ အရိယမဂ်ဉာဏ်လဲဖြစ်တယ်၊ ဒါက ဝေဒနာနုပဿနာ

http://www.dhammadownload.com



သတိပဋ္ဌာန်စသည်ကြောင့် ခဏိကသမာဓိဖြစ်ပုံနှင့် ဝိပဿနာဉာဏ်ဖြစ်ပုံ အရိယမဂ်ဉာဏ်ဖြစ်ပုံပါပဲ။

တတိယအဖြေကတော့ စတ္တာရော- လေးပါးကုန်သော၊ သမ္မပ္ပဓာနာ-သမ္မပ္ပဓာန်တို့သည်၊ သမာဓိပရိက္ခာရာ-သမာဓိ၏အခြံအရံဖြစ်ကြပါသည်တဲ့။

ယခုဖြေကြားခဲ့တဲ့အတိုင်း သတိပဋ္ဌာန်ကြောင့် သမာဓိဖြစ်တယ်ဆိုပေမယ့်လို့ သတိသက်သက်နဲ့တော့ မပြည့်စုံသေးဘူး၊ အခြံအရံအကြောင်းကလဲ လိုသေးတယ်၊ အဲဒီ အခြံအရံအကြောင်းက ဘာလဲလို့ဆိုတော့ ကိစ္စ ၄-ပါးကိုပြီးစေတဲ့ သမ္မပ္ပဓာန်ဝီရိယပါပဲတဲ့၊ အဲဒီသမ္မပ္ပဓာန် ၄-ပါး ဖြစ်ပုံကတော့ (၁) အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ-စသည်နှင့် အညီ မဖြစ်ဖူးသေးတဲ့ အကုသိုလ်တွေ မဖြစ်ရအောင် အားထုတ်သော အားဖြင့်လဲ ဖြစ်တယ်။

(၂) ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ-စသည်နှင့်အညီ ဖြစ်ပြီးအကုသိုလ်ကိုပယ်ရန် အားထုတ်သောအားဖြင့်လဲဖြစ်တယ်။

http://www.dhammadownload.com



(၃) အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ-စသည်နှင့်အညီ မဖြစ်သေးတဲ့ ကုသိုလ်ကိုဖြစ်အောင် အားထုတ်သောအားဖြင့်လဲဖြစ်တယ်။

(၄) ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ··ပါရိပူရိယာ ဆန္ဒံ ဇနေတိဝါယမတိ-စသည်နှင့်အညီ ဖြစ်ပြီးကုသိုလ် တည်တံ့အောင် တိုးပွားအောင် ပြည့်စုံအောင် အားထုတ်သောအားဖြင့်လဲ ဖြစ်တယ်၊ အဲဒါဟာ သမ္မပ္ပဓာန် လုံ့လ ဝီရိယ လေးပါးဖြစ်ပုံပဲ၊ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့ကို ရှုမှတ်မိအောင် အားထုတ်တိုင်း အားထုတ်တိုင်း ဒီသမ္မပ္ပဓာန် ၄-ပါးပါဝင်နေတာပဲ၊ ဖြစ်ဆဲရုပ်နာမ်တွေကိုအမှတ်ရအောင် အားထုတ်တိုင်း အားထုတ်တိုင်း မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်ရအောင်လဲ အားထုတ်သည်မည်တယ်၊ ဖြစ်ပြီးအကုသိုလ်ကိုပယ်နိုင်အောင်လဲ အားထုတ်သည်မည်တယ်၊ မဖြစ်သေးတဲ့ဝိပဿနာကုသိုလ်, အရိယမဂ်ကုသိုလ်ဖြစ်အောင်လဲ အားထုတ်သည်မည်တယ်၊ ဖြစ်ပြီး ဝိပဿနာကုသိုလ် ဖြစ်မြဲဖြစ်လျက် တည်တံ့အောင် တိုးပွားအောင် အရိယဖိုလ်ရောက်လျက်ပြည့်စုံအောင်လဲ အားထုတ်သည်မည်တယ်၊ အဲဒီအားထုတ်မှု သမ္မပ္ပဓာန်လုံ့လအခြံအရံရှိနေလို့ သတိပဋ္ဌာန်ဖြစ်ပြီးတော့ ဝိပဿနာသမာဓိဖြစ်ရတယ်၊ အရိယမဂ်ခဏဉ်ဖြစ်သောဝီရိယနဲ့ သတိတွေလဲ ဝိပဿနာရှုခိုက်က ဝီရိယနဲ့မို့ပြီး ဖြစ်တာပဲ၊ အရိယမဂ်

http://www.dhammadownload.com



သမာဓိဟာလဲ အဲဒီအရိယမဂ်ဝီရိယအခြံအရံနဲ့ သတိကြောင့်ဖြစ်တာပဲ၊ ဒါကြောင့်သမ္မပ္ပဓာန် ၄-ပါးကို အရိယမဂ်သမာဓိ၏ အခြံအရံလို့ ဆိုရတာပါပဲ။

စတုတ္ထအဖြေကတော့- ဘောသ်ဃော ဓမ္မာနံ-ထိုဝီရိယ သတိ သမာဓိတို့ကိုပင်လျှင်၊ ယာ အသေဝနာ-အကြင်မှီဝဲခြင်းသည်၊ ယာ ဘာဝနာ-အကြင်ဖြစ်ပွားစေခြင်းသည်၊ ယံ ဗဟုလီကမ္မံ-အကြင်အကြိမ် များစွာပြုခြင်း, ဖြစ်စေခြင်းသည်၊ အတ္ထိ-ရှိ၏၊ အယံ-ဤမှီဝဲခြင်း, ဖြစ်ပွားစေခြင်း, အကြိမ်များစွာပြုခြင်းသည်၊ ဧတ္ထ-ဤအရာ၌၊ သမာဓိ ဘာဝနာ-သမာဓိကို ဖြစ်စေခြင်း ပွားစေခြင်းပေတည်းတဲ့။

ဘာဝနာဆိုတာ ၂-မျိုးရှိတယ်၊ သမာဓိကို ဖြစ်ပွားစေတဲ့ သမာဓိဘာဝနာကတစ်မျိုး, ပညာကိုဖြစ်ပွားစေတဲ့ ပညာဘာဝနာက တစ်မျိုး ဒီ ၂-မျိုးပါပဲ၊ အဲဒီအထဲမှာ သမာဓိဘာဝနာဆိုတာက သမထ သမာဓိလောက် ဖြစ်ပွားစေတာလဲရှိတယ်၊ ဝိပဿနာသမာဓိကို ဖြစ် ပွားစေတာလဲရှိတယ်၊ အရိယမဂ်သမာဓိကို ဖြစ်ပွားစေတာလဲရှိတယ်၊ ယခုမေးတဲ့ သမာဓိဘာဝနာကတော့ အရိယမဂ်ကိုမေးရာမှဆက်ပြီး မေးလာတာမို့ အရိယမဂ်သမာဓိဘာဝနာကို မေးတယ်လို့ ယူရပါတယ်၊ အဲဒီပြဿနာ၏အဖြေကိုလဲ အရိယမဂ်သမာဓိဘာဝနာကို ဖြေတယ် လို့ပဲ ယူရပါတယ်၊ အဲဒီတော့ အရိယမဂ်သမာဓိဆိုတာ တစ်ကြိမ်

http://www.dhammadownload.com



တည်း တစ်ခါတည်းဖြစ်တာမို့ ပွားစေတယ်, အကြိမ်များစွာ ဖြစ်စေတယ်ဆိုတာကို ရှင်းပြဖို့ခက်ပါတယ်။

အဋ္ဌကထာမှာတော့ စိတ်တစ်ကြိမ်တည်းအတွင်းမှာပင် မှီဝဲခြင်းရော ဖြစ်ပွားစေခြင်းရော အကြိမ်များစွာ ပြုခြင်းရော ယူရမယ်လို့ ဆိုထားတယ်၊ အဲဒီလိုဆိုတော့ ဥပါဒ်ခဏ၌ အာသေဝနာရ မှီဝဲတယ်လို့ ယူရမှာလို၊ ဌီခဏ၌ဘာဝနာအရ ပွားစေတယ်လို့ ယူရမှာလို၊ ဘင်ခဏ၌ ဗဟုလီကမ္မအရ အကြိမ်များစွာပြုတယ်လို့ယူရမှာ ဖြစ်နေတယ်၊ အဲဒီလိုဆိုတော့ကျေနပ်ဖို့ သဘောကျဖို့ခက်ပါတယ်၊ အင်္ဂုတ္တရ အဋ္ဌကထာဒုတိယတွဲ (၃၄၆) မှာတော့ ဒုတိယမဂ်ဖြင့်မှီဝဲခြင်း၊ တတိယမဂ်ဖြင့်ပွားစေခြင်း စတုတ္ထမဂ်ဖြင့် အကြိမ်များစွာပြုခြင်းကိုယူဖို့ ညွှန်ကြားထားပါတယ်၊ အဲဒါကိုတော့ အများက သဘောကျဖွယ်ရှိပါတယ်၊ တစ်နည်းအားဖြင့်တော့ ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာမဂ်သမာဓိဖြစ်စဉ်က မှီဝဲခြင်းစသောအရှိန်အဝါကိုယူပြီးတော့ မဂ်ခဏ၌ဖြစ်ပုံကိုဆိုတယ်လို့ယူရင်လဲ သင့်တော်လောက်ပါတယ်။

ဝိပဿနာခဏမှာတော့ သမ္မာဝါယာမမဂ္ဂင်ဆိုတဲ့ သမ္မပ္ပဓာန် အခြံအရံနှင့်တကွ သမ္မာသမာဓိမဂ္ဂင်ဆိုတဲ့ သတိပဋ္ဌာန် ၄-ပါးကြောင့် သမ္မာသမာဓိမဂ္ဂင်ဆိုတဲ့သမာဓိဟာ အကြိမ်ကြိမ်အဖန်ဖန် ဖြစ်ပွားလာခဲ့ရတယ်၊ သွားတယ်, ရပ်တယ်, ထိုင်တယ်စသည်ဖြင့် ကိုယ်အမူအရာကို

http://www.dhammadownload.com



ရှုမှတ်တိုင်း ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်၊ ဝေဒနာကိုရှုမှတ်တိုင်း ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်၊ စိတ်ကူးကြံစည်မှုကို ရှုမှတ်တိုင်း စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်၊ မြင်မှု, ကြားမှုစသည် ဖြစ်ခိုက်၌ မြင်တယ်, ကြားတယ်စသည်ဖြင့် ရှုမှတ်တိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်၊ အဲဒီသတိပဋ္ဌာန် ၄-ပါးဟာ အားထုတ်မှုဆိုတဲ့ သမ္မပ္ပဓာန်အကူအညီရှိလို့ ဖြစ်နေတာပဲ အဲဒီသမ္မပ္ပဓာန်အခြံအရံနှင့်တကွ သတိပဋ္ဌာန် ၄-ပါးကြောင့် ရှုမိတဲ့အာရုံတိုင်းမှာ စူးဆိုက်တည်ကြည်တဲ့ သမာဓိဖြစ်နေတာပဲ၊ အဲဒီသမာဓိအားကောင်းတဲ့အခါ အရိယမဂ် သမ္မပ္ပဓာန်အခြံအရံနှင့်တကွ အရိယမဂ်သတိပဋ္ဌာန်ကြောင့် အရိယမဂ် သမာဓိဖြစ်တာပဲ၊ အဲဒီ သမ္မပ္ပဓာန်, သတိပဋ္ဌာန်, သမာဓိဆိုတဲ့တရား သုံးပါးဟာ မဂ္ဂင်ရှစ်ပါးထဲက သမ္မာဝါယာမ, သမ္မာသတိ, သမ္မာ သမာဓိဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါးပဲ။

ဒီကနောက် ဆက်ပြီးဟောပြောရမည့် အမေးအဖြေတွေ ကတော့ အသိခက်တဲ့အမေးအဖြေတွေပါပဲ၊ ဝိသာခသူဌေးကြီးက ဒီလိုဆက်ပြီးမေးပါတယ်။

http://www.dhammadownload.com



## သင်္ခါရအမေးနှင့်အဖြေ

ကတိ ပနာယျေ သင်္ခါရာ။

အယျေ- အရှင်မမ္မဒိန္နာ၊ သင်္ခါရာ-သင်္ခါရတို့သည်၊ ကတိ ပန-အဘယ်မျှရှိပါကုန်သနည်းတဲ့၊ အဲဒီအမေးကို မမ္မဒိန္နာထေရီက ဒီလိုဖြေပါတယ်။

တယော မေ အာဝုသော ဝိသာခ သင်္ခါရာ၊
ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော။

အာဝုသော ဝိသာခ- ဒါယကာဝိသာခ၊ သင်္ခါရာ-သင်္ခါရတို့သည်၊ ကာယသင်္ခါရော- ကာယသင်္ခါရကတစ်ပါး၊ ဝစီသင်္ခါရော- ဝစီသင်္ခါရကတစ်ပါး၊ စိတ္တသင်္ခါရော- စိတ္တသင်္ခါရကတစ်ပါး၊ ဣတိ-ဤသို့အားဖြင့်၊ တယော-သုံးပါးတို့ရှိကြပါသည်တဲ့။

မေးခွန်းမှာ သင်္ခါရတွေဘယ်လောက်ရှိသလဲလို့ သာမည အားဖြင့်မေးထားတယ်၊ ဘုရားဟောတရားတော်တွေထဲမှာ (သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ) သင်္ခါရတရားတွေအားလုံး အနိစ္စ မမြဲတာချည်းပဲ၊ ဒုက္ခ-ဆင်းရဲချည်းပဲလို့ ဒီလိုဟောထားတာလဲ ရှိတယ်၊ အဲဒီမမြဲတဲ့သင်္ခါရ ဆင်းရဲတဲ့သင်္ခါရဆိုတာတွေကတော့ ကံ, စိတ်, ဥတု, အာဟာရစသောဆိုင်ရာ ဆိုင်ရာအကြောင်းတရားများ

http://www.dhammadownload.com



ကြောင့် ဖြစ်တာတွေမို့ အကြောင်းတရားတွေကပြုလုပ်ထားတဲ့ရုပ်နာမ် တရားတွေလို့ဆိုလိုတာပါပဲ၊ အဲဒါတွေဟာ ကာမဘဝ-ကာမဘုံ၌ အတွင်း ဝင်သော၊ သို့မဟုတ် ရူပဘဝ-ရူပဘုံ၌အတွင်းသော အရူပဘဝ-အရူပဘုံ၌ အတွင်းဝင်သော ရုပ်နာမ်တရားတွေပါပဲ၊ ကာမ, ရူပ, အရူပဆိုတဲ့ ဘုံသုံးပါးထဲကတရားတွေမို့ အဲဒါတွေကို တေဘူမကတရား တွေလို့လဲဆိုရတယ်၊ ဝိပဿနာရှုအပ်တဲ့ ရုပ်နာမ်တရားတွေပါပဲ။

နောက်ပြီးတော့ အဝိဇ္ဇာကြောင့်သင်္ခါရတွေဖြစ်ကြတယ်လို့ ဟောထားတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်မှာလဲ ကာမကုသိုလ်ကံ ရူပကု သိုလ်ကံတွေကို ပုညာဘိသင်္ခါရလို့ ဟောထားတယ်၊ အကုသိုလ်ကံ ကို အပုညာဘိသင်္ခါရလို့ ဟောထားတယ်၊ အရူပကုသိုလ်ကို အနေဉ္ဇာ ဘိသင်္ခါရလို့ ဟောထားတယ်၊ နောက်ပြီးတော့ ကိုယ်ဖြင့်ပြုလုပ်တဲ့ ကာယကံစေတနာကို ကာယသင်္ခါရလို့ ဟောထားတယ်၊ နှုတ်ဖြင့် ပြောဆိုတဲ့ဝစီကံစေတနာကို ဝစီသင်္ခါရလို့ ဟောထားတယ်၊ စိတ်ကူးကြံ စည်တဲ့ မနောကံစေတနာကို စိတ္တသင်္ခါရလို့ ဟောထားတယ်၊ အဲဒီတော့ ဘယ်သင်္ခါရမျိုးကိုမေးတာပါလိမ့်မလဲလို့ ယုံမှားစရာရှိပါတယ်၊ ဒါပေမယ့် ဓမ္မဒိန္နာထေရီကတော့ ပဋိသမ္ဘိဒါပတ္တရဟန္တာမ ဖြစ်နေလို့ နိရောဓသမာပတ်အကြောင်းမေးဖို့ရာ အဲဒါနဲ့ဆိုင်တဲ့ သင်္ခါရတွေကို မေးကြောင်း ရိပ်မိသဖြင့် သင်္ခါရဆိုတာ ကာယသင်္ခါရ, ဝစီသင်္ခါရ,

http://www.dhammadownload.com



စိတ္တာသခါရလို့ သုံးပါးရှိတယ်လို့ ဖြေကြားပါတယ်၊ အဲဒီတော့ ဝိသာခ သူဌေးကြီးက ဒီလိုဆက်ပြီးမေးပြန်ပါတယ်။

ကတမော ပနာယျေ ကာယသင်္ခါရော၊ ကတမော ဝစီသင်္ခါရော၊ ကတမော စိတ္တသင်္ခါရော။

အယျေ-အရှင်မမြတ်ဒိန္နာ၊ ကာယသင်္ခါရော-ကာယသင်္ခါရသည်၊ ကတမောပန - အဘယ်ပါနည်း။ ဝစီသင်္ခါရော ကတမော-ဝစီသင်္ခါရက အဘယ်ပါနည်း။ စိတ္တသင်္ခါရော ကတမော-စိတ္တသင်္ခါရက အဘယ်ပါနည်းတဲ့၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

အဿာသပဿာသာ အာဝုသော ဝိသာခ ကာယသင်္ခါရော၊ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော၊ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော။

အာဝုသောဝိသာခ - ဒါယကာ ဝိသာခ၊ အဿာသပဿာသာ-ဝင်သက်ထွက်သက်လေတို့သည်၊ ကာယသင်္ခါရော-ကာယသင်္ခါရမည်ပါသည်၊ ဝိတက္ကဝိစာရာ - ဝိတက်နှင့်ဝိစာရတို့သည်၊ ဝစီသင်္ခါရော-ဝစီသင်္ခါရမည်ပါသည်၊ သညာစ-သညာသည်လည်းကောင်း၊ ဝေဒနာ စ-ဝေဒနာသည်လည်းကောင်း၊ စိတ္တသင်္ခါရော-စိတ္တသင်္ခါရမည်ပါသည်တဲ့။

http://www.dhammadownload.com



အဝိဇ္ဇာကြောင့်ဖြစ်ရတဲ့သင်္ခါရတွေထဲမှာ ကာယကံ ဝစီကံ မနောကံတွေကို ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရလို့ ဟောထားတာ ရှိကြောင်း ခုတင်ကပြောခဲ့တယ်၊ ယခုမေးဖြေတဲ့ သင်္ခါရသုံးပါးက အဲဒီကံသင်္ခါရတွေနဲ့အမည်တူပေမယ့် အရတရားကိုယ်ချင်း မတူဘူး ကွဲပြားတယ်၊ ဒါကြောင့် အဲဒီအရတရားကိုယ်ကို အမှန်အတိုင်းဖြေကြား စေလိုသောကြောင့် ကာယသင်္ခါရဆိုတာက ဘာလဲစသည်ဖြင့်မေးတာပဲ၊ အဲဒီအမေးကို ဓမ္မဒိန္နာထေရီက ကာယသင်္ခါရဆိုတာ ဝင်သက်ထွက် သက်လေပဲ၊ ဝစီသင်္ခါရဆိုတာ ဝိတက်နှင့်ဝိစာရပဲ၊ စိတ္တသင်္ခါရဆိုတာ သညာနဲ့ဝေဒနာဆိုတဲ့ စေတသိက်တရားတွေပဲလို့ ဖြေကြားပါတယ်၊ အဲဒီတော့ ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရလို့ ခေါ်ရခြင်းအကြောင်း ကို ဝိသာခသေဋ္ဌေးကြီးက ဒီလိုမေးပြန်ပါတယ်။

ကသ္မာပနာယျေ အဿာသပဿာသာ ကာယသင်္ခါရော၊ ကသ္မာ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော၊ ကသ္မာ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော။

အယျေ-အရှင်မဓမ္မဒိန္နာ၊ အဿာသပဿာသာ-ဝင်သက် ထွက်သက်လေတို့သည်၊ ကသ္မာ-အဘယ့်ကြောင့်၊ ကာယသင်္ခါရော- ကာယသင်္ခါရမည်ပါသနည်း။ ဝိတက္ကဝိစာရာ-ဝိတက်နှင့်ဝိစာရတို့သည်၊ ကသ္မာ- - အဘယ်ကြောင့်၊ ဝစီသင်္ခါရော - ဝစီသင်္ခါရမည်ပါသနည်း။

http://www.dhammadownload.com



ဝေဒနာ စ - ဝေဒနာသည်လည်းကောင်း။ သညာ စ - သညာ သည်လည်းကောင်း။ ကသ္မာ- အဘယ်ကြောင့်၊ စိတ္တသင်္ခါရော - စိတ္တသင်္ခါရမည်ပါသနည်းတဲ့၊ အဲဒီမေးခွန်းကို ဓမ္မဒိန္နာထေရီက ဒီလို ဖြေကြားပါတယ်။

အဿာသပဿာသာ ခေါ် အာဝုသော ဝိသာခ ကာယိကာ ဧတေ ဓမ္မာ ကာယပ္ပဋိဗဒ္ဓါ၊ တသ္မာ အဿာ ပဿာသာ ကာယသင်္ခါရော၊ ပုဗ္ဗေ ခေါ် အာဝုသော ဝိသာခ ဝိတက္ကေတွာ ဝိစာရေတွာ ပစ္ဆာဝါစံ ဘိန္ဒတိ၊ တသ္မာ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော၊ သညာ စ ဝေဒနာ စ စေတသိကာ ဧတေ ဓမ္မာ စိတ္တပဋိဗဒ္ဓါ၊ တသ္မာ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော။

အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ အဿာသ - ပဿာသာ - ဝင်သက် ထွက်သက်လေဟူကုန်သော၊ ဧတေ ဓမ္မာ- ဤတရားတို့သည်၊ ကာယိကာ - ကိုယ်ထဲ၌ ဖြစ်ကုန်၏၊ ကာယပ္ပဋိဗဒ္ဓါ - ကိုယ်နှင့်စပ်ကုန်၏။ တသ္မာ - ထို့ကြောင့်၊ အဿာသပဿာသာ- ဝင်သက်ထွက်သက်လေတို့သည်၊ ကာယသင်္ခါရော - ကာယသင်္ခါရ မည်ပါသည်။

http://www.dhammadownload.com



ဝင်သက် ထွက်သက်ဆိုတဲ့ အသက်ရှူလေ ရှိက်လေဟာ နှာခေါင်းစသောကိုယ်နှင့်စပ်နေတယ်၊ ကိုယ်ဖြင့်ပြုအပ်တယ်၊ ဒါကြောင့် ကာယကိုယ်ဖြင့် + သင်္ခါရပြုအပ်တာမို့ ကာယသင်္ခါရလို့ ခေါ်ပါတယ်၊ ဝင်သက်ထွက်သက်လေကို ကာယသင်္ခါရခေါ်သည်လို့ မှတ်ထား ကြရမယ်။

အာဝုသော ဝိသာခ-ဒါယကာ ဝိသာခ၊ ပုဗ္ဗေ-ရှေးကာလ၌၊ ဝိတက္ကေတွာ-မည်သို့ပြောဆိုဟု ကြံစည်၍၊ ဝိစာရေတွာ-သုံးသပ်ဆင်ခြင်၍၊ ပစ္ဆာ-နောက်ကာလ၌၊ ဝါစံ-စကားကို၊ ဘိန္ဒတိ- ပြောဆို၏၊ တသ္မာ-ထို့ကြောင့်၊ ဝိတက္ကဝိစာရာ-ဝိတက်နှင့်ဝိစာရတို့သည်၊ ဝစီသင်္ခါ ရော-ဝစီသင်္ခါရမည်ပါသည်။

ကြံစည်တာကို ဝိတက်လို့ခေါ်တယ်၊ ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်တာကိုဝိစာရလို့ခေါ်တယ်၊ စကားပြောမယ်ဆိုရင် ဘယ်လိုပြောမယ်လို့ ကြံစည်ပြီးမှ သုံးသပ်ဆင်ခြင်ပြီးမှပြောရတာပဲ၊ အဲဒီလို ကြံစည်သုံးသပ်ပြီး ဝစီဆိုတဲ့စကားကို ပြုတတ်-ပြောဆို တတ်သောကြောင့် ဝစီသင်္ခါရလို့ခေါ်ပါတယ်၊ ဝိတက်နှင့်ဝိစာရကို ဝစီသင်္ခါရခေါ်သည်လို့မှတ်ထားကြရမယ်။

သညာ စ-မှတ်သားမှုသညာလည်းကောင်း၊ ဝေဒနာစ-ခံစားမှု

http://www.dhammadownload.com



ဝေဒနာသည်လည်းကောင်း၊ စေတသိကာ - ဤတရားတို့သည်၊ စေတသိကာ- စိတ်၌မှီ၍ဖြစ်ကုန်၏၊ စိတ္တပ္ပဋိဗဒ္ဓါ - စိတ်နှင့်စပ်ကုန်၏၊ တသ္မာ- ထို့ကြောင့်၊ သညာ စ-သညာသည်လည်းကောင်း၊ ဝေဒနာ စ- ဝေဒနာသည်လည်းကောင်း၊ စိတ္တသင်္ခါရော-စိတ္တသင်္ခါရမည်ပါသည်တဲ့။

သညာနှင့်ဝေဒနာဟာ စိတ်နှင့်ပူးတွဲပြီးဖြစ်တဲ့ စေတသိက်တရားပဲ၊ စိတ်နှင့်ယှဉ်လျက် စပ်နေတာပဲ၊ အဲဒီတော့ စိတ်ဖြင့်ပြုအပ်သည်မည်တာပေါ့၊ အဲဒီလို စိတ်ဖြင့်ပြုအပ်သည်မည်သောကြောင့် သညာနှင့်ဝေဒနာကို စိတ္တသင်္ခါရလို့ ခေါ်ပါတယ်၊ ဒါကြောင့် သညာနှင့်ဝေဒနာကို စိတ္တသင်္ခါရလို့မှတ်ထားကြရမယ်၊ ဝိတက်ဝိစာရမှတစ်ပါးသော စေတသိက်ဟူသမျှဟာလဲ ဒီစိတ္တသင်္ခါရထဲမှာ ပါဝင်တယ်လို့ယူရမှာပဲ၊ သင်္ခါရက္ခန္ဓာ၌ အတွင်းဝင်သော (ဝိတက် ဝိစာရမှ တစ်ပါးသော) စေတသိက် ၄၈-ပါးကိုလဲ စိတ္တသင်္ခါရလို့မှတ်ယူဖို့ပါပဲ၊ ဒါကြောင့် သင်္ခါရယမိုက်ပါဠိမှာ (သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော၊ ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာစိတ္တသင်္ခါရော-လို့) ပြဆိုထားပါတယ်၊ ဒါပေမယ့် ဒီအရာမှာတော့ နိရောသမာပတ်နှင့်စပ်ပြီး မေးရာဖြစ်တဲ့အတွက် အနာဂါမ်ရဟန္တာတို့၏ သန္တာန်မှာ ဖြစ်နိုင်ချုပ်နိုင်တဲ့ ကုသိုလ်ကြိယာဆိုင်ရာ သညာဝေဒနာနှင့်သင်္ခါရက္ခန္ဓာ စေတသိက် ၃၄-ပါးကိုသာ ယူသင့်ပါတယ်၊ ဒီပြဿနာ

http://www.dhammadownload.com



မေးဖြေကြစဉ်က အဘိဓမ္မာဒေသနာရှိပုံမရသေးပါဘူး သို့ဖြစ်ပါလျက် အလွန်နက်နဲတဲ့ ဒီသစ္စာလေးပါးအကြောင်း ဖြေရှင်းပြတာဟာ အင်မတန် ချီးမွမ်းစရာ ကောင်းတာပါပဲ၊ ယခုနေအခါ ပိဋကစာပေကျမ်းဂန်တတ် ပုဂ္ဂိုလ်ထဲကတောင်မှ စာပေကျမ်းဂန်မကြည့်ဘဲ ဒီပြဿနာဖြေရ မယ်ဆိုရင် အလွယ်တကူနဲ့ဖြေနိုင်မည့်ပုဂ္ဂိုလ်ဟာ အလွန်များလှမယ်မ ဟုတ်ပါဘူး၊ အဋ္ဌကထာများမှာလဲ သီလက္ခန္ဓာစသည်သုံးပါး ဒီသစ္စာ သုံးပါးနှင့်စပ်ပြီး ဖွင့်ပြတဲ့အခါများမှာ ဒီဓမ္မစကြာသုတ်ကိုပဲ ကိုးကား ပြီး ဖွင့်ပြလေ့ရှိပါတယ်၊ ဒါကြောင့် ဒီဓမ္မဒိန္နာထေရီ၏အဖြေဟာ အင်မတန်လေးနက်နိုင်ခဲ့ပါတယ်၊ အဲဒီကနောက် ဝိသာခဒါယကာကြီးက နိရောဓသမာပတ်အကြောင်းကို ဒီလိုမေးပါတယ်။

## နိရောဓသမာပတ် အမေးအဖြေ

ကထံ ပနာယျေ သညာဝေဒယိတနိရောဓသမာ-
ပတ္တိ ဟောတိ။

အယျေ-အရှင်မဓမ္မဒိန္နာ၊ ကထံ-ဘယ်ပုံဘယ်နည်းဖြင့် သညာ ဝေဒယိတနိရောဓသမာပတ္တိ - သညာဝေဒနာ (စသောသိမ္မ ဟူသမျှ) ၏ ချုပ်ငြိမ်းခြင်းသို့ရောက်ခြင်းသည်၊ ဝါ-နိရောဓသမာပတ်သည်၊ ဟောတိ-ဖြစ်ပါသနည်းတဲ့၊ ဒီပါဠိအနက်က ဝိသာခဒါယကာကြီး

http://www.dhammadownload.com



မေးပုံမှုရင်းပါပဲ၊ တရားဟောစဉ်ကတော့ ပါဠိအနက်ကို ရွတ်ပြနေရင် အချိန်ကုန်ရုံမျှသာရှိမယ်၊ တရားနာသူ ဒကာဒကာမအများက နားလည်မှာလဲ မဟုတ်ဘူး၊ ဒါကြောင့် ပါဠိအနက်ကို မဖော်ပြဘဲ နိရောဓသမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုဝင်စားသလဲ၊ စိတ်စေတသိက်ဆိုတဲ့ အသိနာမ်တွေ ချုပ်ခြင်းသို့ ဘယ်လိုရောက်ပါသလဲလို့ မေးကြောင်းလောက်သာ ပြဆိုခဲ့ပါတယ်၊ အဲဒီလိုမေးတာကလဲ မွေ့ဒိန္နာဟာ နိရောဓသမာပတ် ဝင်စားမှုရဲ့လား၊ အလိုအတိုင်းပြီးမြောက်အောင် နိုင်နင်းရဲ့လားလို့ သိချင်လို့မေးတာပါတဲ့၊ အဲဒီအမေးကို မွေ့ဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

နခေါ် အာဝုသော ဝိသာခ သညာဝေဒယိတနိရောဓံ သမာပဇ္ဇန္တဿ ဘိက္ခုနော ဧဝံ ဟောတိ "အဟံ သညာဝေဒယိတနိရောဓံ သမာပဇ္ဇိဿန္တိ ဝါ၊ အဟံ သညာဝေဒယိတနိရောဓံ သမာပဇ္ဇာမီတိ ဝါ၊ အဟံ သညာဝေဒယိတနိရောဓံ သမာပန္နောတိ ဝါ,။ အထခွါဿ ပုဗ္ဗေဝ တထာ စိတ္တံ ဘာဝိတံ ဟောတိ၊ ယံ တံ တတ္ထာယ ဥပနေတိ။

အာဝုသော ဝိသာခ - ဒါယကာ ဝိသာခ၊ သညာဝေဒယိတ

http://www.dhammadownload.com



နိရောဓံသမာပဇ္ဇန္တဿ- နိရောဓသမာပတ်ကိုဝင်စားသော၊ ဘိက္ခုနော- ရဟန်းအား၊ (ဒါက ရဟန်းကိုပဓာနပြုပြီးပြောတာပဲ၊ ဘိက္ခုနီဆိုတဲ့ အမျိုးသမီးရဟန်းမှာလဲ နည်းတူပါပဲ၊ အနာဂါမ် လူဝတ်ကြောင်မှာလဲ နည်းတူပါပဲ၊ ) ဧဝံနဟောတိ-ဤသို့သောစိတ် မဖြစ်ပါ၊ (စိတ်မဖြစ်ပုံ ကတော့) အဟံ-ငါသည်၊ သညာဝေဒယိတနိရောဓံ - နိရောဓသမာ ပတ်သို့ သမာပဇ္ဇိဿန္တိ ဝါ- ရောက်တော့မည်ဟူ၍သော်လည်းကောင်း၊ သမာပဇ္ဇာမီတိဝါ- ရောက်နေသည်ဟူ၍လည်းကောင်း၊ သမာပန္နောတိဝါ- ရောက်နေပြီဟူ၍လည်းကောင်း (ဤသို့သော စိတ်မဖြစ်ပါဘူးတဲ့၊ အမှတ်သညာမရှိတရှိစိတ်ကို နေဝသညာနာသညာယတနစိတ် ခေါ်တယ်၊ အဲဒီစိတ် ချုပ်သွားတဲ့အခါ အသိနာမ်တွေချုပ်ခြင်းဆိုတဲ့ နိရောဓသို့ရောက်တာပဲ၊ အဲဒီလိုရောက်ရာမှာ အမှတ်သညာ မရှိတရှိ စိတ် ဖြစ်နေဆဲဋ္ဌ နိရောဓရောက်တော့မယ်လို့ ဒီလိုစိတ်လဲမဖြစ်ပါဘူး အဲဒီစိတ်ချုပ်တဲ့အခါ နိရောဓသို့ ရောက်တယ်လို့ ဒီလိုစိတ်လဲမဖြစ်ပါဘူး အဲဒီလိုရောက်နေတဲ့အခါ နိရောဓသို့ရောက်နေပြီလို့ ဒီလိုစိတ်လဲ မဖြစ်ပါဘူးတဲ့၊ ဒါဖြင့် ဘယ်လိုနေပါသလဲဆိုတော့) အထခေါ- စင်စစ်အားဖြင့်သော်ကား၊ အဿ - နိရောဓသမာပတ်ဝင်စားသော ထိုရဟန်းအား ပုဗ္ဗေဝ - မဝင်စားမီရှေးအဖို့ကပင်လျှင်၊ တထာ- စိတ်စေတသိက် အသိနာမ်တရားတွေကို ချုပ်စေမည့် ထိုအခြင်း

http://www.dhammadownload.com



အရေးအားဖြင့် စိတ္တံ-ချမ်းမြဲနိုင်ပြီးကျေနပ်ကိုရှုသော ဝိပဿနာစိတ်ကို၊ ဘာဝိတံပဟောတိ-ဖြစ်စေအပ်ခဲ့၏၊ ယံ တံ - ယင်းသို့ဖြစ်စေအပ်သော ထိုစိတ်သည်၊ တတ္ထာယ - ထိုသို့ ရည်ရွယ်သည့်အတိုင်း ဖြစ်ရန်အလို့ငှာ၊ ဥပနေတိ-ဆောင်ပေးပါသည်တဲ့။

ဒီအဖြေပါဠိအနက်ကလဲ သာမန်ပုဂ္ဂိုလ်တွေ သိနားလည်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် တရားဟောစဉ်ကတော့ ဒီပါဠိအနက်တွေကို ရွတ်မပြဘဲ နားလည်လွယ်တဲ့မြန်မာစကားသက်သက်ဖြင့်သာ ပြော ဟောခဲ့ပါတယ်၊ ပြောဟောပုံကတော့-

ဒီနိရောဓသမာပတ် ဝင်စားပုံကို ယခုနေအခါမှာ ကိုယ်တိုင် တွေ့ဖို့တော့မလွယ်ပါဘူး။ ဗဟုသုတဖြစ်ပြီး ဗုဒ္ဓသာသနာတော်ကို ကြည်ညိုဖို့ရလောက်ပါပဲ၊ ဘာကြောင့်လဲဆိုတော့ ဒီနိရောဓသမာပတ် ကို အနာဂါမ်နဲ့ရဟန္တာများသာဝင်စားနိုင်ပါတယ်၊ အဲဒါကလဲ ရူပဈာန် အရူပဈာန်သမာပတ်ရ-ပါးလုံးကိုလဲ အကုန်ရတဲ့ပုဂ္ဂိုလ်သာ ဝင်စားနိုင်ပါ တယ်၊ အဲဒီဈာန်သမာပတ် ရှစ်ပါးလုံးနှင့်ပြည့်စုံတဲ့ အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်ဟာ နိရောဓသမာပတ်ရောက်ပြီး နိဗ္ဗာန်အငြိမ်းဓာတ် ၏ အရသာကို မျက်မှောက်မှာခံစားလိုလျှင် ရှေးဦးစွာ ပဌမဈာန်ကို ဝင်စားရတယ်၊ ဈာန်ဝင်စားတယ်ဆိုတာ အဲဒီဈာန်၏အာရုံကိုနှလုံးသွင်းပြီး ဈာန်စိတ်ဖြစ်နေတာကို ဆိုတာပါပဲ၊ စက္ကန့်ပိုင်းနဲ့ဖြစ်စေ၊ မိနစ်ပိုင်းနဲ့ဖြစ်စေ

http://www.dhammadownload.com



ရည်ရွယ်ချက်ရှိသည့်အတိုင်း အဲဒီဈာန်ဖြစ်ပြီး ချုပ်ပျောက်သွားတဲ့အခါ အဲဒီဈာန်စိတ်ကို အနိစ္စစသောအခြင်းအရာဖြင့် ဝိပဿနာရှုရတယ်၊ ယခုယောဂီတွေမှာဖြစ်ပေါ်လာတဲ့စိတ်ကူးကို ရှုမှတ်ပြီး သိတာမျိုးပါပဲ။

အဲဒီလိုရှုပြီးတော့ ဒုတိယဈာန်ကိုဝင်စားရတယ်၊ အဲဒီဈာန်စိတ် ဆုံးသွားတဲ့အခါ အဲဒီဒုတိယဈာန်စိတ်ကို ဝိပဿနာရှုရတယ်၊ ထို့အတူပင် တတိယဈာန်ဝင်စားပြီး အဲဒီဈာန်ကိုလဲရှုရတယ်၊ စတုတ္ထဈာန် ဝင်စားပြီး အဲဒီဈာန်ကိုလဲရှုရတယ်၊ ထို့အတူပင် အာကာသာနဉ္စာယတန ဈာန်၊ ဝိညာဏဉ္စာယတနဈာန် အာကိဉ္စညာယတနဈာန်ကိုလဲ ဝင်စားပြီး ဝိပဿနာရှုရတယ်၊ အဲဒါဟာ ဈာန်သမာဓိနဲ့ဝိပဿနာကို အစုံအစုံ ပွားစေတာပါပဲ၊ အဲဒါနောက် အဓိဋ္ဌာန်ပြုစရာလေးတွေ ရှိပါသေး တယ်၊ အဲဒါကတော့ ယခုတရားနာသူတွေအတွက် မလိုပါဘူး။ ချန်ထားလိုက်ပါ့မယ်၊ နောက်ဆုံးမှာ နေဝသညာနာသညာယတနဈာန်ကို ဝင်စားရတယ်၊ အဲဒီဈာန်စိတ်က အိပ်ပျော်ခါနီး၌ မသိတသိစိတ်မျိုး လိုပင် အလွန်အားနည်းတဲ့ဈာန်စိတ်ပါပဲ၊ အဲဒီဈာန်စိတ် တစ်ကြိမ် နှစ်ကြိမ်မျှဖြစ်ပြီးရင် ဘာစိတ်မျှမဖြစ်တော့ဘဲ ပြတ်စဲချုပ်ငြိမ်းသွားတယ်၊ အဲဒါဟာ နိရောဓသမာပတ်ရောက်ပုံပါပဲ၊ အဲဒီနိရောဓသမာပတ် ရောက်နေတဲ့အချိန်အတွင်းမှာ ဘာအာရုံကိုမျှမသိဘူး။ သိတဲ့စိတ်လုံး ဝကင်းနေတယ်၊ မီးဘေး လက်နက်ဘေးဒဏ်စသောအန္တရာယ်လဲ

http://www.dhammadownload.com



မသင့်ဘူး၊ အချိန်ကာလကတော့ အစိတ္တာနှပြု ရည်မှန်းထားတဲ့အတိုင်း မိနစ်ပိုင်းမှုဖြစ်စေ၊ နာရီပိုင်းမှုဖြစ်စေ၊ အများဆုံးခုနစ်ရက်အထိ ရက်ပိုင်းမှုဖြစ်စေ တည်တယ်၊ အဲဒီရည်မှန်းချက်အချိန်ကုန်သွားတဲ့အခါ အသိစိတ်တွေပြန်ပြီး ဖြစ်မြဲဖြစ်လာတယ်၊ အဲဒါကို နိရောဓသမာပတ်မှ ထလာတယ်လို့ဆိုလိုတာပဲ၊ အဲဒီလို ထလာပုံကိုလဲမေးလို့ ဖြေပါလိမ့်ဦးမယ်၊ ဒါလောက်ဆိုရင် နိရောဓသမာပတ်ဝင်စားပုံကို အကြမ်းဖျင်းအားဖြင့် နားလည်လောက်ပါပြီ၊ ဒီကနောက်တော့ အရေးမကြီးရာဋ္ဌ ပါဠိလောက်သာပြပြီး အနက်ကတော့ ပြန်မပြတော့ဘူး၊ သိနားလည်လွယ်တဲ့စကားဖြင့်သာ ပြသွားတော့မယ်။

အဲဒီကနောက် ဝိသာခသူဋ္ဌေးကြီးက ဒီလိုမေးပြန်တယ်။

သညာဝေဒယိတနိရောဓ သမာပတ္တိယာ ပနာယျေ ဘိက္ခုနော ကတမေ ဓမ္မာ ပဌမံ နိရုဇ္ဈန္တိ၊ ယဒိ ဝါ ကာယသင်္ခါရော ယဒိ ဝါ ဝစီသင်္ခါရော ယဒိဝါ စိတ္တသင်္ခါရော။

နိရောဓသမာပတ် ဝင်စားတဲ့ပုဂ္ဂိုလ်မှာ ရှေးဦးစွာကာယသင်္ခါရက ချုပ်သလား၊ သို့မဟုတ် ဝစီသင်္ခါရက ချုပ်သလား၊ သို့မဟုတ် စိတ္တသင်္ခါရက ချုပ်သလားလို့ လက်ဦးချုပ်တာကို မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

http://www.dhammadownload.com



သညာဝေဒယိတနိရောဓံ သမာပဇ္ဇန္တဿ ခေါ် အာဝုသော ဝိသာခ ဘိက္ခုနော ပဌမံ နိရုဇ္ဈတိ ဝစီသင်္ခါရော၊ တတော ကာယသင်္ခါရော၊ တတော စိတ္တသင်္ခါရော။

နိရောဓသမာပတ် ဝင်စားတဲ့ပုဂ္ဂိုလ်မှာ ဒုတိယဈာန်ဝင်စားတဲ့ အချိန်ကစပြီး ဝိတက်ဝိစာရဆိုတဲ့ ဝစီသင်္ခါရ ကင်းခဲ့တယ်၊ စတုတ္ထဈာန် ဝင်စားတဲ့အခါ ဝင်သက်ထွက်သက်လေဆိုတဲ့ ကာယသင်္ခါရ ကင်းခဲ့တယ်၊ နေဝသညာနာသညာယတနဈာန်စိတ် ချုပ်တဲ့အခါကျတော့ သညာဝေဒနာဆိုတဲ့ စိတ္တသင်္ခါရချုပ်တယ်၊ အဲဒါကိုရည်ပြီးတော့ ရှေးဦးစွာ ဝစီသင်္ခါရချုပ်တယ်၊ အဲဒီနောက် ကာယသင်္ခါရချုပ်တယ်၊ အဲဒီက နောက် စိတ္တသင်္ခါရ ချုပ်တယ်လို့ဖြေကြားပါတယ်၊ (ဒါပေမယ့် ဝစီသင်္ခါရ ချုပ်တယ်ဆိုတာကတော့ ဈာန်စိတ်ဖြစ်ခိုက်ကိုရည်ပြီး ဆိုတာပါပဲ၊ အဲဒီဈာန်စိတ်တွေကို ဝိပဿနာရှုခိုက်မှာတော့ ဝိတက်ဝိစာရ ချုပ်ဖွယ် မရှိပါဘူး) အဲဒီနောက် ဝိသာခသူဌေးကြီးက နိရောဓသမာပတ်မှ ထပုံကို ဒီလိုမေးပါတယ်။

ကထံ ပနာယျေ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌာနံ ဟောတိ။

http://www.dhammadownload.com



အဲဒါဟာ နိရောဓသမာပတ်မှ ဘယ်လိုထသလဲလို့မေး တာပါပဲ၊ အဲဒီအမေးကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

န ခေါ အာဝုသော ဝိသာခ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟန္တဿ ဘိက္ခုနော ဧဝံ ဟောတိ “အဟံ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟိဿန္တိဝါ၊ အဟံ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟာမီတိ ဝါ၊ အဟံ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌိတော ဝါ”။ အထ ခွါဿ ပုဗ္ဗေဝ တထာစိတ္တံ ဘာဝိတံ ဟောတိ၊ ယံ တံ တထတ္တာယ ဥပနေတိ။

နိရောဓသမာပတ်မှ ထတဲ့ပုဂ္ဂိုလ်မှာ နိရောဓသမာပတ်မှ ထတော့မယ်လို့လဲ စိတ်မဖြစ်ဘူး။ ထတယ်လို့လဲစိတ်မဖြစ်ဘူး။ ထခဲ့ပြီးလို့လဲ စိတ်မဖြစ်ဘူး။ အမှန်စင်စစ်ကတော့ ထိုပုဂ္ဂိုလ်မှာ ရှေးအဖို့ သမာပတ်မဝင်စားမီကပင်လျှင် မည်မျှကြာသောအခါ စိတ်ဖြစ်စေမည့် ထိုအခြင်းအရာအားဖြင့် အဓိဋ္ဌာန်စိတ်ကူးကို ဖြစ်စေခဲ့၏၊ ယင်းသို့ အဓိဋ္ဌာန်ပြုအပ်ခဲ့သည့်အတိုင်း ထိုစိတ်သည် ထိုသို့ရည်ရွယ်သည့် အတိုင်း ဖြစ်ရန်အလို့ငှာ ဆောင်းပေပါသည်၊ ရည်ရွယ်သည့်အတိုင်းပင် စိတ်ဖြစ်ပေါ်လာပါသည်လို့ ဖြေကြားပါတယ်၊ သူ့ပါဠိအနက်အတိုင်းဆိုရင်

http://www.dhammadownload.com



နားလည်ဖို့မလွယ်ပါဘူး။ ဆိုလိုရင်းကတော့ အစိတ္တာန်ပြုထားတဲ့ အချိန်စေ့တဲ့အခါ အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိဖိုလ်စိတ်ကစပြီး ဖြစ်ပေါ် လာတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်စိတ်ကစပြီးဖြစ်ပေါ်လာ တယ်၊ အဲဒီကနောက်တော့ ဆင်ခြင်တဲ့စိတ်စသည်တွေ ဖြစ်ပေါ်လာ တယ်၊ ဒါဟာ နိရောဓသမာပတ်မှ ထလာပုံပါပဲ၊ အဲဒီကနောက် ဝိသာခ သူဌေးကြီးက သင်္ခါရသုံးပါးဖြစ်စဉ်ကို ဒီလိုမေးပါတယ်။

သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟန္တ
ဿ ပနာယျေ ဘိက္ခုနော ကတမေ ဓမ္မာ ပဌမံ ဥပ္ပဇ္ဇန္တိ
ယဒိ ဝါ ကာယသင်္ခါရော ယဒိ ဝါ ဝစီသင်္ခါရော ယဒိ ဝါ
စိတ္တသင်္ခါရော။

နိရောဓသမာပတ်မှထတဲ့အခါ ဘယ်သင်္ခါရကစပြီး ဖြစ်ပါ သလဲ၊ အဲဒီကနောက် ဘယ်သင်္ခါရက ဆက်ဖြစ်ပါသလဲလို့ မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟ
န္တဿ ခေါ အာဝုသော ဘိက္ခုနော ပဌမံ ဥပ္ပဇ္ဇတိ စိတ္တ
သင်္ခါရော၊ တတော ကာယသင်္ခါရော၊ တတော ဝစီသင်္ခါရော။

နိရောဓသမာပတ်မှထတဲ့အခါ အနာဂါမိဖိုလ်စိတ် သို့မဟုတ်

http://www.dhammadownload.com



အရပဟာတ္တမိုလ်စိတ်ကစပြီး ဖြစ်တယ်၊ အဲဒီစိတ်က စတုတ္ထဈာန်နှင့် ယှဉ်တဲ့စိတ်သာဖြစ်သင့်သောကြောင့် အသက်ရှူလေလဲဖြစ်ခွင့်မရှိဘူး ဝိတက်ဝိစာရမပါဘူး သညာဝေဒနာစသော စေတသိက်များကတော့ ပါတယ်၊ ဒါကြောင့် စိတ္တသင်္ခါရက ရှေးဦးစွာဖြစ်တယ်၊ အဲဒီကနောက် ဘဝင်စိတ်ဖြစ်ခိုက်ကစပြီး အသက်ရှူလေ ကာယသင်္ခါရလဲဖြစ်တယ်၊ အဲဒီဘဝင်စိတ်ဖြစ်ခိုက်၌ ဝိတက်ဝိစာရ ပါဝင်ပေမယ့် ပြောဆိုခြင်းကို မဖြစ်စေတတ်သောကြောင့် ဝစီသင်္ခါရကိုတော့ အဲဒီအခိုက်မှာ ဖြစ်တယ်လို့ မဆိုရသေးဘူး အဲဒီကနောက်မှ ဝစီသင်္ခါရလဲဖြစ်တယ်လို့ ဖြေကြားတယ်၊ (ဘဝင်စိတ်ခဏ၌ ဝစီသင်္ခါရဖြစ်တယ်လို့ မဆိုရသလိုပင် နိရောဓသမာပတ်ဝင်စားရန် ဝိပဿနာရှုခိုက်၌လဲ ပြောဆိုမှုကို မပြု သောကြောင့် ဝစီသင်္ခါရချုပ်တယ်လို့ ဖြေဆိုကြောင်းယူရင် ရှေးနှား ပိုင်းကအဖြေလဲ သင့်ဖွယ်ရှိပါတယ်။) အဲဒီကနောက် ဝိသာခသူ ဌေးကြီးက ဖဿဖြစ်ပုံကိုလဲ ဒီလိုမေးပါတယ်။

သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌိတံ

ပနာယျေ ဘိက္ခုံ ကတိ ဖဿာ ဖုသန္တိ။

နိရောဓသမာပတ်မှထခါစ၌ ဖဿဘယ်နှစ်ပါးဖြစ်ပါသလဲလို့ မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

http://www.dhammadownload.com



သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌိတံ ခေါ အာဝုသော ဝိသာခ ဘိက္ခုံ တယော ဖဿာ ဖုသန္တိ သုညတော ဖဿော အနိမိတ္တော ဖဿော အပ္ပဏိဟိတော ဖဿော။

နိရောဓသမာပတ်မှထတဲ့အခါ ဖလသမာပတ်ကစပြီး ဖြစ်ကြောင်း ခုတင်ကပြောခဲ့ပြီ၊ အဲဒီဖလသမာပတ်ဟာ ရာဂစသည်မှကင်းဆိတ်သောကြောင့် သုညတလဲမည်တယ်၊ ရာဂနိမိတ်စသည်ကင်းသောကြောင့် အနိမိတ္တလဲမည်တယ်၊ ရာဂစသည်ဖြင့် တောင်းတခြင်းကင်းသောကြောင့် အပ္ပဏိဟိတလဲမည်တယ်၊ ဒါကြောင့် အဲဒီသမာပတ်ထဲမှာပါဝင်တဲ့ဖဿဟာလဲ သုညတ, အနိမိတ္တ, အပ္ပဏိဟိတမည်တယ်၊ သုညတ အနိမိတ္တ အပ္ပဏိဟိတမည်သောနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သောကြောင့်လဲ သုညတစသည်မည်တယ်၊ အဲဒီ သုညတဖဿ, အနိမိတ္တဖဿ, အပ္ပဏိဟိတဖဿ သုံးပါးကစပြီး ဖြစ်တယ်လို့ဖြေကြားတာပါပဲ၊ နားလည်လွယ်အောင်ပြောရမယ်ဆိုရင်တော့ နိရောဓသမာပတ်မှထတဲ့အခါ ကိလေသာသခါရကင်းဆိတ်တဲ့ သုညတနိဗ္ဗာန်ကို အာရုံပြုပြီး တွေ့ထိရတယ်၊ နိမိတ်ပုံသဏ္ဌာန် ကင်းဆိတ်တဲ့ အနိမိတ္တနိဗ္ဗာန်ကို အာရုံပြုပြီး တွေ့ထိရတယ်၊ တောင့်တခြင်းကင်းတဲ့ အပ္ပဏိဟိတနိဗ္ဗာန်ကိုအာရုံပြုပြီး တွေ့ထိရတယ်လို့ မှတ်

http://www.dhammadownload.com



သိရုံပါပဲ၊ အဲဒီကနောက် စိတ်ညွှတ်ကိုင်းပုံကိုလဲ ဒီလိုမေးပါတယ်။

သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌိတဿ ပနာယေ ဘိက္ခုနော ကိံ နိန္နံ စိတ္တံ ဟောတိ ကိံ ပေါဏံ ကိံ ပဗ္ဘာရံ။

နိရောဓသမာပတ်မှထခါစ၌ စိတ်ဟာ ဘယ်ကိုကိုင်းညွှတ်နေပါသလဲလို့ မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်၊

သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌိတဿ ခေါ အာဝုသော ဝိသာခ ဘိက္ခုနော ဝိဝေကနိန္နံ စိတ္တံ ဟောတိ၊ ဝိဝေက ပေါဏံ ဝိဝေကပဗ္ဘာရံ။

နိရောဓသမာပတ်မှ ထခါစပုဂ္ဂိုလ်မှာ ဖြစ်ပျက်ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းကင်းဆိတ်တဲ့နိဗ္ဗာန်ကို ပြန်လည်ဆင်ခြင်ပြီး အဲဒီနိဗ္ဗာန်ဆီကို ညွှတ်လျက် ကိုင်းလျက် ရှိုင်းလျက်ရှိနေပါတယ်တဲ့၊ အေးမြတဲ့နေရာမှ နေပူထဲရောက်သွားရင် အေးမြတဲ့နေရာဆီကို စိတ်ကညွှတ်ကိုင်းပြီး အလေးပြုနေသလိုပင်၊ တစ်နည်းအားဖြင့် အသံတိတ်ဆိတ်တဲ့နေရာမှ ဆူညံတဲ့နေရာရောက်သွားရင် အသံတိတ်ဆိတ်တဲ့နေရာကို စိတ်က ညွှတ်ကိုင်းပြီး အလေးပြုနေသလိုပင်၊ သင်္ခါရဆင်းရဲတွေ ငြိမ်းရာ နိရောဓသမာပတ်မှထလာပြီး မြင်မှုကြားမှုစသော ဖြစ်ပျက်ဆင်းရဲ တွေကို တွေ့နေရတဲ့အခါမှာ သင်္ခါရဆင်းရဲတွေ ကင်းဆိတ်တဲ့ နိဗ္ဗာန်ဆီ

http://www.dhammadownload.com



ကိုညွှတ်ကိုင်းပြီး အလေးအမြတ်ပြုနေပါတယ်တဲ့၊ ဒါကြောင့် ဖလသမာပတ် နိရောဓသမာပတ်များမှ ထလာတဲ့ ရဟန္တာအရှင်မြတ်များက သခါရခဝင်းရဲငြိမ်းတဲ့နိဗ္ဗာန်ကို ဒီလိုရွတ်ဆိုပြီး ချီးကျူးတော်မူကြပါတယ်။

သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။

အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။

ယတ္ထ - အကြင်နိဗ္ဗာန်အရပ်၌၊ ဒုက္ခံ-ဆင်းရဲဟူမျှသည်၊ နိရုဇ္ဈတိ- ချုပ်ငြိမ်းလျက်ရှိ၏၊ အသောကံ-စိုးရိမ်ဖွယ်မရှိ၍ စိုးရိမ်ခြင်းလဲကင်း၏၊ ဝိရဇံ - ကိလေသာဟူသော မြူအညစ်အကြေးလဲမရှိ၊ ခေမံ - ဘေးရန်ခပ်သိမ်းငြိမ်းရာလဲဖြစ်၏၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ- မြတ်စွာဘုရားဟောကြားထားသော၊ တံ နိဗ္ဗာနံ-ထိုနိဗ္ဗာန်အရပ်သည်၊ သုသုခံဝတ- ဧကန် အလွန်ပင်အေးချမ်းသက်သာ ချမ်းသာပါပေစွတကားတဲ့။

မေ့ဒိန္နာထေရီက ဒီနိရောဓသမာပတ်အမေးပြဿနာကို ဖြေစဉ်တုန်းက ရဟန်းပြုပြီးလို့ သိပ်ကြာပုံမရသေးပါဘူး၊ တစ်လလောက်တောင်ကြာပုံမရသေးပါဘူး၊ ဒါပေမယ့် ဝိသာခသူဌေးကြီး မေးသမျှကို ကိုယ်တွေ့ဖြင့် ကျကျနနဖြေကြားနိုင်ပါပေတယ်၊ အဲဒီ နိရောဓသမာပတ်ဝင်စားပုံ၊ အဲဒီသမာပတ်၌ တည်နေပုံ၊ အဲဒီသမာပတ်မှထပုံ

http://www.dhammadownload.com



တွေကို ဖြေရှင်းပြထားတာကို တွေ့ရကြားရသိရသောအားဖြင့် ဗုဒ္ဓသာသနာတော်ကို ယုံကြည်မှု ကြည်ညိုမှုသဒ္ဓါတရားဟာ အလွန်မြင့်တိုးပွားဖွယ်ရှိပါတယ်၊ ဘုရားအခုံအမကို ကိုယ်တိုင်ကျင့်ရင် ဒီနိရောဓသမာပတ်ဝင်စားနိုင်သည့်အထိ ကိုယ်တိုင်တွေ့မြင်နိုင်တယ်၊ ကိုယ်တိုင်တွေ့သိထားလို့ ဓမ္မဒိန္နာထေရီက ဒီလိုကျကျနန ဖြေရှင်းပြနိုင်တာပဲလို့ နှလုံးသွင်းပြီး ဗုဒ္ဓသာသနာတော်၌ ယုံကြည်မှု ကြည်ညိုမှုသဒ္ဓါတရားလဲဖြစ်စရာကောင်းလှပါပေတယ်၊ ယခု တရားနာနေကြတဲ့ပုဂ္ဂိုလ်တွေမှာလဲ သဒ္ဓါတရားတိုးပွားပြီး ကြိုးစားကျင့်သုံး အားထုတ်နိုင်ကြပါစေလို့ ဘုန်းကြီးက ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဝိသာခသူဌေးကြီးက အဲဒီနိရောဓသမာပတ်ဆိုင်ရာမေးခွန်းအဖြေများကို နာကြားအားရ သဘောကျပြီးတော့ ဝေဒနာဆိုင်ရာကို ဆက်လက်ပြီးမေးပြန်ပါတယ်။

ဝေဒနာ အမေးအဖြေ

ကတိ ပနာယျေ ဝေဒနာ။

ခံစားမှုဝေဒနာက ဘယ်နှစ်ပါးရှိပါသလဲတဲ့။

တိဿော ခေါ ဣမာ အာဝုသော ဝိသာခ ဝေဒနာ

သုခါဝေဒနာ ဒုက္ခာဝေဒနာ အဒုက္ခမသုခါဝေဒနာ။

http://www.dhammadownload.com



သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ ဝေဒနာသုံးပါး ရှိကြောင်း မြတ်ဗုဒ္ဓထေရီက ဖြေကြားပါတယ်။

ကတမာ ပနာယျေ သုခါဝေဒနာ- စသည်ဖြင့် သုခဝေဒနာ က ဘယ်ဟာလဲ၊ ဒုက္ခဝေဒနာက ဘယ်ဟာလဲ၊ ဥပေက္ခာဝေဒနာက ဘယ်ဟာလဲလို့ ဝိသာခသူဌေးကြီးကမေးတယ်။

> ယံ ခေါ အာဝုသော ဝိသာခ ကာယိကံ ဝါ စေတသိကံ ဝါ သုခံ သာတံ ဝေဒယိတံ၊ အယံ သုခါ ဝေဒနာ။ ယံခေါ အာဝုသော ဝိသာခ ကာယိကံ ဝါ စေတသိကံ ဝါ ဒုက္ခံ အသာတံ ဝေဒယိတံ၊ အယံ ဒုက္ခာ ဝေဒနာ။ ယံ ခေါ အာဝုသော ဝိသာခ ကာယိကံ ဝါ စေတသိကံ ဝါ နေဝသာတံ နာသာတံ ဝေဒယိတံ၊ အယံ အဒုက္ခမသုခါဝေဒနာ။

ကိုယ်ထဲကဖြစ်စေ, စိတ်ထဲကဖြစ်စေ ချမ်းသာတဲ့ကောင်းတဲ့ သာယာဖွယ်ခံစားမှုဟာသုခဝေဒနာပဲ၊ ဆင်းရဲတဲ့မကောင်းဆိုးဝါးတဲ့ မသာယာဖွယ် မလိုချင်ဖွယ် ခံစားမှုဟာ ဒုက္ခဝေဒနာပဲ၊ သာယာဖွယ် လဲမဟုတ် မသာယာဖွယ်လဲမဟုတ်တဲ့ မဆိုးမကောင်း အလယ်အလတ် ခံစားမှုဟာ (အဒုက္ခမသုခခေါ်တဲ့) ဥပေက္ခာဝေဒနာပဲလို့ မြတ်ဗုဒ္ဓထေရီ က ဖြေကြားပါတယ်။

http://www.dhammadownload.com



ဒီလိုဝေဒနာသုံးပါး အကြောင်းကတော့ ယခုရှုမှတ်နေတဲ့ ယောဂီတွေမှာ ကိုယ်တိုင်တွေ့သိပြီး ဖြစ်နေလို့ထင်ရှားနေပါပြီ ကိုယ်ထဲကညောင်းတာ, ပူတာ, နာကျင်တာ, ယားတာ, ကိုက်ခဲတာ, အခံခက်တာဟာ ကိုယ်ဆင်းရဲတွေ ဒုက္ခဝေဒနာတွေပဲ၊ တရားအားထုတ်ခါစမှာဆိုရင် အဲဒီကိုယ်ဆင်းရဲဒုက္ခဝေဒနာတွေကို ရှုမှတ်ရတာက များတတ်တယ်၊ အတွေ့အထိကောင်းနဲ့ တွေ့ထိရလို့ကောင်းတာက ကိုယ်ချမ်းသာခိုတဲ့ သုခဝေဒနာပဲ၊ ပူအိုက်နေတဲ့အခါ လေအေးရေအေး ကလေးများနဲ့ တွေ့ထိရရင် ကောင်းတယ်၊ အလွန်အေးနေတဲ့အခါ အနွေးကလေးနဲ့ တွေ့ထိရရင်ကောင်းတယ်၊ နူးညံ့တဲ့အဝတ်အထည် စည်နှင့်တွေ့ထိရရင် ကောင်းတယ်၊ အဲဒီလို အတွေ့ကောင်းတွေနဲ့ တွေ့ထိရလို့ ကိုယ်ထဲမှာ ကောင်းတာဟာ ကိုယ်ချမ်းသာခေါ်တဲ့သုခဝေဒနာပဲ၊ စိတ်ထဲမှာ အာရုံကောင်းတွေကိုစဉ်းစားဆင်ခြင်ပြီး ဝမ်းသာတာက စိတ်ချမ်းသာခေါ်တဲ့သုခဝေဒနာပဲ၊ စိတ်ညစ်တယ်, ဝမ်းနည်းတယ်, စိတ်ပူတယ်, စိုးရိမ်တယ်, စသည့်ဖြင့်ပြောရတဲ့ စိတ်ဆင်းရဲတွေက စိတ်ထဲမှာဖြစ်တဲ့ ဒုက္ခဝေဒနာတွေပဲ၊ အဲဒီလို စိတ်ထဲကိုယ်ထဲမှာ အကောင်းအဆိုးမထင်ရှားဘဲ နေသာထိုင်သာရုံမျှ ဖြစ်နေတာက အလယ်အလတ်ခံစားမှုခိုတဲ့ ဥပေက္ခာဝေဒနာတွေပဲ၊ စိတ်ထဲ ကိုယ်ထဲမှာ အဲဒီဥပေက္ခာဝေဒနာက အဖြစ်များပါတယ်၊ ဒါပေမယ့် အဲဒီဥပေက္ခာက

http://www.dhammadownload.com



ခံစားရတဲ့အနေနဲ့ သိပ်မထင်ရှားဘူး။ သိမ်မွေ့တယ်၊ အသိခက်တယ်၊ ဒါပေမယ့် အကောင်းအဆိုးခံစားမှုတွေကို စူးစိုက်ပြီး ရှုမှတ်နေရင်း ကောင်းတဲ့အနေ ဆိုးတဲ့နေအားဖြင့် မထင်ရှားတဲ့အခါ အဲဒီဥပက္ခာဝေဒနာဖြစ်နေတာပဲ၊ ရှုမှတ်နေတဲ့စိတ်မှာလဲ အမှတ်ကောင်း အသိကောင်းနေတဲ့အခါ ရွှင်လန်းတက်ကြွလျက် ဖြစ်နေတယ်၊ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ်ဖြစ်ခါစ အနုပိုင်း၌ အဲဒီရွှင်လန်းတက်ကြွမှုအလွန်အကဲဖြစ်နေတယ်၊ အဲဒါဟာ စိတ်ချမ်းသာမှု သုခဝေဒနာပဲ၊ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းနှင့် ဘင်္ဂဉာဏ် သင်္ခါရုပေက္ခာဉာဏ်စသည်တို့ဖြစ်ဆဲမှာ အများအားဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဆိုးမကောင်း အလယ်အလတ်ခံစားမှု ဥပက္ခာဝေဒနာနှင့်တကွ ရှုသိမှုဖြစ်နေတတ်တယ်၊ ဒါလောက်ဆိုရင် ဝေဒနာသုံးပါးအကြောင်း ကောင်းကောင်းနားလည်လောက်ပါပြီ။

> သုခါ ပနာယျေ ဝေဒနာ ကိံသုခါ ကိံဒုက္ခာ၊ ဒုက္ခာ ဝေဒနာ ကိံသုခါ ကိံဒုက္ခာ၊ အဒုက္ခမသုခါဝေဒနာ ကိံသုခါ ကိံဒုက္ခာ-

သုခဝေဒနာမှာ ဘယ်လိုချမ်းသာရှိသလဲ၊ ဘယ်လိုဆင်းရဲရှိသလဲ၊ ဒုက္ခဝေဒနာမှာ ဘယ်လိုချမ်းသာရှိသလဲ၊ ဘယ်လိုဆင်းရဲရှိသလဲ၊ ဥပေက္ခာဝေဒနာမှာ ဘယ်လိုချမ်းသာရှိသလဲ၊ ဘယ်လိုဆင်းရဲရှိသလဲ-

http://www.dhammadownload.com



လို့ ဝိသာခသူဌေးကြီးက မေးပါတယ်။

သုခါ ခေါ် အာဝုသော ဝိသာခ ဝေဒနာ ဌိတိသုခါ
ဝိပရိဏာမဒုက္ခာ၊ ဒုက္ခာဝေဒနာ ဌိတိဒုက္ခာ ဝိပရိဏာမသုခါ၊
အဒုက္ခမသုခါဝေဒနာ ဉာဏသုခါ အညာဏဒုက္ခာ။

အာဝုသောဝိသာခ-ဒါယကာဝိသာခ၊ သုခါဝေဒနာ-သုခ ဝေဒနာသည်၊ ဌိတိသုခါ - တည်ရှိနေခြင်းလျှင်ချမ်းသာရှိ၏၊ ဝါ-တည်ရှိနေခိုက်၌ ချမ်းသာပါသည်၊ ဝိပရိဏာမဒုက္ခာ-ဖောက်ပြန်ကွယ်ပျောက်သွားခြင်းလျှင်ဆင်းရဲရှိ၏၊ ဝါ-ကွယ်ပျောက်သွားသောအခါ ဆင်းရဲပါသည်။

သုခဝေဒနာဟာ သူ့ရှိနေတုန်းချမ်းသာတယ်၊ သူမရှိရင် ဆင်းရဲတယ်တဲ့၊ ကိုယ်ထဲက အတွေ့ကောင်းနဲ့တွေ့ထိပြီး ချမ်းသာနေတဲ့ ကိုယ်ချမ်းသာဖြစ်စေ၊ စိတ်ထဲမှာ ဝမ်းသာစရာကိုအကြောင်းပြုပြီး ရွှင်လန်းချမ်းသာနေတဲ့ စိတ်ချမ်းသာဖြစ်စေ အဲဒီချမ်းသာသုခရှိနေတုန်း ချမ်းသာတာ ကောင်းတာပဲ၊ အာရုံကောင်းတွေမရှိလို့ အဲဒီကိုယ်ချမ်းသာ စိတ်ချမ်းသာတွေ ကွယ်ပျောက်သွားပြီး မရှိတော့ဘူးဆိုရင် အနေအထိုင် ခက်ပြီး ဆင်းရဲတတ်တာပဲ၊ ဥပမာအားဖြင့် ချစ်ခင်ရင်နှီးတဲ့ အပေါင်းအဖော်နဲ့ အတူနေရရင် ချမ်းသာတယ်၊ အဲဒီအတူနေ အဖော်က

http://www.dhammadownload.com



တခြားကိုရောက်သွားလို့ဖြစ်စေ၊ မသင့်မတင့်ဖြစ်ပြီး ကွဲပြားသွားလို့ဖြစ်စေ၊ သေသွားလို့ဖြစ်စေ အတူမနေရတော့ဘူးဆိုရင် မနေတတ် မထိုင်တတ်ဖြစ်ပြီး ဆင်းရဲတတ်တာပဲ၊ အထူးအားဖြင့် အိမ်ထောင်ဖက်ဇနီးမောင်နှံဟာ အတူနေနေရစဉ်မှာ ချမ်းသာနေတယ်၊ မသင့်မတင့်ဖြစ်ပြီးကွဲသွားလျှင်ဖြစ်စေ, သေသွားလျှင်ဖြစ်စေ အင်မတန်ဆင်းရဲတတ်ပါတယ်၊ ထို့အတူပင် ပစ္စည်းဥစ္စာတွေ ပြည့်စုံနေရင် ချမ်းသာတယ်၊ ပစ္စည်းဥစ္စာတွေ ပျက်စီးဆုံးရှုံးသွားရင်တော့ အကြီးအကျယ်ဆင်းရဲရတော့တာပဲ။

အဲဒါမျိုးတွေလိုပါပဲ အမြင်ကောင်း အကြားကောင်းစသည်ကို မြင်နေရ ကြားနေရ နံနေရ စားနေရ ထိတွေ့နေရ ကြံတွေ့နေရလျှင် ချမ်းသာနေတယ်၊ အဲဒီအမြင်ကောင်းစသည်တွေမရှိလို့ ကိုယ်စိတ်ချမ်းသာတွေမရှိတော့ဘဲ ဖြစ်သွားရင် မနေတတ်မထိုင်တတ်ဖြစ်ပြီး အလွန်အမင်းဆင်းရဲတတ်ပါတယ်၊ ဒါကြောင့် သုခဆိုတဲ့ချမ်းသာဟာ ဌိတိသုခ-သူတည်ရှိနေတုန်း ချမ်းသာတယ်၊ ဝိပရိဏာမဒုက္ခ-ပြောင်းလဲကွယ်ပျောက်သွားလို့ သူမရှိရင် ဆင်းရဲတယ်လို့ ဓမ္မဒိန္နာထေရီက ဖြေကြားတာပါပဲ၊ အဲဒီတော့ ကိုယ်စိတ်၏ချမ်းသာမှုဆိုတာ စင်စစ်ချမ်းသာမဟုတ်ဘူး စင်စစ်အားမကိုးရဘူး သူမရှိတဲ့နောက်မှာ သူ့ကိုတောင့်တပြီး မနေသာမထိုင်သာ အကြီးအကျယ် ဆင်းရဲပင်ပန်းရတတ်ပါတယ်၊

http://www.dhammadownload.com



အဲဒါကိုဆိုကြရမယ်၊

သုခဝေဒနာဟာ သူရှိနေတုန်း ချမ်းသာသည်၊

သူမရှိတော့ ဆင်းရဲသည်။

ဒုက္ခာဝေဒနာ-ဒုက္ခဝေဒနာသည်၊ ဌိတိဒုက္ခာ-တည်ရှိနေခြင်းလျှင်ဆင်းရဲရှိ၏၊ ဝါ-တည်ရှိနေခိုက်၌ ဆင်းရဲပါသည်။ ဝိပရိဏာမသုခါ-ဖောက်ပြန်ကွယ်ပျောက်သွားခြင်းလျှင် ချမ်းသာရှိ၏၊ ဝါ-သူကွယ်ပျောက်သွားလျှင် ချမ်းသာပါသည်တဲ့။

ကိုယ်ထဲမှာ အတွေ့အထိဆိုးတွေနဲ့တွေ့ရလို့ ညောင်းခြင်း ပူခြင်း နာကျင်ကိုက်ခဲခြင်း ယားခြင်းစသော ကိုယ်ဆင်းရဲနဲ့စိတ်ပူခြင်း ဝမ်းနည်းခြင်း ပူဆွေးခြင်းစသော စိတ်ဆင်းရဲတွေကတော့ သူတို့ဖြစ်လျက် တည်ရှိနေခိုက်မှာ ဆင်းရဲတယ်၊ သူတို့ပျောက်ကွယ်သွားတဲ့အခါကျတော့ ချမ်းသာတယ်တဲ့၊ ဒါကလဲ ထင်ရှားပါတယ်၊ ညောင်းပူ နာကျင်ကိုက်ခဲနေတုန်း ဆင်းရဲတာပဲ၊ အဲဒါတွေ ပျောက်သွားတော့ ချမ်းသာတာပဲ၊ အဲဒါကိုလဲ ဆိုကြရမယ်။

ဒုက္ခဝေဒနာဟာ သူရှိနေတုန်းဆင်းရဲသည်၊ သူမရှိတော့ ချမ်းသာသည်။

အဒုက္ခမသုခါဝေဒနာ-မဆင်းရဲမချမ်းသာ အလယ်အလတ်

http://www.dhammadownload.com



ဥပေက္ခာဝေဒနာသည်၊ ဉာဏသုခါ-သိခြင်းကြောင့်ချမ်းသာ၏၊ သိလျှင် ချမ်းသာသည်၊ အညာဏဒုက္ခာ-မသိခြင်းကြောင့် ဆင်းရဲ၏၊ ဝါ-မသိလျှင် ဆင်းရဲသည်တဲ့။

ဒီဖြေပြချက်ကို ရှင်းပြဖို့ သိပ်မလွယ်ဘူး အဋ္ဌကထာမှာ ဥပေက္ခာဝေဒနာကို (ဇာနနဘာဝေါ) သိသည်၏အဖြစ်-သိခြင်းက ချမ်းသာသည်၊ (အဇနနဘာဝေါ) မသိခြင်းကဆင်းရဲသည်လို့ ဖွင့်ပြထားတယ်၊ အဲဒီမှာ သိခြင်းမသိခြင်းဆိုတာ ဉာဏ်ဖြင့်သိခြင်း မသိခြင်းကိုဆိုလိုတာလား၊ ရိုးရိုးသိခြင်း မသိခြင်းကိုဆိုလိုတာလားဆိုတာ တိတိကျကျပြောဖို့ခက်တယ်၊ ဋီကာ၌ဖွင့်ပြထားတာကတော့ "ဝိပဿနာဉာဏ်ဖြင့်သိလျှင် ဥဒယဗ္ဗယဉာဏ်စသည်ဖြစ်ပြီး ချမ်းသာကြောင်း၊ မသိလျှင် ဆင်းရဲကြောင်း ဖွင့်ပြထားတယ်၊ တစ်နည်းအားဖြင့် အသိဉာဏ်နှင့်ယှဉ်လျှင် အသိဉာဏ်ကိုမှီပြီးဖြစ်လျှင် ဥပေက္ခာဝေဒနာက ချမ်းသာတယ် လို့ချင်ဖွယ်ဖြစ်တယ်၊ ဉာဏ်နဲ့မယှဉ်ဘဲ မောဟနှင့်ယှဉ်လျှင် မောဟကိုမှီပြီး အကုသိုလ်ဥပေက္ခာဖြစ်လျှင် ဆင်းရဲကြောင်း" ဖွင့်ပြထားပါတယ်၊ အဲဒါကတော့ သာမန်ပုဂ္ဂိုလ်များ သိနားလည်ဖို့ ခက်ပါတယ်။

http://www.dhammadownload.com



ဘုန်းကြီးထင်မြင်သဘောကျတာကတော့ "သုခဝေဒနာဟာ တည်ရှိနေတုန်းချမ်းသာတယ်၊ မရှိတော့ဆင်းရဲတယ်၊ ဒုက္ခဝေဒနာဟာ တည်ရှိနေတုန်း ဆင်းရဲတယ်၊ မရှိတော့ချမ်းသာတယ်" လို့ပြဆိုချက်ဟာ သာမန်လူများလဲ အလွယ်တကူနားလည်သလိုပင် "ဥပေက္ခာဝေဒနာဟာ သိရင်ချမ်းသာတယ်၊ မသိရင် ဆင်းရဲတယ်" ဆိုတာလဲ အများသိလွယ်တဲ့ပြဆိုချက်ပဲလို့ ထင်ပါတယ်၊ ဘယ်လိုလဲဆိုတော့ကာ ဥပေက္ခာဝေဒနာဖြစ်နေဆဲမှာ နေသာထိုင်သာရှိနေပုံကို နှလုံးသွင်းမိလို့သိရင် ချမ်းသာတယ်၊ နှလုံးမသွင်းမိလို့ မသိရင်တော့ မကြာမီအတွင်းမှာပဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေကို တွေ့ရတတ်သောကြောင့် ဆင်းရဲနေတတ်တယ်လို့ ဆိုလိုတယ်၊ အဲဒီလိုသာ ထင်ပါတယ်။

အဲဒါကတော့ လူတိုင်းနားလည်လွယ်ပါတယ်၊ ဋီကာကဖွင့်ပြထားတဲ့အတိုင်း ဝိပဿနာဉာဏ်ဖြင့်သိရင် ချမ်းသာတယ်၊ မသိရင် ဆင်းရဲတယ်ဆိုတာလဲ ဝိပဿနာမရှုဖူးတဲ့သူတွေမှာ သိနားလည်ဖို့ ခက်ပါတယ်၊ ဉာဏ်နဲ့ယှဉ်ရင် ဉာဏ်ကိုမှီပြီးဖြစ်ရင် ချမ်းသာတယ်။ သို့မဟုတ်ရင် ဆင်းရဲတယ်ဆိုတာလဲ သိဖို့ခက်ပါတယ်၊ အဲဒီတော့ "ဥပေက္ခာဝေဒနာဖြစ်ခိုက်၌ နေသာထိုင်သာရှိနေတာကိုသိရင် ချမ်းသာတယ်၊ မသိရင် ဆင်းရဲတယ်" လို့ သိလွယ်တာကိုသာ မှတ်သားကြရုံပါပဲ၊ အဲဒါကိုဆိုကြရမယ်။

http://www.dhammadownload.com



ဥပေက္ခာဝေဒနာဖြစ်ခိုက်၌ နေသာထိုင်သာရှိနေတာကိုသိရင် ချမ်းသာတယ်၊ မသိရင်ဆင်းရဲတယ်။

အဲဒီဝေဒနာသုံးပါးအကြောင်း ဖြေကြားတာကိုနာကြားရပြီးတော့ ဝိသာခသူဌေးကြီးက အဲဒီဝေဒနာသုံးပါး၌ ကိလေသာကိန်းပုံကို ဒီလိုမေးပါတယ်။

## ဝေဒနာသုံးပါး၌ ကိလေသာကိန်းပုံ အမေးအဖြေ

သုခါယ ပနာယျေ ဝေဒနာယ ကိံ အနုသယော အနုသေတိ၊ ဒုက္ခာယ ဝေဒနာယ ကိံ အနုသယော အနုသေတိ၊ အဒုက္ခမသုခါယ ဝေဒနာယ ကိံ အနုသယော အနုသေတိ။

အယျေ-အရှင်မထေရီမ၊ သုခါယဝေဒနာယ-သုခဝေဒနာ၌၊ ကိံအနုသယော-အဘယ်အနုသယကိလေသာသည်၊ အနုသေတိ-ကိန်းပါသနည်း။ဝါ-အကြောင်းညီညွတ်လျှင် ဖြစ်ရန်အခွင့်သင့်ရှိနေပါသနည်း၊ ဒုက္ခာယဝေဒနာယ-ဒုက္ခဝေဒနာ၌၊ ကိံ အနုသယော-အဘယ် အနုသယကိလေသာသည်၊ အနုသေတိ- ကိန်းပါသနည်း၊ အဒုက္ခမသုခါယ ဝေဒနာယ-ဥပေက္ခာဝေဒနာ၌၊ ကိံအနုသယော-အဘယ် အနုသယကိလေသာသည်၊ အနုသေတိ- ကိန်းပါသနည်း။

http://www.dhammadownload.com



သုခဝေဒနာ၌ အဘယ်အနုသယကိန်းပါသလဲ၊ ဒုက္ခဝေဒနာ၌ ဘယ်အနုသယကိန်းပါသလဲ၊ ဥပေက္ခာဝေဒနာ၌ ဘယ်အနုသယကိန်း ပါသလဲလို့မေးပါတယ်၊ ကိန်းဆိုတာ အကြောင်းညီညွတ်တဲ့အခါ ဖြစ်ဖို့ရာ အဆင်သင့်ရှိနေတာကို ဆိုတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလို ဖြေကြားပါတယ်။

သုခါယ ခေါ အာဝုသော ဝိသာခ ဝေဒနာယ ရာဂါနုသယော အနုသေတိ၊ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော အနုသေတိ၊ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ။

အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ သုခါယဝေဒနာယ- သုခဝေဒနာ၌၊ ရာဂါနုသယော-ရာဂါနုသယသည်၊ အနုသေတိ-ကိန်း၏၊ ဒုက္ခာယဝေဒနာယ-ဒုက္ခဝေဒနာ၌၊ ပဋိဃာနုသယော-ပဋိဃာနုသယ သည်၊ အနုသေတိ-ကိန်း၏၊ အဒုက္ခမသုခါယဝေဒနာယ-ဥပေက္ခာ ဝေဒနာ၌၊ အဝိဇ္ဇာနုသယော-အဝိဇ္ဇာနုသယသည်၊ အနုသေတိ- ကိန်း၏ တဲ့။

မြင်လို့ကောင်းတာ ကြားလို့ကောင်းတာ နံလို့ကောင်းတာ စားသိလို့ကောင်းတာ ထိတွေ့လို့ကောင်းတာ ကြံသိလို့ကောင်းတာ

http://www.dhammadownload.com



ရွှန်လန်းဝမ်းသာတာဆိုတဲ့ သုခဝေဒနာကို မရှုမမှတ်နိုင်လို့ အနိစ္စစသည်ဖြင့် အမှန်အတိုင်းမသိရင် အဲဒီသုခဝေဒနာ၌ ရာဂကိန်းတယ်၊ အဲဒီချမ်းသာတာ ကောင်းတာကို ပြန်လည်ဆင်ခြင်ပြီး သာယာနှစ်သက်တပ်မက်လိုချင်မှု ထပ်ကာထပ်ကာ ဖြစ်နိုင်တယ်၊ အဲဒီလိုဖြစ်နိုင်တာကို ရာဂါနုသယကိန်းတယ်လို့ဆိုတာပဲ၊ အဲဒါကိုဆိုကြရမယ်။

ကောင်းစားချမ်းသာမှုသုခ၌ ရာဂါနုသယကိန်းသည်။

ညောင်းပူနာကျင်ကိုက်ခဲမှုစသော ကိုယ်ဆင်းရဲဒုက္ခများရော၊ စိတ်ညစ်မှု ဝမ်းနည်းမှု နှလုံးမသာမှုစသော စိတ်ဆင်းရဲဒုက္ခများရော၊ မြင်လို့မကောင်းတာအစရှိတဲ့ ဆင်းရဲဒုက္ခများရော မရှုမှတ်နိုင်လို့ အနိစ္စစသည်ဖြင့် အမှန်အတိုင်းမသိရင် အဲဒီဒုက္ခဝေဒနာ၌ စိတ်ဆိုးပြစ်မှားတတ်တဲ့ ပဋိဃခေါ်ဒေါသကိန်းတယ်၊ အဲဒီဆင်းရဲတာမကောင်းတာကိုပြန်လည်ဆင်ခြင်ပြီး ပဋိဃခေါ်တဲ့ဒေါသ ထပ်ကာထပ်ကာ ဖြစ်နိုင်တယ်၊ အဲဒီလိုဖြစ်နိုင်တာကို ပဋိဃာနုသယကိန်းတယ်လို့ဆိုတာပဲ၊ အဲဒါကိုဆိုကြရမယ်။

ဆိုးဝါးဆင်းရဲမှုဒုက္ခ၌ ပဋိဃာနုသယကိန်းသည်။

အဲဒီ ရာဂါနုသယနှင့်ပဋိဃာနုသယကိန်းပုံကို ဝိဘင်္ဂပါဠိ (၃၅၃) ၌ အကောင်းအဆိုးအာရုံနှစ်မျိုးဖြင့် ဒီလိုပြထားပါတယ်။

http://www.dhammadownload.com



ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထ သတ္တာနံ ရာဂါနုသယော အနုသေတိ၊ ယံလောကေ အပ္ပိယရူပံ အသာတရူပံ၊ ဧတ္ထ သတ္တာနံ ပဋိဃာနုသယော အနုသေတိ၊ ဣတိ ဣမေသု ဒွီသု ဓမ္မေသု အဝိဇ္ဇာအနုပတိတာ၊ တဒေကဋ္ဌော မာနော စ ဒိဋ္ဌိ စ ဝိစိကိစ္ဆာ စ ဒဋ္ဌဗ္ဗာ။

လောကေ- လောက၌ ယံ ပိယရူပံ သာတရူပံ-အကြင်ချစ်ဖွယ်သော သာယာဖွယ်သောသည်၊ အတ္ထိ-ရှိ၏၊ ဧတ္ထ-ဤချစ်ဖွယ် သာယာဖွယ် အာရုံကောင်း၌၊ ရာဂါနုသယော-ရာဂါနုသယသည်၊ အနုသေတိ- ကိန်း၏၊ လောကေ-လောက၌၊ ယံ အပ္ပိယရူပံ အသာတရူပံ-အကြင်မုန်းဖွယ်သော မသာယာဖွယ်သောသည်၊ အတ္ထိ-ရှိ၏၊ ဧတ္ထ-ဤမုန်းဖွယ် မသာယာဖွယ်အာရုံဆိုး၌၊ ပဋိဃာနုသယော-ပဋိဃာနုသယသည်၊ အနုသေတိ-ကိန်း၏တဲ့။

ချစ်စဖွယ်သာယာဖွယ်အာရုံကောင်း၌ ရာဂကိန်းတယ်၊ အဆင်းကောင်း အသံကောင်းစသော အာရုံကောင်းကို မရှုမမှတ်နိုင်လို့ အနိစ္စစသည်ဖြင့် အမှန်အတိုင်းမသိရင် အဲဒီအာရုံကောင်း၌ ပြန်လည်ဆင်ခြင်ပြီး သာယာနှစ်သက်တက်မက်လိုချင်မှု ထပ်ကာထပ်ကာ ဖြစ်နိုင်တယ်၊ အဲဒီလိုဖြစ်နိုင်တာကို ချစ်ဖွယ် သာယာဖွယ်အာရုံကောင်း၌ ရာဂါနုသယကိန်းတယ်လို့ဆိုတာပဲ၊ အဲဒါလဲဆိုကြရမယ်။

http://www.dhammadownload.com



ချစ်ဖွယ်သာယာဖွယ်အာရုံကောင်း၌ ရာဂါနုသယ ကိန်းသည်။

နောက်ပြီးတော့ မုန်းဖွယ်မသာယာဖွယ်အာရုံဆိုး၌ ပဋိဃခေါ် ဒေါသကိန်းတယ်၊ အဆင်းဆိုး အသံဆိုးစသော အာရုံဆိုးကို မရှုမမှတ်နိုင်လို့အနိစ္စစသည်ဖြင့် အမှန်အတိုင်းမသိရင် အဲဒီအာရုံဆိုး၌ ပြန်လည်ဆင်ခြင်ပြီး ပဋိဃခေါ်တဲ့ဒေါသ ထပ်ကာထပ်ကာ ဖြစ်နိုင်တယ်၊ အဲဒီလိုဖြစ်နိုင်တာကို မုန်းဖွယ်မသာယာဖွယ်အာရုံဆိုး၌ ပဋိဃာနုသယ ကိန်းတယ်လို့ဆိုတာပဲ၊ အဲဒါကိုဆိုကြရမယ်။

မုန်းဖွယ် မသာယာဖွယ် အာရုံဆိုး၌ ပဋိဃာနုသယကိန်းသည်။

သုခဝေဒနာဆိုတာလဲ ချစ်ဖွယ်သာယာဖွယ် အာရုံကောင်းထဲမှာ ပါဝင်ပါတယ်၊ တစ်နည်းအားဖြင့် အာရုံကောင်းကိုမှီ၍ ဖြစ်တယ်၊ ဒါကြောင့် သုခဝေဒနာ၌ ရာဂါနုသယကိန်းတယ်ဆိုတာလဲ အာရုံကောင်း၌ ရာဂါနုသယကိန်းတယ်ဆိုတာနှင့် သဘောတူတာပါပဲ၊ နောက်ပြီးတော့ ဒုက္ခဝေဒနာဆိုတာလဲ အာရုံဆိုးထဲမှာပါဝင်ပါတယ်၊ တစ်နည်းအားဖြင့် အာရုံဆိုးကိုမှီ၍ ဖြစ်ပါတယ်၊ ဒါကြောင့် ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကိန်းတယ်ဆိုတာလဲ အာရုံဆိုး၌ ပဋိဃာနုသယ ကိန်းတယ်ဆိုတာနှင့် သဘောတူပါပဲ။

http://www.dhammadownload.com



မဆင်းရဲမချမ်းသာ ဥပေက္ခာဝေဒနာကို မရှုမမှတ်နိုင်လို့ အနိစ္စစသည်ဖြင့် အမှန်အတိုင်းမသိရင် အဲဒါကို မြဲတဲ့အနေ ချမ်းသာတဲ့ အနေ အတ္တကောင်အနေဖြင့် သိမှားတဲ့အဝိဇ္ဇာဟာ ထပ်ကာ ထပ်ကာ ပြန့်လည်ဆင်ခြင်ပြီး ဖြစ်နိုင်တယ်၊ အဲဒီလိုဖြစ်နိုင်တာကို အဝိဇ္ဇာနုသယ ကိန်းတယ်လို့ ဆိုတာပဲ၊ အဲဒါကိုဆိုကြရမယ်။

မဆင်းရဲမချမ်းသာ ဥပေက္ခာဝေဒနာ အဝိဇ္ဇာနုသယကိန်းသည်။

ဒါကဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကိန်းပုံပဲ၊ ခုတင်ကရှစ်ပြခဲ့တဲ့ ဝိဘင်္ဂပါဠိမှာ ပြထားပုံကတော့-ဣတိ-ဤသို့အားဖြင့်၊ ဣမေသု နိသု ဓမ္မေသု-ပြဆိုခဲ့သော ဤအာရုံတရားနှစ်ပါးတို့၌၊ အဝိဇ္ဇာ-မြဲတဲ့အနေ စသည်ဖြင့်သိမှားသော အဝိဇ္ဇာသည်၊ အနုပတိတာ-ရာဂဒေါသတို့ နှင့်အတူ ကျရောက်ပါဝင်လျက်ဖြစ်၏-တဲ့၊ ရာဂဒေါသဖြစ်တယ်ဆိုတာ အဝိဇ္ဇာက ချစ်ဖွယ်မုန်းဖွယ်အနေဖြင့် အသိမှားပြီးဖြစ်တာပဲ၊ ဒါကြောင့် အဝိဇ္ဇာဟာ ရာဂဒေါသကိန်းရာ အာရုံကောင်းအာရုံဆိုးနှစ်မျိုးလုံး ရာဂဒေါသတို့နှင့်အတူပါဝင်လျက် ကိန်းတယ်လို့ဆိုလိုပါတယ်။

ဒီလိုဆိုတော့ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယ ကိန်းတယ် ခဲ့တဲ့ ဖြေကြားချက်နဲ့ မညီသလိုဖြစ်ပါတယ်၊ ဒါပေမယ့် ညီအောင်

http://www.dhammadownload.com



ယူဖို့လိုပါတယ်၊ ဘယ်လိုယူရမလဲဆိုရင် ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယကိန်းတယ်ဆိုတာက ကိလေသာသုံးပါး သီးသန့်ကိန်းပုံကိုပြတာပါ၊ သုခဝေဒနာ၌ ပဓာနဖြစ်တဲ့ရာဂကိန်းရာမှာလဲ အဝိဇ္ဇာပါတယ်။ ဒုက္ခဝေဒနာ၌ ပဓာနဖြစ်တဲ့ပဋိဃကိန်းရာမှာလဲ အဝိဇ္ဇာပါတယ်လို့ပဲ ယူသင့်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ လောဘဒေါသဖြစ်တိုင်းဖြစ်တိုင်း မောဟနှင့်ယှဉ်တွဲပြီးဖြစ်တာချည်းပဲ၊ ဒါကြောင့်ပါပဲ။

ယခု ထုတ်ပြတဲ့ ဝိဘင်္ဂပါဠိမှာတော့ ဥပေက္ခာနှင့်ဆိုင်တဲ့ အလယ်အလတ်အာရုံကို မထုတ်ပြဘဲ အကောင်းအဆိုးအာရုံ နှစ်မျိုးကိုသာ ထုတ်ပြထားပေမယ်လို့ အညံ့စားအာရုံကောင်းနဲ့ အညံ့စားအာရုံဆိုးဟာ ဥပေက္ခာနှင့်ဆိုင်တဲ့ အလယ်အလတ်စားအာရုံပင် ဖြစ်သင့်တယ်လို့ ယူနိုင်ပါတယ်။

ဘာကြောင့်လဲဆိုရင် အာရုံက တကယ်မကောင်း, တကယ်မဆိုးပေမယ့် အဲဒါကို တကယ့်အာရုံကောင်း, တကယ့်အာရုံဆိုးအနေဖြင့် သိမှားတဲ့အဝိဇ္ဇာကိုမှီပြီး ရာဂ,ဒေါသ ဖြစ်နိုင်သောကြောင့်ပါပဲ၊ ဒါပေမယ့် တစ်ချို့ပုဂ္ဂိုလ်မှာတော့ အဲဒီလို မကောင်းလှ မဆိုးလှတဲ့အာရုံ၌ ဥပေက္ခာဝေဒနာနှင့်ယှဉ်တဲ့လောဘစိတ် မောဟစိတ်စသည်ဖြစ်နိုင်ပါတယ်၊ အဲဒီလိုဖြစ်တဲ့ဥပေက္ခာ၌ အဝိဇ္ဇာနုသယကိန်းတယ်လို့ယူရင် ဤသုတ်ပါဠိနှင့်ဝိဘင်္ဂပါဠိဟာ မကွဲပြားဘူးလို့ ဆိုနိုင်ပါတယ်။

http://www.dhammadownload.com



အဲဒီကနောက် ဝိဘင်္ဂပါဠိမှာ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ အနုသယသုံးပါးလဲ အဝိဇ္ဇနှင့်အတူတကွပါဝင်၍ ကိန်းကြောင်းကိုလဲ ဒီလိုဆက်ပြီးပြဆိုထားပါတယ်။

မာနောစ-မာနာနုသယကိုလည်း၊ တဒေကဋ္ဌော- ထိုအဝိဇ္ဇာနှင့်တည်ရာတူသည်ဟူ၍ ဒဋ္ဌဗ္ဗော-မှတ်အပ်၏၊ ဒိဋ္ဌိစ-ဒိဋ္ဌိကိုလည်းကောင်း၊ ဝိစိကိစ္ဆာစ-ဝိစိကိစ္ဆာကိုလည်းကောင်း၊ တဒေကဋ္ဌာ- ထိုအဝိဇ္ဇာနှင့်တည်ရာတူသည်ဟူ၍ ဒဋ္ဌဗ္ဗာ-မှတ်အပ်ကုန်၏တဲ့၊ ဒီစကားဖြင့် မာနဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ အနုသယကိလေသာသုံးပါးကိုလဲ အဝိဇ္ဇာကိန်းတဲ့အာရုံမှာ အတူတကွကိန်းတယ်၊ အတူတကွဖြစ်နိုင်တယ်လို့ သိစေတာပါပဲ။

မြင်ဆဲ ကြားဆဲစသည်၌ ထင်ရှားပေါ်လာတဲ့အာရုံကို မရှုမမှတ်နိုင်လို့ အနိစ္စစသည်ဖြင့်အမှန်အတိုင်းမသိရင် အဲဒီအာရုံကို မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင်းအနေဖြင့် အလွဲအမှားကို အဝိဇ္ဇာကသိသိသွားတယ်၊ အဲဒီလို သိမှားတဲ့အာရုံ၌ မာနလဲဖြစ်နိုင်တယ်၊ ဒိဋ္ဌိလဲဖြစ်နိုင်တယ်၊ ဝိစိကိစ္ဆာလဲဖြစ်နိုင်တယ်လို့ ဆိုလိုတာပါပဲ။

http://www.dhammadownload.com



## အနုသယ ၂-မျိုးနှင့် ပယ်ပုံရှင်းပြချက်

ဒီနေရာမှာ အနုသယ ၂-မျိုးနှင့်ပယ်ပုံကို အများနားလည်အောင် ရှင်းပြပါဦးမည်၊ အနုသယဆိုတာ အာရမ္မဏာနုသယနှင့် သန္တာနာနုသယလို့ ၂-မျိုးရှိတယ်၊ အာရမ္မဏာနုသယဆိုတာ ဒွါရ ၆-ပါးကထင်ရှားပေါ်လာတဲ့ ရုပ်နာမ်အာရုံကို မရှုမမှတ်နိုင်လို့ အဖြစ်အပျက် အနိစ္စဒုက္ခအနတ္တအခြင်းအရာဖြင့် မှန်စွာမသိလျှင် အဲဒီ မသိရသမျှအာရုံ၌ ကာမရာဂါနုသယ ဘဝရာဂါနုသယဆိုတဲ့ ရာဂအနုသယ ၂-ပါးလဲ အကြောင်းညီညွတ်တဲ့အခါ ပြန်လည်ဆင်ခြင်ပြီးဖြစ်နိုင်တယ်၊ အဲဒါကို ကိန်းတယ်လို့ ဆိုရတယ်။

နောက်ပြီးတော့ အဲဒီအမှန်အတိုင်း မသိရတဲ့အာရုံမှာ မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင်အနေဖြင့်သိမှားတဲ့ အဝိဇ္ဇာနုသယလဲဖြစ်နိုင်တယ်၊ အဲဒီအဝိဇ္ဇာဖြင့် မှားယွင်းစွာသိထားတဲ့အာရုံမှာ ပဋိဃာနုသယ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယဆိုတာတွေလဲ ဖြစ်နိုင်တယ်၊ အဲဒီလိုဖြစ်နိုင်တာကို ကိန်းတယ်လို့ဆိုရတာပဲ၊ အဲဒါဟာ အမှန်အတိုင်းမသိရတဲ့အာရုံမှာ ဖြစ်နိုင်တဲ့ ဖြစ်ခွင့်ရှိတဲ့ ကိလေသာဖြစ်သောကြောင့် အာရမ္မဏာနုသယလို့ ဆိုရတယ်၊ အဲဒီအာရမ္မဏာနုသယကို ဝိပဿနာရှုပြီး ဝိပဿနာဉာဏ်ဖြင့် ပယ်နိုင်တယ်၊ အဲဒီလိုပယ်နိုင်အောင်လို့ ဝိပဿနာရှုနေကြရတာပဲ။

http://www.dhammadownload.com



သန္တာနာနုသယဆိုတာကတော့ အရိယာမဂ်ဖြင့် မပယ်ရသေးလို့ဖြစ်နိုင်ခွင့်ရှိနေတဲ့ ရာဂ ဒေါသ,မောဟ,မာန,ဒိဋ္ဌိ. ဝိစိကိစ္ဆာဆိုတဲ့ ကိလေသာ ၆-ပါးပါပဲ၊ ရာဂဆိုတာက ကာမရာဂါနုသယ ဘဝရာဂါနုသယလို့ ၂-ပါး ရှိတယ်၊ ဒါကြောင့် အနုသယ (၇) ပါးလို့ဆိုရတာပဲ၊ ပုထုဇဉ်မှာဆိုရင် အရိယာမဂ်ဖြင့် မပယ်ရသေးလို့ အဲဒီအနုသယ (၇) ပါးလုံး အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်တာချည်းပဲ၊ ဒါကြောင့် ပုထုဇဉ်သန္တာန်မှာ အဲဒီအနုသယ(၇)ပါးလုံး ကိန်းနေတယ်လို့ဆိုရတယ်၊ သောတာပန်မှာတော့ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်က ပယ်ပြီးဖြစ်သောကြောင့် ကျန်တဲ့(၅)ပါးသာ ကိန်းနေတယ်လို့ ဆိုရတယ်၊ သကဒါဂါမိမဂ်က ကာမရာဂနဲ့ဗျာပါဒအကြမ်းစားလောက်သာ ပယ်နိုင်တယ်၊ အနုစားကတော့ ရှိမြဲရှိနေသေးတာပဲ၊ ဒါကြောင့် သကဒါဂါမိပုဂ္ဂိုလ်၏သန္တာန်မှာလဲ အနုသယ(၅)ပါးပင် ကိန်းနေတယ်လို့ဆိုရတယ်၊ အနာဂါမ်မှာတော့ ကာမရာဂနဲ့ဗျာပါဒကို အနာဂါမိမဂ်ကပယ်ပြီးဖြစ်သောကြောင့် ဘဝရာဂ, မာန, အဝိဇ္ဇာ,ဆိုတဲ့ ဒီအနုသယ(၃) ပါးသာ ကိန်းနေတယ်လို့ဆိုရတယ်၊ ရဟန္တာမှာတော့ အနုသယကိလေသာအားလုံးကို ပယ်ပြီးဖြစ်နေပြီ အခြားကိလေသာတွေလဲ ပယ်ပြီးဖြစ်နေပြီ ဒါကြောင့် ရဟန္တာသန္တာန်မှာတော့ ဘာကိလေသာမျှ မရှိတော့ဘူး ကိလေသာအားလုံး ကင်းငြိမ်းနေပြီ၊

http://www.dhammadownload.com



ယခုပြောခဲ့တဲ့အတိုင်း အရိယမဂ်ဖြင့် ·မပယ်ရသေးသော ကြောင့် ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ဖြစ်နိုင်သော ကာမရာဂ စသည်ကို သန္တာနာနုသယဟု ခေါ်ရတာပဲ၊ အဲဒါကို ဆိုကြရမယ်။

အရိယမဂ်ဖြင့် မပယ်ရသေးသောကြောင့် ပုထုဇဉ် ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်နိုင်သော ကာမရာဂ စသည်ကို သန္တာနာနုသယခေါ်သည်။

အဲဒီမှာ သေက္ခပုဂ္ဂိုလ်ဆိုတာ ကျင့်နေဆဲအရိယာပုဂ္ဂိုလ် (၇) ပါးပါပဲ၊ ဒါပေမယ့် မဂ်ပုဂ္ဂိုလ်တို့သန္တာန်မှာတော့ မဂ်စိတ်တစ်ကြိမ်တည်း ဖြစ်ခိုက်မို့ ဘာကိလေသာမျှ ဖြစ်နိုင်ခွင့်မရှိပါဘူး၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဆိုတဲ့ အောက်ဖိုလ်တန်သုံးပါးတို့သန္တာန်၌သာ သူတို့ဆိုင် ရာ အနုသယကိလေသာ ၅-ပါး ၃-ပါးတို့ ဖြစ်နိုင်ခွင့်ရှိပါတယ်၊ ဒါကြောင့် သေက္ခပုဂ္ဂိုလ်အရ အဲဒီအောက်ဖိုလ်တန်သုံးပါးကိုသာ ယူဖို့ပါပဲ။

အာရမ္မဏာနုသယဆိုတာကတော့ အဲဒီသန္တာနာနုသယ ထဲက မရှုမိတဲ့အာရုံမှာဖြစ်နိုင်တဲ့ အနုသယ(၇)ပါး၊ (၅) ပါး၊ (၃)ပါး ဆိုတဲ့ ကိလေသာတွေပါပဲ၊ မြင်စဉ်, ကြားစဉ်, တွေ့သိစဉ်က ကိလေသာ မဖြစ်ခဲ့သေးပေမယ့် မရှုမမှတ်မိ၍ အနိစ္စစသည်ဖြင့် အမှန်အတိုင်း မသိရသေးတဲ့အာရုံ၌ အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်တဲ့ကိလေ

http://www.dhammadownload.com



သာကို အာရမ္မဏာနုသယလို့ ဆိုရတာပဲ၊ အဲဒါကို ဆိုကြရမယ်။

မြင်ဆဲစသည့်၌ မရှုမိ၍ အမှန်အတိုင်း မသိရသော အာရုံ၌ ဖြစ်နိုင်သောကိလေသာကို အာရမ္မဏာနုသယ ခေါ်သည်။

ဒါနဲ့စပ်ပြီး မှတ်သားဖွယ်ကောင်းတဲ့ သီဟိုဠ်က ဝတ္ထုတစ်ခုကို ထုတ်ပြရဦးမယ်၊ ရဟန်းငယ်တစ်ပါးဟာ ကာလဒီဃဝါပီတံခါးကျောင်းကို သွားပြီး စာသင်ဖို့လျှောက်တယ်၊ အဲဒီကဆရာတော်က အဘိညာဉ် ရဟန်းတူပါတယ်၊ အဲဒီရဟန်းငယ်အကြောင်းကို ဆင်ခြင်ကြည့်တဲ့အခါ ဘေးရန်အန္တရာယ်ဖြစ်မှာကိုမြင်တဲ့အတွက် ရွာထဲဆွမ်းခံမသွားရင် လက်ခံမယ်လို့ပြောတယ်၊ ရဟန်းငယ်က မသွားပါဘူးလို့ ဝန်ခံပြီး အဲဒီကျောင်း၌စာသင်နေတယ်၊ စာသင်လို့ပြီးတဲ့အခါကျတော့ ဆရာတော်ကို ရှိခိုးကန်တော့ပြီးပြန်တဲ့အခါ "ဘာကြောင့်ရွာထဲ ဆွမ်းခံသွားဖို့ ခွင့်မပြုတာပါလိမ့်မလဲ၊ ယခုတော့ ဒီကျောင်းမှာနေတုန်း ရွာထဲဆွမ်း ခံမသွားဖို့ ဝန်ခံထားတာပြီးဆုံးသွားပါပြီ ရွာထဲသွားကြည့်လိုက်ဦးမှပဲ" လို့ ဆင်ခြင်ပြီး ရွာထဲဆွမ်းခံကြွသွားတယ်၊ အိမ်တစ်အိမ်ရောက်တဲ့အခါ အမျိုးသမီးကလေးက ဝါဝင်းလှပတဲ့ လုံချည်ကိုဝတ်လျက် အိမ်မှာရှိ နေတယ်၊ အဲဒီရဟန်းငယ်ကိုမြင်ရတော့ ချစ်ခင်တပ်မက်တဲ့ရာဂဖြစ်ပြီး တော့ ယာဂုဆွမ်းကို အဲဒီရဟန်းငယ်၏ သပိတ်ထဲမှာ လောင်းလှူတယ်၊

http://www.dhammadownload.com



လောင်းလှူပြီးတော့ အလွန်တပ်မက်စွဲလမ်းသောကြောင့် အဲဒီအမျိုးသမီးကလေးက အိပ်ရာထဲ လှဲအိပ်နေပါသတဲ့ သူ့ကံအားလျော်စွာ ဖြစ်ရတာနဲ့လဲတူပါတယ်။

အဲဒီတော့ သူ့မိဘများက ဘာ့ကြောင့်ဒီလိုလှဲအိပ်နေရတာလဲလို့ မေးကြည့်တယ်၊ ဆွမ်းခံကြွလာတဲ့ ဟိုရဟန်းကလေးကို စွဲလမ်းနေလို့ လှဲအိပ်နေကြောင်း။ အကယ်၍ အဲဒီရဟန်းကလေးနဲ့ အတူမနေရရင် သေရတော့မည့်အကြောင်းများကိုပြောတယ်၊ သမီးကလေးက ဒီတစ်ယောက်တည်းရှိတယ်၊ အလွန်လဲ အလိုလိုက်ထားတဲ့ သမီးကလေးလဲ ဖြစ်နေတယ်၊ ဒါကြောင့် သူ့ဖခင်ဒကာကြီးက ဟိုရဟန်းငယ်ထံသွားပြီးတော့ သူ့အိမ်သို့ ဆွမ်းအလှူခံရန် ပြန်ကြွဖို့လျှောက်တယ်၊ ရဟန်းငယ်က မလိုပါဘူးလို့ ငြင်းပယ်တယ်၊ အဲဒီတော့ ဒကာကြီးက သူ့သမီးအကြောင်းကိုလဲပြောပြပြီးတော့ သူ့တို့မှာ ပစ္စည်းဥစ္စာလဲပြည့်စုံကြောင်း သမီးကလဲ ဒီတစ်ယောက်တည်းသာရှိကြောင်း၊ သားကြီးအဖြစ်ဖြင့် ချမ်းသာစွာနေစေလိုကြောင်းများကို ပြောပြပြီး ဖိတ်ခေါ်ပါတယ်၊ ဒါပေမဲ့ အဲဒီရဟန်းငယ်က အဲဒီတုန်းက ချစ်ခင်စွဲလမ်းမှုမရှိသေးသောကြောင့် အလိုမရှိပါဘူးလို့ ငြင်းပယ်ပြီး သူအလိုရှိရာ ထွက်ခွာသွားပါသတဲ့။

အဲဒီတော့ မိဘများက သမီးကို ဒီလိုပြောကြားတယ်၊ ဟိုရဟန်းငယ်ကို ပင့်ခေါ်လို့မရဘူး။ အခြားလူငယ်တစ်ယောက်ကို အလို

http://www.dhammadownload.com



ရှိရာ ရနိုင်ပါတယ်၊ ထပြီးစားသောက်ပါလို့ ချော့မော့ပြီးပြောကြတယ်၊ ဒါပေမယ့် အဲဒီအမျိုးသမီးကလေးက ဟိုရဟန်းငယ်ကိုသာ စွဲလမ်းနေတာနဲ့ မစားမသောက်နိုင်ဘဲ အိပ်ရာထဲမှာ အိပ်မြဲအိပ်နေရင်း ခုနစ်ရက်ကြာတဲ့အခါ သေဆုံးသွားရှာပါရောတဲ့၊ သူ့မိဘများက သမီးကို သင်္ဂြိုဟ်ပြီးတဲ့အခါ သူဝတ်ထားတဲ့ ထဘီအဝါကလေးကို ကျောင်းကသံဃာတော်အား လှူလိုက်တယ်၊ သံဃာတော်က အပိုင်းပိုင်းဖြတ်ပြီး ဝေလိုက်တယ်၊ ဦးသဥ္စင်ကြီးတစ်ပါးက အဲဒီမှရလာတဲ့ အဝတ်ပိုင်းကလေးကိုယူလာခဲ့ပြီးတော့ အဲဒီရဟန်းငယ်ထံမှာ ရေစစ်လုပ်ပေးလို့စေခိုင်းတယ်၊ ဘယ်ကရလာပါသလဲလို့ အဲဒီရဟန်းငယ်က မေးတော့ အကျိုးအကြောင်းတွေကို အပြည့်အစုံပြောပြတယ်၊ အဲဒီအကြောင်းကိုကြားသိရတဲ့အခါ အဲဒီရဟန်းငယ်မှာ "ဒါလောက်ချစ်ခင် တပ်မက်နေတဲ့ အမျိုးသမီးကလေးနဲ့ အတူတကွ မနေလိုင်မပေါင်းသင်းလိုက်ရလေခြင်း" လို့ကြံတွေးပြီး ရာဂမီးလောင်တာနဲ့ အဲဒီနေရာမှာပင် သေဆုံးသွားရရှာပါသတဲ့။ (မူလပံ-ဋ္ဌ ၃-၅၀-၅၁။)

အဲဒီရဟန်းမှာ ပထမမြင်စဉ်တုန်းကတော့ ချစ်ခင်တပ်မက်တဲ့ ရာဂမဖြစ်ခဲ့သေးဘူး အမျိုးသမီးကလေး၏မိဘများက ဆွယ်ပြီးပြောတာတောင် စိတ်မဝင်စားခဲ့သေးဘူး ဒါပေမယ့် အဲဒီတုန်းက မြင်တာကြားတာတွေကို မရှုနိုင်လို့ အနိစ္စစသည်ဖြင့် မှန်စွာမသိဘဲ အဝါရောင်

http://www.dhammadownload.com



အဝတ်နဲ့ အမျိုးသမီးပုံကလေးကတော့ စိတ်ထဲမှာစွဲလျက်ရှိခဲ့တယ်၊ အဲဒီစွဲမိတဲ့ပုံသဏ္ဍာန်ကလေးကို အာရုံပြုပြီး နောက်ဆုံးအချိန်မှာ ရာဂနဲ့ ဒေါမနဿတွေဖြစ်ပြီး သေသည်အထိ ဒုက္ခရောက်သွားရတာပဲ၊ အဲဒါဟာ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န-အာရုံကို အထင်အရှားယူထားမှုလို့ ကိလေသာဖြစ်နေပြီဆိုရတဲ့ အာရမ္မဏာနုသယပါပဲ။

အဲဒီကနောက် ဝိသာခသူဌေးကြီးက ဒီလိုလဲ မေးပြန်ပါတယ်။

သဗ္ဗာယ နု ခေါ အယျေ သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ၊ သဗ္ဗာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော အနုသေတိ၊ သဗ္ဗာယ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ။

သုခဝေဒနာအားလုံး၌ ရာဂါနုသယ ကိန်းပါသလား။ ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယ ကိန်းပါသလား။ ဥပေက္ခာဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယ ကိန်းပါသလားလို့ မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

န ခေါ အာဝုသော ဝိသာခ သဗ္ဗာယ သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ၊ န သဗ္ဗာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော အနုသေတိ၊ န

http://www.dhammadownload.com



သဗ္ဗာယ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ။

သုခဝေဒနာအားလုံး၌ ရာဂါနုသယ ကိန်းတာချည်းတော့ မဟုတ်ပါဘူး။ ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယ ကိန်းတာချည်းတော့ မဟုတ်ပါဘူး။ ဥပေက္ခာဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယ ကိန်းတာ ချည်းတော့ မဟုတ်ပါဘူးလို့ ဖြေကြားတာပါပဲ။

သုခဝေဒနာအားလုံး၌ ရာဂါနုသယကိန်းတာချည်းတော့ မဟုတ်ဘူးဆိုရာမှာ ဘယ်လိုသုခ၌ ကိန်းသလဲ၊ ဘယ်လိုသုခ၌ မကိန်း သလဲလို့ စဉ်းစားစရာ မေးစရာရှိပါတယ်၊ ထို့အတူပင် ဒုက္ခ ဥပေက္ခာ တို့၌လဲ စဉ်းစားစရာ မေးစရာရှိပါတယ်၊ ဒါပေမယ့် ဝိသာခသူဌေး ကြီးကတော့ သဘောပေါက်နားလည်လို့နဲ့တူပါတယ်၊ အဲဒီလို ထပ်ပြီး မမေးတော့ပါဘူး။ အဲဒီလို အမေးအဖြေမရှိပေမယ့် အဋ္ဌကထာမှာ န အနုသေတိ-သုခဝေဒနာအားလုံး၌ ရာဂါနုသယက ကိန်းတာချည်း မဟုတ်ဘူးဆိုတာကို (န သဗ္ဗာယ သုခါယ ဝေဒနာယ သော အပ္ပဟီနော) သုခဝေဒနာအားလုံး၌ ထိုရာဂါနုသယကို မပယ်အပ် သည်မဟုတ်ဘူးလို့ ဖွင့်ပြထားပါတယ်၊ အဲဒီအဖွင့်ဖြင့် သိနားလည် ဖို့ကတော့ ဝိပဿနာရှုပြီး အနိစ္စစသည်ဖြင့် သိပြီးဖြစ်တဲ့ သုခဝေဒနာ၌ ထိုရာဂါနုသယကို ပယ်ပြီးဖြစ်နေတယ်၊ ဒါကြောင့် အဲဒီလို ပိုင်းခြား

http://www.dhammadownload.com



သိအပ်ပြီးဖြစ်သော သုခဝေဒနာ၌ ရာဂါနုသယ မကိန်းဘူး၊ ကင်းနေတယ်လို့ သိနားလည်ဖို့ပါပဲ၊ ဒါကြောင့် ဋီကာမှာ ဒီလိုထပ်ဆင့်ပြီး ဖွင့်ပြထားပါတယ်။

အပ္ပဟီနေ-ာတိ- မပယ်အပ်ဟူသောပုဒ်ဖြင့်၊ အပ္ပဟီနဘာဝမုခေန-မပယ်အပ်သည့်အဖြစ်ကို မျက်နှာပြုသဖြင့်၊ အနုသယနဋ္ဌ-ကိန်းခြင်းအနက်ကို၊ အာဟ-ပြဆိုပါသည်။ သော စ-ထိုမပယ်အပ်သေး၍ ကိန်းသည်ဟုဆိုရသော အနုသယသည်လည်း၊ အပရိညာတဝတ္ထု ကော-အနိစ္စစသည်ဖြင့် ပိုင်းခြား၍မသိအပ်သောအာရုံလျှင် တည်ရာရှိသည်၊ ပရိညာတေသု-ဝိပဿနာဖြင့် ပိုင်းခြား၍သိအပ်သောတရားတို့၌၊ ပတိဋ္ဌ-တည်ရာကို၊ န လဘတိ-မရနိုင်ပါတဲ့။

နောက်ပြီးတော့ ဝိသုဒ္ဓိမဂ် (ဒု-၃၂၉) ၌လဲ ဒီလိုဖွင့်ပြထားပါတယ်။

ယတ္ထယတ္ထ-အကြင်အကြင်သန္တာန်၌၊ ဝိပဿနာယ-ဝိပဿနာဖြင့်၊ အပရိညာတာ-ပိုင်းခြား၍မသိအပ်ကုန်သော၊ ခန္ဓာ-ရုပ်နာမ်ခန္ဓာတို့သည်၊ ဥပ္ပန္နာ-ဖြစ်ကုန်၏၊ တတ္ထတတ္ထ-ထိုထိုသန္တာန်၌၊ ဥပ္ပါဒတော ပဘုတိ-ဖြစ်ခဲ့မှစ၍၊ တေသု-ထိုမသိအပ်သောရုပ်နာမ်ခန္ဓာတို့၌၊ ဝဋ္ဋမူလံ ကိလေသဇာတံ-ဝဋ်၏အမြစ်ဖြစ်သောကိလေသာအပေါင်းသည်၊ အနုသေတိ-ကိန်းသည်တဲ့။

http://www.dhammadownload.com



ဒိဝိသုဒ္ဓိမဂ်စကာဖြင့် သိစေလိုရင်းကတော့ ဝိပဿနာဉာဏ်ဖြင့် မရှုမသိရတဲ့ရုပ်နာမ်တို့၌ အနုသယကိလေသာကိန်းသည်၊ သိရတဲ့တရားတို့၌ မကိန်းဘူးလို့သိစေလိုရင်းပါပဲ၊ အဲဒီတော့ ဝိပဿနာဉာဏ်ဖြင့်ရှုသိရသောဝေဒနာ၌ ရာဂါနုသယစသည် မကိန်းဘူးလို့ သိနားလည်ဖို့ပါပဲ။

ယခုဒီမှာ ဖော်ပြတာ ပိန်တာမှစပြီးတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်နေကြရတာဟာ ဒွါရ ၆-ပါးက ထင်ရှားပေါ်လာသမျှတရားတွေကို အနိစ္စ,ဒုက္ခ,အနတ္တဟု အမှန်အတိုင်းသိပြီး အဲဒီရုပ်နာမ်တွေမှာ ရာဂါနုသယစသည်တွေ မကိန်းအောင် မဖြစ်နိုင်အောင် ရှုမှတ်နေကြရတာပဲ၊ အထူးအားဖြင့် ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာအနုသယတွေကင်းအောင် ရှုမှတ်နေကြရတာပဲ၊ အမှတ်အသိ အထူးကောင်းတဲ့အခါ အဲဒီ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာနုသယတွေ အလွန်အားနည်းသွားမယ်၊ အဲဒီအခါ သောတာပတ္တိမဂ်ဖြစ်ပေါ်လာပြီး အဲဒီဒိဋ္ဌိနဲ့ဝိစိကိစ္ဆာဟာ ဖြစ်နိုင်ခွင့် လုံးဝကင်းသွားမယ်၊ အပါယ်လေးပါးကျရောက်စေနိုင်တဲ့ ကာမရာဂစသည်တွေလဲ ကင်းသွားမယ်၊ ဒါကြောင့် သောတာပန်ဟာ အပါယ်လေးပါးမှ လုံးဝလွတ်မြောက်သွားတာပဲ။

သောတာပန်က ဆက်ပြီးရှုမှတ်နေတဲ့အခါ ကာမရာဂနဲ့ဗျာပါဒ အကြမ်းစားတွေ အားနည်းပြီး သကဒါဂါမိမဂ်ဖြစ်ပေါ်လာမယ်၊ အဲဒီအခါ

http://www.dhammadownload.com



အကြမ်းစား ကာမရာဂစသည်တွေ လုံးဝကင်းငြိမ်းသွားမယ်၊ သကာဒါဂါမ်က ဆက်ပြီးရှုမှတ်နေတဲ့အခါ ကာမရာဂနဲ့ ဗျာပါဒအနုစားတွေလဲ အားနည်းပြီး အနာဂါမိမဂ်ဖြစ်ပေါ်လာမယ်၊ အဲဒီတော့ ကာမရာဂနဲ့ ဗျာပါဒဟာ ဖြစ်ပေါ်နိုင်ခွင့်မရှိတော့ဘဲ လုံးဝကင်းငြိမ်းသွားမယ်၊ အနာဂါမ်က ဆက်ပြီးရှုမှတ်နေတဲ့အခါ အရဟတ္တမဂ်ဖြစ်ပေါ်လာတော့ ဘဝရာဂ မာန အဝိဇ္ဇာဆိုတဲ့ အနုသယ်တွေရော အဟိရိက အနောတ္တပ္ပစသော ကျန်ကိလေသာတွေရော အကုန်လုံးဖြစ်ခွင့်မရှိတော့ဘဲ လုံးဝကင်းငြိမ်းသွားမယ်၊ အဲဒီလို ကိလေသာတွေ လုံးဝကင်းငြိမ်းတဲ့ ရဟန္တာဖြစ်အောင် ရှုမှတ်အားထုတ်နေကြရတာပဲ၊ ကိလေသာတွေလုံးဝကင်းငြိမ်းရင် ဆင်းရဲခပ်သိမ်းလဲ ငြိမ်းတော့တာပဲ။

ဝိသာခသူဌေးကြီးက အနုသယကိန်းပုံကိုမေးပြီးတော့ အဲဒီ အနုသယပယ်ပုံကိုလဲ ဒီလိုမေးပြန်ပါတယ်။

## အနုသယပယ်ပုံအမေးအဖြေ

သုခါယ ပနာယျေ ဝေဒနာယ ကိံ ပဟာတဗ္ဗံ၊ ဒုက္ခာယ ဝေဒနာယ ကိံ ပဟာတဗ္ဗံ၊ အဒုက္ခမသုခါယ ဝေဒနာယ ကိံ ပဟာတဗ္ဗံ။

အယျေ-အရှင်မမြတ်နွာ၊ သုခါယဝေဒနာယ-သုခဝေဒနာ၌၊ ကိံ-အဘယ်ကိလေသာကို၊ ပဟာတဗ္ဗံ-ပယ်အပ်ပါသနည်း။ ဒုက္ခာယ

http://www.dhammadownload.com



ဝေဒနာယ-ဒုက္ခဝေဒနာ၌၊ ကိံ-အဘယ်ကိလေသာကို၊ ပဟာတဗ္ဗံ-ပယ် အပ်ပါသနည်း။ အဒုက္ခမသုခါယ ဝေဒနာယ-ဥပေက္ခာဝေဒနာ၌၊ ကိံ- အဘယ်ကိလေသာကို၊ ပဟာတဗ္ဗံ-ပယ်အပ်ပါသနည်းတဲ့။

သုခဝေဒနာ၌ ဘယ်ကိလေသာကိုပယ်အပ်ပါသလဲ၊ ဒုက္ခ ဝေဒနာ,ဥပေက္ခာဝေဒနာတို့၌ ဘယ်ကိလေသာကို ပယ်အပ်ပါသလဲ လို့ မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

> သုခါယ ခေါ အာဝုသော ဝိသာခ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော၊ ဒုက္ခာယ ဝေဒနာယ ပဋိဃာ နုသယော ပဟာတဗ္ဗော၊ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော ပဟာတဗ္ဗော။

အာဝုသော ဝိသာခ-ဒါယကာ ဝိသာခ၊ သုခါယဝေဒနာယ- သုခဝေဒနာ၌၊ ရာဂါနုသယော-ရာဂအနုသယကိလေသာကို၊ ပဟာ တဗ္ဗော-ပယ်အပ်ပါသည်၊ ဒုက္ခာယဝေဒနာယ-ဒုက္ခဝေဒနာ၌၊ ပဋိဃာနု သယော-ပဋိဃာနုသယခေါ်သည့် ဒေါသကိလေသာကို၊ ပဟာတဗ္ဗော- ပယ်အပ်ပါသည်၊ အဒုက္ခမသုခါယဝေဒနာယ-ဥပေက္ခာဝေဒနာ၌၊ အဝိဇ္ဇာနုသယော-အဝိဇ္ဇာနုသယခေါ်သည့် မောဟကိလေသာကို၊ ပဟာ တဗ္ဗော-ပယ်အပ်ပါသည်တဲ့။

http://www.dhammadownload.com



ကိုယ်ချမ်းသာ စိတ်ချမ်းသာဆိုတဲ့ သုခဝေဒနာမှာ မရှု မသိနိုင်ရင် လိုချင်နှစ်သက်တပ်မက်သာယာတဲ့ ရာဂါနုသယက ကိန်းတယ်၊ ဖြစ်ခွင့်ရှိနေတယ်၊ သုခဝေဒနာကိုရှုမှတ်ပြီး အနိစ္စစသည်ဖြင့် သိနေရင်တော့ အဲဒီဝေဒနာမှာ ရာဂဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းသွားတယ်၊ အဲဒီလိုဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းအောင် သုခဝေဒနာကို ရှုမှတ်ပြီး ပယ်ရတယ်လို့ ဆိုလိုပါတယ်၊ အဲဒီသုခ၏အာရုံဖြစ်တဲ့ အဆင်းကောင်း အသံကောင်းစသော ချစ်ခင်နှစ်သက်ဖွယ်အာရုံ၌လဲ အဲဒီရာဂဖြစ်ခွင့် မရှိအောင် ရှုမှတ်ပြီးပယ်ရတာပဲ၊ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယခေါ်တဲ့ ဒေါသဖြစ်ခွင့်မရှိအောင် ရှုမှတ်ပြီးပယ်ရတယ်လို့လဲဆိုလိုပါတယ်၊ ဒုက္ခ၏ အာရုံဖြစ်တဲ့ အဆင်းဆိုး အသံဆိုးစသည့်၌လဲ ဒေါသဖြစ်ခွင့်မရှိအောင် ရှုမှတ်ပြီးပယ်ရတာပဲ၊ ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယခေါ်တဲ့ မသိမှု သိမှားမှုမောဟဖြစ်ခွင့်မရှိအောင် ရှုမှတ်ပြီး ပယ်ရတယ်လို့လဲဆိုလိုပါတယ်။

ဒီအဝိဇ္ဇာမောဟကတော့ ဥပါဒါနက္ခန္ဓာခေါ်တဲ့ ရုပ်နာမ်ဟူသမျှ၌ ဖြစ်နိုင်တာချည်းပဲ၊ ဒါကြောင့် ၁၂ရပ်-ပါးက ပေါ်လာသမျှတရားတွေကိုလဲရှုမှတ်ပြီး ဒီမောဟကိုပယ်ရတာပါပဲ။ ယခု ဒီသုတ်မှာ သုခ၌ ရာဂါနုသယ ဒုက္ခ၌ပဋိဃာနုသယ, ဥပေက္ခာ၌ အဝိဇ္ဇာနုသယကိန်းတယ်၊ အဲဒီကိန်းတဲ့အနုသယကိုသာ ပယ်အပ်တယ်လို့ တစ်ပါးစီ

http://www.dhammadownload.com



သာကိန်းပုံနှင့် ပယ်ပုံကို ပြဆိုထားတာကတော့ ပဓာနအားဖြင့် ကိန်းတာ ပယ်ပုံကို ပြဆိုထားတာပဲ၊ အပ္ပဓာနအားဖြင့်တော့ ရာဂကိန်းရာဖြစ်တဲ့ သုခမှာရော ပဋိဃကိန်းရာဖြစ်တဲ့ဒုက္ခမှာရော အဝိဇ္ဇာလဲ ကိန်းတယ်၊ အဲဒီအဝိဇ္ဇာကိုလဲ ပယ်ရတာပါပဲ၊ ဒါကြောင့် ကိန်းပုံကို အပြည့်အစုံပြတဲ့ အဘိဓမ္မာပိဋကက ယမကပါဠိမှာ (သဗ္ဗသက္ကာယ ပရိယာပန္နေသု ဓမ္မေသု ဧတ္ထ အဝိဇ္ဇာနုသယော အနုသေတိ-လို့၏) သက္ကာယမည်သော ဥပါဒါနက္ခန္ဓာငါးပါးလုံးတို့၌ အဝိဇ္ဇာနုသယကိန်းကြောင်း ပြဆိုထားပါတယ်၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိန်းရာတရားကိုလဲ ထိုအတူပင် ပြဆိုထားပါတယ်။

ဝေဒနာသုံးပါး၌ အနုသယသုံးပါး ပဓာနအားဖြင့် အသီးသီး ကိန်းပုံနှင့် ပယ်ပုံအဖြေကို ကြားနာပြီးတော့ ဝိသာခသူဌေးကြီးက ဒီလိုလဲမေးပြန်ပါတယ်။

သဗ္ဗာယ နခေါ အယျေ သုခါယ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော၊ သဗ္ဗာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော ပဟာတဗ္ဗော၊ သဗ္ဗာယ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော ပဟာတဗ္ဗော။

သုခဝေဒနာအားလုံး၌ ရာဂါနုသယကို ပယ်အပ်ပါသလား။ ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယကို ပယ်အပ်ပါသလား။ ဥပေက္ခာဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယကို ပယ်အပ်ပါသလားလို့မေးတာပါပဲ၊

http://www.dhammadownload.com



ဆိုလိုတာကတော့ သုခ ဒုက္ခ ဥပေက္ခာဝေဒနာသုံးပါးလုံး၌ အသီးသီး ကိန်းနေတဲ့ ရာဂပဋိဃအဝိဇ္ဇာရှိနေရင် အဲဒီအနုသယတွေကို ပယ်ရမှာချည်းပဲ၊ ဒါကြောင့် အဲဒီဝေဒနာသုံးပါးလုံး၌ ပယ်သင့်တဲ့အနုသယရှိပြီး အဲဒီဝေဒနာသုံးပါးလုံး၌ အနုသယကို ပယ်ရတာချည်းပါပဲလားလို့ဆိုလိုတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

န ခေါ အာဝုသော ဝိသာခ သဗ္ဗာယ သုခါယ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော၊ န သဗ္ဗာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော ပဟာတဗ္ဗော၊ န သဗ္ဗာယ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော ပဟာတဗ္ဗော။

သုခဝေဒနာအားလုံး၌ ရာဂါနုသယကို ပယ်အပ်သည်ချည်း မဟုတ်ပါဘူး။ (မပယ်အပ်တာလဲ ရှိတယ်လို့ဆိုလိုပါတယ်၊) ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယကို ပယ်အပ်သည်ချည်း မဟုတ်ပါဘူး။ ဥပေက္ခာဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယကို ပယ်အပ်သည်ချည်းမဟုတ်ပါဘူးလို့ ဖြေကြားတာပါပဲ၊ ဒါဖြင့် မပယ်ရတာက ဘယ်လိုပါလဲလို့ မေးစရာရှိတဲ့အတွက် အဲဒါကို ဆက်လက်ပြီး ဒီလိုဖော်ပြပါတယ်။

http://www.dhammadownload.com



ဣ္တာဝုသော ဝိသာခ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာရတိ။ ရာဂံ တေန ပဇဟာတိ၊ န တတ္ထ ရာဂါနုသယော အနုသေတိ။

ဒီပြဆိုချက်ကတော့ သုတနည်းတဲ့ပုဂ္ဂိုလ်တွေအတွက် နားလည်ဖို့မလွယ်ပါဘူး။ ဒါပေမယ့် အာရုံပြုကြရ ကြည့်ညိုကြရအောင် အနက်ပြန်ပြီးတော့ ဆိုလိုတဲ့အဓိပ္ပါယ်ကိုလဲ ရှင်းပြပါဦးမယ်။

အာဝုသော ဝိသာခ-ဒါယကာ ဝိသာခ၊ ဣ္တ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည် (ထေရီမက ပြောပြချက်ဆိုတော့ ဘိက္ခုနီ-ရဟန်းမိန်းမသည်-လို့ ဖော်ပြသင့်ပါတယ်၊ ဒါပေမယ့် ဗုဒ္ဓသာသနာတော်မှာ ဘိက္ခု-ရဟန်းဆိုတာက မြင့်မြတ်ပြခန်းတဲ့အတွက် ဘိက္ခု-လို့ပဲပြဆိုထားတာပါပဲ။) ဝိဝိစ္စေဝ ကာမေဟိ-လိုချင်စရာကာမအာရုံနှင့် လိုချင်မှုကာမကိလေသာတို့မှ ကင်းဆိတ်၍သာလျှင်၊ ဝိဝိစ္စအကုသလေဟိဓမ္မေဟိ- ကာမအလိုမှတစ်ပါးသော နီဝရဏအကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်၊ သဝိတက္ကံ သဝိစာရံ - ကြံစည်မှုဝိတက်နှင့် သုံးသပ်ဆင်ခြင်မှု ဝိစာရပါရှိသော၊ (ဈာန်သို့-ဥစ်စပ်) ဝိဝေကဇံ ပီတိသုခံ-နီဝရဏကင်းဆိပ်ခြင်းကြောင့်ဖြစ်သည့် ပီတိနှင့်သုခလည်းပါရှိသော၊ ပဌမံဈာနံ-ပဌမဈာန်သို့ ဥပသမ္ပဇ္ဇ ဝိဟာရတိ - ကပ်ရောက်၍နေ၏။

http://www.dhammadownload.com



ဗုဒ္ဓသာသနာတော်က ရဟန်းဟာ ပဌမစျာန်သို့ ဝင်ရောက်နေပါတယ်တဲ့၊ ပဌမစျာန်ကိုဝင်စားနေတယ်လို့ဆိုတာပါပဲ၊ စျာန်ဝင်စားဆိုတာ အဲဒီစျာန်၏အာရုံကို အာရုံပြုလျက် အဲဒီစျာန်စိတ် ဖြစ်နေတာကို ဆိုတာပါပဲ၊ ပဌမစျာန်၏အာရုံဆိုတာက မြေပုံသဏ္ဍာန် ပထဝီကသိုဏ်းနိမိတ်စသော ကသိုဏ်းအာရုံ ၁၀-ပါး ထဲက တစ်ပါးပါးလဲဖြစ်နိုင်တယ်၊ ဖူးယောင်တဲ့ သူသေကောင်စသော အသုဘအာရုံ ၁၀-ပါးထဲက တစ်ပါးပါးလဲဖြစ်နိုင်တယ်၊ အာနာပါနခေါ်တဲ့ ဝင်လေထွက်လေ အာရုံနိမိတ်လဲဖြစ်နိုင်တယ်၊ ဆံပင်မွေးညှင်းစသော ၃၂-ကောဋ္ဌာသအာရုံတွေထဲက တစ်ပါးပါးလဲဖြစ်နိုင်တယ်၊ ချမ်းသာပါစေ စသည်ဖြင့်နှလုံးသွင်းတဲ့ မေတ္တာ ကရုဏာ မုဒိတာ၏အာရုံဖြစ်တဲ့ သတ္တဝါပညတ်အားလုံးလဲ ဖြစ်နိုင်တယ်၊ စပြီးအားထုတ်ခါစတော့ ပထဝီပထဝီ မြေ မြေ စသည်ဖြင့် မပြတ်နှလုံးသွင်းနေရတယ်၊ အာနာပါနကမ္မဋ္ဌာန်းဆိုရင်လဲ ဝင်လေထွက်လေကို အမြဲရှုနေရတယ်၊ သမာဓိအား မရှိသေးခင်တော့ ကာမအာရုံစသည်ကို ကြံတဲ့စိတ်လဲဖြစ်တတ်သေးတယ်၊ အဲဒီလို အကုသိုလ်စိတ်အကြံကို ပယ်ရှားပြီး ရှုနေကျ ကသိုဏ်းအာရုံ ဝင်လေထွက်လေအာရုံစသည်ကိုသာ မပြတ်ရှုနေရတယ်။

အဲဒီလိုရှုနေလို့ သမာဓိအားရှိလာတဲ့အခါကျတော့ တခြားတစ်ပါးသို့ ထွက်သွားတဲ့စိတ်ကူးရယ်လို့ မရှိတော့ဘဲ နှလုံးသွင်းတဲ့

http://www.dhammadownload.com



ရှုတဲ့စိတ်ချည်း မပြတ်ဖြစ်နေတယ်၊ အဲဒါဟာ ဈာန်သို့ရောက်ခါနီး အင်အားကောင်းတဲ့ ဥပစာရသမာဓိပဲ၊ ဥပစာရဈာန်လို့လဲခေါ်ရတယ်၊ အဲဒီ ဥပစာရသမာဓိက အားပြည့်တဲ့အခါကျတော့ ဝိတက်ဝိစာရပီတိ သုခ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါငါးပါးရှိတဲ့ဈာန်ဖြစ်တယ်၊ အဲဒါဟာ ပထမ အစဆုံးဖြစ်တဲ့ဈာန်ဖြစ်သောကြောင့် ပဌမဈာန်လို့ဆိုရတယ်၊ အဲဒီဈာန်ဖြစ် ခါနီး ဥပစာရသမာဓိ အခိုက်အတန့်ကတည်းက ကာမအလိုဆန္ဒ စသော နီဝရဏအကုသိုလ်တွေ ကင်းလာခဲ့တယ်၊ ဈာန်စိတ်ရပ်စဲသွား တဲ့နောက်လဲ အဲဒီနီဝရဏအကုသိုလ်တွေမဖြစ်ပေါ်ဘဲ ကင်းနေတတ် တယ်၊ ဒါကြောင့် အဲဒီဈာန်ကို (ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စအကုသ လေဟိ ဓမ္မေဟိ-လို့) ချီးမွမ်းပြဆိုထားတယ်၊ နောက်ပြီးတော့ အဲဒီဈာန်မှာ ဝိတက်စသော အင်္ဂါလေးပါးလဲ ထူးထူးခြားခြား ပါဝင်နေသောကြောင့် (သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ-လို့လဲ) ချီးမွမ်းပြဆိုထားတယ်၊ ဈာန-ဈာန်ဆိုတာ အာရုံတစ်ခုတည်း၌ စူးစူးစိုက်စိုက်ရှုလျက် အာရုံ ပြုနေတဲ့ သမာဓိအထူးပဲ၊ အဲဒီဈာန်ကိုရထားတဲ့ပုဂ္ဂိုလ်ဟာ အဲဒီဈာန် စိတ်ဖြင့် သူ့အာရုံကိုသာ အာရုံပြုပြီး ငါးမိနစ်ဆယ်မိနစ် နာရီဝက်၊ တစ်နာရီစသည်မပြတ် တည်ငြိမ်ပြီးတော့လည်း နေနိုင်တယ်၊ ဝမ်း မြောက်တက်ကြွတဲ့ပီတိကလည်း လွှန်လွှန်ကဲကဲဖြစ်နေတယ်။ စိတ်ရွှင် လန်းချမ်းသာမှုသုခကလဲ လွှန်လွှန်ကဲကဲဖြစ်နေတယ်၊ အဲဒီဈာန်စိတ်

http://www.dhammadownload.com



ကြောင့် ကိုယ်မှာလဲပေါ့ပါးပြီး အလွန်ပင် နေကောင်းထိုင်ကောင်းဖြစ်နေတယ်၊ ဒါကြောင့် အဲဒီဈာန်၌ သာယာနှစ်သက်တပ်မက်မှုဟာ အများအားဖြင့် ဖြစ်တတ်ပါတယ်။

ဒါပေမယ့် ဒီပြဆိုချက်မှာ ရည်ရွယ်အပ်တဲ့ ဘိက္ခု-ရဟန်းဆိုတာကတော့ ဈာန်စိတ်ရပ်စဲသွားတဲ့အခါ အဲဒီဈာန်ကို ဝိပဿနာရှုပြီး အရဟတ္တမဂ်ဖိုလ်ရောက်သွားတယ်၊ (အဋ္ဌကထာမှာတော့ အနာဂါမိမဂ်ရောက်ကြောင်းသာ ပြဆိုထားတယ်၊ အနာဂါမိမဂ်ဖြင့် ကာမရာဂကိုသာ ပယ်နိုင်တယ်၊ ရူပဘဝ အရူပဘဝနှင့်စပ်ဆိုင်တဲ့ ဘဝရာဂကိုတော့ မပယ်နိုင်သေးဘူး။ ဒါကြောင့် ဈာန်၌ တပ်မက်တဲ့ရာဂကင်းမကင်း စဉ်းစားစရာရှိပါတယ်၊ အရဟတ္တမဂ် ရောက်တယ်ဆိုရင်တော့ အဲဒီလို စဉ်းစားစရာ မရှိပါဘူး။ ဘဝရာဂလဲကင်းနေပြီမို့ ဈာန်၌တပ်မက်တဲ့ ရာဂမဖြစ်နိုင်ကြောင်း ထင်ရှားပါတယ်၊) အဲဒီလို အရဟတ္တမဂ်ဖိုလ်ရောက်သွားတော့ ကာမရာဂရော, ဘဝရာဂရော, လုံးဝကင်းသွားတယ်၊ ဈာန်၏အခြားမဲ့၌လဲ ဈာန်ကိုတပ်မက်မှုဖြစ်ခွင့်မရှိခဲ့ဘူး။ အရဟတ္တမဂ်၏ အစွမ်းကြောင့် ရာဂလုံးဝကင်းသွားတာလဲ အခြေခံဖြစ်တဲ့ အဲဒီဈာန်ကို မှီပြီးဖြစ်တဲ့ အရဟတ္တမဂ်ကြောင့် ကင်းတာပဲ၊ ဒါကြောင့် ဈာန်ကပင် အရဟတ္တမဂ်၏ အခြေခံအဖြစ်ဖြင့် ကျေးဇူးပြုပြီးတော့ ရာဂကိုပယ်ရာရောက်တယ်၊ အဲဒီတော့ ဈာန်၌ရာဂဖြစ်ခွင့်မရှိတဲ့အတွက် အဲဒီဈာန်၌

http://www.dhammadownload.com



ပါဝင်တဲ့ သုခဝေဒနာမှာ ရာဂါနုသယကို ဝိပဿနာဖြင့် ပယ်စရာမလိုတော့ဘူး၊ ဒါကြောင့် အဲဒီပဌမဈာန်သုခ၌ ရာဂါနုသယကို ပယ်အပ်သည် မဟုတ်ဘူးလို့ ဆိုလိုတာပါပဲ၊

အဲဒါဟာ သူ့ရည်ရွယ်ချက်အားလျော်စွာ ဖွင့်ပြရတာပါပဲ၊ အဲဒီလိုအနက်သဘောကို ရည်ရွယ်ပြီးတော့ တေန - အရဟတ္တမဂ်ရရန်အခြေခံဖြစ်သော ထိုပဌမဈာန်ဖြင့်၊ ရာဂံ-ရာဂကို၊ ပဇဟတိ-ပယ်၏၊ တတ္ထ - အရဟတ္တမဂ်အနီး၌ အခြေခံအဖြစ်ဝင်စားခဲ့သောထိုပဌမဈာန်၌၊ ရာဂါနုသယော- ရာဂါနုသယသည်၊ န အနုသေတိ-မကိန်းဝပ်၊ ဝါ-မကိန်းလို့ မပယ်အပ်တော့ပါ-လို့ ဖြေကြားပါတယ်၊ သိနားလည်ရန်အလွန်ခက်တဲ့ဖြေကြားချက်ပါပဲ၊ ဒါပေမယ့် ဝိသာခသူဌေးကြီးကတော့ အနာဂါမ်မို့ အလွယ်တကူသိနားလည်ပြီး သဘောကျသွားပုံရပါတယ်၊ ဒါက ရာဂါနုသယ မပယ်အပ်ပုံ ရှင်းပြချက်ပဲ၊ ပဋိဃာနုသယ မပယ်အပ်ပုံကိုလဲ ဒီလိုဆက်ပြီး ရှင်းပြပါတယ်။

ဣဓာဝုသော ဝိသာခ ဘိက္ခု ဣတိ ပဋိသဉ္စိက္ခတိ
"ကုဒါဿု နာမာဟံ တဒါယတနံ ဥပသမ္ပဇ္ဇ ဝိဟရိဿာမိ၊
ယဒရိယာ ဧတရဟိ အာယတနံ ဥပသမ္ပဇ္ဇ ဝိဟရန္တီ" တိ၊
ဣတိ အနုတ္တရေသု ဝိမောက္ခေသု ပိဟံ ဥပဋ္ဌာပယတော

http://www.dhammadownload.com



ဥပ္ပဇ္ဇတိ ပိဟာပဓ္စယာ ဒေါမနဿံ၊ ပဋိဃံ တေန ပဇဟာတိ၊ န တတ္ထ ပဋိဃာနုသယော အနုသေတိ။

အာဝုသော ဝိသာခ- ဒါယကာဝိသာခ၊ ဣဓ - ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဣတိပဋိသဉ္စိက္ခတိ- ဤသို့ ဆင်ခြင်ခံတောင့်တ၏၊ (ဘယ်လိုဆင်ခြင်းသလဲဆိုတော့) အရိယာ- အရိယာပုဂ္ဂိုလ်တို့သည်၊ တေရဟိ-ယခုအခါ၌၊ ယံ အာယတနံ- အကြင်တည်ရာမှီရာတရားတော်မြတ်ကို၊ ဥပသမ္ပဇ္ဇ-ပြည့်စုံစေ၍၊ ဝါ-ရောက်၍၊ ဝိဟရန္တိ-နေကြကုန်၏၊ အဟံ-ငါသည်၊ တံ အာယတနံ-ထိုတည်ရာမှီရာတရားမြတ်ကို ကုဒါဿုနာမ-ဘယ်အခါကျမှ၊ ဥပသမ္ပဇ္ဇ-ပြည့်စုံစေ၍၊ ဝါ-ရောက်၍၊ ဝိဟရိဿာမိဣတိ-နေရပါမည်နည်းဟု ဆင်ခြင်တောင့်တ၏၊ ဣတိ-ဤသို့ အနုတ္တရေသု ဝိမောက္ခေသု-အမြတ်ဆုံးဖြစ်သောလွတ်မြောက်ရေး (အရိယဖိုလ်) တရားတို့၌၊ ပိဟံဥပဋ္ဌာပယတော-တောင့်တခြင်းကိုဖြစ်စေသောပုဂ္ဂိုလ်အား၊ ပိဟာပစ္စယာ-တောင့်တမှုဟူသောအကြောင်းကြောင့်၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ-နှလုံးမသာခြင်း၊ ဝမ်းနည်းခြင်းဖြစ်ပေါ်သည်တဲ့။

အရိယမဂ်ဖိုလ်တရားထူးကို တစ်လအတွင်း သို့မဟုတ် နှစ်လ သုံးလအတွင်းစသည်၌ ရလိမ့်မယ်လို့ မျှော်လင့်ပြီး တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်မှာ မျှော်လင့်တဲ့ရက်ရောက်လို့ မဂ်ဖိုလ်ကိုမရသေးရင်

http://www.dhammadownload.com



သူများတွေတော့ ရကြတယ်၊ ငါ့မှာတော့ မရသေးဘူး၊ ရမှရပါတော့မလားစသည်ဖြင့် ဆင်ခြင်ပြီး နှလုံးမသာခြင်း ဝမ်းနည်းခြင်းဖြစ်တတ်တယ်၊ အဲဒီဒေါမနဿဆိုတာ ပဋိဃာနုသယ၏ကိန်းရာ ဒုက္ခဝေဒနာပဲ ဒါပေမယ်လို့ တရားထူးရရေးကို စွဲမှီပြီးဖြစ်တဲ့ ဒီလိုဒေါမနဿကတော့ ပယ်အပ်တဲ့တရားမဟုတ်ဘူး၊ မှီဝဲအပ်တဲ့တရားဖြစ်တယ်၊ အဲဒီလိုမှီဝဲအပ်တဲ့တရားဖြစ်ကြောင်း သက္ကပဥ္ဟသုတ်မှာ ပြထားပါတယ်၊ အဲဒီဒေါမနဿကိုမှီပြီး ကြိုးစားအားထုတ်ခြင်းဖြင့် အနာဂါမိမဂ်ဖိုလ်ကို ရသွားရင် အဲဒီဒေါမနဿဒုက္ခဝေဒနာနှင့်ဆိုင်တဲ့ ပဋိဃာနုသယကို ပယ်ပြီးဖြစ်သွားတော့တာပဲ၊ ဒါကြောင့် အဲဒီဒေါမနဿဒုက္ခဝေဒနာ၌ ပဋိဃာနုသယမကိန်းဘူး၊ မကိန်းတော့ အဲဒီဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ပယ်ရန်မလိုဘူး၊ မပယ်ရတော့ဘူး၊ အဲဒီအကြောင်းကို ဒီလိုဆက်ပြီး ရှင်းပြထားပါတယ်။

တေန- အရိယဖိုလ်ကိုမရခြင်းကြောင့်ဖြစ်သော ထိုဒေါမနဿဖြင့်၊ ပဋိဃံ-ပဋိဃာနုသယဆိုတဲ့ဒေါသကို၊ ပဇဟာတိ - ပယ်၏၊ ကင်းစေ၏၊ တတ္ထ- ထိုဒေါမနဿ၌၊ ပဋိဃာနုသယော - ပဋိဃာနုသယသည်၊ န အနုသေတိ - မကိန်းပေ၊ ဖြစ်ခွင့်မရှိတော့ပေတဲ့။

အဲဒီမှာ ဒေါမနဿဖြင့် ပဋိဃကိုပယ်တယ်ဆိုတာက ရည်ရွယ်ချက်အရဖြင့် ပြောတာပါပဲ၊ ဒေါမနဿကတော့ အကုသိုလ်ကို

http://www.dhammadownload.com



မပယ်နိုင်ပါဘူး၊ ဒါပေမယ့် တရားထူးရရေးနှင့်စပ်ပြီးဖြစ်တဲ့ ဒေါမနဿကို မှီပြီး ကြိုးစားအားထုတ်သောအားဖြင့် အနာဂါမိမဂ်ဖိုလ်စသည်ကိုရတယ်၊ အဲဒီလိုရတဲ့အနာဂါမိမဂ်ဖြင့် ပဋိဃကိုပယ်တာပါပဲ၊ အဲဒါဟာ ဒေါမနဿ ၏အထောက်အပံ့ဖြင့်ရတဲ့မဂ်က ပယ်တာမို့ ဒေါမနဿက ပယ်တယ်လို့ ဆိုတာပါပဲ၊ အဲဒီလို တရားထူးရပုံကို အဋ္ဌကထာ၌ အာလိန္ဒက ကျောင်းမှာနေတဲ့ မဟာဖုဿဒေဝမထေရ်၏ဝတ္ထုဖြင့် ပြထားပါတယ်၊ အဲဒီမထေရ်မှာ သူ၏ရည်ရွယ်ချက်အတိုင်း အရဟတ္တဖိုလ်ကို မရလို့ ဝါကျွတ်တဲ့အခါ ပဝါရဏာပြုတိုင်း မျက်ရည်ကျရသည်အထိ နှလုံး မသာခြင်း ဝမ်းနည်းခြင်းဖြစ်ပါသတဲ့၊ ၁၉-နှစ်မြောက်ပဝါရဏာ ရက်တိုင်အောင် ဝမ်းနည်းခဲ့ရပါသတဲ့၊ အနှစ် ၂၀-မြောက်ကျမှ ရဟန္တာ ဖြစ်သွားပါသတဲ့။

အဲဒီ မဟာဖုဿဒေဝမထေရ်၏ တရားအားထုတ်ပုံကတော့ မူလပဏ္ဏာသ သတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ ဒီလိုပြဆိုထားပါတယ်၊ အဲဒီမထေရ်ဟာ ၁၉-နှစ်ပတ်လုံး ဂတပစ္စာဂတိကဝတ်ကို ဖြည့်ကျင့် နေပါသတဲ့၊ ဂတပစ္စာဂတိကဝတ်ဆိုတာ ဆွမ်းခံအသွားရော အပြန်ရော (ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ) စသည်ဖြင့် ဟောထားတဲ့ ဒေသနာနှင့်အညီ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သတိဖြင့် မလစ်မလပ် ရအောင် မပြတ်ရှုလျက် သွားပြန်နေတာကိုဆိုတာပါပဲ၊ ယခုဒီမှာ

http://www.dhammadownload.com



ယောဂီများဟာ ခြေထောက်ကြွတိုင်း လှမ်းတိုင်းချတိုင်း ကြွတယ် လှမ်းတယ် ချတယ်လို့ မပြတ်ရှုမှတ်နေတာမျိုးပါပဲ၊ အဲဒီမထေရ်ရဲ့ ရှုမှတ်ပုံထူးတာကတော့ မရှုမမှတ်ဘဲနဲ့ အမှတ်လွတ်လာခဲ့ရင် အဲဒီ အမှတ်လွတ်လာခဲ့ရာ အစပိုင်းသို့ ပြန်သွားပြီး မပြတ်မှတ်သွားသတဲ့၊ အမှတ်လွတ်လာခဲ့တိုင်း ပြန်ပြန်သွားပြီး မပြတ်မှတ်ပြီး သွားသွားနေပါသတဲ့၊ အဲဒီလို သွားချည်ပြန်ချည် အကြိမ်များစွာပြုလုပ်နေတာကို မြင်ရတဲ့လူတွေက "ဒီမထေရ်က အဖန်ဖန်ပြန်သွားပြီး ပြန်ပြန်လာတာဟာ ဘာ့ကြောင့်ပါလိမ့်မလဲ၊ မျက်စိလည်လို့များလား။ သို့မဟုတ် တစ်ခုခုမေ့ကျန်နေရစ်လို့များလေလားလို့ အချင်းချင်းပြောကြပါသတဲ့၊ အဲဒီလို သူများပြောတာကို ဂရုမစိုက်ဘဲ (ကမ္မဋ္ဌာနယုတ္တစိတ္တေနေဝ သမဏာဓမ္မံ ကရောန္တော) ကမ္မဋ္ဌာန်းအာရုံနှင့်ယှဉ်သောစိတ်ဖြင့်သာ လျှင် ရှုမှတ်မှုရဟန်းတရားကို ပြုလုပ်အားထုတ်လျက် နှစ် ၂၀-အတွင်း၌ အရဟတ္တဖိုလ်သို့ ရောက်သွားပါသတဲ့။

ဒီဝတ္ထုပြဆိုချက်ဟာ သီလက္ခန် အဋ္ဌကထာ (နှာ ၁၇၀) မှာလဲ ရှိပါတယ်၊ သုတ်မဟာဝါ သက္ကပဉှသုတ်အဖွင့်အဋ္ဌကထာမှာလဲ အလားတူဖြစ်တဲ့ မဟာသီဝမထေရ်ဝတ္ထုကို ပြထားပါတယ်၊ အဲဒီမထေရ်မှာတော့ အနှစ် ၃၀-မြောက် ပဝါရဏာနေ့အထိ ဒေါမနဿ ဖြစ်ရပြီးနောက် အဲဒီအနှစ် ၃၀-မြောက် ပဝါရဏာနေ့မှာပဲ ရဟန္တာ

http://www.dhammadownload.com



ဖြစ်သွားကြောင်း ပြဆိုထားပါတယ်၊ အဲဒီဝတ္ထုကို သက္ကပဥှသုတ် တရားတော်စာအုပ် (နှာ ၁၆၉) မှစပြီး ကြည့်ရှုနိုင်ပါတယ်။

ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယ မပယ်အပ်တာရှိပုံကိုလဲ ဒီလိုဆက်ပြီးရှင်းပြတယ်။

ဣဓာဝုသော ဘိက္ခု သုခဿ စ ပဟာနာ ဒုက္ခဿစ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အဝိဇ္ဇံ တေန ပဇဟတိ၊ န တတ္ထ အဝိဇ္ဇာနုသယော အနုသေတိ။

အာဝုသောဝိသာခ - ဒါယကာဝိသာခ၊ ဣဓ-ဤသာသနာ တော်၌၊ ဘိက္ခု-ရဟန်းသည်၊ ပုဗ္ဗေဝ-စတုတ္ထဈာန်သို့မရောက်မီ ရှေး အဖို့၌လျှင်၊ သုခဿစပဟာနာ - ကိုယ်ချမ်းသာဟူသောသုခကို လဲပယ်ခြင်းကြောင့်၊ ဝါ-သုခလဲကင်းခြင်းကြောင့်၊ (ဒီမှာ ပဟာန-ပယ်ဆို တာဟာ ဖြစ်ခွင့်မရှိလို့ မဖြစ်ဘဲကင်းတာကိုဆိုတာပါပဲ) ဒုက္ခဿ စ ပဟာနာ-ကိုယ်ဆင်းရဲဟူသောဒုက္ခကိုလဲ ပယ်ခြင်းကြောင့် ဝါ-ဒုက္ခလဲ ကင်းခြင်းကြောင့်၊ သောမနဿဒေါမနဿာနံအတ္ထင်္ဂမာ-စိတ်ချမ်းသာဟူ သောသောမနဿနှင့်စိတ်ဆင်းရဲဟူသောဒေါမနဿတို့၏ ချုပ်ခြင်း ကင်းခြင်းကြောင့်၊ (ဒီဝေဒနာလေးပါး ကင်းတာကိုပြတာကတော့ စတုတ္ထဈာန်၌ ဥပေက္ခာသာရှိကြောင်း ထင်ရှားစေတာပါပဲ) အဒုက္ခမသုခံ

http://www.dhammadownload.com



- ဒုက္ခလဲမရှိ သုခလဲမရှိသော၊ ဝါ-ဥပေက္ခာသာရှိသော (စတုတ္ထစျာန်သို့ ဥစ်၍ယူ) ဥပေက္ခာသတိပါရိသုဒ္ဓိ-ဥပေက္ခာကြောင့် သတိ၏ ထက်ဝန်း ကျင်စင်ကြယ်ခြင်းရှိသော၊ စတုတ္ထံ ဈာနံ-စတုတ္ထစျာန်သို့ ဥပသမ္ပဇ္ဇ- ရောက်၍၊ ဝိဟာရတိ-နေ၏တဲ့။

ဆိုလိုရင်းအတိုချုပ်ကတော့-စတုတ္ထစျာန် ဝင်ရောက်နေတယ် လို့ဆိုလိုရင်းပါပဲ၊ ဝင်ရောက်တယ်ဆိုတာကလဲ အဲဒီစျာန်၏ အာရုံကို နှလုံးသွင်းပြီး အဲဒီစျာန်စိတ်ဖြစ်နေတာကိုဆိုတာပါပဲ၊ စျာန်လေးမျိုးထဲက အမြင့်ဆုံးဖြစ်တဲ့ စတုတ္ထစျာန်ကိုဝင်စားနေပါတယ်တဲ့ အဲဒီစျာန်မှာ သုခ, ဒုက္ခ,သောမနဿ,ဒေါမနဿဆိုတဲ့ ဝေဒနာလေးပါးမရှိဘူး၊ ဥပေက္ခာ ဝေဒနာသာရှိတယ်၊ အဲဒီဥပေက္ခာဝေဒနာဥ္စ ကိန်းနေကျဖြစ်တဲ့ အဝိဇ္ဇာနု သယလဲမကိန်းဘဲ ကင်းနေပုံကို ဒီလိုဆက်ပြီးပြဆိုပါတယ်။

တေန-အရဟတ္တမဂ်ရရန် အခြေခံဖြစ်သောထိုစတုတ္ထစျာန်ဖြင့်၊ အဝိဇ္ဇံ-အဝိဇ္ဇာကို၊ ပဇဟတိ-ပယ်၏၊ တတ္ထ-အရဟတ္တမဂ်၏ အနီးကပ် အခြေခံဖြစ်သော ထိုစတုတ္ထစျာန်၌၊ ဝါ-ထိုစတုတ္ထစျာန်၌ ပါဝင်သော ဥပေက္ခာ၌၊ အဝိဇ္ဇာနုသယော-အဝိဇ္ဇာနုသယသည်၊ န အနုသေတိ- မကိန်းပါ၊ ဖြစ်ခွင့်မရှိပါ၊ ဝါ-ဖြစ်ခွင့်မရှိလို့ ထိုစျာန်၌ ထိုအဝိဇ္ဇာကို မပယ်အပ်တော့ပါတဲ့။

http://www.dhammadownload.com



အဲဒီစတုတ္ထစျာန်မှာပါဝင်တဲ့ ဥပေက္ခာဝေဒနာ၌ ဖြစ်ခွင့်မရှိသောကြောင့် အဝိဇ္ဇာနုသယကို မပယ်အပ်ဘူးလို့ဆိုလိုတာပါပဲ၊ ဒါက ဓမ္မဒိန္နာထေရီမ၏ ရည်ရွယ်ချက်အရ ဟောထားတာပါပဲ၊ အဲဒီလို ရည်ရွယ်ချက်အရမဟုတ်ဘဲ သာမန်ဆိုရင်တော့ ဥပေက္ခာဝေဒနာဟူသမျှ၌ အဝိဇ္ဇာနုသယကိန်းသည်ချည်းဖြစ်ကြောင်း၊ ဝိပဿနာဉာဏ်တို့ဖြင့် ပယ်အပ်သည်ချည်းသာဖြစ်ကြောင်း အဘိဓမ္မာဒေသနာအရ မှတ်ယူထားရပါတယ်၊

သာသနာပကရသေ့တွေမှာ မိမိတို့ရထားတဲ့ ဈာန်များ၌ ရာဂါနုသယ အဝိဇ္ဇာနုသယတွေ ကိန်းနေတာချည်းပါပဲ၊ သာသနာတွင်း၌လဲ အရိယမဂ်ဖိုလ်မရောက်တဲ့ ဈာန်ရပုဂ္ဂိုလ်တွေမှာ အဲဒီဈာန်တွေ၌ ရာဂါနုသယစသည်တွေ ကိန်းနေတာချည်းပါပဲ၊ အရှင်ဒေဝဒတ်နှင့် သုနက္ခတ္တတို့ဆိုတာ ဈာန်တွင်မကဘူး အဘိညာဉ်တွေတောင် အချို့ကိုရနေကြတယ်၊ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓမြတ်စွာဘုရားနှင့် ဆန့်ကျင်ဘက်တွေကိုတောင် ပြောဆိုနေကြတော့ သူတို့ရထားတဲ့ ဈာန်များ၌ အနုသယမျိုးစုံ ကိန်းနေကြောင်း ထင်ရှားပါတယ်၊ အနာဂါမ်ပုဂ္ဂိုလ်တွေ ဗြဟ္မာ့ဘုံရောက်ကြတယ်ဆိုရာ၌လဲ အဲဒီဗြဟ္မာ့ဘုံရောက်ကြောင်းဈာန်၌ အနုသယမကင်းသေးကြောင်း ထင်ရှားပါတယ်၊ အဲဒီတော့ သာမန်အနေအားဖြင့် စတုတ္ထဈာန်ဥပေက္ခာ၌လဲ အဝိဇ္ဇာနုသ

http://www.dhammadownload.com



ယမကင်းသေးကြောင်း၊ အဲဒီအနုသယကို ပယ်အပ်ကြောင်းလဲ ထင်ရှားနေပါတယ်။

ဒါပေမယ့် ဓမ္မဒိန္နာထေရီ၏ ရည်ရွယ်ချက်အရအားဖြင့်တော့ စတုတ္ထဈာန်ဥပေက္ခာ၌ အဝိဇ္ဇာနုသယမကင်းလို့ အဲဒီဥပေက္ခာ၌ အနုသယကိုပယ်ရန် မလိုဘူး၊ မပယ်ရဘူးလို့ဆိုရတာပဲ၊ ရည်ရွယ်ချက် ဘယ်လိုလဲဆိုတော့ အရဟတ္တမဂ်ရောက်အောင် အားထုတ်မည့်ပုဂ္ဂိုလ် ထူးဖြစ်တဲ့ရဟန်းဟာ ဝိပဿနာ၏အခြေခံအဖြစ်ဖြင့် စတုတ္ထဈာန်ကို ဝင်စားတယ်၊ အဲဒီဈာန်မှထပြီး ဝိပဿနာရှုခြင်းဖြင့် အရဟတ္တမဂ်ဖိုလ် ရောက်ပြီး ရဟန္တာဖြစ်သွားတယ်၊ ဒီလိုဆိုတော့ အဲဒီစတုတ္ထဈာန် ဥပေက္ခာ၌ အဝိဇ္ဇာဖြစ်ခွင့်မရှိသောကြောင့် အဲဒီစတုတ္ထဈာန်ဥပေက္ခာ၌ အဝိဇ္ဇာနုသယကို ပယ်ရန်မလိုတော့ပါဘူး။

အဝိဇ္ဇာနုသယကို စင်စစ်ပယ်တာကတော့ အရဟတ္တမဂ် ကပယ်တာပဲ၊ ဒါပေမယ့် အခြေခံဖြစ်တဲ့စတုတ္ထဈာန်၏ အထောက် အပံ့နှင့်လဲမကင်းလို့ စတုတ္ထဈာန်ဥပေက္ခာက ပယ်တယ်လို့လဲ ရည်ရွယ် ချက်အားဖြင့် ဆိုရတာပါပဲ။ ဥပမာအားဖြင့် သစ်ကိုင်းကို ဓားဖြင့် ခုတ်ဖြတ်ရာမှာ ဓားသွားဖြင့်သာ ခုတ်ဖြတ်တာပဲ၊ ဓားရိုးဖြင့်ခုတ် ဖြတ်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဓားရိုးအကူအညီဖြင့် ခုတ်ဖြတ် ရသောကြောင့် ရည်ရွယ်ချက်အားဖြင့်ပြောရရင် ဓားရိုးဖြင့် ခုတ်ဖြတ်

http://www.dhammadownload.com



တယ်လို့လဲ ပြောနိုင်ပါတယ်၊ အဲဒါလိုပါပဲ၊ ဒါလောက်ဆိုရင် လိုရင်းကို တော့ နားလည်လောက်ပါပြီ၊ ဒါပေမယ့် စတုတ္ထဈာန်၏ဂုဏ်တွေကို ရေ့ပိုင်းက ချီးကျူးပြထားတာတွေလဲ ပြောရဦးမယ်။

ဒီမှာ ဝိပဿနာရှုနေကြတဲ့ယောဂီတွေထဲက တစ်ချို့ပုဂ္ဂိုလ် တွေဟာ ဈာန်သဘောတွေလဲ တွေ့နေကြတာရှိတယ်၊ အဲဒီလိုပုဂ္ဂိုလ် တွေကတော့ ယခုပြောပြမည့် ဈာန်အကြောင်းအရာတွေကို အလွယ် တကူနဲ့ နားလည်နိုင်ပါတယ်၊ အဲဒီလို မတွေ့ဘူးတဲ့သူတွေကတော့ နားလည်ဖို့မလွယ်လှဘူး။ သိမ်မွေ့နက်နဲတဲ့ သဘောတွေပါပဲ၊ စတုတ္ထ ဈာန်မရောက်ခင်ကပင် သုခနဲ့ဒုက္ခပယ်ခဲ့ပြီ ကင်းခဲ့ပြီတဲ့၊ သောမနဿနဲ့ ဒေါမနဿလဲချုပ်ခဲ့ ကင်းခဲ့ပြီတဲ့၊ အဲဒီစကားဖြင့် သုခ ဒုက္ခ သောမနဿ ဒေါမနဿဆိုတဲ့ ဝေဒနာလေးပါးဟာ ဒီစတုတ္ထဈာန်မှာမရှိကြောင်း ဖော်ပြတာပါပဲ၊ အဲဒါဟာ ဒီစတုတ္ထဈာန်၌ ကိုယ်ထဲမှာ အာရုံဆိုးနဲ့ တွေ့ထိပြီး အခံခက်တဲ့ဆင်းရဲဆိုတဲ့ဒုက္ခဝေဒနာလဲ မရှိဘူး၊ အာရုံကောင်း နဲ့တွေ့ထိပြီး ကောင်းတဲ့ချမ်းသာတဲ့ သုခဝေဒနာလဲ မရှိဘူး၊ စိတ်နှလုံး မသာတဲ့ စိတ်ဆင်းရဲဒေါမနဿလဲ မရှိဘူး။ ရွှင်လန်းဝမ်းသာတဲ့ စိတ်ချမ်းသာ သောမနဿလဲမရှိဘူး၊ အဲဒါတွေဟာ ဘယ်တော့က ကင်းလာခဲ့တာလဲဆိုတော့-

http://www.dhammadownload.com



ညောင်းမှု, ပူမှု, နာကျင်ကိုက်ခဲမှု, ယားမှုစသော ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာဟာ ပဌမဈာန်ရောက်ခါနီး ဥပစာသမာဓိဖြစ်ခိုက်ကစပြီး ကင်းလာခဲ့တယ်၊ စိတ်ဆင်းရဲမှု ဒေါမနဿဝေဒနာလဲ အဲဒီဥပစာ သမာဓိဖြစ်ခိုက်မှာ မရှိပါဘူး။ ဒါပေမယ့် အဲဒီသမာဓိက သိပ်အား မကောင်းသေးတဲ့အတွက် စိတ်မချမ်းသာစရာအကြောင်းပေါ်လာရင် အဲဒီ ဒေါမနဿကတော့ ဖြစ်နိုင်သေးတယ်၊ ဘယ်ကျမှ သူက ကောင်းကောင်းကင်းသလဲဆိုတော့ ဒုတိယဈာန်ရောက်ခါနီး ဥပစာသ မာဓိ ဖြစ်ခိုက်ကျမှ အဲဒီဒေါမနဿက ကင်းရှင်းသွားတယ်၊ အဲဒီအခါက စပြီး စိတ်နှလုံးမသာမှု စိတ်ဆင်းရဲဒေါမနဿဟာ လုံးဝကင်းရှင်းလာ ခဲ့တယ်၊ ကိုယ်ထဲကချမ်းသာမှု သုခဝေဒနာကတော့ တတိယဈာန် ရောက်ခါနီး ဥပစာသမာဓိဖြစ်ခိုက်ကစပြီး ကင်းခဲ့တယ်။

အဲဒီ ဥပစာသမာဓိ မဖြစ်ခင်ကတော့ ဝမ်းမြောက်တက်ကြွမှု ပီတိက မကင်းသေးဘူး။ ဒါကြောင့် အဲဒီပီတိကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကောင်းတွေမှိုပြီး ကိုယ်ထဲမှာ အတွေ့ကောင်းရှိနေလို့ အထူးကောင်း တဲ့ကိုယ်ချမ်းသာက ရှိနေသေးတာပဲ၊ ပီတိကင်းတဲ့ တတိယဈာန်ရ အောင်အားထုတ်နေရင်း အားကောင်းတဲ့ ဥပစာသမာဓိဖြစ်ပေါ်လာ တဲ့အခါကျတော့ ပီတိလဲကင်းသွားလို့ အဲဒီကိုယ်ချမ်းသာသုခလဲ ကင်းသွားခဲ့တယ်၊ စိတ်ရွှင်လန်းဝမ်းသာမှု သောမနဿဆိုတာကတော့

http://www.dhammadownload.com



စတုတ္ထဈာန် ရောက်ခါနီး ဥပစာသမာဓိ ဖြစ်ခိုက်ကစပြီး ကင်းလာခဲ့တယ်၊ စတုတ္ထဈာန်ဆိုတာက သုခနှင့်မယှဉ်ဘူး။ ဥပေက္ခာနှင့်သာယှဉ်တယ်၊ ဒါကြောင့် အဲဒီစတုတ္ထဈာန်ဖြစ်အောင် ကျေးဇူးပြုတဲ့ ဥပစာသမာဓိကတည်းက သုခဆိုတဲ့သောမနဿနှင့်မယှဉ်ဘဲ ဥပေက္ခာနှင့်သာယှဉ်တဲ့ပြီး ဖြစ်လာခဲ့ရတယ်၊ အနည်းဆုံး သုံးလေးဝီထိလောက် သုခကင်းပြီး ဥပေက္ခာနှင့်သာယှဉ်လျက်ဖြစ်ခဲ့ရတယ်။

ဒါကြောင့် ရှေးအဖို့ကပင် သုခနှင့်ဒုက္ခလဲ ပယ်ခဲ့တယ်၊ ကင်းခဲ့တယ်၊ သောမနဿနှင့် ဒေါမနဿလဲချုပ်ခဲ့ ကင်းခဲ့တယ်လို့ ပြထားတာပဲ၊ ဒါပေမယ့် အဲဒီပြပုံက ပါဠိနည်းအရ အမြွတ်ကို ရေတွားပြီးပြတာပဲ၊ တကယ်ချုပ်ကင်းတဲ့ အစဉ်အားဖြင့်ဆိုရင်တော့ ကိုယ်ဆင်းရဲဒုက္ခကစပြီး ကင်းခဲ့တယ်၊ ဒုတိယဈာန်အနီးကျတော့ စိတ်ဆင်းရဲဒေါမနဿ ကင်းခဲ့တယ်၊ တတိယဈာန်အနီးကျတော့ ကိုယ်ချမ်းသာသုခကင်းခဲ့တယ်၊ စတုတ္ထဈာန်အနီးကျတော့ သောမနဿဆိုတဲ့ စိတ်ရွှင်လန်းချမ်းသာမှုသုခလဲ ကင်းခဲ့တယ်၊ ဒါကြောင့် စတုတ္ထဈာန်ဖြစ်ခိုက်၌ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲလဲ မရှိဘူး၊ ကိုယ်ချမ်းသာစိတ်ချမ်းသာလဲမရှိဘူး၊ မဆင်းရဲမချမ်းသာ အလယ်အလတ်ဥပေက္ခာဝေဒနာသာရှိတယ်၊ မကောင်းမဆိုး ရိုးရိုးနေသာထိုင်သာမျှသာ ထင်ရှားနေတယ်။

http://www.dhammadownload.com



ယခုပြောခဲ့တဲ့ ဈာန် ၄-ပါးထဲက ပဌမဈာန်မှာ အာရုံကိုကြံမှု ဝိတက်လဲပါသည်၊ အာရုံကို သုံးသပ်ဆင်ခြင်မှု ဝိစာရလဲပါသည်၊ နှစ်သိမ့်အားရလျက် တက်ကြွဝမ်းမြောက်မှု ပီတိလဲပါသည်၊ စိတ်ရွှင်လန်းချမ်းသာမှု သုခလဲပါသည်၊ အာရုံ၌ စူးစိုက်သက်ဝင်မှု ဧကဂ္ဂတာလဲပါသည်။ အဲဒါကို အတိုချုပ်မှတ်ရအောင် ဆောင်ပုဒ် ၂-ခု စီထားတယ်၊ အဲဒီဆောင်ပုဒ်များကို ဆိုကြရမယ်။

(၁) ကြံစည်စဉ်းစား၊ နှစ်သိမ့်ပွား၊ ကောင်းစား ချမ်းသာသည်။

ရှုရာရာတွင်၊ စူးစိုက်ဝင်၊ ငါးအင် ပ-ဈာန်မည်။

ရုပ်နာမ်တို့၏သဘောလက္ခဏာအမှန်ကိုရှုသိသော လက္ခဏူပနိဇ္ဈာန်ခေါ် ဝိပဿနာ၌လဲ အမှတ်အထူးကောင်းလာသည်မှစ၍ အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်ဆင်ခြင်တဲ့ သမ္မသနဉာဏ်အထိ အဲဒီဈာန်အင်္ဂါငါးပါးကို ထင်ရှားတွေ့ရတတ်ပါတယ်၊ ရှုရမည့်အာရုံကို ကြံစည်မှုလဲ ထင်ရှားတယ်၊ အဲဒီအာရုံကို စဉ်းစားသုံးသပ်မှုလဲ ထင်ရှားတယ်၊ အမှတ်အထူးကောင်းတဲ့အခါ ဝမ်းမြောက်မှုရော စိတ်ရွှင်လန်းဝမ်းသာမှုရော ထင်ရှားတယ်၊ စိတ်ကတခြားသို့မထွက်ဘဲ မပျံ့လွင့်ဘဲ ရှုရာ ရှုရာအာရုံ၌သာ ကပ်လျက်ကပ်လျက် တည်တည်နေတဲ့ ဧကဂ္ဂတာ

http://www.dhammadownload.com



ခေါ်သမာဓိလဲ ထင်ရှားတယ်။

ဒုတိယဈာန်ဆိုတဲ့ သမထဈာန်မှာတော့ ဝိတက်နှင့်ဝိစာရ မပါတော့ဘူး။ ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါသုံးပါးသာပါတယ်၊ အဲဒီမှာ ဝမ်းမြောက်မှုပီတိက အထူးထင်ရှားတယ်၊ သုခလဲ အရင်က ထက် ပိုပြီးထင်ရှားတယ်၊ အဲဒါလဲ ဆောင်ပုဒ်စီထားတယ်၊ ဆိုကြရမယ်။

(၂) နှစ်သိမ့်ချမ်းသာ၊ စူးစိုက်တာ၊ သုံးဖြာ ဒု-ဈာန်မည်။

ဝိပဿနာဈာန်မှာလဲ ဥဒယဗ္ဗယဉာဏ်အနုပိုင်းမှာ ပီတိနဲ့ သုခဟာ အထူးထင်ရှားတာပဲ၊ ပီတိထင်ရှားပုံကတော့ တစ်ကိုယ်လုံး တစိမ့်စိမ့် တငြိမ့်ငြိမ့်ဖြစ်ပြီးတော့လဲ ထင်ရှားတယ်၊ တစ်ကိုယ်လုံးပေါ့ပါး တက်ကြွပြီးတော့လဲ ထင်ရှားတတ်တယ်၊ အလွန်အကဲ ဝမ်းမြောက်ပြီး တော့လဲ ထင်ရှားတယ်၊ သုခကလဲ အလွန်အကဲ ချမ်းသာရွှင်ပျပြီး ထင်ရှားတယ်၊ ဘယ်တော့ကမှ ဒီလိုချမ်းသာကို မတွေ့ဖူးဘူးလို့တောင် ပြောတတ်ကြသေးတယ်။

တတိယဈာန်ဆိုတဲ့ သမထဈာန်မှာတော့ ဝမ်းမြောက်တက်ကြွ တဲ့ပီတိမပါတော့ဘဲ စိတ်ရွှင်လန်းချမ်းသာမှုသုခက အလွန်အကဲဖြစ် နေတယ်၊ သမာဓိကလဲ ပိုပြီးကောင်းလာတယ်၊ အဲဒီ သုခနဲ့ဧကဂ္ဂတာ ၂-ပါးကို တတိယဈာန်လို့ခေါ်ရတာပဲ၊ ဆောင်ပုဒ်ကို ဆိုကြရမယ်။

http://www.dhammadownload.com



(၃) ချမ်းသာမှုနှင့်၊ စူးစိုက်လင့်၊ သုံးဆင့်ရှာန်ခေါ်သည်။

ဝိပဿနာမှာလဲ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်း၌ အဲဒီသုခဟာ ပိုပြီးထင်ရှားတယ်၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဝမ်းမြောက်တက်ကြွခြင်း မရှိဘဲ တည်ငြိမ်လျက် ချမ်းသာနေတာကို ထင်ရှားတွေ့ရတယ်။

သမထစတုတ္ထဈာန်ကျတော့ ရှေးနားပိုင်းက ပြောခဲ့တဲ့အတိုင်း သုခ သောမနဿဆိုတဲ့ ကိုယ်ချမ်းသာနှင့် စိတ်ချမ်းသာတောင် မထင်ရှားတော့ဘဲ မဆိုးမကောင်းအလယ်အလတ် ငြိမ်ငြိမ်သက်သက်နဲ့ နေသာရုံမျှဖြစ်နေတဲ့ ဥပေက္ခာသာပါတယ်၊ အဲဒီဥပေက္ခာနဲ့ ဧကဂ္ဂတာကို စတုတ္ထဈာန်လို့ ဆိုရတာပဲ၊ ဆောင်ပုဒ်ကို ဆိုကြရမယ်။

(၄) ဥပေက္ခာနှင့်၊ စူးစိုက်လင့်၊ လေးဆင့်ဈာန်ခေါ်သည်။

ဝိပဿနာမှာတော့ ဒီဥပေက္ခာနှင့် ဧကဂ္ဂတာဟာ ဘင်ဉာဏ်ကစပြီး ထင်ရှားတတ်တယ်၊ အထူးအားဖြင့် သင်္ခါရုပေက္ခာဉာဏ်၌ ပိုပြီးထင်ရှားတတ်ပါတယ်။ သင်္ခါရုပေက္ခာဉာဏ်ဖြစ်နေခိုက်မှာ ကိုယ်ထဲက ဆင်းရဲဆိုတာကတော့ လုံးလုံးကင်းနေပါတယ်၊ မူလက ချောင်းဆိုးခြင်းစသော ရောဂါရှိနေတောင်မှ သင်္ခါရုပေက္ခာဉာဏ် ဖြစ်နေတဲ့အခါ အဲဒီရောဂါ လုံးလုံးမပေါ်လာဘဲ ကင်းနေတယ်၊ တချို့မှာဆိုရင် ဆေးနဲ့ကု

http://www.dhammadownload.com



လို့မပျောက်နိုင်တဲ့ရောဂါတောင် လုံးလုံးပျောက်ကင်းပြီး ကျန်းမာသွားတာလဲ တော်တော်များများရှိပါတယ်၊ စိတ်ဆင်းရဲဒေါမနဿဆိုတာလဲ အဲဒီဉာဏ်ရောက်နေခိုက်မှာ ကင်းနေတာပဲ၊ စိတ်ညစ်စရာအာရုံနဲ့ ကြုံရတွေ့ရပေမယ့် ရှုမှတ်လိုက်တာနဲ့ အဲဒီစိတ်ဆင်းရဲဟာ လုံးဝကင်းသွားတာပဲ၊ နေကောင်းထိုင်သာဖြစ်နေပေမယ်လို့ ကိုယ်ချမ်းသာဆိုတာလဲ အဲဒီဉာဏ်ဖြစ်နေခိုက်မှာ မထင်ရှားပဲရှိနေတတ်ပါတယ်၊ ရွှင်လန်းဝမ်းသာမှုလဲကင်းပြီး အေးငြိမ်းနေတတ်ပါတယ်၊ မဆိုးမကောင်း အလယ်အလတ်ဖြစ်လျက် ငြိမ်းချမ်းတဲ့ ဥပေက္ခာမျှသာ အထူးထင်ရှားနေတတ်ပါတယ်၊

ဒါကြောင့် သင်္ခါရုပေက္ခာဉာဏ် ကောင်းကောင်းဖြစ်ဖူးတဲ့ သူဆိုရင် စတုတ္ထဈာန်၌ ဒုက္ခ ဒေါမနဿ သုခ သောမနဿဆိုတဲ့ ဝေဒနာ ၄-ပါးကင်းပြီး အလယ်အလတ်ဥပေက္ခာမျှ ဖြစ်နေတယ်ဆိုတာကို ကိုယ်တွေ့သင်္ခါရုပေက္ခာနှင့် နှိုင်းယှဉ်ပြီး သဘောပေါက်နိုင်ပါတယ်၊ ယခုပြောတဲ့အတိုင်း သဘောက်ပေါက်ပုံကို ပါဠိအနက်နဲ့ တိုက်ဆိုင်ပြီး အာရုံပြုကြရအောင် ပါဠိအနက်ကိုထပ်မံပြီး ရွတ်ဆိုပြပါဦးမယ်။

http://www.dhammadownload.com



အာဝုသောဝိသာခ-ဒါယကာ ဝိသာခ၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ပုဗ္ဗေဝ-စတုတ္ထဈာန်သို့ မရောက်မီရှေးအဖို့ကာပင်လျှင်၊ သုခဿစပဟာနာ-ကိုယ်ချမ်းသာဟူသောသုခကိုလဲပယ်ခြင်းကြောင့်၊ ဝါ-သုခလဲကင်းခြင်းကြောင့်၊ ဒုက္ခဿစ ပဟာနာ-ကိုယ်ဆင်းဟူသောဒုက္ခကိုလဲ ပယ်ခြင်းကြောင့်၊ ဝါ-ဒုက္ခလဲကင်းခြင်းကြောင့်၊ သောမနဿဒေါမနဿာနံအတ္ထင်္ဂမာ-စိတ်ချမ်းသာ သောမနဿနှင့် စိတ်ဆင်းရဲဒေါမနဿတို့၏ချုပ်ခြင်း ကင်းခြင်းကြောင့်၊ အဒုက္ခမသုခံ-ဒုက္ခလဲမရှိ သုခလဲမရှိသော၊ (ပ) စတုတ္ထံဈာနံ-စတုတ္ထဈာန်သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေ၏တဲ့။

အဲဒီစတုတ္ထဈာန်ဖြစ်နေခိုက်မှာ အသက်ရှူလေလဲမရှိဘဲ ကင်းနေတယ်၊ အဲဒါကိုတော့ ဒီပါဠိမှာ ပြမထားဘူး။ အခြားပါဠိမှာတော့ ထင်ရှားပြထားပါတယ်၊ ရှေ့နားတုန်းက နိရောဓသမာပတ်ရောက်ခါနီး၌ ကာယသင်္ခါရက ရှေးဦးစွာချုပ်တယ်လို့ဆိုတာဟာ ဒီစတုတ္ထဈာန်၏ အစွမ်းကြောင့် အသက်ရှူလေချုပ်ကင်းတာကို ဆိုတာပါပဲ၊ ဝိပဿနာရှုနေတဲ့ယောဂီထဲကလဲ အမှတ်အထူးကောင်းနေဆဲမှာ အသက်ရှူလေကင်းနေတာကို တစ်ချို့က ထင်ရှားတွေ့နေကြရပါတယ်၊ ဘေးကလူတွေ ကြည့်တော့လဲ အသက်ရှူလေကို မတွေ့ရဘဲ ကင်းနေကြောင်းထင်ရှား သိကြရပါတယ်၊ နောက်ပြီးတော့ ဒီစတုတ္ထဈာန်၏ ချီးမွမ်းဖွယ်

http://www.dhammadownload.com



ဂုဏ်တစ်ခုကို "ဥပေက္ခာသတိပါရိသုဒ္ဓိ - ဥပေက္ခာကြောင့်ဖြစ်သော အမှတ်ရမှုသတိ၏ စင်ကြယ်ခြင်းလဲရှိသည်"လို့လဲ ပြဆိုထားပါတယ်။

အဲဒီဥပေက္ခာကတော့ ဝေဒနာဥပေက္ခာမဟုတ်ဘူး။ အတူဖြစ်ဖက်တရားတွေကိုညီမျှအောင် ကျေးဇူးပြုပေးတဲ့ သဘောတရားပဲ၊ အဲဒါကို တတြမဇ္ဈတ္တတာစေတသိက်လို့လဲခေါ်တယ်၊ အဲဒီတတြမဇ္ဈတ္တတာဆိုတဲ့ ဥပေက္ခာက သဒ္ဓါနဲ့ပညာကိုလဲညီမျှစေတယ်၊ ဝီရိယနဲ့ သမာဓိကိုလဲ ညီမျှစေတယ်၊ ဘယ်လိုညီမျှစေတာလဲဆိုတော့ တချို့ပုဂ္ဂိုလ်မှာ သဒ္ဓါဆိုတဲ့ယုံကြည်မှုက လွန်ကဲနေတယ်၊ ဟုတ်, မဟုတ် သင့်,မသင့် ဘာမှမဆင်ခြင်ဘဲ မျက်စိမှိတ်ပြီး ယုံကြည်နေတယ်၊ အဲဒီတော့ ဆင်ခြင်ဉာဏ် ယုတ်လျော့အားနည်းနေတာပေါ့၊ ဘာသာရေးနှင့်စပ်ပြီး အသင့်ယုတ္တိမရှိဘဲ စွဲလမ်းနေကြတာဟာ အဲဒီယုံကြည်မှု သဒ္ဓါလွန်ကဲနေလို့ပါပဲ။

ဗုဒ္ဓဘာသာဝင်အမည်ခံအချို့က ဗုဒ္ဓတရားတော်နဲ့ဆန့်ကျင်နေတဲ့အယူကို အဟုတ်အမှန်အနေဖြင့် လက်ခံစွဲလမ်းနေကြတာလဲ ဒီယုံကြည်မှုလွန်ကဲပြီး ဆင်ခြင်ဉာဏ်အားနည်းနေလို့ပါပဲ၊ အဲဒီလို မယုံသင့်တာကို ယုံတာကတော့ ကုသိုလ်သဒ္ဓါတရားတော့ မဟုတ်ပါဘူး၊ မိစ္ဆာအဓိမောက္ခခေါ်တဲ့ မှားယွင်းစွာယုံကြည်ဆုံးဖြတ်မှုပါပဲ၊ ဘုရားတရား သံဃာအစစ်အမှန်၌ ယုံကြည်မှုသဒ္ဓါက အလွန်အကဲဖြစ်နေ

http://www.dhammadownload.com



ရင်လဲ အသိပညာဘက်က အားလျော့နေတတ်တာပဲ။

စဉ်းစားဆင်ခြင်တဲ့ဉာဏ်က လွန်ကဲနေရင်လဲ ယုံသင့်တာကို မယုံဘဲ ရှိနေတတ်တယ်၊ ဗဟုသုတကိုမှီပြီး ဆင်ခြင်ဉာဏ်လွန်ကဲနေရင် တရားအားထုတ်ပုံ နည်းမှန်ကိုလဲ မယုံဘဲရှိနေတတ်တယ်၊ မယုံလို့ လုံးလုံးအားမထုတ်ဘဲနေတာလဲရှိတယ်၊ အားထုတ်တောင်မှ ရှိရှိသေသေ အားမထုတ်ဘဲ စဉ်းစားဆင်ခြင်မှုတွေများနေတာနဲ့ သမာဓိမဖြစ်ဘဲ ရှိနေတတ်တယ်၊ သမာဓိမဖြစ်တော့ ဝိပဿနာဉာဏ်အစစ်လဲမဖြစ်ဘဲ ရှိနေတတ်တယ်၊ ဒီမှာတရားအားထုတ်တဲ့သူတွေက အစပိုင်းမှာ အဲဒီလို ယုံယုံကြည်ကြည် အားမထုတ်လို့ သမာဓိဉာဏ်မဖြစ်ဘဲ အချိန်ကုန် နေတာလဲရှိတယ်၊ နောက်ပိုင်းကျတော့မှ ကောင်းကောင်းအားထုတ် ပြီး သမာဓိဉာဏ်ဖြစ်လာလို့ အစပိုင်းက ဆင်ခြင်နေခဲ့တာ မှားကြောင်း သဘောပေါက်ကြတယ်။

ဒါကြောင့် အဲဒီယုံကြည်မှုသဒ္ဓါနှင့် ဆင်ခြင်မှုအသိဉာဏ်ညီမျှ စေဖို့လိုပါတယ်၊ ဘုရားဟောထားတဲ့ သတိပဋ္ဌာန်ဒေသနာတော်နှင့် အညီ ရှိရှိသေသေရှုမှတ်အားထုတ်နေရင် ယခုဖော်ပြခဲ့တဲ့ တတြ မဇ္ဈတ္တတာခေါ်ဥပေက္ခာက အားရှိပြီးတော့ အဲဒီသဒ္ဓါနှင့်ပညာကို အချင်းချင်း မယုတ်မလွန် ညီမျှစေပါတယ်၊ အဲဒီလို ညီမျှတဲ့အခါ ဉာဏ်ထူး တရားထူးတွေ ဖြစ်ပေါ်လာတာပဲ။

http://www.dhammadownload.com



နောက်ပြီးတော့ အားထုတ်မှု ဝီရိယလွန်ကဲနေတဲ့အခါ စိတ်တည်ကြည်မှု သမာဓိအားလျော့နေတယ်၊ ဝိပဿနာရှုခါစပုဂ္ဂိုလ်မှာ မြင်မှု ကြားမှုစသော ရှုစရာတွေများစွာကို လိုက်ပြီးရှုမှတ်နေရင် ကြောင့်ကြစိုက်မှုက လွန်ကဲနေတယ်၊ အဲဒီတော့ ရှုမိတဲ့အာရုံမှာ စိတ်က ကောင်းကောင်းမတည်ဘဲ ရှိနေတတ်တယ်၊ အာရုံတစ်ခုကို ရှုနေရင်း အခြားအာရုံကိုရှုဖို့ ကြောင့်ကြစိုက်နေတယ်၊ အဲဒီအာရုံကို ရှုနေရင်းလဲ အခြားအာရုံဆီကို စိတ်ကရောက်သွားပြန်တယ်၊ ဒီပုံဒီနည်းဖြင့် ရှုနေခဲ့ အာရုံ၌ ကောင်းကောင်းမစူးစိုက်ဘဲ မကပ်ဘဲ ပျံ့လွင့်နေတတ်တယ်၊ အဲဒီလို ပြန့်လွင့်နေတော့ သမာဓိအားလျော့နေတာပေါ့။ သမာဓိအား မရှိတော့ ဝိပဿနာဉာဏ်ပညာလဲမဖြစ်ဘူး။

အာရုံတစ်ခုတည်း၌သာ စူးစိုက်ပြီးရှုနေရင်လဲ ကြောင့်ကြ မပြုရသောကြောင့် ဝီရိယက အားလျော့နေတတ်တယ်၊ အဲဒီလို ကြောင့်ကြစိုက်မှု အားထုတ်မှုဝီရိယက အားနည်းနေတော့ သမာဓိ လွန်ကဲပြီး ထိနမိဒ္ဓဆိုတဲ့ ထိုင်းမှိုင်းပျင်းရိမှု ဝင်ရောက်လာတတ်တယ်၊ အဲဒီလိုဆိုတော့ သမာဓိအစစ် မဖြစ်သောကြောင့် ဝိပဿနာပညာလဲ မဖြစ်ဘဲရှိနေတတ်တယ်။

ဒါကြောင့် ဝီရိယနှင့်သမာဓိလဲညီမျှဖို့လိုပါတယ်၊ အဲဒီလို ညီမျှအောင် အာရုံတွေများစွာကိုလဲ အားထုတ်စ၌ မရှုဘဲ၊ တစ်အာရုံ

http://www.dhammadownload.com



ထဲကိုလဲမရှုဘဲ အနည်းဆုံး အာရုံနှစ်မျိုးလောက်တော့ ရှုဖို့လိုပါတယ်၊ ဒါကြောင့် ထိုင်တယ် ထိတယ်လို့ ဒီနှစ်မျိုးကစပြီးတော့ဖြစ်စေ၊ ဝမ်းဗိုက်၏ ဖောင်းမှုပိန်မှုကို ဖောင်းတယ်ပိန်တယ်လို့ ဒီနှစ်မျိုးက စပြီးတော့ဖြစ်စေ ရှုမှတ်ဖို့ညွှန်ကြားနေတာပါပဲ။

အဲဒီလိုရှုမှတ်လို့ တကြွမဋ္ဌုပ္ပတ္တာတာဆိုတဲ့ ဥပေက္ခာက အားရှိတဲ့အခါ အလွန်လဲကြောင့်ကြမစိုက်ရဘဲ ကြောင့်ကြစိုက်မှုလဲ လုံးလုံးမကင်းဘဲ သူ့အရှိန်နဲ့သူ အမှတ်ကောင်းလာတယ်၊ အဲဒီအခါ ရှုမှတ်ရတာလဲ မပင်ပန်းဘဲ အမှတ်အသိက ကောင်းလာတယ်၊ ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါ အလွန်ကြောင့်ကြမစိုက်ရဘဲ အမှတ်အသိကောင်းတာဟာ ထင်ရှားလာတယ်၊ အဲဒါဟာ တကြွမဋ္ဌုပ္ပတ္တာတာ ထင်ရှားလာတာပဲ၊ ပေးလှူတဲ့အခါဖြစ်ဖြစ်၊ သီလဆောက်တည်တဲ့အခါဖြစ်ဖြစ်၊ ဘုရားရှိခိုးတဲ့အခါဖြစ်ဖြစ်၊ တရားနာတဲ့အခါဖြစ်ဖြစ် ကုသိုလ်အမှုကိုပြုတဲ့အခါတိုင်း ဒီတကြွမဋ္ဌုပ္ပတ္တာတာဆိုတဲ့ဥပေက္ခာက ပါတာချည်းပဲ၊ ဒါပေမယ့် အဲဒီလိုသာမန်ကုသိုလ်စိတ်ဖြစ်တဲ့အခါမှာတော့ အဲဒီ ဥပေက္ခာက မထင်ရှားဘူး။ စာတတ်ပေတတ်ပုဂ္ဂိုလ်တွေမှာလဲ အဲဒီဥပေက္ခာကို ထင်ရှားမတွေ့ကြရဘူး။ စာပေကျမ်းဂန်အရ မှတ်သားပြီး ပြောဟောနေကြရတာပဲ၊ သတိပဋ္ဌာန်ဒေသနာတော်အရ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်နေတဲ့သူမှာတော့ စာမတတ်ပေမယ့် ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ

http://www.dhammadownload.com



ဒီအညီအမျှရှတဲ့ ဥပေက္ခာကို ကိုယ်တိုင်တွေ့ရတာပဲ။

သင်္ခါရုပေက္ခာ၏ညီမျှမှုဂုဏ် ၃ ပါး

ဒါပေမယ့် သင်္ခါရုပေက္ခာဉာဏ်ကျမှ ပိုပြီးထင်ရှားတယ်၊ သင်္ခါရုပေက္ခာဉာဏ်ရောက်နေတဲ့သူဟာ ဖောင်းတာပိန်တာကစပြီးတော့ဖြစ်စေ၊ ထင်ရှားတဲ့အခြားအာရုံကစပြီးဖြစ်စေ ရှုမှတ်နေရင် အစပိုင်းလေးငါးဆယ်ချက်လောက်သာ ကြောင့်ကြစိုက်ပြီး ရှုမှတ်ရတယ်၊ အဲဒီကနောက်တော့ အထူးလဲကြောင့်ကြမစိုက်ရဘူး။ ကြောင့်ကြစိုက်မှု လုံးလုံးကင်းနေတာလဲမဟုတ်ဘူး။ အမှတ်အသိကလေးတွေ တစ်ခုပြီးတစ်ခုသူ့အရိုန်နဲ့သူ ဖြစ်ပြီးသွားနေတယ်၊ အဲဒါဟာ သင်္ခါရုပေက္ခာဉာဏ်၏ ညီမျှမှုဂုဏ်သုံးပါးထဲက တစ်ပါးပါပဲ၊ အဲဒီဂုဏ်သုံးပါးထဲမှာ -

ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သင်္ခါရေသု ဥဒါသိနော-လို့ ပြဆိုထားတဲ့ ဝိသုဒ္ဓိမဂ်နှင့်အညီ "ကြောက်, နှစ်သက်ခြင်း ကင်းရှင်းပေသည်" လို့ ရှစ်လုံးဖွဲ့ တစ်ပိုဒ်စီထားတယ်၊ ဘယဉာဏ်စသည်ဖြစ်ခဲ့စဉ်ကကြောက်ဖွယ်ထင်ခဲ့တယ်၊ အပြစ်မြင်ခဲ့တယ်၊ ငြီးငွေ့ခဲ့တယ်၊ စွန့်လွှတ်ချင်ခဲ့တယ်၊ စွန့်လွှတ်နိုင်လောက်အောင် ဆက်လက်ပြီး အထူးအားထုတ်ခဲ့တယ်၊ အဲဒါတွေဟာ သင်္ခါရုပေက္ခာဉာဏ်ဖြစ်တဲ့အခါကျတော့ အကုန်ကင်းသွားတယ်၊ ဥဒယဗ္ဗယဉာဏ်ဖြစ်ခဲ့စဉ်က ထူးခြားတဲ့ အာသိ

http://www.dhammadownload.com



ဉာဏ်စသည်တွေကို နှစ်သက်ခဲ့တယ်၊ သင်္ခါရုပေက္ခာဉာဏ်ဖြစ်တဲ့အခါ ကျတော့ အဲဒီအလွန်အကဲ နှစ်သက်ခြင်းလဲ ကင်းသွားတယ်၊ အဲဒါကို ရည်ရွယ်ပြီးတော့ "ဘယဥ္စ-ကြောက်ခြင်းကိုလည်းကောင်း၊ ဝါ-ကြောက်ခြင်း အပြစ်မြင်ခြင်းစသည်ကိုလည်းကောင်း။ နန္ဒိဥ္စ-နှစ်သက်ခြင်းကို လည်းကောင်း၊ ဝိပ္ပဟာယ-ပယ်စွန့်၍ ဝါ - ကင်းရှင်းစေ၍ သင်္ခါရေသု - မြင်မှုကြားမှုစသော ထင်ပေါ်လာသမျှသင်္ခါရတို့၌၊ ဥဒါသိနော- မချစ် မမုန်းအညီအမျှ ရလျက်ရှိပါသည်" လို့ ပြဆိုထားတာပါပဲ၊ အဲဒီဆောင် ပုဒ်ကို ဆိုကြရမယ်။

ကြောက်. နှစ်သက်ခြင်း ကင်းရှင်းပေသည်၊

အညီအမျှရှုပုံ နောက်တစ်ခုကတော့ နေဝသုမနော ဟောတိ န ဒုမ္မနော ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော- လို့ ဟောထားတဲ့ အရိယာဝါသတရားတော်ထဲက ဆဠင်္ဂုပေက္ခာ ဖြစ်ပုံပါပဲ၊ အဲဒါကို "ချမ်းသာဆင်းရဲ ရှုမြဲတူညီ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ချမ်းသာ ဆင်းရဲ ရှုမြဲတူညီ။

အာရုံအကောင်းနဲ့အဆိုး ، ချမ်းသာနဲ့ဆင်းရဲကို ညီတူညီမျှ ရှုပါတယ်၊ သင်္ခါရုပေက္ခာဉာဏ် ဖြစ်နေတဲ့အခါ ချမ်းသာနဲ့ ဆင်းရဲ

http://www.dhammadownload.com



ဖြစ်ဖြစ်၊ အာရုံအကောင်းနဲ့အဆိုးဖြစ်ဖြစ် သိရုံသိရုံမျှ ညီတူညာတူပဲ ရှုသွားတာကို ထင်ရှားတွေ့ရပါတယ်၊ ဒါကြောင့် ဒသင်္ဂုတ္တရပါဠိ (နှာ ၂၇၀)မှာ ဒီလိုဟောထားပါတယ်။

> ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ န ဒုမ္မနော၊ ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

ဘိက္ခဝေ - ရဟန်းတို့ ဣဓ - ဤသာသနာတော်၌၊ ဘိက္ခု- ရဟန်းသည်၊ စက္ခုနာ - မျက်စိဖြင့်၊ ရူပံ - အဆင်းကို၊ ဒိသွာ - မြင်ပြီး၍၊ (မြင်ပြီး၍တဲ့နော်၊ မမြင်ရတာတွေကို ဆင်ခြင်ပြီးရှုရတာ မဟုတ်ဘူး) မြင်ပြီးလျှင်ပြီးချင်း ရှုသိဖို့လိုပါတယ်၊ အဲဒီလို မြင်ပြီးလျှင် ပြီးချင်း ရှုမှတ်ပြီး အမှန်အတိုင်းသိရင် အဲဒီမြင်ရတာနဲ့စပ်ပြီး ကိလေသာ ဖြစ်ခွင့်မရှိဘဲ ငြိမ်းတယ်၊ အဲဒီလို ကိလေသာငြိမ်းအောင် ဝိပဿနာ ရှုရတယ်ဆိုတာကို ခိုင်ခိုင်မြဲမြဲမှတ်ထားကြရမယ်)၊ နေဝ သုမနော ဟောတိ- ရွှင်လန်းဝမ်းသာတာလဲ မဟုတ်ပါဘူးတဲ့၊ (ဘယ်လိုအာရုံကောင်းတွေကို မြင်ရပေမယ့် ဝမ်းမသာပါဘူးတဲ့) န ဒုမ္မနော - နှလုံးမသာတာ စိတ်ဆင်းရဲတာလဲမဟုတ်ပါဘူးတဲ့၊ (ဘယ်လိုအာရုံဆိုးတွေကို မြင်ရပေမယ့် နှလုံးမသာလဲ မဖြစ်ပါဘူးတဲ့၊ ဒါဖြင့် ဘယ်လိုဖြစ်နေပါသလဲ

http://www.dhammadownload.com



ဆိုတော့) ဥပေက္ခကော ဝိဟာရတိ - သိရုံသိရုံမျှ အလယ်အလတ် အညီအမျှရှုနေပါတယ်တဲ့၊ (ဘာကြောင့် ဒီလိုဖြစ်ရပါသလဲဆိုတော့) သတော-အမှတ်ရလျက်၊ သမ္ပဇာနော - မှန်စွာသိနေလို့ပါတဲ့၊ မြင်ပြီး လျှင်ပြီးချင်း အမှတ်ရပြီး ဖြစ်ပျက်သွားတယ်၊ မမြဲဘူးစသည်ဖြင့် အမှန်အတိုင်း သိသိနေလို့ ဘယ်လိုအဆင်းကောင်းကိုမြင်ရပေမယ့် ဝမ်းသာခြင်းမဖြစ်ဘူး။ ဘယ်လိုအဆင်းဆိုးကိုမြင်ရပေမယ့် စိတ်မချမ်း သာခြင်း စိတ်ဆင်းရဲခြင်းမဖြစ်ဘူး။ သိရုံသိရုံအညီအမျှ ရှုနေနိုင် ပါတယ် တဲ့၊ အဲဒီပါဠိအရ ဆောင်ပုဒ် ၃ ခု စီထားတယ်၊ ဆိုကြရမယ်။

အဆင်းမြင်ရာ၊ ရှုမှတ်ကာ၊ မှန်စွာသိပါစေ။

ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက်လျစ်လျူနေ။

ရဟန္တာအသွင်၊ ယောဂီရင်၊ ရှုလျှင်ဖြစ်နိုင်ပေ။

အဲဒီလို လျစ်လျူရှုနိုင်တာက ရဟန္တာ့ဂုဏ်ပဲ၊ ဒါပေမယ့် မြင်တိုင်းမြင်တိုင်း မပြတ်ရှုနေတဲ့ယောဂီမှာတော့ သင်္ခါရုပေက္ခာဉာဏ် ရောက်တဲ့အခါ အဲဒီလျစ်လျူရှုနိုင်တဲ့ဂုဏ်နှင့် ပြည့်စုံပါတယ်တဲ့၊ ထို့ အတူပင် ကြားရာစသည်မှာလဲ ရှုမှတ်ပြီး လျစ်လျူရှုနိုင်ပုံကို -

သောတေန သဒ္ဒံ သုတွာ - နားဖြင့်အသံကိုကြားပြီး၍···။

ဃာနေန ဂန္ဓံ ဃာယိတွာ - နှာခေါင်းဖြင့် အနံ့ကိုနံပြီး၍ ··· ။

http://www.dhammadownload.com



ဝိဂ္ဂါယ ရသံ သာယိတွာ- လျှာဖြင့်အရသာကို စားသိပြီး၍··· ။ ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ-ကိုယ်ဖြင့် တွေ့ထိစရာကို တွေ့ထိပြီး၍၊ မနသာ ဓမ္မံ ဝိညာယ - စိတ်ဖြင့် သဘောအာရုံကို သိပြီး၍ - စသည်ဖြင့် ဟောထားပါတယ်၊ အဲဒီကြားရတာစသည်နှင့်ဆိုင်တဲ့ ဆောင်ပုဒ်များကိုလဲ ဆိုကြရမယ်။

အသံကြားရာ၊ ရှုမှတ်ကာ၊ မှန်စွာသိပါစေ။

အနံ့နံရာ၊ ရှုမှတ်ကာ၊ မှန်စွာသိပါစေ။

အရသာသိရာ၊ ရှုမှတ်ကာ၊ မှန်စွာသိပါစေ။

အတွေ့ထိရာ၊ ရှုမှတ်ကာ၊ မှန်စွာသိပါစေ။

သဘောသိရာ၊ ရှုမှတ်ကာ၊ မှန်စွာသိပါစေ။

ဝမ်းသာမဖက်၊ စိတ်မပျက်၊ ရှုလျက်လျစ်လျူနေ။

ရဟန္တာအသွင်၊ ယောဂီရှင်၊ ရှုလျှင်ဖြစ်နိုင်ပေ။

အဲဒါဟာ "ချမ်းသာ ဆင်းရဲ ရှုမြဲတူညီ" ဆိုတဲ့ အညီအမျှ ရှုမှုဂုဏ်နှင့် ထပ်တူပါပဲ၊ တတိယဂုဏ်ကတော့ -

သင်္ခါရဝိစိနနေ မဇ္ဈတ္တံ ဟုတွာ - သင်္ခါရရုပ်နာမ်တို့ကို စူးစမ်း စိစစ်ခြင်း၌ အလယ်အလတ်လျစ်လျူရှုခြင်းသဘောရှိပြီး အနိစ္စစသည်

http://www.dhammadownload.com



ဖြင့် သိရုံသိရုံမျှသာ ဖြစ်နေတယ်လို့ဆိုတဲ့ ဝိသုဒ္ဓိမဂ်နှင့်ရော၊ သခ်ါရေ သုဝိယ တေသံ ဝိစိနနေပိ ဥဒါသိနံ ဟုတွာ ရုပ်နာမ်သင်္ခါရတို့၌ လျစ်လျူရှုသကဲ့သို့ ယင်းတို့ကိုရှုတဲ့ ဝိပဿနာဉ်လဲ လျစ်လျူရှုလျက်ရှိ နေပါတယ်လို့ ဖွင့်ပြတဲ့ မဟာဋီကာနှင့်ရော အညီပင် "ရှုသိမှုဖြစ်အောင် အထူးကြောင့်ကြမစိုက်ရဘဲ လျစ်လျူရှုနေတယ်" ဆိုတဲ့ ညီမျှမှုဂုဏ် တစ်ခုပါပဲ၊ အဲဒါကို ရေး ၂ ပိုဒ်နဲ့တွဲပြီး ဆိုကြရမယ်။

ကြောက်. နှစ်သက်ခြင်း ကင်းရှင်းပေသည်၊
ချမ်းသာဆင်းရဲ ရှုမြဲတူညီ၊
ကြောင့်ကြမပြု မှတ်ရှုလွယ်သည်၊
သင်္ခါရ ညီမျှဂုဏ်သုံးမည်။

ယခုပြောခဲ့တာဟာ တကြမ်မျှတ္တတာဆိုတဲ့ ဥပေက္ခာက တွဲဖက်တရားတွေကို ညီမျှစေပုံပါပဲ၊ အဲဒီဥပေက္ခာကြောင့် အမှတ်ရမှု သတိဟာ အပြည့်အစုံ စင်ကြယ်နေပါတယ်တဲ့၊ အဲဒါကို သင်္ခါရုပေက္ခာ ဉာဏ်ရောက်တဲ့ယောဂီတွေက မိမိတို့၏ကိုယ်တွေ့နှိုင်းယှဉ်ပြီး ကောင်း ကောင်းသဘောပေါက်နိုင်ပါတယ်၊ ဒါလောက်ဆိုရင် သင်္ခါရုပေက္ခာ ဉာဏ် အရိယမဂ်ဉာဏ်ရောက်အောင် အားထုတ်ဖူးတဲ့ယောဂီများဟာ မိမိတို့၏ဝိပဿနာဉာဏ်အတွေ့နဲ့နှိုင်းနောပြီး သမထရှာန်များ၏ဖြစ်ပုံကို

http://www.dhammadownload.com



နားလည်လောက်ပါပြီ။

ဓမ္မဒိန္နာထေရီ၏ ဖြေကြားချက်ကတော့ စတုတ္ထစျာန်ကို ဝိပဿနာ၏အခြေခံအဖြစ်ဖြင့်ဝင်စားပြီး ဝိပဿနာရှုခြင်းဖြင့် တစ်ဆက်တည်း အရဟတ္တမဂ်ဉာဏ်ရောက်သွားရင် အဲဒီအခြေခံစတုတ္ထစျာန်ထဲက ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယဖြစ်ခွင့်မရှိသောကြောင့် အဲဒီဥပေက္ခာ၌ အဝိဇ္ဇာနုသယကို မပယ်အပ်တော့ပါဘူးလို့ သိစေတာပါပဲ၊ ဒါကြောင့် အဝိဇ္ဇံ - အဝိဇ္ဇာကို၊ တေန-ထိုစတုတ္ထစျာန်ဖြင့်၊ ဝါ - ထိုစတုတ္ထစျာန်၌ ပါဝင်သောဥပေက္ခာဖြင့်၊ ပဇဟာတိ - အရဟတ္တမဂ်ရောက်ရန် အခြေခံအဖြစ်နှင့်ထောက်ပံ့သောအားဖြင့်ပယ်၏၊ ကင်းစေပါ၏၊ တတ္ထ- ထိုဥပေက္ခာ၌၊ အဝိဇ္ဇာနုသယော - အဝိဇ္ဇာနုသယသည်၊ နအနုသေတိ - မကိန်းပါ၊ ဝါ - မကိန်းသောကြောင့် မပယ်အပ်ပါ - လို့ နိဂုံးချုပ်ပြီး ဖြေကြားထားတာပါပဲ။

အဲဒီအဖြေကို ကြားနာပြီးနောက် ဝိသာခသူဌေးကြီးက ပုံတူတွေကို ဒီလိုမေးမြန်းပါတယ်။

http://www.dhammadownload.com



## ပုံတူအမေးအဖြေ

သုခါယ ပနာယျေ ဝေဒနာယ ကိံ ပဋိဘာဂေါ၊

အယျေ - အရှင်မဓမ္မဒိန္နာ၊ သုခါယ ဝေဒနာယ - သုခဝေဒနာ၏၊ ပဋိဘာဂေါ - ပုံတူတရားကား၊ ကိံပန - အဘယ်ပါနည်း။

သုခဝေဒနာနှင့် ပုံတူတရားက ဘယ်ဟာပါလဲလို့ မေးတာပါပဲ၊ အဲဒီအမေးကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

သုခါယ ခေါ အာဝုသော ဝိသာခ ဝေဒနာယ ဒုက္ခာဝေဒနာ ပဋိဘာဂေါ၊

အာဝုသော ဝိသာခ- ဒါယကာဝိသာခ၊ သုခါယ ဝေဒနာယ- သုခဝေဒနာ၏၊ ပဋိဘာဂေါ-ပုံတူတရားသည်၊ ဒုက္ခာဝေဒနာ-ဒုက္ခဝေဒနာဖြစ်ပါသည်တဲ့။

ပဋိဘာဂပုဒ်ကို တူသောအဖို့ တူသောအဖို့ရှိသည်- အတူဟူ၍လဲ ပြန်ရပါတယ်၊ ဒါပေမယ့် ဒီအမေးအဖြေတွေမှာတော့ အဆင်တူ - အသွင်တူ - အခြင်းအရာသဘောတူ မဟုတ်ဘဲ တစ်မျိုးတစ်မည်တူတာတွေကလဲ ပါနေပါတယ်၊ ဒါကြောင့် တစ်မျိုးတစ်မည်တူတယ်ဆိုတဲ့အနက် ပေါ်လွင်စေရန် စင်ပြိုင်ပုံတူလို့လဲ ပြန်ထိုက်ပါတယ်၊

http://www.dhammadownload.com



သုခဝေဒနာက နှစ်သက်စရာကောင်းသလိုပင် ဒုက္ခဝေဒနာက မနှစ်သက်ဖွယ်ဖြစ်ပြီး စင်ပြိုင်အနေဖြင့် တူတာပဲ၊ တောင်ကြီးက အထက်သို့မြင့်တက်နေသလို ချောက်ကြီးက အောက်သို့ နိမ့်ကျသောအားဖြင့် စင်ပြိုင်တူနေတာပဲ၊ အဲဒီလို တစ်နည်းတစ်ဖုံ တစ်မျိုးတစ်မည်အားဖြင့် သုခချမ်းသာနှင့် ဒုက္ခဆင်းရဲဟာ စင်ပြိုင်တူနေတဲ့သဘော ဖြစ်တယ်လို့ ဆိုလိုတာပါပဲ။

အဲဒီကနောက် ဒုက္ခဝေဒနာ၏ ပဋိဘာဂ - စင်ပြိုင်ပုံတူက ဘာလဲလို့ မေးတယ်၊ အဲဒါကို ဒုက္ခဝေဒနာနှင့် စင်ပြိုင်ပုံတူဟာ သုခဝေဒနာပါပဲလို့ ဖြေတယ်။

အဲဒီကနောက် အဒုက္ခမသုခ - မဆင်းရဲမချမ်းသာ ဥပေက္ခာဝေဒနာ၏ပဋိဘာဂပုံတူက ဘာလဲလို့မေးတယ်၊ အဝိဇ္ဇာခေါ်တဲ့ မောဟပါပဲလို့ဖြေတယ်၊ သုခနှင့်ဒုက္ခက ထင်ရှားတယ်၊ သိလွယ်တယ်၊ ဥပေက္ခာဝေဒနာက မထင်ရှားဘူး၊ အသိခက်တယ်၊ အဲဒါလိုပဲ လောဘနှင့် ဒေါသက ထင်ရှားတယ်၊ သိလွယ်တယ်၊ အဝိဇ္ဇာ, မောဟဆိုတာ မထင်ရှားဘူး၊ အသိခက်တယ်၊ လောဘနှင့် ဒေါသထင်ရှားပုံကတော့ - နှစ်သက်လိုချင် ချစ်ခင်တဲ့လောဘဖြစ်ရင် ကိုယ်တိုင်လဲ သိရတယ်၊ လောဘအလိုလိုက်ပြီး ပြုံးတာပြောတာ ပြုလုပ်တာကို မြင်ရ ကြားရသဖြင့် အခြားပုဂ္ဂိုလ်တွေကလဲ ထင်ရှားသိရတယ်၊ ဒေါသဖြစ်ရင်တော့

http://www.dhammadownload.com



ပိုပြီးထင်ရှားသိရတာပဲ၊ မျက်နှာပျက်တာ၊ စကားကြမ်း ပြောဆိုတာ၊ အဲဒီလိုဟာတွေကို မြင်ရ ကြားရသဖြင့် အဲဒီလူ စိတ်ဆိုးနေတယ်ဆိုတာ အများက ထင်ရှားသိရတယ်၊ မောဟဆိုတာကို တွေဝေတာလို့ အနက်ပြန်ထားကြတယ်၊ အဲဒါကို ဘယ်လိုတွေဝေတာလို့ သိနားလည်ဖို့ ခက်ပါတယ်၊ အဝိဇ္ဇာကို မသိတာလို့ အနက်ပြန်ထားကြတယ်၊ အဲဒါလဲ သိနားလည်ဖို့ခက်တာပဲ၊ မသိဆိုတာ ရုပ်နာမ်တရားတွေ၏ မမြဲတဲ့ သဘော ဆင်းရဲတဲ့သဘော အတ္တမဟုတ်တဲ့အနတ္တသဘော၊ မတင့်တယ်တဲ့ အသုဘသဘောဆိုတဲ့ အမှန်ကိုမသိဘဲ မြဲတဲ့အနေ ချမ်းသာတဲ့ ကောင်းတဲ့အနေ အတ္တကောင်အနေဖြင့် အလွဲအမှားသိတာကို အဝိဇ္ဇာလို့ဆိုတာပဲ။

မောဟ တွေဝေတယ်ဆိုတာကလဲ မမြဲဆင်းရဲ အတ္တကောင် မဟုတ် မတင့်တယ်ဘူးဆိုတဲ့ အမှန်ကိုမသိဘဲ အလွဲအမှားသိနေတာကို ဆိုတာပါပဲ၊ အဲဒီအဝိဇ္ဇာ, မောဟက ဝိပဿနာမရှုနိုင်တဲ့သူတွေမှာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း မြဲတဲ့အနေစသည်ဖြင့် အလွဲအမှားသိလျက် အမြဲဖြစ်နေတာပဲ၊ အဲဒါကို အဝိဇ္ဇာလို့ မောဟလို့ သိဖို့ရာ အလွန်ခက်ပါတယ်၊ လိုချင်နှစ်သက်မှု ဖြစ်တိုင်း ဖြစ်တိုင်းလဲ ဒီအဝိဇ္ဇာ, မောဟပါတာပဲ၊ ဒါပေမယ့် လိုချင်နှစ်သက်မှုကသာ ထင်ရှားတယ်၊ သိမှုအဝိဇ္ဇာကတော့ မထင်ရှားဘူး။

http://www.dhammadownload.com



စိတ်ဆိုးတဲ့အခါလဲ အဝိဇ္ဇာမောဟပါတာပဲ၊ ဒါပေမယ့် စိတ်ဆိုးမှု ဒေါသကသာ ထင်ရှားတယ်၊ အဝိဇ္ဇာကတော့ မထင်ရှားဘူး၊ ဒါကြောင့် မထင်ရှားလို့အသိခက်တဲ့ ဥပေက္ခာဝေဒနာနှင့် မထင်ရှားလို့ အသိခက်တဲ့ အဝိဇ္ဇာဟာ မထင်ရှားခြင်း အသိခက်ခြင်းအရအားဖြင့် ပုံတူဖြစ်ကြောင်း ဓမ္မဒိန္နာထေရီက ဖြေကြားတာပါပဲ။

အဲဒီကနောက် အဝိဇ္ဇာက ဘာနှင့်တူသလဲဆိုတဲ့အမေးကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

အဝိဇ္ဇာယ ခေါ် အာဝုသော ဝိသာခ ဝိဇ္ဇာ ပဋိဘာဂေါ။

အာဝုသော ဝိသာခ - ဒါယကာ ဝိသာခ၊ အဝိဇ္ဇာ - အဝိဇ္ဇာ၏၊ ပဋိဘာဂေါ - စင်ပြိုင်ပုံတူတရားသည်၊ ဝိဇ္ဇာ - ဝိဇ္ဇာဉာဏ်ပင် ဖြစ်ပါသည်တဲ့။

မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တရားကို အမှန်အတိုင်းမသိဘဲ မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင်အနေ တင့်တယ်တဲ့အနေဖြင့် အလွဲအမှားကို သိသိနေတာက အဝိဇ္ဇာပဲ၊ အဲဒီအဝိဇ္ဇာနဲ့ စင်ပြိုင်တူတရားကတော့ ဝိဇ္ဇာဆိုတဲ့ ဉာဏ်ပညာပါပဲတဲ့၊ တူပုံကတော့ အမှောင်နဲ့အလင်းရောင်ဟာ ဆန့်

http://www.dhammadownload.com



ကျင်ဘက်အနေဖြင့်တူနေတာမျိုးပါပဲ၊ မြင်တိုင်း ကြားတိုင်းစသည်၌ မရှုမမှတ်နိုင်တဲ့ သာမန်ပုဂ္ဂိုလ်တွေက မြဲတယ်ချမ်းသာတယ်စသည်ဖြင့် အလွဲအမှားကို သိနေကြသလိုပင် မြင်တိုင်းကြားတိုင်းစသည်၌ မပြတ်ရှုမှတ်နေတဲ့ ယောဂီတွေကတော့ သမာဓိဉာဏ်အားကောင်းတဲ့အခါ ခဏမစဲ ဖြစ်ပျက်နေတာကိုတွေ့ပြီး မမြဲတာချည်းပဲ ဆင်းရဲချည်းပဲ၊ အတ္တမဟုတ်တဲ့ အစိုးမရတဲ့ အနတ္တသဘောတရားမျှချည်းပဲ၊ မတင့်တယ်တာချည်းပဲလို့ အမှန်အတိုင်း သိသိနေကြတယ်၊ အဲဒါဟာ ဝိဇ္ဇာခေါ်တဲ့ဉာဏ်ပညာပဲ၊ ယခု ဒီမှာရှုမှတ်နေကြရတဲ့ ယောဂီတွေဟာ အဲဒီလို အမှန်အတိုင်းသိတဲ့ဝိဇ္ဇာဉာဏ်ဖြစ်အောင် မြင်တိုင်း ကြားတိုင်း စသည်၌ မပြတ်ရှုမှတ်ပြီး အားထုတ်နေကြရတာပဲ။

အဲဒီ အမှန်သိဝိဇ္ဇာဉာဏ် ဖြစ်တိုင်းဖြစ်တိုင်း အမှားသိ အဝိဇ္ဇာဟာ ကင်းငြိမ်းကင်းငြိမ်းသွားတာပဲ၊ အဲဒါဟာ အလင်းရောင်ပေါ်လာတိုင်း အမှောင်ပျောက်ပျောက်သွားတာမျိုးပါပဲ၊ အဲဒါက ဝိပဿနာဝိဇ္ဇာဉာဏ်ဖြင့် အာရမ္မဏာနုသယခေါ်တဲ့ အဝိဇ္ဇာကင်းငြိမ်းပုံပါပဲ၊ အဲဒီဝိပဿနာဝိဇ္ဇာဉာဏ်က ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ်ဆိုတဲ့ ဝိဇ္ဇာဖြစ်ပေါ်လာတယ်၊ အဲဒီမဂ်ဉာဏ်ဝိဇ္ဇာဖြင့် နိဗ္ဗာန်ကို သိမြင်ပြီး အမှားသိအဝိဇ္ဇာကို အမြစ်ပြတ်ပယ်ရှင်းသွားတယ်၊ အဲဒီ အရိယာမဂ်ဝိဇ္ဇာဉာဏ်ရအောင်လဲ အားထုတ်နေကြရတာပဲ၊ အဲဒီ ဝိပဿနာဉာဏ်

http://www.dhammadownload.com



အရိယမဂ်ဉာဏ်ဆိုတဲ့ အမှန်သိဝိဇ္ဇာဟာ အလွဲအမှားသိနေတဲ့ အဝိဇ္ဇာ၏ ဆန့်ကျင်ဘက် စင်ပြိုင်ပုံတူပါပဲလို့ ဓမ္မဒိန္နာထေရီက ဖြေကြားတာပါပဲ၊ အဲဒီကနောက် ဝိသာခသူဌေးကြီးက ဝိဇ္ဇာဉာဏ်၏ ပုံတူက ဘာလဲလို့ မေးပြန်တယ်၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလို ဖြေကြားပါတယ်။

ဝိဇ္ဇာယ ခေါ အာဝုသော ဝိသာခ ဝိမုတ္တိ ပဋိဘာဂေါ။

အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ ဝိဇ္ဇာယ - ဝိဇ္ဇာဉာဏ်၏၊ ပဋိဘာဂေါ - ပုံတူတရားသည်၊ ဝိမုတ္တိ - ကိလေသာမှ လွတ်မြောက်ခြင်းဟုဆိုအပ်သော အရိယာဖိုလ်ဖြစ်ပါသည်တဲ့၊ ဝိဇ္ဇာ ဆိုတာက အမြတ်ဆုံးအနေဖြင့် အရိယမဂ်ဉာဏ်ဖြစ်တယ်၊ ဝိမုတ္တိ ဆိုတာကတော့ အဲဒီအရိယမဂ်၏အကျိုးဖြစ်တဲ့ အရိယဖိုလ်တရားပဲ၊ ဒီအရိယမဂ်နှင့် အရိယဖိုလ်ဆိုတာကတော့ အားလုံးသဘောတူပါပဲ၊ အဲဒီကနောက် ဝိသာခသူဌေးကြီးက ဒီလိုပဲ ဆက်ပြီးမေးပြန်ပါတယ်။

ဝိမုတ္တိယာ ပနာယျေ ကိံ ပဋိဘာဂေါ။

အယျေ - အရှင်မဓမ္မဒိန္နာ၊ ဝိမုတ္တိယာ - လွတ်မြောက်ခြင်းဟုဆိုအပ်သော အရိယဖိုလ်၏၊ ပဋိဘာဂေါ - ပုံတူတရားကား၊ ကိံ ပန - အဘယ်ပါနည်းတဲ့။

http://www.dhammadownload.com



အရိယာဖိုလ်နှင့်တူတဲ့တရားက ဘယ်ဟာပါလဲလို့မေးတာပါပဲ၊ အဲဒါကို ဓမ္မဒိန္နာထေရီက ဒီလိုဖြေကြားပါတယ်။

ဝိမုတ္တိယာ ခေါ အာဝုသော ဝိသာခ နိဗ္ဗာနံ ပဋိဘာဂေါ။

အာဝုသော ဝိသာခ - ဒါယကာဝိသာခ၊ ဝိမုတ္တိယာ - ကိလေသာမှ လွတ်မြောက်ခြင်းဟုဆိုအပ်သောအရိယာဖိုလ်၏ ပဋိဘာဂေါ - ကိလေသာမှ လွတ်မြောက်ပုံချင်းတူသောတရားသည်၊ နိဗ္ဗာနံ- နိဗ္ဗာန်ပင်ဖြစ်ပါသည်တဲ့။

ဝိမုတ္တိခေါ်တဲ့ အရိယာဖိုလ်နှင့် အမြင့်အမြတ်အနေအားဖြင့် သဘောတူတဲ့တရားက အဲဒီအရိယာဖိုလ်၏အာရုံဖြစ်တဲ့နိဗ္ဗာန်တရား ပါပဲတဲ့၊ တူပုံကတော့ အာသဝေါကိလေသာတို့၏ အာရုံအဖြစ်မှကင်း လွတ်သည့်အနေအားဖြင့်လဲ သဘောတူတယ်၊ အာသဝေါကိလေသာ တွေက အရိယာဖိုလ်ကိုလဲ အာရုံမပြုနိုင်ဘူး၊ နိဗ္ဗာန်ကိုလဲ အာရုံမ ပြုနိုင်ဘူး၊ တစ်နည်းအားဖြင့်ပြောရရင် အရဟတ္တဖိုလ်ရှိတဲ့ ရဟန္တာသန္တာန် မှာလဲ အာသဝေါကိလေသာတွေ လုံးဝကင်းနေတယ်၊ ဒါကြောင့် ရဟန္တာကို အာသဝေါကိလေသာတို့မှာ လုံးဝလွတ်မြောက်နေတယ်လို့ ဆိုရတာပဲ၊ နိဗ္ဗာန်ဆိုတာကလဲ အဲဒီအာသဝေါကိလေသာတွေ လုံးဝချုပ် ငြိမ်းနေတဲ့သဘောပဲ၊ အဲဒီလို အာသဝေါကင်းသည့်အနေဖြင့်လဲ

http://www.dhammadownload.com



ဝိမုတ္တိနဲ့နိဗ္ဗာန်ဟာ သဘောတူတယ်၊ အရိယဖိုလ်လဲ လောကကို ကျော်လွန်နေတဲ့ လောကုတ္တရာပဲ၊ နိဗ္ဗာန်ကလဲ လောကုတ္တရာပဲ၊ ဒီလိုလဲ သဘောတူနေတယ်၊ အရိယဖိုလ်ကလဲ ကုသိုလ်မဟုတ် အကုသိုလ်မဟုတ်တဲ့ အဗျာကတပဲ၊ နိဗ္ဗာန်ကလဲ အဗျာကတပဲ၊ ဒီလို အဗျာကတတရားအဖြစ်ဖြင့်လဲ သဘောတူပါတယ်တဲ့၊ အဋ္ဌကထာက ပြဆိုထားတာပါပဲ၊ ဒီအဗျာကတအဖြစ်ချင်း တူတယ်ဆိုတာကတော့ ဂုဏ်မမြောက်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အဗျာကတတရားထဲမှာ ဂုဏ်မမြောက်တဲ့ ရုပ်တရားတွေလဲပါတယ်၊ ယုတ်ညံ့တဲ့အကုသိုလ်၏ အကျိုးအညံ့အဖျင်းတွေလဲပါတယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် သတ္တဝါတို့၏သန္တာန်က ရုပ်တွေ ဝိပါက်တွေလဲပါတယ်၊ ဒါကြောင့် အဗျာကတအဖြစ်ချင်းတူတယ်ဆိုတာကတော့ ဂုဏ်မမြောက်ပါဘူး။

အရိယဖိုလ်နှင့်နိဗ္ဗာန်သဘောကွဲလွဲပုံဘက်က ဆင်ခြင်ကြည့်ရင် သဘောမတူတာတွေလဲ ရှိပါတယ်၊ ဘယ်လိုလဲဆိုတော့ အရိယဖိုလ်ဆိုတာက ပြုပြင်အပ်တဲ့သင်္ခတတရားပဲ၊ နိဗ္ဗာန်ကတော့ မပြုပြင်အပ်တဲ့ အသင်္ခတတရားပဲ၊ နောက်ပြီးတော့ အရိယဖိုလ်က နိဗ္ဗာန်ကို အာရုံပြုပြီးဖြစ်တဲ့ သာရမ္မဏတရားပဲ၊ နိဗ္ဗာန်က အာရုံမပြုတတ်တဲ့ အနာရမ္မဏတရားပဲ၊ နောက်ပြီးတော့ အရိယဖိုလ်ဆိုတာက ဖြစ်ခြင်း ပျက်ခြင်းရှိတဲ့ အနိစ္စတရားပဲ၊ နိဗ္ဗာန်က နိစ္စဓုဝတရားပဲ၊ နောက်ပြီးတော့

http://www.dhammadownload.com



အရိယဖိုလ်ဆိုတာက နာမ်ခန္ဓာလေးပါးပဲ၊ နိဗ္ဗာန်က ခန္ဓာမှအလွတ်တရားပဲ၊ နောက်ပြီးတော့ အရိယဖိုလ်ဆိုတာက အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်မှာဖြစ်တဲ့ အဇ္ဈတ္တိကတရားပဲ၊ နိဗ္ဗာန်က ပုဂ္ဂိုလ်သန္တာန်မှ အလွတ် အပြင်ပဗဟိဒ္ဓတရားပဲ။

ဒီလိုစိစစ်ကြည့်ရင်တော့ အရိယဖိုလ်နှင့်နိဗ္ဗာန်ဟာ သဘောမတူဘဲကွဲပြားနေပါတယ်၊ ဒါပေမယ့် အမြင့်မြတ်ဆုံးဖြစ်တဲ့ အနာသဝတရား လောကုတ္တရာတရား ဝဋ်ဆင်းရဲမှလွတ်မြောက်ရေးအခုံးသတ်တရားအဖြစ်ဖြင့် သဘောတူသောကြောင့် ဝိမုတ္တိနှင့်နိဗ္ဗာန်ကို ပဋိဘာဂ ပုံတူအဖြစ်ဖြင့် ပြဆိုတယ်လို့ မှတ်သားကြဖို့ပါပဲ၊ ကဲ - နောက်ဆုံး ပဋိဘာဂအမေးအဖြေကို အတိုချုပ်မှတ်ရအောင် လိုက်ဆိုကြရမယ်။

အရိယဖိုလ် - ဝိမုတ္တိနှင့်တူတာ ဘယ်တရားပါလဲ။

အရိယဖိုလ် - ဝိမုတ္တိနှင့်တူတာ နိဗ္ဗာန်တရားပင် ဖြစ်သည်။

ဝိမုတ္တိနှင့်တူတာ နိဗ္ဗာန်တရားလို့ ဖြေကြားချက်ကိုနာကြားရပြီးတော့ ဝိသာခသူဌေးကြီးက ဒီလိုမေးပြန်ပါတယ်။

နိဗ္ဗာနဿ ပနာယျေ ကိံ ပဋိဘာဂေါ။

အယျေ - အရှင်မမွေ့ဓိန္နာ၊ နိဗ္ဗာနဿ - နိဗ္ဗာန်၏၊ ပဋိ-ဘာဂေါ-တူသောအဖို့ရှိသော ပုံတူတရားကား၊ ကိံ ပန- အဘယ်ပါ

http://www.dhammadownload.com



နည်းတဲ့။

နိဗ္ဗာန်နှင့်တူတဲ့တရားက ဘယ်ဟာပါလဲလို့ မေးတာပါပဲ၊ အဲဒီတော့ ဓမ္မဒိန္နာထေရီက မပေးသင့်တာကို မေးတယ်ဆိုပြီး ဒီလို ပယ်ချလိုက်ပါတယ်။

အစ္စယာသိ အာဝုသော ဝိသာခ ပဉှံ၊ နာသက္ခိ ပဉှာနံ ပရိယန္တံ ဂဟေတုံ၊ နိဗ္ဗာနောဂဓံ ဟိ အာဝုသော ဝိသာခ ဗြဟ္မစရိယံ နိဗ္ဗာနပရာယနံ နိဗ္ဗာနပရိယောသာနံ၊ အာကင်္ခမာနော စ တွံ အာဝုသော ဝိသာခ ဘဂဝန္တံ ဥပသင်္ကမိတွာ ဧတမတ္ထံ ပုစ္ဆေယျာသိ၊ ယထာ စ တေ ဘဂဝါ ဗျာကရောတိ၊ တထာ နံ ဓာရေယျာသိ။

အာဝုသော ဝိသာခ-ဒါယကာ ဝိသာခ၊ တွံ-သင်သည်၊ ပဉှံ-မေးသင့်မေးထိုက်သောမေးခွန်းပြဿနာကို၊ အစ္စယာသိ-ကျော်လွန်သွားပြီ ပဉှာနံ-ပြဿနာတို့၏၊ ပရိယန္တံ - အဆုံးကို၊ ဂဟေတုံ-ယူခြင်းငှာ၊ ဝါ-အဆုံးသတ်ရန်၊ နာသက္ခိ - မစွမ်းနိုင်ပဲရှိလေပြီတဲ့၊ မေးသင့်တာလောက်သာမမေးဘဲ မမေးသင့်တာကိုမေးလို့ မေးသင့်တာကိုကျော်လွန်သွားပြီလို့ဆိုပြီး ပယ်ချလိုက်ပါတာပဲ၊ ဘာ့ကြောင့်မမေးသင့်ပါသလဲလို့ဆိုတော့ -

http://www.dhammadownload.com



ဟိ-မမေးသင့်ခြင်း၏အကြောင်းကတော့၊ အာဝုသော ဝိသာခ - ဒါယကာ ဝိသာခရေ၊ ဗြဟ္မစရိယံ - မဂ္ဂင်ရှစ်ဖြာဘုရားသာသနာ ဟူသော အကျင့်မြတ်သည်၊ နိဗ္ဗာနောဂဓံ-နိဗ္ဗာန်သို့သက်ရောက်၏၊ ဝါ-နိဗ္ဗာန်လျှင် သက်ရောက်ရာရှိရာ၏၊ နိဗ္ဗာနပရာယနံ - နိဗ္ဗာန်လျှင် လားရောက်ရာ တည်ရာရှိ၏၊ နိဗ္ဗာနပရိယောသာနံ-နိဗ္ဗာန်လျှင် အပြီး အဆုံးသတ်ရှိ၏၊ တသ္မာ-ထိုသို့နိဗ္ဗာန်လျှင် သက်ရောက်ရာ တည်ရာ အဆုံးသတ်ရှိသောကြောင့် နိဗ္ဗာန်နှင့်သဘောတူတရားကို မမေးသင့် ခြင်း ဖြစ်ပါသည်တဲ့။

မြတ်စွာဘုရား၏ သီလ သမာဓိ ပညာဆိုတဲ့ မဂ္ဂင်ရှစ်ဖြာ အဆုံးမသာသနာဟာ နိဗ္ဗာန်မှာ အဆုံးသတ်တာပဲ၊ နိဗ္ဗာန်ဟာ လမ်းဆုံး ပဲ၊ အမြင့်အမြတ်ဆုံးပဲ၊ ဒါကြောင့် နိဗ္ဗာန်နှင့်တူတဲ့တရားလဲမရှိဘူး၊ နိဗ္ဗာန်ထက်မြင့်မြတ်တဲ့တရား မရှိကြောင်းကို အထူးပြောစရာ မလိုတော့ ပါဘူး။ ဒါကြောင့် နိဗ္ဗာန်နှင့်သဘောတူတဲ့တရားကို မမေးသင့်ဘဲနဲ့ မေးတယ်လို့ ဆိုလိုတာပါပဲ။

အာဝုသော ဝိသာခ - ဒါယကာ ဝိသာခရေ၊ စ-ဆက်ပြီးညွှန် ကြားပါဦးမယ်၊ တွံ-အသင်သူဌေးကြီးသည်၊ အာကင်္ခမာနော- ယခု ဖြေကြားပုံကို အားမရသေး၍ မေးလိုပါသေးလျှင်၊ ဘဂဝန္တံ ဥပသင်္ကမိတွာ- မြတ်စွာဘုရားကို ချဉ်းကပ်၍၊ တေံ အတ္ထံ - ယခုမေးခဲ့သော

အထခေါ-ထိုအခါ၌၊ ဝိသာခ ဥပါသကော-ဝိသာခမည်သော ဥပါသကာသည်၊ ဓမ္မဒိန္နာယ ဘိက္ခုနိယာ ဘာသိတံ-ဓမ္မဒိန္နာ ထေရီက ဖြေကြားပြောပြအပ်သောစကားကို၊ အဘိနန္ဒိတွာ-နှစ်သက်သဘော ကျပြီး၍၊ အနုမောဒိတွာ-ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုပြီး၍၊ ဥဋ္ဌာယာသနာ - ထိုင်နေရာမှထပြီးလျှင်၊ ဓမ္မဒိန္နံ ဘိက္ခုနိံ - အမျိုးသမီး ရဟန်းဓမ္မဒိန္နာကို၊ အဘိဝါဒေတွာ-ရိုသေစွာရှိခိုးပြီး၍၊ ပဒက္ခိဏံကတွာ - အလေးအမြတ်ပြုပြီး၍၊ ယေန ဘဂဝါ တေနုပသင်္ကမိ - မြတ်စွာ ဘုရားရှိတော်မူရာသို့ ချဉ်းကပ်သွားလေသည်၊ ဥပသင်္ကမိတွာ - ချဉ်းကပ်သွားရောက်ပြီး၍၊ ဘဂဝန္တံ - မြတ်စွာဘုရားကို၊ အဘိဝါဒေတွာ - ရိုသေစွာရှိခိုးပြီးလျှင်၊ နိသီဒိ-သင့်လျော်သောတစ်နေရာ၌ ထိုင်နေ လေသည်၊ ဧကမန္တံ နိသိန္နောခေါ- သင့်လျော်သောတစ်နေရာ၌ ထိုင် နေပြီးလျှင်၊ ဝိသာခေါဥပသကော- ဝိသာခမည်သော ဥပသကာသည်၊ ယာဝတကော အဟောသိ ဓမ္မဒိန္နာယ ဘိက္ခုနိယာ သဒ္ဓိံ ကထာသလ္လာ ပေါ၊ တံသဗ္ဗံ - အမျိုးသမီးရဟန်း ဓမ္မဒိန္နာထေရီနှင့်အတူပြောဆိုခဲ့ မေးဖြေခဲ့သောထိုတရားစကားအားလုံးကို၊ ဘဂဝတော- မြတ်စွာ ဘုရားအား၊ အာရောစေသိ-လျှောက်ထားလေပြီတဲ့။

အတိုချုပ် သိစေလိုတာကတော့ - ဝိသာခသူဌေးကြီးဟာ ဓမ္မဒိန္နာထေရီ ဖြေကြားပြောပြတဲ့စကားများကို နှစ်သက်လက်ခံပြီး

http://www.dhammadownload.com



သာခုခေါ်တယ်၊ သာခုခေါ်ပြီးတော့ ဓမ္မဒိန္နာကို ရိုသေစွာရှိခိုးပြီး မြတ်စွာဘုရားထံသို့ လာခဲ့တယ်၊ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးတော့ မနီးမဝေး သင့်လျော်တဲ့နေရာမှာထိုင်နေပြီး ဘုရားတပည့်တော်က ဓမ္မဒိန္နာကို ဒီလိုဒီလိုမေးခဲ့ပါတယ်၊ သူက ဒီလိုဒီလိုဖြေကြားလိုက်ပါတယ်လို့ မေးပုံဖြေပုံတွေအားလုံးတင်ပြလျှောက်ထားပါတယ်လို့ သိစေလိုတာပါပဲ၊ အဲဒီတော့ မြတ်စွာဘုရားရှင်က ဒီလိုမိန့်ကြားတော်မူပါတယ်။

## မြတ်စွာဘုရား၏ ချီးကျူးမိန့်ကြားတော်မူပုံ

ပဏ္ဍိတာ ဝိသာခ ဓမ္မဒိန္နာ ဘိက္ခုနီ၊ မဟာပညာ ဝိသာခ ဓမ္မဒိန္နာ ဘိက္ခုနီ၊ မံ စေပိ တွံ ဝိသာခ ဧတမတ္ထံ ပုစ္ဆေယျာသိ၊ အဟမ္ပိ တံ ဧဝမေဝံ ဗျာကရေယျံ၊ ယထာ တံ ဓမ္မဒိန္နာယ ဘိက္ခုနိယာ ဗျာကတံ၊ ဧသောစေဝေတဿ အတ္ထော၊ ဧဝ္မ နံ ဓာရေဟီတိ။

ဝိသာခ - ဒကာဝိသာခ၊ ဓမ္မဒိန္နာဘိက္ခုနီ- အမျိုးသမီးရဟန်း ဓမ္မဒိန္နာသည်၊ ပဏ္ဍိတာ - ပညာရှိဖြစ်ပေသည်၊ . . . မဟာပညာ- ကြီးကျယ်သည့်ပညာနှင့် ပြည့်စုံသူဖြစ်ပေသည်၊ ဝိသာခ- ဒကာဝိသာခ၊ တွံ-သင်သည်၊ ဧတံအတ္ထံ - သက္ကာယစသော၌အနက်သဘောကို၊ မံပိ-ငါဘုရားကိုသော်လဲ၊ စေ ပုစ္ဆေယျာသိ - အကယ်၍မေးမြန်းအံ့၊ အဟမ္ပိ - ငါဘုရားလဲ၊ တံ-သင့်ကို၊ ဧဝမေဝံ (-ဓမ္မဒိန္နာဖြေသည့်အတိုင်း)

http://www.dhammadownload.com



ဤအတူပင်လျှင်၊ ဗျာကရေယျံ-ဖြေကြားရာပါသည်၊ ဝါ-ဖြေကြားရမည်သာဖြစ်ပါသည်၊ (ဘယ်လိုလဲဆိုတော့) ဓမ္မဒိန္နာယ ဘိက္ခုနိယာ-အမျိုးသမီးရဟန်း ဓမ္မဒိန္နာသည်၊ ဗျာကတံယထာ-ဖြေကြားအပ်သကဲ့သို့ပင်တည်း။ ဝါ-ဖြေကြားအပ်သလိုပင် ဖြေကြားရမည်သာဖြစ်ပါသည်၊ (ငါဘုရားကလဲ ဒီအတိုင်းဖြေရမှာပဲလို့မိန့်ကြားပြီး အတည်ပြုချက်ဖြင့် ဓမ္မဒိန္နာ၏အဖြေအားလုံးဟာ ဘုရားဟောပင်မည်ကြောင်း အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ ဘယ်လိုလဲဆိုတော့ - မင်းချင်းမှူးမတ်များ၏စီရင်ချက် စာရွက်စာတမ်းများဟာ မင်းကလက်မှတ်ထိုးအတည်ပြုလိုက်ရင် မင်း၏စီရင်ချက်ဖြစ်သွားသလိုပါပဲတဲ့၊ ဒါကြောင့် ဒီသုတ်ထဲက စကားရပ်များကို အဋ္ဌကထာဆရာများကလဲ ဘုရားစကားလိုပင် အနိုင်အမာ သာဓကအဖြစ်ဖြင့် ထုတ်ပြသွားကြတာပါပဲ။)

သောဝေ-ဤဓမ္မဒိန္နာ၏အဖြေသည်ပင်လျှင်၊ တေသ-အသင်ဝိသာခမေးသော ဤပြဿနာအပေါင်း၏၊ အတ္ထော စ - မှန်ကန်သည့် အနက်လဲဖြစ်ပါသည်၊ ( စ- သဒ္ဒါကို သမုစ္စည်းအနက်အဖြစ်ဖြင့် ပြန်သည်) နံ - ထိုဖြေကြားသည့်အနက်ကို၊ ဧဝံ ဧဝ-ဤသို့သာလျှင်၊ (ဧဝ- လိုက်၍ယှဉ်စေသည်၊) ဓာရေဟိ စ- မှတ်လဲမှတ်ပါလော၊ ဣတိ-ဤသို့မိန့်ကြားတော်မူပါသည်။

http://www.dhammadownload.com



## ဓမ္မဒိန္နာထေရီ တေဒဂ်ဘွဲ့ထူးရပုံ

နောက်ကာလ တစ်ချိန်ကျတော့ ဒီစူဠဝေဒလ္လသုတ်၌ ဖြေကြားပုံကိုပင် အကြောင်းပြုပြီးတော့ မြတ်စွာဘုရားရှင်က ဓမ္မဒိန္နာထေရီကို ပရိသတ်လေးပါးမျက်မှောက်၌ တေဒဂ်ဘွဲ့ထူးဖြင့် ဒီလိုချီးကျူးတော်မူပါတယ်။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဓမ္မကထိကာနံ ယဒိဒံ ဓမ္မဒိန္နာ။

ဘိက္ခဝေ - ရဟန်းတို့ ယဒိဒံ-ယာ အယံ ဓမ္မဒိန္နာ-အကြင် ဓမ္မဒိန္နာသည်၊ အတ္ထိ-ရှိ၏၊ ဧဝံ-သော-ဤဓမ္မဒိန္နာသည်၊ မမ သာဝိကာနံ-ငါဘုရား၏တပည့်မဖြစ်ကုန်သော၊ ဓမ္မကထိကာနံ ဘိက္ခုနီနံ-ဓမ္မကထိက ဘိက္ခုနီတို့တွင်၊ ဝါ-တရားဟောပုဂ္ဂိုလ်အမျိုးသမီးရဟန်းတို့တွင်၊ အဂ္ဂံ အဂ္ဂါ - အမြတ်ဆုံးဖြစ်ပါပေသည်တဲ့။

အမျိုးသမီးရဟန်း ဓမ္မကထိကထဲမှာ ဓမ္မဒိန္နာကို တရားဟောအကောင်းအမြတ်ဆုံးဖြစ်တယ်လို့ မြတ်စွာဘုရားရှင်က ချီးကျူးပြီး တေဒဂ်ဘွဲ့ထူးကို ပေးတော်မူတာပါပဲ၊ အဲဒီတေဒဂ်ဘွဲ့ထူးဂုဏ်ထူးကို ရခြင်း၏အကြောင်းကတော့ လွန်ခဲ့တဲ့ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရဘုရားလက်ထက်တော်မှာ ဟံသာဝတီမြို့၌ ဓမ္မဒိန္နာထေရီ၏အလောင်း

http://www.dhammadownload.com



လျှာပဟာ သူတစ်ပါး၏အစေခံ သာမန်အမျိုးသမီး ဖြစ်ခဲ့တယ်၊ မိမိ၏ ဆံပင်များကိုရောင်းပြီး ရတဲ့ငွေဖြင့် ဝယ်ယူ၍ အဂ္ဂသာဝကဖြစ်တော်မူ သောသုဇာတမထေရ်မြတ်အား လှူဒါန်းပြီး ဓမ္မကထိကတေဒဂ်ဂုဏ် ထူးဆုကို တောင်းခဲ့တယ်၊ အဲဒီဘဝက အသက်အဝိုင်းနေ၍ သေတဲ့ အခါ နတ်ပြည်လောကဦဖြစ်ခဲ့တယ်၊ အဲဒီကနောက်လဲ ကမ္ဘာတစ်သိန်း နီးပါးကာလပတ်လုံး လူ့ပြည်နတ်ပြည်များမှာချည်းဖြစ်လျက် ကျင် လည်လာခဲ့ရတယ်၊ လွန်ခဲ့သော ၉၂-ကမ္ဘာထက်က ဖုဿမြတ်စွာ ဘုရားလက်ထက်မှာ ဘုရားအမှူးရှိသောသံဃာတော်အား ဝါတွင်းသုံး ပတ်လုံး ခွမ်းကပ်လှူဒါန်းကြတဲ့ မင်းသားအရာရှိကြီးသုံးဦးက ခွမ်းကပ် လှူဒါန်းရေးအတွက် တာဝန်ပေးထားသော ဘဏ္ဍာစိုးမင်းကြီး၏ ဇနီးဖြစ်ခဲ့တယ်၊ အဲဒီတုန်းကလဲ သဒ္ဓါတရားလွန်ကောင်းသဖြင့် တစ်ခု လှူပါလို့ဆိုရာမှာ ၂-ခုလှူသည်အထိ ကုသိုလ်ကိုပွားစေခဲ့တယ်။

အဲဒီကနောက်လဲ ၉၂-ကမ္ဘာပတ်လုံး လူ့ပြည်နတ်ပြည်များမှာ ချည်း ဖြစ်လာခဲ့တယ်၊ ဤကမ္ဘာ၌ တတိယအကြိမ်ပွင့်တော်မူသော ကဿပမြတ်စွာဘုရား၏ လက်ထက်တော်၌ ကာသိတိုင်းပြည်ရှင် ကိကီမည်သောဘုရင်မင်းကြီး၏ သမီးတော် (၇) ယောက်ထဲမှာ ၆- ယောက်မြောက် သုဓမ္မာဆိုတဲ့သမီးတော်ဖြစ်ခဲ့တယ်၊ အဲဒီသမီးတော်

http://www.dhammadownload.com



(၇) ယောက်လုံးဟာ ဘုရားသာသနာတော်ကို အလွန်ကြည်ညိုပြီး ရဟန်းပြုလိုသောကြောင့် ခည်းတော်ကိုကီမင်းကြီးထံ ရဟန်းပြုဖို့ ခွင့်တောင်းကြတယ်၊ မင်းကြီးကခွင့်မပြုလို့ အဲဒီဘဝတုန်းက အဲဒီ သမီးတော် (၇) ယောက်လုံး လူ့ဝတ်နဲ့ပဲ တရားတော်ကိုကျင့်သုံးခဲ့ ကြရတယ်၊ အနှစ်နှစ်သောင်း အသက်တမ်းကာလပတ်လုံး အိမ်ထောင် မပြုကြဘဲ ဗြဟ္မစရိယအကျင့်ကို ကျင့်လာခဲ့ကြတယ်။

အဲဒီတုန်းက ပထမသမီးတော် သမဏီဆိုတာက ယခုဂေါတ မဘုရားလက်ထက်မှာ ပထမအဂ္ဂသာဝိကာဆိုတဲ့ ခေမာထေရီ ဖြစ်လာ တယ်၊ သမဏဂုတ္တာဆိုတဲ့ ဒုတိယသမီးတော်ကတော့ ယခုဘုရားလက် ထက်မှာ၊ ဥပ္ပလဝဏ္ဏာဆိုတဲ့ဒုတိယအဂ္ဂသာဝိကာဖြစ်လာတယ်။ ဘိက္ခုနီဆိုတဲ့ တတိယသမီးတော်ကတော့ ယခုဘုရားလက်ထက်မှာ ပဋာစာရာဆိုတဲ့ဝိနည်းဆောင်တေဒဂ်ရထေရီဖြစ်လာတယ်၊ ဘိက္ခုဒါယိ ကာဆိုတဲ့ စတုတ္ထသမီးတော်ကတော့ ယခုဘုရားလက်ထက်မှာ ကုဏ္ဍလကေသီဆိုတဲ့ ခိပ္ပါဘိညာတေဒဂ်ရထေရီဖြစ်လာတယ်၊ ဓမ္မာဆိုတဲ့ ပဉ္စမသမီးတော်ကတော့ ယခုဘုရားလက်ထက်မှာ ကိသာဂေါတမီ ဆိုတဲ့ သင်္ကန်းခေါင်းပါးရာ တေဒဂ်ရထေရီဖြစ်လာတယ်၊ သံဃဒါယိ ကာဆိုတဲ့ သတ္တမသမီးတော်ကတော့ ယခုဘုရားလက်ထက်မှာ ပုဗ္ဗာရုံ ကျောင်းအမကြီး ဝိသာခါဖြစ်လာတယ်။

http://www.dhammadownload.com



ခြောက်ယောက်မြောက် သုမေဓာဆိုတဲ့ သမီးတော်ဟာလဲ အဲဒီတုန်းက မြဟ္မစရိယအကျင့်ကို အသက်တမ်းပြည့် အနှစ်နှစ်သောင်း ကာလပတ်လုံး ကျင့်ခဲ့ပြီးတော့ ယခုဘုရားလက်ထက်အနီးအထိ လူ့ပြည် နတ်ပြည်မှာချည်း ကျင်လည်လာခဲ့တယ်၊ ယခုဘုရားမပွင့်မီကပင် ရာဇဂြိုလ်မြို့၌ သူဌေးသမီးဖြစ်ပြီး အရွယ်ရောက်လာတဲ့အခါ ဝိသာခ ဆိုတဲ့ သူဌေးသားနှင့်လက်ထပ်ပြီး သူဌေးကတော်အဖြစ်ဖြင့် နေထိုင် လာရင်း ရှေ့နားကပြောခဲ့တဲ့အတိုင်း အသက် ၃၀-ကျော်လောက်မှာ ဘိက္ခုနီပြုပြီး ရဟန္တာထေရီမဖြစ်လာခဲ့တာပါပဲ၊ ဒီစူဠဝေဒလ္လသုတ်မှာ ရှိသည့်အတိုင်း ဝိသာခသူဌေးကြီး၏ အမေးကို ကျနစွာဖြေရှင်းပြတယ်၊ အဲဒါကိုအကြောင်းပြုပြီး ရှေးကဆုတောင်းခဲ့တဲ့ ဓမ္မကထိက ဧတဒဂ်ဘွဲ့ ထူးကို မြတ်စွာဘုရားက ချီးကျူးပေးတော်မူတာပါပဲ။

ဒီပြင်လဲ ဓမ္မဒိန္နာထေရီကို မြတ်စွာဘုရားက ချီးကျူးတော်မူ သေးကြောင်း အင်္ဂုတ္တရအဋ္ဌကထာမှာ ဒီလိုပြထားပါသေးတယ်။

သတ္ထာ-မြတ်စွာဘုရားသည်၊ တဿ ဝစနံ သုတွာ-ထို ဝိသာခသူဌေး၏ လျှောက်ထားသည့်စကားကို ကြားရပြီးလျှင်၊ မမ-ငါးဘုရား၏၊ ဓိတာယ-သမီးဖြစ်သောဓမ္မဒိန္နာအား၊ အတီတာနာဂတ ပစ္စုပ္ပန္နေသု ခန္ဓေသု - အတိတ်အနာဂတ် ပစ္စုပ္ပန်ခန္ဓာတို့၌၊ တဏှာ-

http://www.dhammadownload.com



နှစ်သက်သာယာ ဆာလောင်တောင့်တမှုတဏှာသည်၊ နတ္ထိ-မရှိတော့ပေ၊ ဣတိဝတ္တာ-ဤသို့မိန့်တော်မူပြီး၍ ဓမ္မပဒေ-ဓမ္မပဒကျမ်း၌ သင်္ဂါယနာတင်ထားသော၊ ဣမံ ဂါထံ-ဤဂါထာကို၊ ဝါ-

ယဿ ပုရေ စ ပစ္ဆာ စ၊

မဇ္ဈေ စ နတ္ထိ ကိဉ္စနံ၊

အကိဉ္စနံ အနာဒါနံ

တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဟူသော ဤဂါထာကို၊ အာဟ-ဟောပြတော်မူပါသည်တဲ့။

အဲဒီဂါထာ၏ အနက်ကတော့ -

ယဿ-အကြင်ပုဂ္ဂိုလ်အား၊ ပုရေ စ-ရှေးကလွန်ခဲ့ပြီး အတိတ်ရုပ်နာမ်ခန္ဓာ၌လည်းကောင်း၊ ပစ္ဆာစ - နောက်ကာလဆိုင်ရာ အနာဂတ်ရုပ်နာမ်ခန္ဓာ၌လည်းကောင်း၊ မဇ္ဈေစ-အလယ်ပိုင်းဖြစ်ဆဲရှိဆဲ ပစ္စုပ္ပန်ရုပ်နာမ်ခန္ဓာ၌လည်းကောင်း၊ ကိဉ္စနံ - သာယာတောင့်တ ကြောင့်ကြမှုတဏှာသည်၊ နတ္ထိ-မရှိ၊ အကိဉ္စနံ-သာယာတောင့်တ ကြောင့်ကြမှုတဏှာကင်းသော၊ အနာဒါနံ-တွယ်တာနှစ်ခြိုက် သိမ်းပိုက်ခံယူလိုခြင်းမရှိသော၊ တံ-ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ-မကောင်းမှုကိုအပပြုပြီးသောပုဂ္ဂိုလ်မြတ်ဟူ၍၊ အဟံ-ဗြူမိ- ငါကပြောဆိုပါသည်တဲ့။

http://www.dhammadownload.com

## ❀ စူဠဝေဒလ္လသုတ်တရားတော် ❀

ဒီစူဠဝေဒလ္လသုတ်၌ ဓမ္မဒိန္နာထေရီက မြတ်စွာဘုရား၏အလို တော်နှင့်အညီ တိကျမှန်ကန်စွာဖြေကြားချက်များကို အမှီပြုပြီး မိမိတို့လဲ ထိုအတူပင် ဘုရားအလိုတော်အတိုင်း တိကျမှန်ကန်စွာ သိရအောင် ကြိုးစားအားထုတ်ဖို့ပါပဲ၊ အထူးအားဖြင့် အမျိုးသမီးများက မိမိတို့နှင့် အမျိုးတူဖြစ်တဲ့ထေရီ၏ဖြေကြားချက်များကို နှစ်သက်အားရသဘော ကျပြီးတော့ ငါတို့လဲ ဒီလိုသိနိုင်မှာပဲလို့ ယုံကြည်စိတ်ချလျက် အထူးအား ထုတ်ကြဖို့ပါပဲ။

ဒီစူဠဝေဒလ္လသုတ်တရားတော်ကို ၁၃၂၆-ခုနှစ် ပထမ ဝါဆိုလဆန်း (၈) ရက်နေ့ကစပြီးဟောခဲ့တယ်၊ အခွင့်သင့်တဲ့ သီတင်း နေ့တိုင်း ဆက်လက်ပြီးဟောခဲ့တယ်၊ ဝါခေါင်လကွယ်နေ့၌ (၁၁)ကြိမ် မြောက်ဟော၍ အပြီးသတ်ခဲ့တယ်၊ အဲဒီ(၁၁)ကြိမ်ဟောစဉ်ကို တိုက် ပရိုက်ဖြင့် စာမျက်နှာ ၄၀၀-ကျော် ရိုက်နှိပ်ထားတယ်၊ ယခု ဒီစာမူ ချောမှာတော့ ကျမ်းစာအုပ်မကြီးလွန်းစေချင်သောကြောင့် ချုံး၍ရိုက် သဖြင့် စာမျက်နှာ ၁၀၇-မျှဖြင့် အဆုံးသတ်လိုက်တယ်၊ မူလဟောစဉ် က ပဋ္ဌာနာဖြင့် အပြီးသတ်လိုက်ပါတော့မည်။

ဤစူဠဝေဒလ္လသုတ်တရားတော်ကို ရှိသေစွာ နာယူမှတ်သား ကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော် ကြောင့် တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့သည် ဤ

http://www.dhammadownload.com

## ၉ မဟာစည်ဆရာတော်ဘုရားကြီး ၉

သုတ္တန်တရားတော်၌ပါဝင်သော သစ္စာလေးပါးမှစ၍ သိသင့်သိထိုက်သောတရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့်သိအောင် ကျင့်ကြံပွားများ အားထုတ်နိုင်ကြသည်ဖြစ်၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်တို့ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

စူဠဝေဒလ္လသုတ်တရားတော် ဤတွင်ပြီး၏ ။ ။